ကြေးမှုံ

The Mirror

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလကွယ်၊ ကြာသပတေးနေ့၊ (16-7-2015) (စ၂၆၃)

နိုင်ငံရေးနှင့် စည်းကမ်းကို ခွဲခြားနားလည်

နိုင်ငံရေးနှင့်စည်းကမ်းကို ခွဲခြားနားလည်ပါ။ စည်းကမ်းမရှိရင် အလုပ်မဖြစ်ဘူး။ စည်းကမ်းတစ်ခု ဖောက်ဖျက်ချင်တယ်ဆိုရင် ဒီစည်းကမ်းဖောက်ဖျက်လို့ ခံရမယ့်အပြစ်ကို နားလည်စေရမယ်။ အမိန့်ပြင်အောင် စည်းကမ်းနဲ့ ကြိုးစားပါ။ မပြင်ခင် ဒီအမိန့်အတိုင်း လိုက်နာနေပါ။ နိုင်ငံရေးနှင့် စည်းကမ်းခွဲခြားနားလည်ခြင်းဖြစ်တယ်။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့ နတ်မောက်မြို့ အမှုထမ်းပေါင်းစုံ သမဂ္ဂနှင့် ညစာစားပွဲတွင် ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နတ်ချက်)

မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် ဂျာမနီနိုင်ငံမှ ဆက်လက်ကူညီပူးပေါင်းဆောင်ရွက်ရေး နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဂျာမန်-အာဆီယံ ချစ်ကြည်ရေးဆိုင်ရာ ပါလီမန်အမတ်များအဖွဲ့ဥက္ကဋ္ဌတို့ ဆွေးနွေး

သတင်း စာမျက်နှာ ၃ »»»

အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များနှင့် တွေ့ဆုံမေးမြန်းခြင်း

ထာဝရရှင်သန်နေမည့် အမျိုးသားခေါင်းဆောင်

သတင်း-ခင်ရတနာ၊ ဓာတ်ပုံ- ဘိုဘို

အမျိုးသားခေါင်းဆောင်ကြီးများကို အောက်မေ့နေရုံနဲ့ မပြီးပါဘူး။ ဆက်လက်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးနဲ့ ဒီမိုကရေစီနိုင်ငံဖော်ဆောင်နိုင်ရေးအတွက် သတိရလွမ်းဆွတ်တာတွေကို နိုင်ငံသားတိုင်း ကိုယ်တတ်စွမ်းသလောက် အလုပ်နဲ့သက်သေပြကြဖို့ လိုအပ်ပါတယ်။

နေပြည်တော် ဇူလိုင် ၁၅

"ဗိုလ်ချုပ်အောင်ဆန်းရဲ့အသက်နဲ့ခန္ဓာကို ဖျက်ဆီးနိုင်ကောင်းနိုင်လိမ့်မယ်။ သို့သော် သူ့ရဲ့ဂုဏ်ကျေးဇူးနဲ့ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ်ကိုတော့ ဖျက်ဆီးလို့မရနိုင်ပါဘူး။ ဒါတွေဟာ ဗိုလ်ချုပ်အောင်ဆန်းကိုချစ်တဲ့ နိုင်ငံသားတွေရဲ့စိတ်ထဲမှာ အမြဲတမ်းရှင်သန်နေပါတယ်။ ဒါကြောင့် ဗိုလ်ချုပ်ရဲ့ စိတ်ဓာတ်နဲ့ ကျေးဇူးကိုသိတဲ့ ပြည်သူတွေရဲ့စိတ်ထဲမှာ ဗိုလ်ချုပ်အောင်ဆန်း ဘယ်တော့မှမသေပါဘူး"ဟု ဗိုလ်ချုပ်အောင်ဆန်း နှစ်တစ်ရာပြည့်ပွဲကျင်းပသည့် အချိန်တွင် သီတဂူဆရာတော်က တက်ရောက်လာသည့် ပရိသတ်များအား မိန့်ကြားသည်။

စစ်မှန်သောစေတနာကို အရင်းပြုသည့် နိုင်ငံရေးသမားများသည် စွန့်လွှတ်အနစ်နာခံရန် အမြဲအဆင်သင့်ရှိနေသကဲ့သို့ မိမိအကျိုးစီးပွားနှင့် အသက်ကို မငဲ့ကွက်ဘဲ နိုင်ငံနှင့် လူမျိုးကောင်းစားရေးအတွက် သန့်စင်သောစေတနာဖြင့် ပေးဆပ်ခဲ့သူများသည် အာဇာနည်များဖြစ်ကြောင်း သီတဂူဆရာတော်က ဆက်လက်မိန့်ကြားသည်။

၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက် နံနက် ၁၀ နာရီခွဲ၌ ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် နိုင်ငံ့ခေါင်းဆောင်ကြီးများကို ရန်ကုန်မြို့ အတွင်းဝန်ရုံး(ယခုဝန်ကြီးများရုံး)တွင် မသမာသူလူတစ်စု၏ လုပ်ကြံမှုကိုခံခဲ့ရသည်။ ထိုနေ့ကို ပြည်သူများ၏ စိတ်နှလုံးကြေကွဲဖွယ် အာဇာနည်နေ့အဖြစ် သတ်မှတ်ကာ နှစ်စဉ် အာဇာနည်နေ့ အခမ်းအနားများကို တစ်တိုင်းပြည်လုံးတွင်ကျင်းပကာ အာဇာနည်ပဂ္ဂိုလ်ကြီးများ၏ ဂုဏ်ကျေးဇူးကို ပြန်လည်ဖော်ထုတ်ခဲ့ကြခြင်းဖြစ်ရာ ယခုနှစ်သည် ၆၈ နှစ်တိုင်ခဲ့ပြီဖြစ်သည်။

ထိုနေ့က မိုးများတဖွဲဖွဲရွာသွန်းသဖြင့် ကယ်တင်ခြင်းတပ်မှ ယာဉ်မောင်းဖြစ်သူ ကိုအုန်းဖေမှာ တပ်အရာရှိတစ်ဦးအား အတွင်းဝန်ရုံးသို့ပို့ဆောင်ပြီး အတွင်းဝန်ရုံး အောက်ထပ်ရှိ ယာဉ်မောင်းများ ခေတ္တနားခိုရာနေရာတွင် ရောက်ရှိနေစဉ် သေနတ်သံများကို ကြားမိခဲ့ရကြောင်း ဦးအုန်းဖေက သူ့အဖြစ်အပျက်ကို ပြန်ပြောင်းပြောပြသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ☆

SMART. စမတ် ရိုလာ ခြင်ရက်



ခြင်ဇကာကို မလိုအပ်မှီနိုင်တွင် ဘောင်ထဲသို့ လိပ်သိမ်းထားနိုင်၍ မြင်ကွင်းရှင်းသည်။

သံချောတက်ခြင်း ချွေးမမြှေခြင်း မရှိသော ဒိုင်ဘာ ဂလတ်(စ်) ခြင်ဇကာသား

အလူမီနီယမ်နှင့် U-PVC တပ်ဆင်ရေးလုပ်ငန်းရှင်များ လက်ကားဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ခြင် မကိုက်အောင် ကာကွယ်ပို့

ရန်ကုန် - 01 450 962
09 431 44178
09 79222 8860

မန္တလေး - 09 2506 38611

ပြတင်း/တံခါး ဆိုင်း မျိုးစုံ ကို ဘိပ်အရောက်တပ်ဆင်ပေးသည်။

ကားမှန် မှန်စပျေါ် နှင့် အက်ကြောင်းရှည် များကို အပိုင်၊ အပီ ဆေးထိုးပေးတဲ့

မှန်ဆေးကော

ရန်ကုန် 09 4211 51119 09 4500 54449

မန္တလေး 09 2506 38611 09 7987 97917

ကြဲတိုင်းဆောင် မျက်နှာကျက်

- ၁၀ ပေပတ်လည် (တစ်ကျင်း) အပြီးအစီး ၇0000 ကျပ် (ပစ္စည်းရိုး၊ တပ်ဆင်ခ၊ သယ်ယူစရိတ် အားလုံးပါဝင်ပြီး)
- အရည်အသွေးကောင်း မျက်နှာကျက်ပြား (2' x 2') T-Bar, L-Bar များကိုသာ သုံးစွဲတပ်ဆင်ပေးသည်။
- အပူဒဏ် နှင့် ဆွဲညှပ် လျော့ပါးစေပြီး ဆေးသုတ်ရန်မလိုပါ။

Ph: 09 730 20031, 09 730 20032

ကြေးမုံ စာတည်းရုံးထောင် ၁၆-၇-၂၀၁၅၊ ကြာသပတေးနေ့

အမြဲတသ သတိရအာဇာနည်

အာဇာနည်ဟူသည်မှာ မိမိအသက်ကိုပဓာနမထားဘဲ တိုင်းပြည်နှင့် လူမျိုးကောင်းကျိုးအတွက် စွန့်လွှတ်စွန့်စားခံသူဟု အကြမ်းဖျင်းဆိုရပါမည်။ မြန်မာနိုင်ငံတွင် တိုင်းပြည်နှင့်လူမျိုးအတွက် အသက်စွန့်လျှောခဲ့သော အာဇာနည် သူရဲကောင်းများ အမြောက်အများရှိပါသည်။ သို့သော် လူပင်သေသော်လည်း နာမည်မသေသည့် မျိုးချစ်အာဇာနည်ကို ဆိုချင်ပါသည်။

ထိုအာဇာနည်များတွင် မျက်မှောက်ကာလ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအားလုံး တစ်ဦးတစ်ယောက်မကျန် မှတ်မိသတိရနေသောအာဇာနည်များမှာ ကျဆုံးလေပြီးသော အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများဖြစ်ပါသည်။ ထိုအာဇာနည်ခေါင်းဆောင်ကြီးများကို ဤအချိန်သို့ ရောက်လေတိုင်း မြန်မာတစ်နိုင်ငံလုံး ဝမ်းနည်းပူဆွေးသတိရနေကြပါသည်။

အာဇာနည်မျိုး သေရိုးမရှိဟု ဆိုကြပါသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်အာဇာနည်ခေါင်းဆောင်ကြီးများအား မသမာသူ လူသတ်သမားများက လွန်ခဲ့သည့် အနှစ် ၆၀ ကျော်က ရက်စက်စွာလုပ်ကြံခဲ့ပါသည်။ အာဇာနည်ကြီးများ ကျဆုံးသွားခဲ့သော်လည်း မြန်မာပြည်သူပြည်သားများအားလုံးအနေဖြင့် ယနေ့ထက်တိုင် မမေ့နိုင်သေးဘဲ သတိရနေကြသည်မှာ လူပင်သေသော်လည်း နာမည်မသေသည့် မျိုးချစ်အာဇာနည်များဖြစ်သောကြောင့် ဟုဆိုချင်ပါသည်။

နိုင်ငံတိုင်းတွင် သူ့နိုင်ငံနှင့်သူ သမိုင်းတွင်သည့် အာဇာနည်သူရဲကောင်းများရှိကြသည်။ နှစ်ပေါင်းထောင်ချီကာလက သူရဲကောင်းများသည် သမိုင်းမှတ်ကျောက်တင်လောက်သည့် စွမ်းဆောင်မှုများရှိခဲ့သောကြောင့် ယနေ့သမိုင်းစာမျက်နှာတွင် တင်ကျန်နေခြင်းဖြစ်သည်။ ပြောင်မြောက်သောဇွဲသတ္တိနှင့် စွမ်းရည်များ၊ တိုင်းပြည်နှင့်လူမျိုးအတွက် စွမ်းစွမ်းတမံဆောင်ရွက်နိုင်ပုံများနှင့် အများ၏ချီးကျူးလေးစားလောက်အောင် ကိုယ်ကျိုးမဖက်စွန့်လွှတ်အနစ်နာခံ ဆောင်ရွက်နိုင်မှုများကြောင့် သမိုင်းတွင်ကျန်ရစ်ခဲ့ခြင်းဖြစ်သည်။

ထိုကဲ့သို့ စွမ်းဆောင်ရည်မျိုးကို မြန်မာ့သမိုင်းတွင်လည်း ရေးထိုးနိုင်သည်ကို တွေ့ရသည်။ ထိုကဲ့သို့ သမိုင်းတွင်သည့် အာဇာနည်သူရဲကောင်းများအနက် လွတ်လပ်ရေးကြိုးပမ်းမှုကာလ နိုင်ငံနှင့်လူမျိုးအတွက် ကိုယ်ကျိုးမဖက် စွန့်လွှတ်စွန့်စားအနစ်နာခံကာ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကို ယနေ့မြန်မာပြည်သူများက ကမ္ဘည်းမော်ကွန်းရေးထိုးထားသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့်အာဇာနည်များ၊ မျိုးချစ်ခေါင်းဆောင်များ၏ ကြိုးပမ်းအားထုတ်မှုကြောင့် မြန်မာနိုင်ငံသူ့ကျွန်ဘဝတွင် နှစ်ပေါင်း ၁၂၄ နှစ်တိတိကျရောက်ခဲ့ရာမှ လွတ်မြောက်လာခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် အတူခေါင်းဆောင်ကြီးများက လွတ်လပ်ရေးအတွက် နိုင်ငံတော်ကို အသက်ပေးလျှောခဲ့ကြသည်။ အောင်ဆန်းအက်တလီ စာချုပ်ချုပ်ဆိုကာ လွတ်လပ်ရေးရရှိအောင်ဆောင်ရွက်ခဲ့သည့် မြန်မာ့လွတ်လပ်ရေးဝိသုကာ ဗိုလ်ချုပ်အောင်ဆန်း၏ တုန္ဒိုင်းမမီသော နိုင်ငံရေးဦးဆောင်မှု သမိုင်းမော်ကွန်းမှာ မြန်မာတွင်မက ကမ္ဘာတွင်အောင်ပင် ရေးထိုးနိုင်ခဲ့သည်။

ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ပေါ်ထွန်းလာအောင် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်၍ ရယူခဲ့သော နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေးကြိုးပမ်းမှုများကို မြန်မာပြည်သူပြည်သားများက ယနေ့ထက်တိုင် မမေ့နိုင်ကြသေးချေ။ ပန်းတိုင်မရောက်မီ ရေတိမ်နစ်ခဲ့ရသည့် ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကို နှမြောတသ၊ ယူကြုံးမရ၊ လွမ်းဆွတ်သတိရ နေကြဆဲဖြစ်သည်။

မသမာသူလူတစ်စု၏ လုပ်ကြံမှုကြောင့် ကျဆုံးခဲ့ရပြီးဖြစ်သော်လည်း မြန်မာပြည်သူ၊ ပြည်သားများ၏ နှလုံးသည်းပွတ်တွင် ဗိုလ်ချုပ်အောင်ဆန်းကို သက်ရှိထင်ရှားရှိနေသေးသကဲ့သို့ ထင်မှတ်ကြသည်။ မြန်မာနိုင်ငံအားလွတ်လပ်ရေးရရှိအောင် မဆုတ်မနစ်သော ဇွဲစိတ်ဓာတ်၊ ကိုယ်ကျိုးမဖက်သော အနစ်နာခံမှု ပြင်းပြသော အားမာန်တို့ဖြင့် အသက်စွန့်ခဲ့ကြသော ဗိုလ်ချုပ်အောင်ဆန်းနှင့်အာဇာနည်ခေါင်းဆောင်ကြီးများကို ပြည်သူများက မည်သည့်အခါမျှ မေ့ပျောက်လိမ့်မည်မဟုတ် ယုံကြည်ပါသည်။

စီအယ်လ်အမ်ပွိုနှင့် အက်မက်(စ်) ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးနှင့် ခရီးသွားလုပ်ငန်း အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများကျင်းပမည်

နေပြည်တော် ဇူလိုင် ၁၅

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ စီစဉ်မှုဖြင့် တတိယအကြိမ်မြောက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် (CLMV) နှင့် ဒုတိယအကြိမ်မြောက် အက်မက်(စ်) (ACMECS) ခရီးသွားလုပ်ငန်းဝန်ကြီးများအစည်းအဝေးနှင့် ခရီးသွားလုပ်ငန်း အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများကို ဇူလိုင် ၂၈ နှင့် ၂၉ ရက်များတွင် နေပြည်တော်၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။

အစည်းအဝေးများကို CLMV နှင့် ACMECS အဖွဲ့ဝင်နိုင်ငံများအကြား ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ဆောင်ရွက်နိုင်ရန်၊ CLMV နှင့် ACMECS ခရီးစဉ်ဒေသအား စိတ်ဝင်စားဖွယ်ကောင်းသော ခရီးစဉ်တစ်ခုအဖြစ်မြှင့်တင်ရန်၊ ဒေသတွင်းခရီးသွားလုပ်ငန်းမြှင့်တင်ရန်နှင့် အဖွဲ့ဝင်နိုင်ငံများအကြား ခရီးသွားလုပ်ငန်းဆိုင်ရာ အခက်အခဲများ ပူးပေါင်းဖြေရှင်းသွားရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

တတိယအကြိမ်မြောက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် (3rd CLMV) နှင့် ဒုတိယအကြိမ်မြောက် အက်မက်(စ်) (2nd ACMECS) ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးနှင့် ခရီးသွားလုပ်ငန်း အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများကို မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် လက်ခံကျင်းပခြင်းဖြစ်သည်။

(သတင်းစဉ်)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် ဇူလိုင် ၁၅

ရန်ကုန်	ရွှေဈေး	၇၅၅၀၀၀	- ၇၅၅၀၀၀
မန္တလေး	ရွှေဈေး	၇၅၅၀၀၀	- ၇၅၅၀၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၆၅၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၈၀၀ ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၇၁၀/၇၂၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၇၁၀ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၁၂၁၀.၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၃၃၀.၃
(ဂ)	တရုတ်	တစ်ယွမ်	= ၁၉၄.၈၈
(ဃ)	ထိုင်း	တစ်ဘတ်	= ၃၅.၅၂၆
(င)	မလေးရှား	တစ်ရင်းဂစ်	= ၃၁၈.၀၄
(စ)	အိန္ဒိယ	တစ်ရူပီး	= ၁၉.၁၀၀
(ဆ)	ဂျပန်	တစ်ရာယန်း	= ၉၈၁.၀၇
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၁၀၅.၉၈
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၉၀၀.၈၇
(ည)	စင်ကာပူ	တစ်ဒေါ်လာ	= ၈၈၈.၇၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

ရေအားလျှပ်စစ်စက်ရုံစီမံကိန်းဆိုင်ရာနားလည်မှုစာချွန်လွှာ ထိုင်း-မြန်မာ-တရုတ် သုံးနိုင်ငံ လက်မှတ်ရေးထိုးရန်မျှော်လင့်

နေပြည်တော် ဇူလိုင် ၁၅

ထိုင်းနိုင်ငံ၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ သုံးနိုင်ငံတို့သည် သံလွင်မြစ်အထက်ပိုင်းတွင် မဂ္ဂါဝပ် ၇၀၀၀ ထွက်ရှိမည့် မိုင်းတုံရေအားလျှပ်စစ်စက်ရုံစီမံကိန်း အကောင်အထည်ဖော်ရေးအတွက် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးရန် မျှော်လင့်ထားကြကြောင်း သည်နေ့ရှင်းသတင်းဌာနက သတင်းဖော်ပြထားသည်။

အဆိုပါ မိုင်းတုံရေအားလျှပ်စစ်စက်ရုံစီမံကိန်း အကောင်အထည်ဖော်ရာတွင် ထိုင်းနိုင်ငံတကာလျှပ်စစ်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း (EGATi)က အစုရှယ်ယာ ၄၀ ရာခိုင်နှုန်း၊ တရုတ်နိုင်ငံမှ Three Gorges ကော်ပိုရေးရှင်းက အစုရှယ်ယာ ၄၀ ရာခိုင်နှုန်းနှင့် ကျန်ရှိသည့်အစုရှယ်ယာ ၂၀ ရာခိုင်နှုန်းကို မြန်မာနိုင်ငံက ပါဝင်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

မိုင်းတုံရေအားလျှပ်စစ် စက်ရုံစီမံကိန်းတည်ဆောက်ရန် ငါးနှစ်ကြာမြင့်မည်ဟု မျှော်လင့်ထားကြပြီး ကနဦးအဆင့်အနေဖြင့် ထွက်ရှိသည့် လျှပ်စစ်ဓာတ်အားများထဲမှ မဂ္ဂါဝပ် ၇၀၀ ခန့်ကို လျှပ်စစ်ဓာတ်အားပြတ်တောက်မှု ရှိနေဆဲဖြစ်သည့် မြန်မာနိုင်ငံသို့ ပို့လွှတ်မည်ဖြစ်ကြောင်းနှင့် ကျန်ရှိသည့် မဂ္ဂါဝပ် ၆၃၀၀ ကို နောက်ပိုင်းတွင် ထိုင်းနိုင်ငံသို့ ပြန်လည်ရောင်းချမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီး Narongchai Akrasanee က ပြောကြားခဲ့သည်။

ထို့ပြင် သံလွင်မြစ်ပေါ်တွင် အခြားသော ရေအားလျှပ်စစ်စက်ရုံစီမံကိန်းအဖြစ် မြန်မာနိုင်ငံ၏ မဂ္ဂါဝပ် ၁၃၆၀ ထွက်ရှိသည့် ဟက်ကြီးဆည် ရေအားလျှပ်စစ်စီမံကိန်းကိုလည်း ထိုင်းနိုင်ငံ၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အနေဖြင့် ယခုနှစ်ကုန်ပိုင်းတွင် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးသွားရန် မျှော်လင့်ထားကြောင်းလည်း သတင်းအရင်းအမြစ်တစ်ခုက ဖော်ပြထားသည်။

အဆိုပါ ထိုင်းဘက်ငွေ ၈၁ ဘီလီယံကုန်ကျမည့် ဟက်ကြီးဆည် ရေအားလျှပ်စစ်စီမံကိန်းတွင် အစုရှယ်ယာအားဖြင့် EGATi က ၃၆ ဒသမ ၅ ရာခိုင်နှုန်း၊ တရုတ်နှင့် မြန်မာက ၅၆ ဒသမ ၅ ရာခိုင်နှုန်း ပါဝင်ဆောင်ရွက်မည် ဖြစ်ကြောင်းလည်း သတင်းတွင် ဖော်ပြထားသည်။

(ငွေကြယ်)

ဥတုရာသီ တောကိုမှီ၏

မြေကွက်ရောင်းမည်
ဒဂုံမြို့သစ်၊ ပေ(၄၀×၆၀)၊ ၇၆ သိန်း
(ပွဲစားဝယ်ရောင်းမလို)၊
ပိုင်ဆိုင်မှုကောင်း၊
ဖုန်း-၀၉-၂၅၀၃၇၆၂၄

HTOO Car Rental
ဈေးအနီး အဝေး အငှားယူနိုင်သည်။
အရန်ပိုင်း လရောင်ငှားသည်။
ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။
PH: 0973053123
09799990823

ပုဂ်ဒေသရှိသံယောဇဉ်များအား
ဇူလိုင်(၁၅)နှင့် ၂၉)ရက်နေ့ထွက်မည်။
(ကြေးတင်လက်မှတ်ရောင်းပြီ)
ဝါဆို ဆက်နွယ်ချက်ဆက်ဖိုး
ဈေးသက်သာ မ ခ ရီး ခ ဉ်
ရိုးရိုးဝင်း
ရောင်းရင်းများ
ပုဗ္ဗပါ။ ပုဂ်ညောင်ဦး(ရွယ်တော်လေးဆူ)
ပုဗ္ဗပါ။ ပုဂ်(ရွယ်တော်လေးဆူ)မန္တလေး။ ပြင်ဦးလွင်
တောင်ကြီး။ အင်းလေး။ ပင်းတယ။ ကုံလုံ။ မေမြတော်ကဏ္ဍ။ ထမ်းစမ်းဂူ
မန္တလေး။ ပြင်ဦးလွင်။ စစ်ကိုင်း။ ပုံဇွာ
ထားဝယ်။ ရွှင်ကိုးရွှင်။ ဖောင်းမကန်။ ကျိုကွမီ။ စက်ခဲ
ဖော်လမြိုင်။ ကျိုကွမီ။ စက်ခဲ။ နွားလေပို့တောင်(အပတ်ခွဲသောကြာနေ့ကိုင်း)
ကျိုက်ထီးရိုး။ ချောင်းသာ(အပတ်စဉ် အင်္ဂါ၊ သောကြာ)
ထုံးဘို၊ အကောက်တောင်း ပြည်ဘုရားစုံ(စနေ)၊ ငလွန်ပြည်တော်ပြန်(တနင်္ဂနွေ)
၂၂၉၊ ပန်းဆိုးတန်း(အပေါ်လမ်း)။ ဖုန်း-01-249871,255553,095137245,5122511

ပြင်ဆင်ဖတ်ရှုပါရန်

၁၅-၇-၂၀၁၅ ရက် ကြေးမုံသတင်းစာစာမျက်နှာ(၂၃)ပါ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ အလုပ်သင်ဒုတိယအကောက်ခွန်မှူးရာထူး (ရေးဖြေ/နှုတ်ဖြေ) အောင်မြင်သူများစာရင်း ထုတ်ပြန်ခြင်းကြော်ငြာတွင် ခုံအမှတ်(၂၁၄) အစား(၂၄၁)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

နည်းပညာတက္ကသိုလ်များအတွက် Lab Equipments များအား Open Tender ခေါ်ယူခြင်း

၁။ နည်းပညာတက္ကသိုလ်များတွင် အသုံးပြုမည့် Communication Lab Equipments ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် Open Tender များ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

၂။ Open Tender ပုံစံများကို ၁၅-၇-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ရုံးအမှတ်(၂၁)တွင် တစ်စုံလျှင်ကျပ်-၁၀၀၀၀/- နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၁၄-၈-၂၀၁၅ ရက် နောက်ဆုံးထား၍ တင်ဒါများ တင်သွင်းရမည်။

၃။ Open Tender ပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန် အတွင်း ဖုန်း-၀၆၇-၄၀၄၀၀၇၊ ၀၆၇-၄၀၄၅၅၈ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးနှင့်ရွေးချယ်ရေးအဖွဲ့

ကြေးမုံ

ပြည်တွင်းရေးရာ

မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် ဂျာမနီနိုင်ငံမှ ဆက်လက်ကူညီ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော် ဇူလိုင် ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဂျာမန်-အာဆီယံ ချစ်ကြည်ရေးဆိုင်ရာ ပါလီမန်အမတ်များအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသောမတ်စ်ဂမ်ကေ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နိုင်ငံတော်သမ္မတ အိမ်တော် သံတမန်ဆောင်ညှိခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် နှစ်နိုင်ငံအစိုးရချင်း၊ လွှတ်တော်ချင်း ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် ဂျာမနီနိုင်ငံမှ ဆက်လက်ကူညီ ပူးပေါင်းဆောင်ရွက်ရေး၊ လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာနိုင်ငံတွင် ဂျာမန်စီးပွားရေးလုပ်ငန်းများမှ ပိုမိုရင်းနှီးမြှုပ်နှံရေး၊ ၂၀၁၅ ပါတီစုံအထွေထွေရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတစွာကျင်းပနိုင်ရေး၊ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။



ဂျာမန် - အာဆီယံ ချစ်ကြည်ရေးဆိုင်ရာ ပါလီမန်အမတ်များအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ သောမတ်စ်ဂမ်ကေ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ဦးခင်ရီ၊ ဒေါက်တာကိုကိုဦး၊ ဦးရဲထွဋ်၊ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဂျာမန်-အာဆီယံ ချစ်ကြည်ရေးဆိုင်ရာ ပါလီမန်အမတ်များအဖွဲ့ ဥက္ကဋ္ဌ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ပြည်ထောင်စုဂျာမနီနိုင်ငံ သံအမတ်ကြီး မစ္စတာ ခရစ်စတီယန်းလူးဗစ်ခ်ဝယ်ဘာလော့ချ်လည်း တက်ရောက်သည်။

ဂျာမန်-အာဆီယံ ချစ်ကြည်ရေးဆိုင်ရာ ပါလီမန်အမတ်များအဖွဲ့ ဥက္ကဋ္ဌသည် ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလအတွင်းက မြန်မာနိုင်ငံသို့ရောက်ရှိစဉ် နိုင်ငံတော်သမ္မတနှင့်တွေ့ဆုံခဲ့ပြီး ယခုတွေ့ဆုံခြင်းသည် ဒုတိယအကြိမ်ဖြစ်သည်။

မြန်မာ-ဂျာမနီ နှစ်နိုင်ငံသံတမန်ဆက်ဆံရေးကို ၁၉၅၄ ခုနှစ်မှ စတင်ခဲ့ပြီး ယခုဆိုလျှင် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး (၆၁)နှစ်သို့ ရောက်ရှိလာပြီဖြစ်သည်။ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလအတွင်းက ဂျာမနီနိုင်ငံသမ္မတ မစ္စတာ ဂျိုဝါချင်းဂေါက်ခ် မြန်မာနိုင်ငံသို့ လာရောက်ခဲ့ပြီး နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အနေဖြင့်လည်း မြန်မာ-ဂျာမနီ သံတမန်ဆက်ဆံရေး နှစ်(၆၀)ပြည့်ကာလဖြစ်သည့် ၂၀၁၄ ခုနှစ် စက်တင်ဘာလက ဂျာမနီနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည်။

ဂျာမနီနိုင်ငံ သမ္မတ မစ္စတာ ဂျိုဝါချင်းဂေါက်ခ်၏ မြန်မာနိုင်ငံခရီးစဉ်အတွင်း ဂျာမန်ဂိုသေး အင်စတီကျူနှင့် မြန်မာ-ဂျာမနီ စီးပွားရေးဖိုရမ်တို့ကို ဖွင့်လှစ်ပေးခဲ့သည်။ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဂျာမနီနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း ဂျာမနီသမ္မတ၊ ဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး ဒွိုက်ဘဏ်၊အိုအေဗီ၊ ကိုဘာဖောင်ဒေးရှင်း၊ ဟမ်ဆိုက်ဒယ်ဖောင်ဒေးရှင်း၊ ဂျာမနီစီးပွားရေးလုပ်ငန်းရှင်များနှင့်လည်း တွေ့ဆုံခဲ့သည်။

(သတင်းစဉ်)

ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးတွေ့ဆုံ

ရန်ကုန် ဇူလိုင် ၁၅

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာဒေါ်ခင်စန်းရီသည် ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့ဝင်များဖြစ်ကြသည့် အာရှဖွံ့ဖြိုးရေးဘဏ်၊ ဩစတြေးလျ၊ ဥရောပသမဂ္ဂ၊ ဂျပန်၊ ယူနက်စကို၊ ယူနီဆက်၊ အင်္ဂလန်၊ ကမ္ဘာ့ဘဏ်တို့မှ တာဝန်ရှိသူများအား ဇူလိုင် ၁၄ ရက်နံနက်ပိုင်းတွင် ရန်ကုန်မြို့ပြည်လမ်းရှိ မြန်မာနိုင်ငံ ပညာရေးသုတေသန ဦးစီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။**(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ အမျိုးသားပညာရေး (၅)နှစ်စီမံကိန်း National Education Sector Plan(NESP) ကို နိုင်ငံတော်၏ ပညာရေးမူဝါဒများ၊ သုတေသနတွေ့ရှိချက် အထောက်အထားများနှင့် ပညာရေးရည်မှန်းချက်များကို အခြေခံ၍ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းများက မြန်မာနိုင်ငံ၏ ပညာရေးဏ္ဍအတွက် ဖွံ့ဖြိုးမှုအထောက်အပံ့များ ပိုမိုတိုးမြင့်ပေးနိုင်ရေးနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ညှိနှိုင်းဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်းနှင့် တာဝန်ရှိသူများ၊ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေး လုပ်ငန်းရုံး (CESR)မှ ပညာရှင်များလည်း တက်ရောက်ကြသည်။ **(သတင်းစဉ်)**

အခြေခံစက်ချုပ်သင်တန်းဆင်း

ကလော ဇူလိုင် ၁၅

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် ကလောမြို့နယ် ဟဲဟိုးမြို့အလယ်ပိုင်း (၂)ရပ်ကွက် လေသာကျောင်းတိုက် ဓမ္မာရုံ၌ အခြေခံစက်ချုပ်သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက ကျင်းပရာ တောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးနေထက်ရှိန်က အမှာစကားပြောကြားပြီး သင်တန်းသူများကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလွင်က သင်တန်းနည်းပြဆရာမအား ဂုဏ်ပြုလက်ဆောင်ပေးအပ်ပြီး သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားကြောင်း သိရသည်။

နန်းပြုံးရီ(တောင်ကြီး)

ဥတုရာသီ တောကိုမှီ၏

အယ်လ်ဂျီးရီးယားနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူ

နေပြည်တော် ဇူလိုင် ၁၆

အယ်လ်ဂျီးရီးယားသံအမတ်ကြီး မစ္စတာ ဘီရာ မိုဟာမက်အား ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင် အခြေစိုက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော အယ်လ်ဂျီးရီးယားနိုင်ငံ၏ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ သဘောတူပြီးဖြစ်သည်။

မစ္စတာ ဘီရာ မိုဟာမက်ကို ၁၆-၁၀-၁၉၅၆ ရက်နေ့တွင် မွေးဖွားသည်။ ၁၉၈၀ ခုနှစ်တွင် ဥပဒေဘွဲ့ကို လည်းကောင်း၊ ၁၉၈၂ ခုနှစ်တွင် ဘွဲ့လွန်ဥပဒေဘွဲ့ကိုလည်းကောင်း ရရှိခဲ့သည်။ ၁၉၈၂ ခုနှစ်မှ ၁၉၈၇ ခုနှစ်အထိ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပါရဂူဘွဲ့အတွက် ပြင်ဆင်ဆောင်ရွက်ခဲ့သည်။ ၁၉၈၇ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန တတိယအတွင်းဝန်အဖြစ်လည်းကောင်း၊ ၁၉၈၉ ခုနှစ်တွင် ဘရပ်တန်ဝုဒ် အဖွဲ့အစည်းများ တာဝန်ခံ ဒုတိယအတွင်းဝန်အဖြစ် လည်းကောင်း စတင်တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၀ ခုနှစ်တွင် နယူးယောက်မြို့ရှိ ကုလသမဂ္ဂဆိုင်ရာ အယ်လ်ဂျီးရီးယား အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးတွင် ပဋ္ဌမကော်မတီ၌ ယာယီတာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၂ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ ဘရပ်ဆဲလ်မြို့ရှိ အယ်လ်ဂျီးရီးယားသံရုံးတွင် သံမှူးအဖြစ်လည်းကောင်း၊ ၂၀၀၁ ခုနှစ်တွင် ဂျိုနီဗာမြို့ရှိ အယ်လ်ဂျီးရီးယား အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး သံမှူးကြီးအဖြစ်လည်းကောင်း၊ ၂၀၀၂ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ ပဲရစ်မြို့ရှိ အယ်လ်ဂျီးရီးယားသံရုံးတွင် သံမှူးကြီးအဖြစ်လည်းကောင်း၊ ၂၀၀၅ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ ဥဇဘက်ကစ္စတန်၊ တာဂျစ်ကစ္စတန်နှင့် ကာဂီဇီယာ(ကာဂျီစတန်)နိုင်ငံများဆိုင်ရာ သံအမတ်ကြီးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၉ ခုနှစ်မှ ယနေ့အထိ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှဒေသ တာဝန်ခံ သံမှူးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားသမီး သုံးဦးရှိသည်။

အယ်လ်ဂျီးရီးယားသံအမတ်ကြီး မစ္စတာ ဘီရာ မိုဟာမက်သည် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင် အခြေစိုက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အယ်လ်ဂျီးရီးယား သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။

(သတင်းစဉ်)

အိန္ဒိယထောက်လှမ်းရေးဒရုန်းလေယာဉ်ကို ပါကစ္စတန် ပစ်ချ

အစ္စလာမ္မာဘတ် ဇူလိုင် ၁၅

ပါကစ္စတန်နိုင်ငံက ထိန်းချုပ်ထားသည့် ဂျမူးနှင့် ကတ်ရှ်မီးယားဒေသတွင် အိန္ဒိယလျှို့ဝှက်ထောက်လှမ်းရေးဒရုန်းလေယာဉ်တစ်စင်းက နယ်စပ်မျဉ်းများကို ချိုးဖောက်ဝင်ရောက်ကာ မသင်္ကာဖွယ်ရာများ ပြုလုပ်သည့်အတွက် ပစ်ချခဲ့သည်ဟု ပါကစ္စတန်စစ်တပ်က ဇူလိုင် ၁၅ ရက်တွင် အတည်ပြုပြောကြားသည်။

အိန္ဒိယဒရုန်းလေယာဉ်သည် သတ်မှတ်ထားသည့် နယ်ခြားစည်းမျဉ်းကိုဖြတ်ကျော် ဝင်ရောက်လာသည့်အတွက် ဂျမူးနှင့်ကတ်ရှ်မီးယားဒေသရှိ ဘင်ဘာကန့်သတ်နယ်မြေတွင် ပစ်ချခဲ့သည်ဟု ပါကစ္စတန်စစ်တပ်၏ ပြောကြားချက်ကို ကိုးကား၍ ဒေသခံရုပ်သံသတင်းဌာန ဥဒါက ထုတ်လွှင့်ကြေညာသည်။ နယ်ခြားစည်းမျဉ်းသည် အငြင်းပွားမှုဖြစ်နေသည့် ကတ်ရှ်မီးယားဒေသတွင် နှစ်နိုင်ငံကို ပိုင်းခြားသတ်မှတ်ပေးထားခြင်းဖြစ်သည်။

ဘင်ဘာကန့်သတ်နယ်မြေတွင် တပ်ဖြန့်ချထားသည် ပါကစ္စတန်စစ်တပ်က ပစ်ချခဲ့ချိန်တွင် အိန္ဒိယဒရုန်းလေယာဉ်သည် ဓာတ်ပုံများရိုက်ယူနေသည်ဟု ထုတ်လွှင့်ကြေညာချက်အရ သိရသည်။

"နယ်ခြားမျဉ်းအနီးမှာရှိတဲ့ ပါကစ္စတန်နိုင်ငံရဲ့ ဘင်ဘာကန့်သတ်နယ်မြေထဲကို ကျူးကျော်ဝင်ရောက်လာတဲ့ အိန္ဒိယဒရုန်းလေယာဉ်တစ်စင်းကို ပါကစ္စတန်စစ်တပ်က ဒီနေ့ပဲ ပစ်ချလိုက်ပါတယ်"ဟု ပါကစ္စတန်စစ်တပ်၏ ပြောကြားချက်ကို ကိုးကား၍ ရုပ်သံသတင်းဌာနက ထုတ်လွှင့်ကြေညာခဲ့သည်။

ပါကစ္စတန် နိုင်ငံခြားရေးဝန်ကြီးဌာနကလည်း အစ္စလာမ္မာဘတ်မြို့ရှိ အိန္ဒိယသံအမတ်ကြီးကို ဆင့်ခေါ်၍ နယ်ခြားမျဉ်းကို ကျူးကျော်ဝင်ရောက်လာသည့် အိန္ဒိယဒရုန်းလေယာဉ်ကိစ္စကို ကန့်ကွက်ခဲ့သည်ဟု ထုတ်လွှင့်ကြေညာသည်။ **ဆင်ဟွာ။**

ပက်ထရိုဘရာ ရေနံကုမ္ပဏီ အရှုပ်တော်ပုံ နိုင်ငံရေးသမားများ၏ နေအိမ်များကို ရှာဖွေ

ဘရာစီလီယာ ဇူလိုင် ၁၅

ဘရာဇီးနိုင်ငံပိုင်ရေနံကုမ္ပဏီဖြစ်သော ပက်ထရိုဘရာကုမ္ပဏီနှင့်ပတ်သက်သော အရှုပ်တော်ပုံတစ်ရပ်အတွင်း လာဘ်ငွေရယူခဲ့သည်ဟု မသင်္ကာရသည့် နိုင်ငံရေးသမားများပိုင်ဆိုင်သော ဓနဥစ္စာများကို ရဲတပ်ဖွဲ့က ရှာဖွေသိမ်းဆည်းခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇူလိုင် ၁၅ ရက်တွင် သတင်းထုတ်ပြန်သည်။

ပက်ထရိုဘရာကုမ္ပဏီနှင့်ပတ်သက်နေသော လာဘ်ပေးလာဘ်ယူ အရှုပ်တော်ပုံကို စုံစမ်းစစ်ဆေးရာတွင် သက်သေအထောက်အထားများကို ဖျက်ဆီးခြင်းမှ ကာကွယ်နိုင်ရန် အစိုးရရှေ့နေများက ကြိုးပမ်းလျက်ရှိကြသည်။ ဘရာဇီးသမ္မတဟောင်း ဖာနန်ဒို ကော်လာဒီမဲလို၏ နေအိမ်မှ ဇိမ်ခံကားများကို ရဲတပ်ဖွဲ့က သိမ်းဆည်းခဲ့သည်။

လာဘ်ပေးလာဘ်ယူ အရှုပ်တော်ပုံကြောင့် လက်ရှိသမ္မတ ဒိုင်မလာရူးဆက်၏ ရပ်တည်ချက်ကို ထိခိုက်စေကြောင်း သတင်းတွင် ဖော်ပြသည်။

ရဲတပ်ဖွဲ့သည် နိုင်ငံရေးသမားများ၏ နေအိမ်များ၊ ရုံးခန်းများ၊ ကုမ္ပဏီဌာနချုပ်ရုံးများ၊ ဥပဒေအကျိုးဆောင် ကုမ္ပဏီရုံးခန်းများနှင့် အများပြည်သူဆိုင်ရာ အဖွဲ့အစည်းရုံးခန်းများကို စီးနင်းရှာဖွေခဲ့သည်။ **ရိုက်တာ။**

ဂရိနိုင်ငံအား ကာလတိုချေးငွေ ထုတ်ပေးရန် ဥရောပကော်မရှင်က အဆိုပြု

ဘရပ်ဆယ် ဇူလိုင် ၁၅

ဂရိနိုင်ငံ၏ ဘဏ္ဍာရေးပြဿနာများကို ကုစားနိုင်ရန် ကြိုးပမ်းသည့်အနေဖြင့် ယင်းနိုင်ငံသို့ ယူရို ခုနစ်ဘီလီယံ (အမေရိကန်ဒေါ်လာ ၇ ဒသမ ၇ ဘီလီယံ) ချေးငွေထုတ်ပေးရန် ဥရောပကော်မရှင်က အဆိုပြုထားကြောင်း ဥရောပသမဂ္ဂ (အီးယူ)တာဝန်ရှိသူတစ်ဦးက ဇူလိုင် ၁၅ ရက်တွင် ပြောကြားသည်။

ဥရောပဘဏ္ဍာရေးတည်ငြိမ်မှု ထိန်းသိမ်းရေးရန်ပုံငွေစနစ်မှ ဂရိနိုင်ငံသို့ ငွေချေးပေးမည်ဖြစ်ပြီး အဆိုပါချေးငွေမှာ ကာလတိုချေးငွေဖြစ်သည်။

ဥရောပဘဏ္ဍာရေးတည်ငြိမ်မှု ထိန်းသိမ်းရေးရန်ပုံငွေစနစ်မှ ကာလတိုချေးငွေထုတ်ပေးရန် အဆိုပြုချက်နှင့်ပတ်သက်၍ ဗြိတိန်နှင့် ချက်သမ္မတနိုင်ငံတို့က အပြင်းအထန်ကန့်ကွက်ခဲ့ကြသဖြင့် အငြင်းပွားမှုများဖြစ်ပေါ်လျက်ရှိသည်။

ထိုစဉ်အတွင်း ဂရိအစိုးရက တင်းကျပ်သော ခြိုးခြံချွေတာရေးအစီအစဉ်များ အကောင်အထည်ဖော်ရေးကိစ္စနှင့်ပတ်သက်၍ ပါလီမန်တွင် မဲခွဲဆုံးဖြတ်ရန် ရှိနေသည်။ ဂရိနိုင်ငံ၏ မြီရှင်နိုင်ငံများက တောင်းဆိုခဲ့သည့်အတိုင်း ခြိုးခြံချွေတာရေး အစီအစဉ်များကို အကောင်အထည်ဖော်ရေးကိစ္စတွင် လက်ဝဲယိမ်းအမတ်များက ဆန့်ကျင်မှုများရှိနေရာ ဝန်ကြီးချုပ် အလက်ဇန်ဒီစီပရာက ၎င်းတို့ကို စည်းရုံးနိုင်ရန် ခက်ခက်ခဲခဲ ကြိုးပမ်းနေရသည်။

ဂရိညွှန့်ပေါင်းအစိုးရအဖွဲ့မှ အမတ်အများအပြားက ကန့်ကွက်မဲပေးမည့် အလားအလာများကို ပြသခဲ့ကြသည်။

ဂရိနိုင်ငံ၏ ကြွေးမြီပြဿနာနှင့် ပတ်သက်၍ ကယ်တင်ရေးအစီအမံများ ဆောင်ရွက်နိုင်ရန် အီးယူ ဘဏ္ဍာရေးဝန်ကြီးများ မကြာမီက ဘရပ်ဆယ်မြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ရိုက်တာ။

အိန္ဒိယနိုင်ငံတောင်ပိုင်းတွင် လူမျိုးစုပြုတိုးဝှေ့မှုကြောင့် ၂၉ ဦးသေဆုံး

အန်ဒရာပရာဒေ့ရှ် ဇူလိုင် ၁၅

အိန္ဒိယနိုင်ငံတောင်ပိုင်း အန်ဒရာပရာဒေ့ရှ်ပြည်နယ်တွင် ဟိန္ဒူပွဲတော်တစ်ခုကျင်းပနေစဉ် လူများစုပြုတိုးဝှေ့မှုကြောင့် လူ ၂၉ ဦးသေဆုံးခဲ့ပြီး လူအများအပြားထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသန္တရမီဒီယာများက ဆိုသည်။

ပွဲတော်ပထမနေ့ ကျင်းပနေစဉ်အတွင်း ပရိသတ်များက ဂျေါဒါဗာရီမြစ်အတွင်း ရေချိုးရန် စုပြုတိုးခဲ့သည့်အတွက် လူအုပ်ပြိုကျခဲ့ခြင်းဖြစ်သည်။ ဟိန္ဒူရိုးရာ ပူရာဓါရာလုပွဲတော်ကို ၁၂ နှစ်တစ်ကြိမ် ၁၂ ရက်ကြာ ကျင်းပလေ့ရှိသည်။ အဆိုပါပွဲတော်အတွင်း မြစ်ထဲတွင်ရေချိုးခြင်းသည် မကောင်းမှုများကို ဖယ်ရှားပစ်နိုင်သည်ဟု ဟိန္ဒူဘာသာဝင်များက ခံယူထားကြသည်။

လူအုပ်ပြိုကျမှုဖြစ်ပွားခဲ့စဉ်က မြစ်ကမ်းပါးပေါ်တွင် လူထောင်ပေါင်းများစွာ ရှိနေခဲ့သည်။ မြစ်အတွင်းမှ ကိုယ်လက်သန့်စင်ပြီး ကမ်းပါးပေါ်သို့ ပြန်လည်တက်ရောက်လာကြသည့် လူအုပ်နှင့် မြစ်အတွင်းသို့ ကိုယ်လက်သန့်စင်ရန် ဆင်းလာကြသည့် လူများ စုပြုတိုးခဲ့သည့်အတွက် လူအုပ်ပြိုကာ လူများသေဆုံးခဲ့ရခြင်းဖြစ်သည်ဟု မျက်မြင်တွေ့ရှိသူများက ဆိုသည်။

လူအုပ်ပြိုကျမှုဖြစ်စဉ်ကြောင့် ၂၉ ဦးသေဆုံးပြီး ၆၀ ကျော် ဒဏ်ရာရရှိခဲ့သည်ဟု ဒေသန္တရမီဒီယာများက ပြောသည်။ **အန်အိတ်ချ်ကေ။**

ပနားမားတူးမြောင်း တိုးချဲ့ရေးစီမံကိန်း အခြေခံအဆောက်အအုံ တိုးတက်ရေးအတွက် ထောက်ကူ

ပနားမား ဇူလိုင် ၁၅

ပနားမားတူးမြောင်း တိုးချဲ့ဖောက်လုပ်ရေးစီမံကိန်းသည် တရုတ်နှင့် လက်တင်အမေရိကဒေသအကြား အခြေခံအဆောက်အအုံတိုးမြှင့်ရေးအတွက် ပူးပေါင်းလုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း တရုတ်အစိုးရတာဝန်ရှိသူတစ်ဦးက ဇူလိုင် ၁၄ ရက်တွင် ပြောကြားသည်။

သက်တမ်း ၁၀၁ နှစ်ရှိ ပနားမားတူးမြောင်း တိုးချဲ့ရေးစီမံကိန်းကို အမေရိကန်ဒေါ်လာ ငါးဘီလီယံ အကုန်အကျခံဆောင်ရွက်နေပြီး တူးမြောင်းတိုးချဲ့နိုင်ခြင်းဖြင့် အရွယ်အစားပိုမိုကြီးမားသော ခေတ်မီကုန်တင်သင်္ဘောများ ဖြတ်သန်းသွားလာနိုင်မည်ဖြစ်သည်။

၂၀၁၆ ခုနှစ်တွင် တူးမြောင်းတိုးချဲ့မှုလုပ်ငန်းပြီးစီးမည်ဖြစ်ပြီး အမေရိကတိုက်နှင့် အာရှတိုက်အကြား ကုန်သွယ်ရေးလမ်းကြောင်းတွင် အရေးပါသော ပနားမားတူးမြောင်းကို ကြီးမားသောသင်္ဘောများ ဖြတ်သန်းနိုင်မည်ဖြစ်သည်။ ကာရစ်ဘီယန်ဒေသနှင့် အတ္တလန္တိတ်ပင်လယ်ကမ်းရိုးတန်းဒေသနိုင်ငံများသည် အရွယ်အစားပိုမိုကြီးမားသော ပင်လယ်ကူးသင်္ဘောများ ဆိုက်ကပ်နိုင်စေရန် ယင်းတို့၏ ပင်လယ်ဆိပ်ကမ်းများကို အဆင့်မြှင့်တင်ရန် လိုအပ်မည်ဖြစ်သည်။

ပနားမားတူးမြောင်း၏ အတ္တလန္တိတ်သမုဒ္ဒရာဘက်ခြမ်းရှိ ကိုလုံးပင်လယ်ဆိပ်ကမ်း၌ ဆိပ်ခံတိုးချဲ့ရေးစီမံကိန်းတစ်ရပ်ကို တရုတ်နိုင်ငံမှ ပင်လယ်ဆိပ်ကမ်း အင်ဂျင်နီယာကုမ္ပဏီက အကောင်အထည်ဖော်လျက်ရှိရာ ပြီးစီးလုနီးပြီဖြစ်ကြောင်း တရုတ်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဆင်ဟွာ။

အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

သင်ရရှိသည့်အခွင့်အရေးကို လက်လွှတ်မခံပါနှင့် မဲပေးနိုင်ရန် မဲစာရင်းကြေညာသည့်အခါ သွားရောက်ကြည့်ရှုပါ။

ဗဟိုဘဏ်၏ ရည်ညွှန်းငွေလဲလှယ်နှုန်းကို ဗဟိုဘဏ်တွင် နေ့စဉ်ပြုလုပ်သည့် နိုင်ငံခြားငွေလေလံများမှတစ်ဆင့် ပွင့်လင်းမြင်သာစွာ သတ်မှတ်လျက်ရှိ

နေပြည်တော် ဇူလိုင် ၁၅

ဗဟိုဘဏ်မှ နေ့စဉ်သတ်မှတ်သည့် ရည်ညွှန်းငွေလဲလှယ်နှုန်းကို ဗဟိုဘဏ်တွင် နေ့စဉ်ပြုလုပ်သည့် နိုင်ငံခြားငွေလေလံများမှတစ်ဆင့် ပွင့်လင်းမြင်သာစွာ သတ်မှတ်လျက်ရှိကြောင်း သိရသည်။

အဆိုပါလေလံများ ဆောင်ရွက်ခြင်း၊ ရည်ညွှန်းငွေလဲလှယ်နှုန်း သတ်မှတ်ခြင်းနှင့် လေလံစျေးကွက်မှ ငွေပေးချေမှုပြုလုပ်ခြင်း စသည့် အသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ၂၀၁၂ ခုနှစ် မတ် ၂၆ ရက်တွင် နိုင်ငံခြားငွေများကို စျေးပြိုင်စနစ်ဖြင့် ရောင်းဝယ်ခြင်းဆိုင်ရာ စည်းမျဉ်းများ အမှတ် (၁/၂၀၁၂) ကို ထုတ်ပြန်၍ ယင်းထုတ်ပြန်ချက်အတိုင်း ပွင့်လင်းမြင်သာစွာ ဆောင်ရွက်လျက်ရှိသည်။

လက်ရှိအခြေအနေတွင် နိုင်ငံခြားငွေလဲလှယ်ရာ၌ တရားဝင်နှုန်းနှင့် တရားမဝင်နှုန်းဟူ၍ ကွာဟချက်များစွာရှိလာပြီး တစ်ခုထက်ပိုသော နိုင်ငံခြားငွေလဲလှယ်နှုန်း (Multiple exchange rates) များ ဖြစ်ပေါ်လာခြင်း၊ ယင်းကွာဟချက်ကြောင့် ဘဏ်များမှတစ်ဆင့် ဆောင်ရွက်သည့် နိုင်ငံခြားငွေ အရောင်းအဝယ် နည်းပါးသွားပြီး တရားမဝင်စျေးကွက်သို့ ရောက်ရှိကာ တရားမဝင်စျေးကွက်ပိုမိုကြီးထွားလာခြင်း၊ ပြင်ပစျေးကွက်တွင် ဖြစ်ပေါ်နေသည့်နှုန်းထက်များစွာနိမ့်ကျပြီး ပြင်ပစျေးကွက်တွင် အရောင်းအဝယ် မဖြစ်သည့်နှုန်းကို ဗဟိုဘဏ်က ကာလကြာရှည် သတ်မှတ်ထားပါက ယင်းသတ်မှတ်နှုန်းအပေါ် အယုံအကြည် ပိုမိုကင်းမဲ့လာနိုင်ခြင်း စသည့်အခြေအနေများကို ကာကွယ်ရန် ပြင်ပစျေးကွက်နှုန်းထားနှင့် လိုက်လျောညီထွေဖြစ်အောင် ဗဟိုဘဏ်၏ ရည်ညွှန်းငွေလဲလှယ်နှုန်းကို ပြင်ဆင်သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ကလည်း ပြင်ပစျေးကွက်နှင့် လိုက်လျောညီထွေရှိသည့် ရည်ညွှန်းငွေလဲလှယ်နှုန်းကို ဗဟိုဘဏ်က ပြင်ဆင်သတ်မှတ်ခြင်းသည် မှန်ကန်သည့်လုပ်ရပ်ဖြစ်ကြောင်း ထောက်ခံကြိုဆိုခဲ့သည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ရည်ညွှန်းငွေလဲလှယ်နှုန်းကို ပြင်ပစျေးကွက်နှင့် လိုက်လျောညီထွေဖြစ်စေရန် ပြင်ဆင်ခြင်းတစ်ခုတည်းမဟုတ်ဘဲ တင်းကျပ်သော ငွေကြေးမူဝါဒကို ကျင့်သုံး၍ ချေးငွေအလွန်အကျွံမြင့်တက်မှုနှုန်းကို ထိန်းချုပ်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ထုတ်ပြန်ကြေညာထားရှိသည်။

ဗဟိုဘဏ်၏ ဆောင်ရွက်ချက်များသည် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၊ ပြည်တွင်း၊ ပြည်ပ ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ ဝန်ကြီးဌာနများဖြစ်သည့် သမ္မတရုံးဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတို့ပါဝင်သည့် အဖွဲ့၏ အကြံဉာဏ်များဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းလည်း ဖြစ်သည်။

ထိုသို့ ဆောင်ရွက်မှုကို ပြည်တွင်းပုဂ္ဂလိက စီးပွားရေးအသင်းအဖွဲ့များ၊ နိုင်ငံတကာစီးပွားရေးအသင်းအဖွဲ့များ၊ ပြည်တွင်း၊ ပြည်ပ ဘဏ်များနှင့် ဆွေးနွေးတိုင်ပင်၍ အကြံဉာဏ်ရယူ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ရခိုင်မျိုးချစ်ပါတီအား နိုင်ငံရေးပါတီအဖြစ်မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၃၆/၂၀၁၅)

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၄ ရက်
(၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်)

ရခိုင်မျိုးချစ်ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ကျေးပင်ကြီးရပ်ကွက်၊ စျေးလမ်းနှင့် သာဇံလှလမ်းထောင့်၊ အမှတ်(၃၂)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ရခိုင်မျိုးချစ်ပါတီ**အား ၂၀၁၅ ခုနှစ် ဇူလိုင်လ ၁၅ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

ရခိုင်မျိုးချစ်ပါတီ၏ မှတ်ပုံတင်အမှတ်မှာ (၉၇)ဖြစ်ပါသည်။

အမိန့်အရ

(တင်ထွန်း)
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

အမျိုးသမီးပါတီ(မွန်)အား နိုင်ငံရေးပါတီအဖြစ်မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၃၅/၂၀၁၅)

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၄ ရက်
(၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်)

အမျိုးသမီးပါတီ(မွန်)အား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ်(၁၇)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **အမျိုးသမီးပါတီ(မွန်)**အား ၂၀၁၅ ခုနှစ် ဇူလိုင်လ ၁၅ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

အမျိုးသမီးပါတီ(မွန်)၏ မှတ်ပုံတင်အမှတ်မှာ (၉၆)ဖြစ်ပါသည်။

အမိန့်အရ

(တင်ထွန်း)
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
ကန်ရိပ်သာလမ်းသိုလှောင်ရုံပြင်ဆင်ရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းပိုင် ကန်ရိပ်သာလမ်းရှိ စက္ကူသိုလှောင်ရုံများ အသေးစားပြင်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် လုပ်ငန်းဆောင်ရွက်လိုသော လုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် စျေးနှုန်းလွှာများ တင်သွင်းကြပါရန် ဖိတ်ကြားအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါများကို ၁၃-၇-၂၀၁၅ရက်နေ့မှ ၂၄-၇-၂၀၁၅ရက် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး ၂၅-၇-၂၀၁၅ရက်တွင် ဥနှာရီမှ ၁၅နာရီအတွင်း အောက်ပါလိပ်စာသို့ တင်သွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။ သတ်မှတ်ချိန်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက အောက်ပါအတိုင်း စုံစမ်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်နှင့်တင်ဒါတင်သွင်းရန်လိပ်စာ-
ကန်ရိပ်သာလမ်းဗိုဒေါင်ပြင်ဆင်ရေးကော်မတီ
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရန်ကုန်ရုံး)
အမှတ်(၂၁)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်
ဖုန်း- ၀၁-၂၀၀၈၁၂၊ ၀၁-၂၀၁၁၉၂

ကျော်သက်နှင့် စောဆန်းအောင်ဦးစီး ကေကေအိုအဖွဲ့ထံမှ လက်နက်ခဲယမ်းများနှင့် မော်တော်ယာဉ်များ ထပ်မံသိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၁၅

ကေကေအိုအဖွဲ့မှ ကျော်သက်နှင့် စောဆန်းအောင်ဦးစီးအဖွဲ့များ ခိုအောင်းနေထိုင်မှုမရှိစေရေးအတွက် တပ်မတော်နှင့် နယ်ခြားစောင့်တပ် (BGF)တို့က ကော့ကရိတ်မြို့နယ် ကောင်းမှုကျေးရွာ၏ အရှေ့ဘက်နှင့် အရှေ့မြောက်ဘက်ရှိ တောင်ကုန်းများတွင် နယ်မြေရှင်းလင်းလျက်ရှိသည်။

ထိုသို့ရှင်းလင်းစဉ် ဇူလိုင် ၁၄ ရက်တွင် ပွိုင့်-၁၁၃၉ တောင်ကုန်းတစ်ဝိုက်၌ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီး ၎င်းအဖွဲ့များ အနောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားသဖြင့် ပတ်ဝန်းကျင်အား ရှင်းလင်းရာ အာရ်ပီဂျီဗုံးသီး သုံးလုံး၊ ရှေ့ထွက်မိုင်း ၅၄ လုံး၊ လမ်းလျှောက်စကားပြောစက် တစ်လုံးနှင့် မော်တော်ယာဉ်တစ်စီးတို့ သိမ်းဆည်းရမိသည်။

အလားတူ ပွိုင့်-၃၈၂ တောင်ကုန်းနှင့် အနီးတစ်ဝိုက်မှလည်း လက်နက်မျိုးစုံ ခြောက်လက်၊ ဗုံးသီးမျိုးစုံ ၁၃၈ လုံး၊ မိုင်းမျိုးစုံ ၄၉ လုံး၊ လက်ပစ်ဗုံး နှစ်လုံး၊ ကျည်မျိုးစုံ ၃၇၉ တောင့်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ၊ မော်တော်ယာဉ် ခုနစ်စီးတို့အား ထပ်မံသိမ်းဆည်းရမိသည်။

ထို့အပြင် တောင်ကလေးရှိ နယ်မြေခံတပ်ရင်းသို့ ၎င်းအဖွဲ့မှ တပ်ဖွဲ့ဝင်နှစ်ဦး လာရောက်ပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သည်။ အဆိုပါနယ်မြေရှင်းလင်းမှုများဆောင်ရွက်သည့် ဇူလိုင် ၂ ရက်မှ ယနေ့အထိ ၎င်းတို့အဖွဲ့ထံမှ ဖမ်းဆီးရမိ ခုနစ်ဦး၊ အလောင်း လေးလောင်း၊ လက်နက်မျိုးစုံ ၃၉ လက်၊ ကျည်မျိုးစုံ ၄၀၃၃ တောင့်၊ ဗုံးသီးမျိုးစုံ ၁၉၅ လုံး၊ မိုင်းမျိုးစုံ ၁၀၈ လုံး၊ ခဲယမ်း၊ ဆက်စပ်ပစ္စည်းများနှင့် မော်တော်ယာဉ် ၁၀ စီးတို့အား သိမ်းဆည်းရမိခဲ့ကြောင်း၊ တပ်မတော်နှင့် နယ်ခြားစောင့်တပ် (BGF)တို့က ဆက်လက်နယ်မြေရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။

(မြဝတီ)

ပြည်တွင်းရေးရာ

☆ ရှေ့ဖုံးမှ

"သေနတ်သံတွေကို အပေါ်ထပ်မှာကြားရတယ်။ အားလုံးမှင်တက်မိနေချိန်မှာပဲ သေနတ်သမားတွေ ဆင်းသွားကြတယ်လို့ ပြောပါတယ်။ ကျွန်တော်ကတော့ မမြင်လိုက်ပါဘူး။ ကျွန်တော့်အာရုံထဲမှာ မှတ်မိနေတာက ဗိုလ်ချုပ်တို့ရဲ့ သွေးချင်းချင်းရဲနေတဲ့ ရုပ်အလောင်းတွေနဲ့ ဗိုလ်ချုပ်တို့ကို ဆေးရုံကားတွေပေါ်တင်ပြီး ခေါ်သွားတဲ့ မြင်ကွင်းကို တစ်သက်မမေ့တော့ပါဘူး"ဟု ဦးအုန်းဖေက ပြောကြားသည်။

ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် အာဇာနည်ခေါင်းဆောင်ကြီးများကို လုပ်ကြံခဲ့သည့်အချိန်မြန်မာ့နိုင်ငံရေးအခြေအနေမှာ လွတ်လပ်ရေးရရှိရန်အတွက် တိုက်ပွဲဝင်နေချိန်ဖြစ်ပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် မျိုးချစ်ခေါင်းဆောင်များမှာ တိုင်းပြည်ပြန်လည်ထူထောင်နိုင်ရန် အားသွန်ဆောင်ရွက်ချိန်လည်းဖြစ်သည်။

ထိုနေ့နှင့်ပတ်သက်၍ "ကျွန်မက အာဇာနည်နေ့ကို အလွန်ငယ်သေးတော့ အကုန်မမှတ်မိတော့ပါဘူး။ ကျွန်မသိတတ်စကနေ ကျင်းပလာခဲ့တဲ့ အာဇာနည်နေ့ အခမ်းအနားတွေကိုတော့ မှတ်မိပါတယ်။ မကြာသေးခင်ကစပြီး အာဇာနည်နေ့အခမ်းအနားကို လွတ်လွတ်လပ်လပ် ကျင်းပခွင့်ပြန်ပေးလာတာကြောင့် အာဇာနည်နေ့ အထိမ်းအမှတ် အခမ်းအနားတွေက ပိုပြီးစည်ကားသိုက်မြိုက်လာတာကို တွေ့ရပါတယ်။ ကျင်းပခွင့်ရရှိသည်ဖြစ်စေ မရရှိသည်ဖြစ်စေ ကျွန်မအနေနဲ့ ဖေဖေနဲ့ အာဇာနည်ခေါင်းဆောင်တွေအားလုံးကို ချစ်ခင်လေးစားနေမှာပါ" ဟု ဗိုလ်ချုပ်အောင်ဆန်း၏သမီးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်က ပြောကြားသည်။

ထိုစဉ်ကာလ နိုင်ငံရေးလှုပ်ရှားသူများ၏ နိုင်ငံရေးခံယူချက်နှင့် သဘောထားအမျိုးမျိုးတို့မှ သဘောထားကွဲလွဲမှုများဖြစ်ပေါ်ကာ ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် ခေါင်းဆောင်များအား လုပ်ကြံဖြစ်ခဲ့သည့် အခြေအနေတွန်းအားတစ်ခုဖြစ်လာခဲ့ရကြောင်း နိုင်ငံရေးကျွမ်းကျင်သူများက သုံးသပ်ကြသည်။

ကွဲပြားခြားနားသော အယူအဆများကြားမှ နိုင်ငံရေးအရ အဖြေရှာခြင်းနှင့်ပတ်သက်ပြီး "အာဇာနည်နေ့ကနေ ထာဝရအတွက် သင်ခန်းစာတစ်ခုကိုရရှိခဲ့တယ်လို့ ကျွန်မ ထင်မြင်မိပါတယ်။ အဲဒါက နိုင်ငံရေးပြဿနာကို အကြမ်းနည်းနဲ့ ဖြေရှင်းဖို့ဆိုတာ ဘယ်တော့မှမဖြစ်နိုင်ပါဘူး။ ဘယ်တော့မှ မကြိုးစားသင့်ပါဘူး။ အကြမ်းနည်းသုံး ဖြေရှင်းသူတွေဟာ သူတို့ရဲ့လုပ်ရပ်ကြောင့် ဆိုးရွားတဲ့ အကျိုးကို သူတို့ကိုယ်တိုင်ခံစားရမှာဖြစ်ပါတယ်။ ရေတိုမှာ အကျိုးအမြတ်ရှိသလို ထင်ရကောင်းထင်ရနိုင်ပါတယ်။ ဒါပေမယ့် တကယ်တမ်းမှာ အောင်မြင်တဲ့ပန်းတိုင်ကို ရရှိမှာမဟုတ်ဘူးဆိုတဲ့ သင်ခန်းစာပါပဲ။ ဖေဖေတို့နဲ့ ပတ်သက်လို့ကတော့ ဖေဖေတို့ကို ကြမ္မာဆိုးဖန်တီးပေးသူတွေဟာ ချက်ချင်း နာရီအနည်းငယ်အတွင်းမှာ ဖမ်းဆီးမိခဲ့ပြီး ဆိုးကျိုးတွေ ရရှိခဲ့ရပါတယ်။ **ဒါကြောင့် နိုင်ငံရေးပြဿနာဟာ ညှိနှိုင်းအဖြေရှာခြင်းနဲ့ ငြိမ်းချမ်းစွာ ဆောင်ရွက်ခြင်းတွေနဲ့သာ ကောင်းမွန်တဲ့ အဖြေတစ်ခုကိုပေးနိုင်လိမ့်မယ်လို့ ထင်ပါတယ်**"ဟု ဒေါ်အောင်ဆန်းစုကြည်က ပြောကြားသည်။

လာမည့် ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့် အာဇာနည်နေ့တွင် လွတ်လပ်ရေးခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏သမီးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်မှာ နိုင်ငံတော်အခမ်းအနားအဖြစ် ကျင်းပမည့် အာဇာနည်နေ့အခမ်းအနားကို ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အာဇာနည်ကုန်းတွင် တက်ရောက်ကာ ဖခင်နှင့်တကွ အာဇာနည်ခေါင်းဆောင်များအား ဂါရဝပြုကန်တော့မည်ဖြစ်ပြီး နေအိမ်တွင် ဖခင်ဖြစ်သူအတွက် ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် အာဇာနည်နေ့ အခမ်းအနားကျင်းပခြင်း၊ ညနေပိုင်းတွင် ဘာသာပေါင်းစုံတို့မှ ကျင်းပသည့် အာဇာနည်နေ့ဝတ်ပြုဆုတောင်းပွဲသို့ တက်ရောက်ခြင်းများကို နှစ်စဉ်ပြုလုပ်နေကျအတိုင်း ပြုလုပ်ရန်ရှိကြောင်း ဒေါ်အောင်ဆန်းစုကြည်က ဆိုသည်။

"အမျိုးသားခေါင်းဆောင်ကြီးတွေကို အောက်မေ့နေရုံနဲ့ မပြီးပါဘူး။ ဆက်လက်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးနဲ့ ဒီမိုကရေစီနိုင်ငံဖော်ဆောင်နိုင်ရေးအတွက် သတိရလွမ်းဆွတ်တာတွေကို နိုင်ငံသားတိုင်းကိုယ်တတ်စွမ်းသလောက် အလုပ်နဲ့သက်သေပြကြဖို့ လိုအပ်ပါတယ်"ဟု သီတဂုဆရာတော်က အာဇာနည်ခေါင်းဆောင်ကြီးများနှင့်ပတ်သက်၍ မိန့်ကြားသည်။

ရှေ့အနာဂတ်နှင့်ပတ်သက်၍မူ ဒေါ်အောင်ဆန်းစုကြည်က "အခုအချိန်မှာ နိုင်ငံက ဒီမိုကရေစီလမ်းကြောင်းကို ရွေးရှသွားနေတယ်လို့ ယူဆရပါတယ်။ သို့သော် ဖေဖေချမှတ်ခဲ့တဲ့ ဒီမိုကရေစီလမ်းကြောင်းတော့ မဟုတ်သေးပါဘူး။ ဖေဖေချမှတ်ခဲ့တဲ့ ဒီမိုကရေစီလမ်းကြောင်းပေါ်ကို လျှောက်လှမ်းနေတဲ့အချိန်သာ ဖြစ်ပါတယ်။ ဖေဖေ ချမှတ်ခဲ့တဲ့ လမ်းစဉ်ပေါ်ကို ရောက်အောင်ကြိုးစားလျှောက်လှမ်းကြရမှာ ဖြစ်ပါတယ်။ ဒါမှသာ ဖေဖေနဲ့ အမျိုးသား အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ အသက်ပေးမှုအပေါ် ဂုဏ်ပြုရာရောက်မှာပါ"ဟု သုံးသပ်ပြောကြားသွားခဲ့သည်။ ။

၂၀၁၅ ခုနှစ် ဇူလိုင် ၁၉ ရက် (၆၈) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပစဉ် လမ်းကြောင်းပိတ်ဆို့ထားမှုနှင့် အာဇာနည်ပိမာန်သို့ ဝင်ရောက်ရမည့် လမ်းကြောင်းသတ်မှတ်

အသိပေးကြေညာချက်

အာဇာနည်ပိမာန်သို့ ဂါရဝပြု လာရောက်ကြသည့် မိဘပြည်သူများအနေဖြင့် အောက်ပါပစ္စည်းများကို ယူဆောင်၍ အာဇာနည်ပိမာန်သို့ ဝင်ရောက်ခွင့်မပြုကြောင်း ကြိုတင်အသိပေးကြေညာအပ်ပါသည် -

၂၀၁၅ ခုနှစ်၊ (၆၈)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား
လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီ

အသိပေးကြေညာချက်

အာဇာနည်ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့လာရောက်ကြည့်ရှုလေ့လာမည့် မိဘပြည်သူများအနေဖြင့် အောက်ပါပစ္စည်းများကို ယူဆောင်၍ ဗိုလ်ချုပ်ပြတိုက်သို့ ဝင်ရောက်ခွင့်မပြုကြောင်း ကြိုတင်အသိပေးကြေညာအပ်ပါသည် -

၂၀၁၅ ခုနှစ်၊ (၆၈)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား
လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီ

ရန်ကုန် ဇူလိုင် ၁၅

၁။ (၆၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ရန်ကုန်မြို့ အာဇာနည်ပိမာန်၌ ၂၀၁၅ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့ ၀၈း၀၀ နာရီ၌ စတင်ကျင်းပမည်ဖြစ်ရာ ဇူလိုင် ၁၈ ရက်နေ့ ၁၈း၀၀ နာရီမှ ဇူလိုင် ၁၉ ရက်နေ့ ၁၈း၀၀ နာရီထိ အောက်ဖော်ပြပါ လမ်းကြောင်းများကို ဖြတ်သန်းသွားလာမှု ယာယီပိတ်ဆို့ထားမည်ဖြစ်ပါသည်-

(က) ဦးဝိစာရလမ်းနှင့် အနောက်ရွှေ့ဂုံတိုင်လမ်းဆုံရာမှ အနောက်ရွှေ့ဂုံတိုင်လမ်းအတိုင်း အနောက်ရွှေ့ဂုံတိုင် (၁) လမ်းထိပ်ထိ။

(ခ) အနောက်ရွှေ့ဂုံတိုင်လမ်းမှ အာဇာနည်လမ်းအတိုင်း ရွှေတိုဂုံဘုရားအရှေ့မုခ်စောင်းတန်းအထိ။

(ဂ) အနောက်ရွှေ့ဂုံတိုင်လမ်းမှအာဇာနည်ပိမာန်သို့ တက်ရောက်ရာ အုတ်လှေကားလမ်းနှင့်ကျောက်ဆည်ဓမ္မာရုံဘေးလမ်းကြားများ။

၂။ အာဇာနည်နေ့အခမ်းအနားသို့တက်ရောက်ရန်ဖိတ်ကြားထားသော ဧည့်သည်တော်များသည် ရွှေတိုဂုံတောင်ဘက်မုခ်မှ အာဇာနည်လမ်းအတိုင်း ရွှေတိုဂုံအရှေ့ဘက်မုခ်မှတစ်ဆင့် ရွှေတိုဂုံမြောက်ဘက်မုခ်ရှိ အာဇာနည်ပိမာန် ဝင်ပေါက် ဂိတ် (၂)မှ ဝင်ရောက်ပြီး အနောက်ရွှေ့ဂုံတိုင်လမ်းသို့ဂိတ် (၃) မှပြန်လည်ထွက်ခွာရမည်ဖြစ်ပါသည်။

၃။ ဇူလိုင်လ ၁၉ ရက်နေ့ မွန်းတည့် ၁၂း၀၀ နာရီမှ ၁၇း၀၀ နာရီထိ အာဇာနည်ပိမာန်သို့ အများပြည်သူလာရောက် ဂါရဝပြုနိုင်ရန် ဖွင့်လှစ်ထားမည်ဖြစ်ရာ လာရောက်ကြမည့် ပြည်သူများသည် အနောက်ရွှေ့ဂုံတိုင်လမ်းမှတစ်ဆင့် အနောက်ရွှေ့ဂုံတိုင်လမ်းနှင့်အာဇာနည်လမ်းဆုံရှိ ဂိတ် (၁) မှ ဝင်ရောက်၍ ဂိတ် (၂) မှတစ်ဆင့် အာဇာနည်လမ်းအတိုင်း ရွှေ့ဂုံတိုင်အရှေ့ဘက်မုခ်စောင်းတန်းသို့ ထွက်ခွာရမည်ဖြစ်ပါသည်။

၄။ အာဇာနည်ပိမာန်နှင့်ဗိုလ်ချုပ်ပြတိုက်သို့ ဝင်ရောက်ဂါရဝပြုကြမည့် သူများသည် လက်ကိုင်အိတ်၊ လက်ဆွဲအိတ်၊ ကင်မရာ၊ လက်ကိုင်ဖုန်းနှင့် ကြိုတင်စစ်ဆေးခံယူမှုမရှိသော ပန်းခွေ၊ ပန်းခြင်းစသည့်လုံခြုံရေးကို ထိခိုက်စေနိုင်မည့် ပစ္စည်းတစ်စုံတစ်ရာ ယူဆောင်ခွင့်မပြုကြောင်း ကြိုတင်အသိပေးကြေညာအပ်ပါသည်။

၅။ အာဇာနည်ပိမာန်နှင့်ဗိုလ်ချုပ်ပြတိုက်သို့ ဝင်/ထွက်ရာလမ်းကြောင်းနှင့်ဂိတ်များ၌ လုံခြုံရေးအရ ရှာဖွေစစ်ဆေးမှုများကို ပူးပေါင်းကူညီသောအားဖြင့် ကြည်ဖြူစွာ အစစ်ဆေးခံပေးကြပါရန်နှင့် သတ်မှတ်လမ်းကြောင်းမှသာ စည်းကမ်းတကျ ဝင်ရောက်ထွက်ခွာကြပါရန် မေတ္တာရပ်ခံပါသည်။

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့

●ကျောဖုံးမှ

အသင်း၊ သုဝဏ္ဏကွင်း၌ မနောမြေအသင်းနှင့် ချင်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ပထမအကျော့ အပြီးတွင် ရန်ကုန်အသင်းက ၃၃ မှတ်ဖြင့် ပထမ၊ ဧရာဝတီအသင်းက ၂၅ မှတ်ဖြင့် ဒုတိယ၊ မကွေးအသင်းက ၂၂ မှတ်ဖြင့် တတိယ၊ လက်ရှိချန်ပီယံ ရတနာပုံအသင်းက အမှတ် ၂၀ ဖြင့် အဆင့်(၄)၊ ကမ္ဘောဇအသင်းက ၁၆ မှတ်ဖြင့် အဆင့်(၅)၊ ချင်းယူနိုက်တက်အသင်းက ၁၅ မှတ်ဖြင့် အဆင့်(၆)၊ နေပြည်တော်အသင်းက ၁၂ မှတ်ဖြင့် အဆင့်(၇)၊ ဇေယျာရွှေမြေအသင်းက ၁၁ မှတ်ဖြင့် အဆင့်(၈)နေရာတို့တွင် ရပ်တည်လျက်ရှိသည်။ ဇွဲကပင်အသင်းနှင့် ရခိုင်အသင်းတို့က ရှစ်မှတ်စီ၊ ဟံသာဝတီအသင်းက ခုနစ်မှတ်၊ မနောမြေအသင်းက ငါးမှတ်တို့ရရှိထားသည်။

ရန်ကုန်အသင်းမှာ ပထမအကျော့တွင် ၁၁ ပွဲစလုံးအနိုင်ရရှိထားသော်လည်း ရှုံး/ထွက်ပြိုင်ပွဲတွင် ပထမဆုံး အရှုံးနှင့်ရင်ဆိုင်ခဲ့ရပြီဖြစ်သည်။ အမှတ်ပေးပြိုင်ပွဲတွင် နိုင်ပွဲဆက်စံချိန်ကို ဆက်ထိန်းနိုင်ရန်အတွက် ရန်ကုန်အသင်းမှာ ဟံသာဝတီနှင့်ပွဲတွင် ကြိုးပမ်းရမည်ဖြစ်သည်။ ဧရာဝတီ၊ မကွေးနှင့်ရတနာပုံ အသင်းတို့မှာ ထိပ်ဆုံးမှရန်ကုန်ကို အမီလိုက်ရန် အမှတ်ဆုံးရှုံး၍ မရပေ။

— သတင်းနှင့် ဓာတ်ပုံ - ရွှင်းထက်ဇော် —

ပြည်သူ့လွှတ်တော်အစည်းအဝေး

ပူတာအိုဒေသရှိ ရေခဲတောင်ငါးများ မျိုးသုဉ်းပျောက်ကွယ်မှုမဖြစ်ပေါ်စေရေး ထိန်းသိမ်းဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၁၅

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၇၆ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ ကျေးလက်ဒေသဖွံ့ဖြိုးရေးကဏ္ဍဆိုင်ရာမေးခွန်း ၃ ခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်း ၉ ခု၊ နည်းဥပဒေ ၂ ခုတို့ကို လွှတ်တော်သို့ အသိပေးခြင်း၊ အတည်ပြုခြင်းနှင့် ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးရန်ဆုံးဖြတ်ခြင်းများကို ဆောင်ရွက်ခဲ့သည်။

အစည်းအဝေး၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးကဏ္ဍဆိုင်ရာ မေးခွန်းများနှင့် စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက ပြန်လည်ဖြေကြားသည်။

ကျောက်တော်မဲဆန္ဒနယ်မှ ဦးသာစိန်၏ **ရခိုင်ပြည်နယ်(မြောက်ပိုင်း) ချင်းပြည်နယ်နှင့်ဆက်စပ်တည်ရှိသော ကျောက်တော်မြို့ ပင်မကမ်းနားလမ်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တိုးချဲ့ပြုပြင်ရန် အစီအစဉ် ရှိ မရှိ**မေးခွန်းနှင့် စပ်လျဉ်း၍ ကျောက်တော်မြို့နယ်အတွင်း မြို့ပြလမ်းတံတား၊ ရေပေးဝေရေးလုပ်ငန်းများကို ဦးစားပေးအလိုက် မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်အထောက်အကူပြုကော်မတီ၊ မြို့နယ်စီမံခန့်ခွဲရေး ကော်မတီများ၏ ပေါင်းစပ်ညှိနှိုင်းဆုံးဖြတ်ချက်များဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ကျောက်တော်မြို့ပင်မကမ်းနားလမ်း တိုးချဲ့ပြုပြင်ခြင်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေတွင် လျာထားပါဝင်ခြင်းမရှိပါကြောင်း ဖြေကြားသည်။

မချမ်းဘောမဲဆန္ဒနယ်မှ ဦးအင်ဖုန်ဆန်း၏ **မလိခမြစ်ရိုးတစ်လျှောက် မုန်လန်ချောင်းဆုံမှ မြစ်ဖျားပိုင်းထုံဒမ်းရွာအထိ တင်ဒါကိုဖျက်သိမ်း၍ အခွန်လွတ် ဘုံငါးဖမ်းရေယာအဖြစ် သတ်မှတ်ပေးရန်နှင့် ပူတာအိုဒေသ မြစ်ချောင်းအင်းအိုင်များ၌ ရေခဲတောင်ငါး(ခေါ်) ရှားပါးငါးမျိုးမသုဉ်းရအောင် မည်သည့်အစီအစဉ်ရှိသည်ကိုသိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ကချင်ပြည်နယ် ရေချိုငါးလုပ်ငန်းဥပဒေကို ၂၀၁၃ ခုနှစ် မေလ ၁၀ ရက်တွင် အတည်ပြုပြဋ္ဌာန်း

ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း။

ကျောက်တော်မဲဆန္ဒနယ်မှ ဦးသာစိန်။

ခဲ့ပြီး ပြည်နယ်အတွင်းတင်ဒါငါးဖမ်းကွက်များကို ဖျက်သိမ်း၍ အခွန်လွတ် ဘုံငါးဖမ်းကွက်အဖြစ် သတ်မှတ်ပေးရန် အစီအစဉ်မရှိပါကြောင်းနှင့် ပူတာအိုဒေသရှိ မြစ်၊ ချောင်း၊ အင်းအိုင်များမှ ရေခဲငါးမျိုးများကို မျိုးသုဉ်းပျောက်ကွယ်မှုမဖြစ်ပေါ်စေရေးအတွက် ၎င်းဒေသရေခဲတောင်မှ စီးဆင်းလာသော မူလာချောင်းရှိရေခဲငါးမျိုးငါးသားပေါက်များကို ဖေဖော်ဝါရီလနှင့် မတ်လများတွင် ဖမ်းဆီးပြီး သုတေသနပြုခြင်း၊ မျိုးငါးအဖြစ် ပူတာအိုငါးလုပ်ငန်းစခန်းတွင် ပြုစုမွေးမြူပြီး သားဖောက်နိုင်ရေးအတွက် စီမံဆောင်ရွက်ခြင်း၊ သဘာဝသားပေါက်သည့် Spawing Ground များကို စူးစမ်းရှာဖွေထိန်းသိမ်းခြင်းနှင့် ကန့်သတ်ဧရိယာသတ်မှတ်ခြင်းများကို စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီမှ တင်သွင်းသည့် **၂၀၁၂ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကတင်သွင်းသည့် **ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**တို့ကိုအတည်ပြုခြင်း၊ သတ္တုတွင်းဝန်ကြီးဌာနမှ **မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ**နှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ **အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာနည်းဥပဒေများ**တို့ကို အဆိုတင်သွင်းခြင်းနှင့် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့အတူအမျိုးသားလွှတ်တော်မှပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သည့် **ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း**တို့နှင့်စပ်လျဉ်း၍ လွှတ်တော်သို့ အသိပေးခြင်း၊ အမျိုးသားလွှတ်တော်ကပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သည့် **ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း အသိပေးကြေညာသည်။

ထို့ပြင် အမျိုးသားလွှတ်တော်မှ သဘောမတူကြောင်းဖြင့် ပြန်လည်ပေးပို့သည့် **ပြည်ထောင်စုရှေ့နေချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း၊ နေပြည်တော်ကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**တို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးရန် အတည်ပြုဆုံးဖြတ်ခဲ့သည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်အစည်းအဝေး

ပခုက္ကူမြို့ပေါ် ရပ်ကွက်များ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာသုံးစွဲနိုင်ရေး ဖြည့်စွက်ရန်ပုံငွေ တောင်းခံ၍ ဆောင်ရွက်ပေးသွားမည်

နေပြည်တော် ဇူလိုင် ၁၅

အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၆၉ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ မေးခွန်း(၇)ခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်း ၂ ခု အခြေအနေအသိပေးခြင်း၊ အဆိုတစ်ခုဆွေးနွေးခြင်းတို့ကို ဆောင်ရွက်သည်။

အစည်းအဝေး၌ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းကျော်ဇော်သန်း၏ **ရှမ်းပြည်နယ်(တောင်ပိုင်း) လွှင်လင်မြို့နယ် ပင်လုံမြို့ကို ပင်လုံမြို့နယ်အဖြစ် အဆင့်တိုးမြှင့်သတ်မှတ်ပေးရန် အစီအစဉ်ရှိ မရှိ**မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဇံမြင့်က ရှမ်းပြည်နယ် လွှင်လင်ခရိုင် လွှင်လင်မြို့နယ် ပင်လုံမြို့သည် ယခင်မြို့နယ်ခွဲမှ မြို့အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ခြင်း၊ ခရိုင်ရုံးစိုက်ရာ မြို့နယ်ဖြစ်သည့် လွှင်လင်မြို့နယ်နှင့် (၆)မိုင်သာကွာဝေးသဖြင့် အုပ်ချုပ်ရေးလက်လှမ်းမီခြင်း၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ကိစ္စရပ်များအား မြို့နယ်နှင့် အလွယ်တကူ ဆက်သွယ်ဆောင်ရွက်နိုင်ခြင်း၊ ပင်လုံမြို့အား မြို့နယ်အဖြစ်ဖွဲ့စည်းရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၄ နှင့်အညီ ထောက်ခံတင်ပြထားမှုမရှိခြင်းတို့ကြောင့် ပင်လုံမြို့အဖြစ်သာ ဆက်လက်ထားရှိသင့်ပါကြောင်းနှင့် မြို့နယ်အဖြစ် အဆင့်တိုးမြှင့်သတ်မှတ်ပေးရန် အစီအစဉ်မရှိပါကြောင်းဖြေကြားသည်။

မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၉)မှ ဦးသော်ဇင်ဦး၏ **ပခုက္ကူမြို့ပေါ် (၁၅)ရပ်ကွက်တွင် နေထိုင်ကြသည့် ပြည်သူများ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ အသုံးပြုနိုင်ရေးအတွက် လျှပ်စစ်ထရန်စဖော်မာများတိုးချဲ့တပ်ဆင်ပေးရန်နှင့် လျှပ်စစ်ဓာတ်အား ခွဲရုံများကို ဝန်အားမြှင့်တင်ပေးရန် အစီအစဉ်ရှိ မရှိ**မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက ပခုက္ကူမြို့ပေါ် ရပ်ကွက်များ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာသုံးစွဲနိုင်ရေးအတွက် လျှပ်စစ်ထရန်စဖော်မာများတပ်ဆင်ခြင်းနှင့် ဓာတ်အားလိုင်းများ တည်ဆောက်ခြင်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးဖြည့်စွက်ရန်ပုံငွေတွင် တင်ပြတောင်းခံ၍ ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြန်လည်ပေးပို့လာခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြသည်။

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဇံမြင့်က အကျဉ်းထောင်များဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းသည်။

အဆိုပါ အကျဉ်းထောင်များဥပဒေကြမ်းကိုလွှတ်တော်ကလက်ခံဆွေးနွေးသွားမည်ဖြစ်ပြီး ယနေ့အစည်းအဝေးတွင် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီကလည်း ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းသည်။

ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၂)မှ ဦးညွန့်တင်၏ **နိုင်ငံတော်အစိုးရအနေဖြင့် ပို့ဆောင်ရေးဆိုင်ရာ ယာဉ်မတော်တဆထိခိုက်မှုတားဆီးကာကွယ်ရေးအတွက် အမျိုးသားအဆင့် ကော်မရှင်တစ်ရပ်သို့မဟုတ် ဘုတ်အဖွဲ့ NTSB (NATIONAL TRANSPORTATION SAFETY BOARD)ကဲ့သို့ အဖွဲ့ ဖွဲ့စည်းဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုနှင့်စပ်လျဉ်း၍ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစောထွန်းမြအောင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးလှဆွေနှင့် ရှမ်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးထွန်းကျော်တို့က ထောက်ခံဆွေးနွေးကြသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးသော်ဇင်ဦး။

ဒုတိယဝန်ကြီး ဦးအောင်သန်းဦး။

အဆိုနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဟံစိန်ကဖွဲ့ဖြိုးပြီး နိုင်ငံများတွင် NTSBအဖွဲ့ ဖွဲ့စည်းဆောင်ရွက်မှုသည် ယာဉ်မတော်တဆထိခိုက်မှု ဖြစ်စဉ်များ လျော့နည်းရေးအတွက် များစွာအထောက်အကူပြုသော်လည်း မိမိတို့နိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံအနေဖြင့် ၎င်းအဖွဲ့မျိုးဖွဲ့စည်းရန် နည်းပညာ၊ ကျွမ်းကျင်ပညာရှင်၊ ဥပဒေလုပ်ထုံးလုပ်နည်း၊ ငွေကြေးသုံးစွဲမှု စသည့် အုပ်ချုပ်မှု ကိစ္စများအတွက် အဆင်သင့် မဖြစ်သေးပါသဖြင့် အချိန်အတိုင်းအတာတစ်ခု စောင့်ဆိုင်းရန် လိုအပ်မည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် ယာဉ်မတော်တဆထိခိုက်မှုဖြစ်စဉ်များနှင့် ပတ်သက်၍ ကုန်းလမ်းခရီးပို့ဆောင်ရေးအတွက် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီကို ဒုတိယသမ္မတ ဦးဆောင်၍လည်းကောင်း၊ ရေလမ်းခရီး ပို့ဆောင်ရေးအတွက် ပြည်တွင်းရေကြောင်းသယ်ယူ ပို့ဆောင်ရေးလုပ်ငန်းကြီးကြပ်ရေးအဖွဲ့(ဗဟို)ကို ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်၍လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့များကို လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဆောင်၍ လည်းကောင်း၊ လေကြောင်းခရီးပို့ဆောင်ရေးအတွက် မြို့ပြလေကြောင်းဆိုင်ရာ လေယာဉ်မတော်တဆထိခိုက်မှု စုံစမ်းစစ်ဆေးရေးရုံးအဖွဲ့အား လည်းကောင်း ဖွဲ့စည်းကာ သက်ဆိုင်ရာဝန်ကြီးဌာန အသီးသီးကတာဝန်ယူ၍ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ထို့နောက် ယင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ အဆိုကိုအတည်မပြုကြောင်း ဆုံးဖြတ်သည်။

(သတင်းစဉ်)

စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများအား စိုက်ပျိုးရေးပညာပေးဟောပြော

အောင်လံ ဇူလိုင် ၁၅

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့ စိုက်ပျိုးရေး တောင်သူများအား အသိပညာပေးဆွေးနွေးပွဲကို စက်ရုံရပ်ကွက် ရွှေပေါက်ပင် ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ ဓမ္မာရုံတွင် ဇူလိုင် ၁၄ ရက်က ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးခင်မောင်ဝင်း၊ တိုင်းသီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်မေမေဝင်း၊ တိုင်းမျိုးစေ့တာဝန်ခံ ဒေါ်မိမိချို၊ တိုင်းမြေအသုံးချရေးမှ လက်ထောက်ဦးစီးမှူး ဦးလှဝေ၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးမင်းဇော်အောင်နှင့် ခရိုင် SMS အဖွဲ့ဝင်များက သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များ ဟောပြောခြင်း၊ သီးနှံမျိုးကောင်းမျိုးသန့်များအကြောင်း၊ ပိုးမွှားရောဂါ၊ မြေဆီလွှာအကြောင်း ပညာပေးဟောပြောဆွေးနွေးကြသည်။

သိန်းလွင်(အောင်လံ)

ပြည်တွင်းရေးရာ

ပြတိုက်များသည် နိုင်ငံတစ်နိုင်ငံ၏ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်ကို ဆက်စပ်ပေးရာ နေရာတစ်ခုဖြစ်

နေပြည်တော် ဇူလိုင် ၁၅

ဇာတိဂုဏ်မြင့်မားသည့် ယဉ်ကျေးမှုအမွေအနှစ်များကို နိုင်ငံနှင့်လူမျိုး၏ ဂုဏ်ဒြပ်နှင့်ကိုက်ညီသည့် နိုင်ငံတော်အဆင့် အမျိုးသားပြတိုက်ကြီးအဖြစ် ခင်းကျင်းပြသနိုင်ရန် ရည်ရွယ်ချက်ဖြင့် အမျိုးသားပြတိုက် (နေပြည်တော်) ပထမအဆင့် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါပြတိုက်၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အမှာစကား ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်တွင်းပြည်ပ ပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးဦးအေးမြင့်ကြူ၊ ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်နှင့် ဦးသန်းဆွေတို့က အမျိုးသားပြတိုက် (နေပြည်တော်)ပထမအဆင့်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ဒုတိယသမ္မတက မြန်မာနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ၁၉၅၂ ခုနှစ်မှစပြီး အမျိုးသားပြတိုက်နှင့် အမျိုးသားစာကြည့်တိုက်များကို ဖွဲ့စည်းတည်ထောင်ခဲ့ပါကြောင်း၊ ထို့အတူ ၁၉၆၃ ခုနှစ်မှစပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်လည်း ယဉ်ကျေးမှုပြတိုက်များကို တည်ဆောက်ခင်းကျင်းပြသခဲ့ပါကြောင်း၊ ထို့ကြောင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် အမျိုးသားပြတိုက်များ၊ ရှေးဟောင်းသုတေသနပြတိုက်များ၊ ယဉ်ကျေးမှုပြတိုက်များ၊ အထိမ်းအမှတ်ပြတိုက်များနှင့် ဗုဒ္ဓပြတိုက်များ စသည်ဖြင့် ပြသရာ ပစ္စည်းအမျိုးအစားအလိုက်၊ အကြောင်းအရာအလိုက် ခွဲခြားထားပြီး ယနေ့ထိ ပြတိုက်ပေါင်း ၃၀ ခင်းကျင်းပြသထားလျက်ရှိပါကြောင်း။

အမျိုးသားပြတိုက်များတွင် နိုင်ငံ၏ရှေးဦးသမိုင်းမတင်မီ ကာလမှ စတင်၍ ခိုင်မာသည့် သမိုင်းကြောင်းအဆင့်ဆင့်၊ တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် ယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများ၊ တိုင်းရင်းသားတို့၏ ရိုးရာလက်မှုပစ္စည်းများ၊ အနုသုခုမ ပညာများ၊ စာပေအထောက်အထားဆိုင်ရာများနှင့် ခေတ်အဆက်ဆက် ယဉ်ကျေးမှု ဗိသုကာလက်ရာများကို ပြသထားပါကြောင်း။

ပြတိုက်များသည် နိုင်ငံတစ်နိုင်ငံ၏ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်ကို ဆက်စပ်ပေးရာ နေရာတစ်ခုဖြစ်သည်နှင့်အညီ မိမိတို့လူမျိုး၏ သမိုင်းအစဉ်အလာများ၊ စွမ်းဆောင်ချက်များကို ဖော်ထုတ်ပြသပေးရာ နေရာဖြစ်သောကြောင့် အမျိုးသားရေးအတွက် အလွန်အရေးပါကြောင်း၊ ထို့ကြောင့် လူငယ်များအနေဖြင့်ပြတိုက်များကိုမဖြစ်မနေ သွားရောက်လေ့လာခြင်းအားဖြင့် နိုင်ငံ့သမိုင်း၊ နိုင်ငံနှင့် မျိုးချစ်စိတ်များကို ဖော်ဆောင်ပေးရာ ရောက်မည်ဖြစ်ပါကြောင်း။

ယခု ဖွင့်လှစ်လိုက်သည့် အမျိုးသားပြတိုက်ကြီးတွင် ခေတ်အဆက်ဆက် ထွန်းကားခဲ့သည့် မြန်မာ့ယဉ်ကျေးမှုများကိုဖော်ထုတ်ပြသထားပြီး ယဉ်ကျေးမှု အနုသုခုမများကို ပြသထားသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ယနေ့အချိန်တွင် ပြတိုက်များသည် ပညာပေးရေးလုပ်ငန်း သက်သက်မဟုတ်တော့ဘဲ အပန်းဖြေနိုင်သည့် နေရာတစ်ခုအဖြစ်လည်း တီထွင်ကြံဆပြသသွားရန်နှင့် အမျိုးသားပြတိုက်(နေပြည်တော်)၌ ခင်းကျင်းပြသရာတွင် သမိုင်းအမြင်၊ ရှေးဟောင်းသုတေသနအမြင်၊ အနုပညာအမြင်နှင့် ယဉ်ကျေးမှုအမြင်များဖြင့် ပြသရန် လိုအပ်သကဲ့သို့ပြည်သူလူထု လွယ်လင့်တကူ လေ့လာမှတ်သားနိုင်စေရန်အတွက်လည်း ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း။

ထို့အတူ ပြတိုက်ဝန်ထမ်းများအနေဖြင့် ပြတိုက်ကြီးတွင် ခေတ်အဆက်ဆက် ထွန်းကားခဲ့သည့် မြန်မာ့ယဉ်ကျေးမှုများကိုဖော်ထုတ်ပြသထားပြီး ယဉ်ကျေးမှု အနုသုခုမများကို ပြသထားသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ယနေ့အချိန်တွင် ပြတိုက်များသည် ပညာပေးရေးလုပ်ငန်း သက်သက်မဟုတ်တော့ဘဲ အပန်းဖြေနိုင်သည့် နေရာတစ်ခုအဖြစ်လည်း တီထွင်ကြံဆပြသသွားရန်နှင့် အမျိုးသားပြတိုက်(နေပြည်တော်)၌ ခင်းကျင်းပြသရာတွင် သမိုင်းအမြင်၊ ရှေးဟောင်းသုတေသနအမြင်၊ အနုပညာအမြင်နှင့် ယဉ်ကျေးမှုအမြင်များဖြင့် ပြသရန် လိုအပ်သကဲ့သို့ပြည်သူလူထု လွယ်လင့်တကူ လေ့လာမှတ်သားနိုင်စေရန်အတွက်လည်း ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း။

ထို့အတူ ပြတိုက်ဝန်ထမ်းများအနေဖြင့် ယဉ်ကျေးမှုနှင့် သမိုင်းကြောင်းကို မြတ်နိုးတန်ဖိုးထားတတ်သည့် စိတ်ဓာတ်များ ကိန်းအောင်းလာစေရန် အသိပညာပေးနိုင်ရန် လိုအပ်ပါကြောင်း၊ ရှေ့လာမည့်ကာလများတွင် တည်ဆောက်ဖွင့်လှစ်ရန် စီစဉ်ထားသည့် အဆောက်အအုံနှင့် အဆောင်များကိုလည်း အပိုင်းအလိုက် ဆက်လက်ဖွင့်လှစ်နိုင်ရန် ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ပြီး ကျန်ရှိနေသည့် အင်းဝခေတ်၊ တောင်ငူခေတ်၊ ဟံသာဝတီခေတ်၊ ကုန်းဘောင်ခေတ်များ အပြင် သမိုင်းအစဉ်အလာရှိသည့် မွန်ရှေးဟောင်းယဉ်ကျေးမှု၊ ရခိုင်ရှေးဟောင်းယဉ်ကျေးမှု၊ တစ်တိုင်းပြည်လုံးတွင်ရှိသည့် တိုင်းရင်းသားများ၏ ရှေးဟောင်းဆိုင်ရာ၊ သမိုင်းနှင့်အနုပညာဆိုင်ရာ ယဉ်ကျေးမှု၊ သမိုင်းဆိုင်ရာပုဂ္ဂိုလ်များ၏ သမိုင်းဝင်ပစ္စည်းများကိုလည်း ပြည့်ပြည့်စုံစုံ ခင်းကျင်းနိုင်ရန် လိုအပ်ပါကြောင်း။

ထို့ပြင် ခင်းကျင်းမှုစနစ်၊ ထိန်းသိမ်းမှုစနစ်မှန်ကန်သော ပြတိုက်တစ်ခုဖြစ်စေရန် သမိုင်းဝင်ပစ္စည်းများ ပြသရာတွင် အသံထုတ်လွှင့်ပေးမှုစနစ်၊ မီးအလင်းရောင်ပေးမှုစနစ်နှင့် ခင်းကျင်းပြသထိန်းသိမ်းမှုစနစ်များကို နိုင်ငံတကာစံနှုန်းများနှင့်အညီ လျာထားစီမံသွားရန် လိုအပ်ပါကြောင်း။

မကြာမီအတည်ပြုထွက်ပေါ်လာမည့် ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ၊ ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေများနှင့်အညီ၊ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးဦးအေးမြင့်ကြူက အမျိုးသားပြတိုက် (နေပြည်တော်) ဆိုင်ရာ အချက်အလက်များ၊ ရည်ရွယ်ချက်နှင့် ပြတိုက်တည်ဆောက်ဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြတိုက်အတွင်း အလင်းအမှောင်စနစ်၊ အရုပ်၊ အသံ စနစ်တို့ဖြစ် စနစ်တကျ ခင်းကျင်းပြသထားမှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ယင်းနောက် ဒုတိယသမ္မတသည် ပြတိုက်အတွင်းရှိ နိုင်ငံတော်သမ္မတ၏ လက်ဆောင်ပစ္စည်းများပြခန်း၊ ပရိုင်းမိတ်နှင့် ကျောက်ဖြစ်ရုပ်ကြွင်းပြခန်း၊ သမိုင်းမတင်မီ ခေတ် ပြခန်း၊ မြန်မာ့ပန်းချီပြခန်း၊ မြန်မာ့အနုသုခုမပြခန်း၊ သမိုင်းတင်ခေတ်ဦးပြခန်း၊ သမိုင်းတင်ခေတ်(အေဒီ၁၁ မှ ၁၄ ရာစု)ပြခန်းများ၌ ခင်းကျင်းပြသထားမှု အခြေအနေများကို လှည့်လည်ကြည့်ရှုသည်။**(ဝဲဝဲ)**

အမျိုးသားပြတိုက် (နေပြည်တော်) သည် ဥတ္တရသီရိမြို့နယ် ကုမုဒြာကြာပန်းဝိုင်းအနီး ရာဇသင်္ဂီဟလမ်းမကြီးအပေါ်တွင် တည်ရှိပြီး ၃၄ ဒသမ ၇၉ ဧက ကျယ်ဝန်းသည်။ အဆိုပါပြတိုက်တွင် အဆောင် ငါးဆောင်ပါဝင်ပြီး ယနေ့တွင် အဆောင် နှစ်ဆောင်ဖြစ်သည့် အဆောင် A နှင့် B ကို အောင်မြင်စွာ ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ အဆောင် A တွင် နိုင်ငံတော်သမ္မတ၏ လက်ဆောင်ပစ္စည်းများ ပြခန်း၊ အဆောင် B တွင် ပရိုင်းမိတ်နှင့် ကျောက်ဖြစ် ရုပ်ကြွင်းပြခန်း၊ သမိုင်းမတင်မီ ခေတ် ပြခန်း၊ မြန်မာ့ပန်းချီပြခန်း၊ မြန်မာ့အနုသုခုမပြခန်း၊ သမိုင်းတင်ခေတ်ဦးပြခန်း၊ သမိုင်းတင်ခေတ် (အေဒီ၁၁ မှ ၁၄ ရာစု) ပြခန်းများပါဝင်ပြီး ဇူလိုင် ၁၅ ရက်မှ သြဂုတ် ၁၅ ရက်အထိ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုလေ့လာနိုင်ကြသည်။

ပြတိုက်များ၏ သမိုင်းကြောင်းကို ပြန်ကြည့်လျှင် ၁၅ ရာစုခန့်က ပြတိုက်များသည် ရှေးဟောင်းပစ္စည်းများ၊ အလှအပ ပစ္စည်း၊ အဖိုးတန်ရတနာများအား စုဆောင်းပြသရာ နေရာတစ်ခုသာဖြစ်ခဲ့ပြီး (၁၇)ရာစုတွင်မူ ပြတိုက်များသည် လူတိုင်းအတွက် ပညာပေးရေးဗဟိုဌာနတစ်ခု ဖြစ်လာခဲ့သည်။ အယူအဆအသစ်နှင့်အတူ နိုင်ငံအသီးသီးတွင် မိမိနိုင်ငံ၏ အခြေအနေအလိုက် ဒေသဆိုင်ရာ၊ အထိမ်းအမှတ်ဆိုင်ရာ၊ ဘာသာရပ်ဆိုင်ရာ ပြတိုက်များ တည်ထောင်လာကြသည်ကို တွေ့ရသည်။ အမျိုးသားပြတိုက်၊ ယဉ်ကျေးမှုပြတိုက်၊ တပ်မတော်စစ်သမိုင်းပြတိုက်၊ သမိုင်းပြတိုက်၊ သဘာဝသမိုင်းပြတိုက်၊ သိပ္ပံပညာရပ်ဆိုင်ရာပြတိုက် စသည့် ပြတိုက်ကြီးများ ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

(သတင်းစဉ်)

ငွေဒင်္ဂါးဟောင်းအတုနှင့် ငွေတုံးအတုလိမ်ရောင်းသူ ဖော်ထုတ်

ကျိုင်းတုံ ဇူလိုင် ၁၅

ကျိုင်းတုံမြို့ အမှတ်(၅)ရပ်ကွက် နောင်တုံကန်ပတ်လမ်း၌ ဇူလိုင် ၁၄ ရက် နံနက် ၉ နာရီတွင် အမျိုးသမီးလေးဦးက ငွေဟောင်းပြားများ

လိုက်လံရောင်းချနေကြောင်း သတင်းအရ တာဝန်ရှိသူများ၏ စစ်ဆေးဖော်ထုတ်မှုကြောင့် ဇွန် ၂ ရက်က ဖြစ်ပွားခဲ့သည့် ငွေဒင်္ဂါးပြားဟောင်းအတုနှင့် ငွေတုံး(ပုံစံခဲ)အတုများ လိမ်လည် ရောင်းချခဲ့မှုကို ဖော်ထုတ်နိုင်ခဲ့သည်။

ဖြစ်ပွားပုံမှာ ဇွန် ၂ ရက် ညနေ ၅ နာရီခန့်တွင် ကျိုင်းတုံမြို့ ရပ်ကွက်(၃) မြို့ပတ်လမ်းတွင် နေထိုင်သော ဒေါ်နန်းနွမ်းထံသို့ အမျိုးသား ငါးဦးနှင့် အမျိုးသမီးတစ်ဦးတို့က တောင်ပေါ်သားပုံစံ ဝတ်ဆင်လာပြီး နောက် အိမ်ဟောင်းဖျက်ရာမှ မြေကြီးအတွင်း၌ အိုးနှင့်ထည့်ပြီး မြှုပ်နှံထားသည်ကို တွေ့ရှိရသော ပစ္စည်းဖြစ်သည်ဟုဆိုကာ ငွေဒင်္ဂါးပြားအတု(အကြီး၊ အလတ်၊ အသေး) ၁၄၆၃ ပြား၊ ငွေတုံးအတု(အကြီး၊ အလတ်၊ အသေး) ၁၅ တုံးအား စုစုပေါင်း ကျပ် ၁၂၈၈၄၀၀ တန်ဖိုးသတ်မှတ်ပြီး လိမ်လည်ရောင်းချခဲ့သည်ဟု ဒေါ်နန်းနွမ်းက ပြောသည်။

ဒေါ်နန်းနွမ်းထံတွင် လိမ်လည်ရောင်းချသွားသည့် အဆိုပါအဖွဲ့တွင် ပါဝင်ခဲ့သည့် အမျိုးသမီးမှာ နောင်တုံကန်ပတ်လမ်း၌ ငွေဒင်္ဂါးရောင်းချသည့် အမျိုးသမီးလေးဦးအဖွဲ့တွင် ထပ်မံပါဝင်ခဲ့ကြောင်း ရပ်ကွက်(၃) အုပ်ချုပ်ရေးမှူး ၊အမှတ်(၂)အုပ်ချုပ်ရေးမှူးနှင့် မြို့မရဲစခန်းမှ နယ်ထိန်းတပ်ဖွဲ့ဝင်များက ခေါ်ယူစစ်ဆေးပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ အမျိုးသမီးလေးဦးမှာ ဒေါ်ယေ့ပလုတ်၊ ဒေါ်အုတ်ခွဲ၊ ဒေါ်အီသောင်း၊ ဒေါ်အမ်တိုင်းတို့ဖြစ်ပြီး ရှင်သေချန်း၊ ဝမ်းဟုတ်ရပ်၊ မိုင်းဆတ်မြို့တွင် နေထိုင်ကြသူများ ဖြစ်ကြသည်။ ၎င်းတို့ထံမှ ငွေဒင်္ဂါးပြားအတု(အသေး) ၁၁၆ ပြားနှင့် ငွေတုံးအတု(အကြီး၊ အလတ်၊ အသေး) ခုနစ်တုံးတို့အား ထပ်မံသိမ်းဆည်းရမိခဲ့ပြီး ကျိုင်းတုံမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

(၅၁၃)

ပဟန်းဌ် စာဖတ်စွမ်းရည်ပြိုင်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၅

ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ဇူလိုင် ၉ ရက် နံနက် ၁၀ နာရီက မြေစိုက်နံရံကပ်ဘုတ် ဖဲကြိုးဖြတ်ဖွင့်လှစ်ပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပရာ ဧရာဝတီဘဏ်မှလျှပ်ဒါန်းသော မြေစိုက်နံရံကပ်ဘုတ်အား တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဆွေက အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်အတွင်းရှိ ထက်၊ လယ်၊ မူ ကျောင်းများမှ ကျောင်းသား ကျောင်းသူ ၄၄ ဦးတို့က စာဖတ်စွမ်းရည် အရေး၊ အပြောတို့ဖြင့် ပါဝင်ယှဉ်ပြိုင်ကြရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်မော်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မေသန္တာ၊ မြို့နယ်အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အဖွဲ့ဝင်များနှင့် အလှူရှင်များက ဆုရကျောင်းသား ကျောင်းသူ ၁၁ ဦးအား ဆုများ ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

သန္တာမေ(IPRD)

သစ်ပင်စိုက်ပါ တိုကမ္ဘာ သာယာလှပစိမ်းမြမြ

မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးတွင် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော် ဇူလိုင် ၁၅

ပြည်သူ့လွှတ်တော် တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေး ကော်မတီဥက္ကဋ္ဌ သူရဦးအောင်ကိုသည် ပိုလန်နိုင်ငံ ဝါဆောမြို့အခြေစိုက် ဒီမိုကရေစီများအသိုက်အဝန်း အဖွဲ့၏ အတွင်းရေးမှူးချုပ် မစ္စ မာရီယာလေစ်နာအား ယနေ့မနက်လွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် ရေးရာအဆောင်အမှတ်(I-1)၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးတွင် ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ လက်ရှိလွှတ်တော် ဆောင်ရွက်နေမှုအခန်းကဏ္ဍများနှင့် ဆောင်ရွက်ပြီးစီးသည့် ဥပဒေပြုရေးလုပ်ငန်းများ၊ နောင်လွှတ်တော်သက်တမ်း အတွက် ရွေးကောက်ပွဲကျင်းပသွားမည့်အခြေအနေများ၊ အလားတူတရားစီရင်ရေးကော်မတီနှင့် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုကော်မတီ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး တွင် ဆောင်ရွက်နေသည့်အပိုင်းများကို အသေးစိတ်ကဏ္ဍ အလိုက် ပွင့်လင်းစွာဆွေးနွေးကြသည်။ **(သတင်းစဉ်)**

○မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ

အော်တိုလိုင်းဖုန်းများကို သုံးစွဲ၍ အထူးသဖြင့် စီးပွားရေးလုပ်ငန်းများ အနေဖြင့် လိုင်းခွဲဖုန်းများသုံးစွဲရန်နှင့် ADSL အင်တာနက်ကို သုံးစွဲရန် လိုင်းဖုန်းများကို ပိုမိုလိုအပ်မည်ဖြစ်သည်။ ယင်းသို့ တပ်ဆင်ခန့်နှုန်းထား ထက်ဝက် လျှော့ချလိုက်ခြင်းကြောင့် အိမ်သုံးများအတွက်သာမက စီးပွားဖြစ်သုံးအတွက်ပါ ပိုမိုတွင်ကျယ်စွာ အသုံးပြုလာနိုင်မည်ဟု သိရသည်။ ယခင်က တန်ဖိုးကြီးမြင့်စွာပေး၍ တပ်ဆင်ရန် ခက်ခဲခဲ့သော လိုင်းဖုန်းများကို မိုဘိုင်းဖုန်းများ ပေါ်ပေါက်လာသောအခါ စိတ်ဝင်စားမှုလျော့နည်းသွားခဲ့ပြီး အထူးသဖြင့် စီးပွားရေး လုပ်ငန်းများတွင်သာ တွင်တွင်ကျယ်ကျယ်အသုံးပြုတော့ကြောင်း သိရသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT) သည် ဆက်သွယ်ရေးအော်ပရေတာတစ်ခုအနေဖြင့် ဝန်ဆောင်မှုပေးနေသော ဆက်သွယ်ရေးကုမ္ပဏီတစ်ခုဖြစ်ပြီး လိုင်းဖုန်းနှင့် မိုဘိုင်းဆက်သွယ်ရေး လုပ်ငန်းများကို ဝန်ဆောင်မှုပေးနေသော ဈေးကွက်တွင် ဦးဆောင်လျက်ရှိသည်ဟု သိရသည်။ ယခုလက်ရှိတွင် 2G နှင့် 3Gနည်းပညာသုံးကွန်ရက်အဆောက်အအုံများကို တစ်နိုင်ငံလုံးအနှံ့ဖြန့်ကြက်ဆောင်ရွက်လျက်ရှိပြီး KDDI-Sumitomo တို့နှင့် ၂၀၁၄ ခုနှစ် ဇူလိုင်လတွင် သဘောတူညီလက်မှတ်ရေးထိုး ပူးပေါင်းကာ ဆက်သွယ်ရေးနည်းပညာကဏ္ဍ တိုးတက်အောင် ဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT)နှင့်အတူ မြန်မာ့ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် KDDI နှင့် Sumitomo တို့ အတူပူးပေါင်း၍ အမေရိကန်ဒေါ်လာနှစ်ဘီလီယံ ရင်းနှီးမြှုပ်နှံဆောင်ရွက်မည်ဖြစ်ပြီး အဆိုပါ ရင်းနှီးမြှုပ်နှံမှုသည် မြန်မာနိုင်ငံအတွင်း ဂျပန်နိုင်ငံ၏ အကြီးမားဆုံးသော ရင်းနှီးမြှုပ်နှံမှုတစ်ခုလည်းဖြစ်ကြောင်း သိရသည်။ **(ဆုနှင်းလဲ့)**

Miss Universe Pathein 2015 အလှမယ်ရွေးချယ်ပွဲ ပုသိမ်မြို့၌ ကျင်းပ

ပုသိမ် ဇူလိုင် ၁၅

၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် ကျင်းပမည့် Miss Universe Myanmar ပြိုင်ပွဲအကြို ရောဝတီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် ပုသိမ်မြို့ အမျိုးသမီးရေးရာ စွမ်းဆောင်ရှင်များအဖွဲ့က ပူးပေါင်းကျင်းပခဲ့သော Miss Universe Pathein 2015 ပထမအကြိမ်ပြိုင်ပွဲကို ဇူလိုင် ၁၂ ရက် ညနေ ၆ နာရီက ပုသိမ်မြို့တော်ခန်းမ၌ ကျင်းပရာ ရောဝတီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်ဌေးမြင့်၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါ်ခင်စောမူနှင့် Model Agency မန်နေဂျင်းဒါရိုက်တာ ဦးရန်နိုင် အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

အဆိုပါပြိုင်ပွဲတွင် ဇွန် ၂၇ ရက်က ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ပုသိမ်ဟိုတယ်၌ ကျင်းပပြီးစီးခဲ့သော (၂၆)မြို့နယ်မှ ပြိုင်ပွဲဝင် ၃၈ ဦးအား ဆန်ခါတင်ရွေးချယ်ထားခဲ့သူများအနက် မြောင်းမြမြို့နယ်မှ ရွေးချယ်ခံထားရသူတစ်ဦး ကျန်းမာရေးကြောင့် ပျက်ကွက်မှုမှလွဲ၍ ဆန်ခါတင် ၁၉ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

နိုင်ငံတကာအဆင့်မီ အကဲဖြတ်ပိုင်အဖွဲ့နှင့် ပရိသတ်များစိတ်တိုင်းကျပြီး Miss Universe Myanmar ပြိုင်ပွဲအတွက် အလားအလာကောင်းသော Miss Universe Pathein 2015 သရဖူဆုကို ခါးနံပါတ်-၁၅ နန်းသီရိကို(ခ) Angle May ကလည်းကောင်း၊ 1st Runner Up ဆုကို ခါးနံပါတ်-၉ ပြည့်ဖြိုးမွန်ကလည်းကောင်း၊ 2nd Runner Up ဆုကို ခါးနံပါတ်-၄ မေကဗျာဦးကလည်းကောင်း၊ 3rd Runner Up ဆုကို ခါးနံပါတ်-၁၉-ကေဇင်မြင့်အောင်ကလည်းကောင်း၊ 4th Runner Up ဆုကို ခါးနံပါတ်-၁ မေစကားဝါက လည်းကောင်း အသီးသီးရရှိကြပြီး တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယကဒေါ်ခင်ဌေးမြင့် **(အပေါ်ပုံ)**၊ လူမှုရေးဝန်ကြီး ဒေါ်ခင်စောမူ၊ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်ခင်စိန်နှင့်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သက်သက်ဆွေတို့က ဂုဏ်ပြုဆုများ ပေးအပ်ခီးမြှင့်ခဲ့ကြသည်။

ရောဝတီတိုင်းဒေသကြီး ကိုယ်စားပြု ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် ကျင်းပမည့် Miss Universe Myanmar ပြိုင်ပွဲ အောင်မြင်ရေးအတွက် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှ ကျပ်သိန်းတစ်ရာနှင့် ပုသိမ်မြို့အမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအဖွဲ့က ကျပ်သိန်းငါးဆယ်တို့ကို ထည့်ဝင်လျှာ်ငါန်းပြီး ပြိုင်ပွဲတစ်လျှောက် Miss များအတွက် မိတ်ကပ် Sponser အဖြစ် MayKha အလှပြုပြင်ရေး(ပုသိမ်)နှင့် ကွန်းအဏ္ဏဝါ ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဒေါ်မြင့်မြင့်ထွေး(ပန်းသခင်)တို့က ပံ့ပိုးကူညီလျက်ရှိကြကြောင်း သိရသည်။

(ပုသိမ်လှကြည်)

ပဟန်းမြို့နယ်၌ ကိုယ်ပိုင်ယာဉ်တစ်စီးကို လေးခွကုန်းသီးဖြင့် ပစ်ခတ်ရာတွင် ပါဝင်ခဲ့သူများအား ဖမ်းဆီးရမိ ပြစ်မှုကျူးလွန်သူများအား တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိ

ရန်ကုန် ဇူလိုင် ၁၅

ရန်ကုန်မြို့ ဗဟန်းမြို့နယ်၌ ဇူလိုင် ၁၄ ရက် ညနေပိုင်းက ကိုယ်ပိုင်ယာဉ်တစ်စီးကို လေးခွကုန်းသီးဖြင့် ပစ်ခတ်ရာတွင် ပါဝင်ခဲ့သူများအား ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၄ ရက် ညနေ ၅ နာရီ မိနစ် ၅၀ ခန့်တွင် အမျိုးသား တစ်ဦး မောင်းနှင်လာသည့် ယာဉ်အမှတ် 5 G/..... Lexus အနက်ရောင် ကိုယ်ပိုင်ယာဉ်သည် ဗဟန်းမြို့နယ် ဦးချစ်မောင်လမ်းအတိုင်း တာမွေအဝိုင်းထိပ်မှ ပြည်ထဲရေးမီးပွိုင့်ဘက်သို့ မောင်းနှင်လာစဉ် ဦးချစ်မောင်လမ်းနှင့် မင်းလမ်းထိပ်အရောက် လမ်းတစ်ဖက်မှ အမျိုးသားနှစ်ဦးက ယာဉ်အနီးသို့ရောက်ရှိလာပြီး လေးခွကုန်းသီးဖြင့် ခြောက်ချက်ဆင့်ပစ်၍ တစ်ဖက် ယာဉ်ကြောဘ၌ အသင့်ရပ်ထားသော 5 D/.....Caldina မီးခိုးရောင် အဘ့ားယာဉ်ဖြင့် မောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်း၊ ယင်းသို့ လေးခွကုန်းသီးဖြင့် ပစ်ခတ်မှုကြောင့် Lexus အနက်ရောင်ယာဉ်၏ ယာဉ်မောင်းဘက်အခြမ်း ရှေ့ဝဲဘက်တံခါးမှန် လေးချက်ထိမှန် အက်ကွဲပြီး တန်ဖိုးငွေကျပ် သိန်း ၂၀ ခန့် ပျက်စီးဆုံးရှုံးသွားခဲ့သဖြင့် အဆိုပါပြစ်မှုကျူးလွန်သူများအား အရေးယူပေးပါရန် ဗဟန်းမြို့မရဲစခန်းသို့ လာရောက်အမှုဖွင့်ခဲ့ကြောင်း သိရသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးဦးစီး၍ မီးခိုးရောင်အဘ့ားယာဉ်ကို စုံစမ်းရှာဖွေခဲ့ရာ ပိုင်ရှင်ဖြစ်သူမှ တစ်ဆင့် အဘ့ားယာဉ်မောင်း ရဲနိုင်(ခ) တီကောင်ဆိုသူအား ဇူလိုင် ၁၄ ရက် ည ၉ နာရီ မိနစ် ၂၀ ခန့်တွင် ခေါ်ယူစစ်ဆေးနိုင်ခဲ့သည်။

အဘ့ားယာဉ်မောင်း ရဲနိုင်(ခ) တီကောင်၏ ထွက်ဆိုချက်အရ ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ခဲ့သူ သာကေတမြို့နယ် ၃/မာန်ပြေ ရပ်ကွက် မာန်ပြေ(၁၉)လမ်း အနောက်နေ မျိုးမြင့်အောင်(ခ) အငယ်လေး(ခ) စပိုက်တာ(၂၇)နှစ်အား ဇူလိုင် ၁၅ ရက် နံနက် ၈ နာရီတွင် မြောက်ဥက္ကလာပမြို့နယ် သုဇီတာလမ်းရှိ တည်ခိုခန်းတစ်ခုရှေ့၌ ဖမ်းဆီးရမိခဲ့သည်။

မျိုးမြင့်အောင်(ခ)အငယ်လေး(ခ) စပိုက်တာသည် ၂၀၁၅ ခုနှစ် မေ ၁၀ ရက် နံနက်ပိုင်းက မင်္ဂလာတောင်ညွှန့်မြို့နယ် ကန်ပတ်လမ်းတွင် ဓားကိုင်ဆောင်မှုဖြင့် ဖမ်းဆီးခံရပြီး မင်္ဂလာတောင်ညွှန့် မြို့မရဲစခန်းက အမှုဖွင့်အရေးယူ၍ မေ ၁၁ ရက်တွင် တရားရုံးအာမခံဖြင့် ပြန်လွှတ်ပေးထားသူဖြစ်ကြောင်း သိရသည်။

မျိုးမြင့်အောင်နှင့်အတူပါရှိသည့် ပြစ်မှုကျူးလွန်သူများအား တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေး အတွက် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့က ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ငွေဆောင်ကမ်းခြေပင်လယ်ရေလှိုင်းအပန်းဖြေရေကူးသူများ ရေစီးကြောင်းမျှောပါ၊ နှစ်ဦးသေဆုံး

ပုသိမ် ဇူလိုင် ၁၅

ပုသိမ်မြို့နယ် ငွေဆောင်ကမ်းခြေ အပန်းဖြေရေကူးသူ Model Ageney မန်နေဂျင်းဒါရိုက်တာ ကိုရန်နိုင်အောင်နှင့် အဖွဲ့ဝင်တစ်ဦးတို့သည် ပင်လယ်ရေစီးကြောင်းတွင် မျှောပါသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၃ ရက် မွန်းလွဲ ၂ နာရီခန့်တွင် ငွေဆောင်ကမ်းခြေ Sunny Paradise လမ်းကြား ပင်လယ်ကမ်းခြေတွင် Model Ageney မှ မန်နေဂျင်းဒါရိုက်တာ ကိုရန်နိုင်အောင် (၂၄)နှစ်ကြည့်မြင်တိုင် ရန်ကုန်တိုင်းဒေသကြီး နေထိုင်သူသည် ကိုအောင်သက်ဦး (၂၄)နှစ် ကျောက်တံတားမြို့နေသူနှင့် ကိုရဲကျော်ကျော်(စိစစ်ဆဲ)တို့နှင့် အတူ Miss Universe Pathein 2015 ပွဲစဉ်ကို ဇူလိုင် ၁၂ ရက်ညက ပုသိမ်မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

ဇူလိုင် ၁၃ ရက်က ငွေဆောင်ကမ်းခြေ၌ အပန်းဖြေရေကူးကြစဉ် ပင်လယ်ရေစီးလှိုင်းနှင့် မျှောပါကြပြီး ကိုရန်နိုင်အောင်နှင့် ကိုရဲကျော်ကျော်တို့နှစ်ဦး ပျောက်ဆုံးသွားကြောင်း ကိုအောင်သက်ဦး သတင်းပို့သဖြင့် ငွေဆောင်နယ်မြေရဲစခန်းမှ ရဲအုပ်ထွန်းထွန်းစိုးနှင့် အဖွဲ့ဝင်များသည် ဒေသခံရေငုပ်ကျွမ်းကျင်သူများနှင့် ပိုင်းဝန်းရှာဖွေကြရာ အဆိုပါရက်ည ၈ နာရီတွင် ကိုရဲကျော်ကျော် အလောင်းအား ရှာဖွေတွေ့ရှိခဲ့သည်။

ဆက်လက်၍ ကိုရန်နိုင်အောင်၏ အလောင်းကို ဆက်လက်ရှာဖွေရာ ဇူလိုင် ၁၄ ရက် ညနေ ၃ နာရီခွဲတွင် Asia World ကမ်းခြေနှင့် ကိုက် ၁၀၀၀ ခန့်အကွာတွင် တွေ့ရှိခဲ့ကြောင်း သိရသည်။

(ကျော်)

နောင်ချိုစစ်ဆေးရေးဂိတ်မှ ကျောက်စိမ်းနှင့် တမလန်းသစ်များ အများဆုံးသိမ်းဆည်းရမိ

နောင်ချို ဇူလိုင် ၁၅

နောင်ချိုမြို့အဝင် အေးရှားဝေါလ်တိုးဂိတ်အနီးတွင် ယာယီအခြေပြု၍ တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး(Mobile Team)၊ လရ(၁)မှ ဒုဩဇင်ကြားရေးမှူး ဦးကျော်စိုးဝင်းဦးစီးပြီး ဌာနဆိုင်ရာများ ပူးပေါင်း၍ မူဆယ်/မန္တလေးကားလမ်းကြောင်းတစ်လျှောက် ကုန်တင်ယာဉ်များ၊ ခရီးသည်တင်မှန်လုံယာဉ်နှင့် ယာဉ်ငယ်များအား စစ်ဆေးရာတွင် တရားမဝင်အကောက်ခွန်မဲ့ ကျောက်စိမ်းတုံးမျိုးစုံ၊ တမလန်းသစ်များကို ဇွန်လနှင့် ဇူလိုင်လ ဒုတိယပတ်၌ အများဆုံးသိမ်းဆည်းရမိသည်ကို တွေ့ရသည်။

ထို့အပြင် ဦးတင်မိုးဆွေ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးစီး၍ မော်တော်ယာဉ်များကို စစ်ဆေးရာတွင် တစ်ဖက်နိုင်ငံမှ တရားမဝင်အကောက်ခွန်မဲ့တင်ဆောင်လာသော ပင်လယ်စာ၊ အေးခဲကြက်ဆီဘူး၊ သံဘူး ဘီယာများနှင့် စားသောက်ကုန်ပစ္စည်းမျိုးစုံတို့အား ပြည်သူများစားသုံးရန် မသင့်သည့်အပြင်၊ ကျန်းမာရေးနှင့်လည်း ညီညွတ်ခြင်းမရှိသည့်အတွက် မြေမြှုပ်၊ မီးရှို့ဖျက်ဆီးကြကြောင်း သိရသည်။

(စိုးဝင်း)

ကရူပြုမှုယ် ရေဆွဲအန္တရာယ် . . .

ကျော်ဟန်သာမြင့်

ကြည်လဲ့လဲ့ပြာတဲ့ ရေကူးကန်လေးတွေဘေးမှာ ပါကီပွဲကျင်းပရတာ ပျော်ဖို့ကောင်းပါတယ်။ လူနေအိမ်နဲ့ အဆောက်အအုံတွေမှာ ရေကူးကန်အလှထားတာလည်း စိတ်ကြည်နူးစရာကောင်းပါတယ်။ ဒါပေမယ့် သင့်တင့်တဲ့ ဝင်ကြေးနဲ့ကူးနိုင်မယ့် မိုးလုံလေလုံရေကူးကန်မျိုးက ရန်ကုန်မြို့ကြီးမှာတောင် လက်ချိုးရေလို့ ငါးချောင်းမပြည့်သေးပါဘူး။ ရေကူးကန်ဖွင့်ချိန်တွေက အများစု နံနက် ၉ နာရီကနေ ညနေ ၄ နာရီထိသာများပါတယ်။ ကျောင်းသားနဲ့ အလုပ်လုပ်သူတွေအားတဲ့အချိန် ရေကူးဖို့လာတော့ ရေကူးကန်တွေကပိတ်ကော။ ညဘက်ဖွင့်တာရှိပြန်တော့လည်း စျေးက ကြီးပြန်တယ်။ ဖွင့်တဲ့ကန်မှာလည်း ရေအောက်မီးသီးအကြီးတွေ မထွန်းနိုင်။ မြန်မာအမျိုးသားတို့ရဲ့အရပ်ကို ငါးပေ ခုနစ်လက်မဝန်းကျင်လောက်သာ စံထားတဲ့အစွဲကြောင့် ဒိုင်ဗင်ထိုးချတဲ့ အရပ်ရှည်လွန်းသူအများစုလည်း ရေအောက်ကြမ်းပြင်နဲ့ဆောင့်ပြီး အသက်ဆုံးရှုံးသွားကြတဲ့ အဖြစ်အပျက်တွေရှိခဲ့ပါတယ်။ နောက်တစ်ချက်က ရေကန်မှာ အမိုးရှိစေချင်ပါတယ်။ နေလောင်ပြီး အသားမည်းသွားမှာထက် မိုးရာသီမှာ ဟာလာဟင်းလင်း ရေကူးကန်ထဲဆင်းတဲ့အချိန် မိုးကြိုးပစ်မှာ၊ နွေရာသီမှာ အပူရှုပ်မှာ စိုးတာကြောင့်ပါ။ ဒီလိုနဲ့ပဲ ရေကူးခြင်းဟာ အလှမ်းဝေးကွာနေတဲ့ အားကစားတစ်ခုအဖြစ်သာ ကျန်ရစ်နေပါသေးတယ်။

မြန်မာပြည်သား တော်တော်များများအတွက် ရေကူးကန်ဆီမလာလိုတဲ့ အကြောင်းအရင်းများစွာ ရှိတဲ့အထဲကမှ အချို့သောအကြောင်းအရာတွေကတော့ သွားလာရေးအဆင်မပြေခြင်း၊ မိမိတို့ရပ်ကွက်နှင့် အနီးတစ်ဝိုက်မှာ ရေကူးကန်မရှိခြင်း၊ ရှိသောရေကူးကန်များမှာ စျေးနှုန်းသင့်တင့်သော်လည်း သန့်ရှင်းသပ်ရပ်သော အဝတ်လဲခန်း၊ ရေချိုးခန်းအစရှိတဲ့ facility များ အားနည်းသေးတာအပြင် ရေချိုးခန်းထဲမှာ အပေါ့သွားတတ်သော အကျင့်ဆိုးများရှိတတ်ခြင်း၊ ရေကူးဝတ်စုံ ဝတ်သောသူကို ငေးမောကြည့်ရှုတတ်သော အလေ့များ ရှိခြင်းကြောင့် မလုံမလဲခံစားရှက်ရွံ့ကာ ရေကူးကန်လာရန် တွန့်ဆုတ်သွားခြင်း၊ အားကစားပစ္စည်းဆိုင်များတွင်ပင်လျှင် ခန္ဓာကိုယ် သေးလွန်းသူနှင့် ဝလွန်းသူများအတွက် ဆိုဒ်လွန်များရောင်းချပေးမှု အားနည်းခြင်း၊ ရေကူးဝတ်စုံ ဝတ်ရမှာ ရှက်ကြောက်သူများအတွက် တစ်ကိုယ်လုံးလုံခြုံသောဝတ်စုံများလွယ်လင့်တကူမရရှိနိုင်ခြင်းအစရှိသည့် အဆင်မပြေမှုများစွာတို့ကြောင့် အလှမ်းဝေးသွားကြတာတွေလည်းရှိပါတယ်။ ဟိုတယ်နှင့် ကွန်ဒိုများက ရေကူးကန်များတွင် လူလတ်တန်းစားများ အနေဖြင့် စျေးအဆမတန်ပေးပြီးဝင်ကူးရင်းကူး ဒါမှမဟုတ် လစဉ်ကြေး၊ နှစ်စဉ်ကြေးဆိုတဲ့ ငွေပမာဏ ကြီးကြောက်လို့ တော်ရုံတန်ရုံ အပေါက်ဝကလှည့်ပြန်ခဲ့ကြရတာတွေရှိပါတယ်။ ကျောင်းတွေ၊ တက္ကသိုလ်တွေ ပိုင်တဲ့ ရေကူးကန်တွေ ပေါ်ပေါက်လာစေခြင်းဟာလည်း ရေကူးအားကစားကို နိုင်ငံတကာမှာယှဉ်ပြိုင်နိုင်ဖို့ တစ်ဖက်တစ်လမ်းကနေ အထောက်အပံ့ဖြစ်စေတာကို တွေ့ရပါတယ်။

ဝိုက်ကြီးပူလို့၊ ကိုယ့်အသားလူမြင်မှာစိုးလို့ မကူးကြသူတွေရှိတယ်။ ရေကူးဝတ်စုံမဟုတ်လျှင် မကူးရဆိုတာကို စိတ်ကောက်ပြီးပြန်ကြသူတွေရှိတယ်။ တကယ်တော့ ရေကူးဝတ်စုံဆိုတာ Elastic အသားလိုမျိုးကွေးဆန့်လွယ်ပြီး ခန္ဓာကိုယ်အစိတ်အပိုင်းအနည်းငယ်သာ ဖုံးအုပ်ပေးတဲ့အတွက် ရေထဲမှာလှုပ်ရှားရလွယ်ကူစေပါတယ်။ ရေကူးဝတ်စုံကို ခန္ဓာကိုယ်အလှပြသရန် ဝတ်ပြသော သရုပ်ပျက်ဝတ်စုံသဖွယ်အဖြစ်သာ မြင်နေသော ဓလေ့တွေရှိနေကြပြီး ဘေးကင်းလုံခြုံသော ရေကူးဝတ်စုံကောင်း၏ တန်ဖိုးကိုမသိဘဲ သာမန်အဝတ်အစားများဖြင့်သာ ရေဆင်းကူးသောကြောင့် ဒုက္ခများကြတာတွေလည်းရှိပါတယ်။

ရေကူးသင်တန်းတွေရှိပါတယ်။ သင်တာက လက်ပစ်ကူးနဲ့ ဖားကူးလောက်သာရှိပါတယ်။ လိပ်ပြာကူးသင်ချင်တယ်ဆို ပိုက်ဆံထပ်ပေးရတယ်။ သို့သော် အသက်ကယ်နည်းသင်တန်းရှား၏။ ရေဆွဲရုန်းထွက်နည်းသင်ပေးဖို့နေနေသာသာ ရေဆွဲအကြောင်းပြောပြကြသည်မရှိပါ။ ရေကူးသင်တန်း ဆင်းပြီးသော် ရေသေတွင်သာကူးတတ်ပါသည်။ ရေရှင်၊ ရေလှိုင်း၊ ရေဆွဲရုန်းနည်းများ မသိကြသေးပါ။ ရေဆွဲဟုခေါ်သော RIP current အတုအယောင်ဖြင့် simulator လုပ်ပြီး ရေစုပ်စနစ်အတုဖြင့် ရုန်းစေခြင်းကို မပြုလုပ်နိုင်သေးပါ။ ရေကူးတတ်သူနဲ့ ရေမကူးတတ်သူအကုန်လုံးရေနစ်နိုင်ပေမယ့် ရေကူးတတ်ထားသူအတွက်က နစ်ဖို့ရာခိုင်နှုန်းက တော့ ပိုနည်းမှာပါ။ ကူးတတ်သူအနေနဲ့ ယုံကြည်မှုလွန်ကဲပြီး မိုက်ရူးရဲဆန်စွာ မစွန့်စားမိစေဖို့ သတိထားရပါမယ်။ မိမိအသက်အန္တရာယ်လုံခြုံရေးအတွက်ကော သက်လုံလေ့ကျင့်ခန်းတစ်ခုအနေနဲ့ပါ လူတိုင်းလူတိုင်း ရေကူးတတ်စေချင်ပါတယ်။

မကြာခင်က ငွေဆောင်ကမ်းခြေမှာ ရေဆွဲကြောင့် သေဆုံးရသူအတွက် ကျွန်တော်နဲ့ မသိကျွမ်းပေမယ့် ဝမ်းနည်းမိပါတယ်။ ရေဆွဲရှိတဲ့နေရာက တခြားလှိုင်းလိုမျိုး မဖြူဘဲ ပြတ်တောက်နေတတ်ပါတယ်။ ရေဆွဲက ဆွဲတဲ့အချိန်မှာ ကြောက်အားလန့်အားနဲ့ ကမ်းစပ်ဆီပြန်မကူးဘဲ ကမ်းခြေနဲ့အပြိုင်ကူးပြီး ရေဆွဲထဲကထွက်ဖို့ပါပဲ။ ရေဆွဲက သမုဒ္ဒရာချောက်နက်ကြီးထဲထိ ဆွဲနိုင်တာသိပ်မရှိပါဘူး။ အဓိကက ကြောက်စိတ်နဲ့ ခြေကုန်လက်ပန်းကျ ကူးခပ်မိပြီး ပင်လယ်ရေတွေ သောက်မိကြလို့များပါတယ်။

ကမ်းခြေတိုင်းမှာ သတိပေးဆိုင်းဘုတ်တွေ၊ မော်တော်အသေးစားတွေ၊ ကမ်းခြေစောင့်အဖွဲ့နဲ့ ရဟတ်ယာဉ်တွေရှိရင်တော့ အကောင်းဆုံးပါပဲ။ မည်သည့်ကိုမျှ အပြစ်ပြောထောက်ပြနေတာမျိုးမဟုတ်ပေမယ့် လိုအပ်ချက်လေးတွေကို မဖြည့်ဆည်းနိုင်သေးခင် ကိုယ့်ကိုယ်ကိုယ် ဘယ်လိုကာကွယ်ရမလဲသိစေချင်ရုံပါ။ ပညာရှင်များဘက်ကလည်း ဆွေးနွေးပညာပေးတာမျိုးတွေ ရှိစေချင်ပါတယ်။ အကုန်လုံးမဟုတ်ရင်တောင် မိမိနဲ့ အနီးစပ်ဆုံးလူတွေအတွက် ကူညီပေးကြဖို့ တိုက်တွန်းပါရစေ။

ဥပဒ္ဓေဒက်မှ ကင်းဝေးကြပါစေသား။

ရင်ထဲက မန္တလေးမြို့မ တေးသီချင်းပြိုင်ပွဲ ကျင်းပမည်

မန္တလေး ဇူလိုင် ၁၅

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးရ၍ မန္တလေးမြို့၏ အထင်ကရ မြို့မအသင်းကြီး၏ နှစ် (၉၀) ပြည့်အထိမ်းအမှတ် ရင်ထဲက မန္တလေးမြို့ တေးသီချင်းပြိုင်ပွဲကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်များကို ဇူလိုင် ၁၄ ရက်မှ စတင်ကာ လက်ခံကြောင်း မြို့မအသင်း၏ တေးသီချင်းပေါင်း ၁၅၅ ပုဒ်အား သုံးမျိုးခွဲကာ ပြိုင်ပွဲဝင်သီချင်းအဖြစ် သတ်မှတ်ကြောင်းနှင့် ပြိုင်ပွဲကြီးကိုလည်း သြဂုတ်လအတွင်း ကျင်းပသွားမည်ဖြစ်ကြောင်း မန္တလေး တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာမြင့်ကြူက ဇူလိုင် ၁၄ ရက်က မြို့မအသင်းတိုက်တွင် ကျင်းပသော ရင်ထဲက မန္တလေးမြို့မ တေးသီချင်းပြိုင်ပွဲ သတင်းစာ ရှင်းလင်းပွဲတွင် ပြောကြားခဲ့ကြောင်း သိရသည်။

ရင်ထဲက မန္တလေးမြို့မ တေးသီချင်းပြိုင်ပွဲကို နိုင်ငံတစ်ဝန်းလုံးရှိ ဝါသနာရှင်တိုင်း ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲသုံးမျိုးတွင် ပြိုင်ပွဲဝင်တစ်ဦးလျှင် တေးသီချင်းသုံးပုဒ်အထိ ရွေးချယ်နိုင်ပြီး ပြိုင်ပွဲဝင် အမျိုးအစား သုံးမျိုးစလုံးတွင် ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း၊ ပါဝင်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်များထဲမှ မြို့မအသင်းတိုက်တွင် အသံစစ်ဆေးခြင်းများ ဆောင်ရွက်ပြီး ပြိုင်ပွဲအမျိုးအစားတစ်ခုလျှင် ငါးဦးအထိသာ ရွေးချယ်ပြီး နောက်ဆုံးပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်စေမည်ဖြစ်ကြောင်း သိရသည်။

"ပြိုင်ပွဲကို မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်တယ်။ ကြိုက်တဲ့အတန်း၊ ကြိုက်တဲ့ပြိုင်ပွဲအမျိုးအစားကိုမဆို ပြိုင်နိုင်တယ်။ ပြိုင်ပွဲမှာ အမျိုးသား၊ အမျိုးသမီး ခွဲခြားပြိုင်စေမှာပါ။ သက်တမ်းအလိုက် မဟုတ်ဘူး။ ပရော်ဖက်ရှင်နယ်တွေ ပြိုင်ပွဲဝင်လာရင်လည်း လက်ခံသွားမယ်။ ဒါပေမယ့် သူတို့အတွက်တော့ ပြိုင်ပွဲအမျိုးအစား တစ်ခုထပ်တိုးပေးမှာပါ။ ဆုကြေးကိုလည်း ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမှာပါ"ဟု တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာ မြင့်ကြူ၏ ပြောပြချက်အရ သိရသည်။

ရင်ထဲက မန္တလေးမြို့မ တေးသီချင်းပြိုင်ပွဲ ပြိုင်ပွဲဝင် သီချင်းများအဖြစ် မြို့မအသင်းကြီး၏ အထင်ကရ အနုပညာရှင်ကြီးများဖြစ်သည့် နန်းတော်ရှေ့ဆရာတင်၊ မန္တလေးမြို့မငြိမ်း၊ မြိုမ ဦးသြ၊ မြို့မဦးဘသိန်း၊ ဦးဘခိုင်နှင့် အေးဝမ်းဆရာညာတို့၏ တေးသီချင်း ၁၅၅ ပုဒ်ကို ပြိုင်ပွဲဝင် သီချင်းအဖြစ် သတ်မှတ်ထားပြီး အဆိုပါ သီချင်းများကိုလည်း ပြိုင်ပွဲဝင်များ လေ့လာနိုင်ရန်အတွက် မြန်မာ့အသံနှင့် မြန်မာ့ရုပ်မြင်သံကြားတို့မှ ဇူလိုင်လအတွင်း ထုတ်လွှင့်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီးက ပြောသည်။

ရင်ထဲက မန္တလေးမြို့မ တေးသီချင်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်လိုသည့်သူများအနေဖြင့် မြို့မတူရိယာ အသင်း မန္တလေး dhkmyoma @gmail.com သို့လည်းကောင်း၊ Viber ၉၁၀၀၁၆၆၁၊ ၃၃၃၀၀၃၀၀ သို့အမည်၊ နေရပ်၊ ပြိုင်ပွဲဝင် သီချင်းအမည်များ၊ မှတ်ပုံတင်အမှတ်၊ ဖုန်းနံပါတ်တို့ကို ရေးသားပြီး ဇူလိုင် ၁၄ ရက်မှ သြဂုတ် ၁၄ ရက်အထိ လျှောက်ထားနိုင်သကဲ့သို့ မြို့မအသင်းတိုက်သို့ လူကိုယ်တိုင်လည်း လာရောက်လျှောက်ထားနိုင်ကြောင်း သိရသည်။

ထွန်းထွန်းနိုင်(ကျောက်ဆည်)

ပျိုးပင်အရောင်းဆိုင်များ တိုးချဲ့လာခြင်းကြောင့် အစိမ်းရောင်မြို့တော်ကို အထောက်အကူပြု

မန္တလေး ဇူလိုင် ၁၅

မန္တလေးမြို့ပေါ်ရှိ ခြံဝိုင်းများ၊ တိုက်ခန်းများတွင် အလှစိုက်ပျိုးနိုင်ရန် ကျုံးမြောက်ဘက် ရတနာပုံတိရစ္ဆာန်ဥယျာဉ်အနီးတစ်ဝိုက်မှ ပျိုးပင်အရောင်းဆိုင်များက တွင်ကျယ်စွာစိုက်ပျိုး ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

မန္တလေးမြို့၏ အိမ်ဂေဟာများကို နှင်းဆီပျိုးပင်ဖြင့် အလှဆင်ပေးနိုင်ရန် နှင်းဆီပျိုးပင်များကို အဓိကထား ပျိုးထောင်ပြီး တွင်ကျယ်စွာ ရောင်းချလျက်ရှိသည်။ မြို့ပြကို အလှဆင်ပေးကာ စိတ်ကြည်နူးမှုပေးနိုင်သည့် နှင်းဆီပင်များကို စိုက်ပျိုးရောင်းချသည့် ဥယျာဉ်မှူးတစ်ဦးကို မေးမြန်းခဲ့ရာ "နှင်းဆီပျိုးဖို့အတွက် ပထမဆုံးနှင်းဆီအရိုင်းပင်ကို သုံးလက်မခွဲ ကိုးလက်မရှိ ပလတ်စတစ်အိတ်ငယ်ထဲကိုထည့်ပြီး ပျိုးထားရတယ်။ နှင်းဆီအယဉ်ပင်မကြီးမှ ကိုင်းငယ်တွေကို ဖြတ်ယူရတယ်။ အထူးသဖြင့် အပွင့်ရဲ့ အောက်နားက ကိုင်းကိုဖြတ်ရတယ်။ ဖြတ်ပြီး သားကိုင်းကို အရွက်တွေကိုက်ချပြီး ရေစိမ်လိုက်ရတယ်။ အဲဒီနောက် နှင်းဆီအရိုင်းပျိုးပင်ရဲ့ အညွှန့်အောက်ကို ဓားနှင့်ရစ်ပြီး လိုးရတယ်။ လိုးထားတဲ့နေရာကို ရေစိမ်ထားတဲ့ နှင်းဆီအယဉ်ရဲ့ကိုင်းထဲက တစ်ရျူးကိုယူပြီး ထည့်ရတယ်။ ထည့်ပြီးတာနဲ့ ကြိုးစည်းပေးထားလိုက်ရတယ်။ တစ်ရျူးထည့်စည်းပြီး ၁၀ ရက်၊ ၁၅ ရက် ရောက်တာနဲ့ အတက်ထွက်လာတယ်။ အတက်ထွက်လာတာနဲ့ အတက်ရဲ့အပေါ်က နှင်းဆီအရိုင်းရဲ့ အညွှန့်ကိုကိုက်ချပြီး နှင်းဆီအယဉ် တစ်ပင်ရရှိပါတယ်။ နှင်းဆီပျိုးပင်ရောင်စုံပျိုးထားပါတယ်။ လက်ရှိကာလမှာ နှင်းဆီပျိုးပင်ယက အပင်ကြီးအထိ စျေးနှုန်းအမျိုးမျိုးဖြင့် ရောင်းချပြီး အိမ်ဂေဟာများကို အလှဆင်နိုင်အောင် ပျိုးထောင်ပေးပါတယ်"ဟု ပြောသည်။

နှင်းဆီပျိုးပင်ယက်အပွင့်ပါသော ပျိုးပင်တစ်ပင်လျှင် ငွေကျပ် ၁၅၀၀ ဖြင့် ရောင်းချသည်။ ဘွန်ဆိုင်းပန်းအိုးများကိုမူ အပင်အရွယ်အစား အလိုက်သောင်းချီပေးရသည်။ မန္တလေးတွင် ပန်းပျိုးပင်အရောင်းဆိုင်များ တိုးပွားလာပြီး အစိမ်းရောင်မြို့တော်စီမံကိန်းကို အထောက်အကူပြုလျက်ရှိကြောင်း သိရသည်။

(တိမ်တမန်)

ကောလင်းဈေးကွက်တွင် မျှစ်များအရောင်းသွက်

ကောလင်း ဇူလိုင် ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်း၊ ဝန်းသို၊ ပင်လည်ဘူးမြို့များမှ ဒေသထွက်မျှစ်များလိုင်လိုင်ပေါ်ချိန်ဖြစ်သည်။ ဝါးဘိုးမျှစ်တစ်ပိသာလျှင် ငွေကျပ် ၇၀၀ မှ ၁၀၀၀ ထိ၊ တင်းမျှစ်တစ်ပိသာလျှင် ငွေကျပ် ၅၀၀ ဖြင့် ကောလင်းဈေးကွက်အတွင်းရောင်းဝယ်လျက်ရှိရာ ဒေသခံပြည်သူများ အထူးနှစ်ခြိုက်စွာ ဝယ်ယူစားသုံးလျက်ရှိသည်။

သဘာဝထွက်ကုန်ဖြစ်ပြီး အရောင်ဆိုးဆေးများ အသုံးပြုခြင်းမရှိသဖြင့် အန္တရာယ်ကင်းစွာ စားသုံးနိုင်ပြီး မန္တလေးဈေးကွက်သို့ ရထား၊ ကားများဖြင့်လည်း တင်ပို့ရောင်းချလျက်ရှိသည်။

မျှစ်မှ မျှစ်ခြောက်၊ မျှစ်သို့ခြောက်၊ မျှစ်ချဉ်များကိုလည်း ပြုလုပ်ပြီး နှစ်လုံးပေါက် သိုလှောင်၍ရောင်းချခြင်း၊ စားသုံးခြင်းများ ပြုလုပ်ကြပါသည်။

"ယခုလို မျှစ်ပေါ်ချိန်မှာ မျှစ်ချိုးရောင်းရတဲ့အတွက် အပိုဝင်ငွေရရှိလို့ အိမ်စားဝတ်နေရေးကို တစ်ဖက်တစ်လမ်းက ဖြေရှင်းလို့ရတဲ့အတွက် အဆင်ပြေပါတယ်"ဟု မျှစ်ချိုးရောင်းချသည့် ဒေသခံတစ်ဦးက ပြောသည်။

အောင်ကျော်စိုး(ကောလင်း)

ဇူလိုင် ၁၅ ရက် (ပုဒ္ဓဟူးနေ့) ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

စဉ်	အမျိုးအစား	ထွက်ရှိရာဒေသ	ယူနစ်	ဈေးကွက်	ဈေးနှုန်းကျပ်ပျမ်းမျှ အနိမ့်ဆုံးမှအမြင့်ဆုံး
၁	ပေါ်ဆန်း(ဆန်)	နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို)	တစ်တင်းခွဲ	ဝါးတန်းလမ်းကုန်စည်ဒိုင်	၃၃၅၀၀ မှ ၄၄၅၀၀
၂	ဇီယာ/ဧည့်မထ(ဆန်)		တစ်တင်းခွဲ	ဝါးတန်းလမ်းကုန်စည်ဒိုင်	၁၇၀၀၀ မှ ၂၀၇၀၀
၃	ငစိန်(ဆန်)		တစ်တင်းခွဲ	ဝါးတန်းလမ်းကုန်စည်ဒိုင်	၁၉၅၀၀ မှ ၂၁၅၀၀
၄	မြီးဒုံး(ဆန်)		တစ်တင်းခွဲ	ဝါးတန်းလမ်းကုန်စည်ဒိုင်	၂၇၀၀၀ မှ ၂၈၅၀၀
၅	ဆင်းသွယ်လတ်(ဆန်)		တစ်တင်းခွဲ	ဝါးတန်းလမ်းကုန်စည်ဒိုင်	၂၁၅၀၀ မှ ၂၂၀၀၀
၆	ကောက်ညှင်း(ဆန်)	ဘိုကလေး	တစ်တင်းခွဲ	ဝါးတန်းလမ်းကုန်စည်ဒိုင်	၁၈၅၀၀ မှ ၂၃၀၀၀
၇	မတ်ပဲ (FAQ)(ပဲ)		တစ်တန်	ဘုရင့်နောင်ကုန်စည်ဒိုင်	၁၃၇၆၀၀၀
၈	ပဲတီစိမ်း(ပဲ)	နယ်စုံ(ပခုက္ကူ၊ရွှေဝါ၊ ဝါးခယ်မ)	တစ်အိတ်	ဘုရင့်နောင်ကုန်စည်ဒိုင်	၁၁၅၀၀ မှ ၁၃၇၀၀
၉	စွန်တာ (ပဲ)		တစ်အိတ်	ဘုရင့်နောင်ကုန်စည်ဒိုင်	၅၀၀၀ မှ ၅၂၀၀
၁၀	ထောပတ်(ပဲ)		တစ်အိတ်	ဘုရင့်နောင်ကုန်စည်ဒိုင်	၄၅၀၀ မှ ၅၅၀၀
၁၁	ပဲကြီး(ပဲ)	ကုန်း၊ ရွှေကျွန်း	တစ်အိတ်	ဘုရင့်နောင်ကုန်စည်ဒိုင်	၆၈၀၀ မှ ၉၀၀၀
၁၂	ပြောင်းဆန်		တစ်အိတ်	ဘုရင့်နောင်ကုန်စည်ဒိုင်	၂၈၀၀
၁၃	ပဲလွမ်းဖြူ (ပဲ)	ပဲခူး၊ မင်းလှ၊ မြစ်ဝကျွန်းပေါ်	တစ်အိတ်	ဘုရင့်နောင်ကုန်စည်ဒိုင်	၇၃၀၀ မှ ၈၀၀၀
၁၄	ဗိုလ်ကိတ်(ပဲ)		တစ်အိတ်	ဘုရင့်နောင်ကုန်စည်ဒိုင်	၅၀၀၀ မှ ၅၃၀၀
၁၅	နှမ်းနက် စမုံ(နှမ်း)		တစ်အိတ်	မန္တလေးကုန်စည်ဒိုင်	၁၉၅၀၀ မှ ၁၉၈၀၀
၁၆	နှမ်းညိ(နှမ်း)		တစ်အိတ်	မန္တလေးကုန်စည်ဒိုင်	၈၄၀၀ မှ ၈၅၀၀
၁၇	ပန်းနှမ်း(နှမ်း)		တစ်အိတ်	မန္တလေးကုန်စည်ဒိုင်	၁၀၀၀၀
၁၈	နှမ်းဖြူ(နှမ်း)		တစ်အိတ်	မန္တလေးကုန်စည်ဒိုင်	၉၅၀၀ မှ ၁၀၀၀၀
၁၉	နှမ်းနက်(နှမ်း)		တစ်အိတ်	မန္တလေးကုန်စည်ဒိုင်	၁၁၀၀၀ မှ ၁၅၀၀၀
၂၀	ကြက်သွန်နီ	ဆိပ်ဖြူ မိတ္ထီလာ၊	တစ်ပိသာ	ဘုရင့်နောင်ကုန်စည်ဒိုင်	၅၀ မှ ၈၂၅
၂၁	ကြက်သွန်ဖြူ	ကြူကုတ်	တစ်ပိသာ	ဘုရင့်နောင်ကုန်စည်ဒိုင်	၁၉၆၀ မှ ၂၀၀
၂၂	ကြက်သွန်ဖြူ	အောင်ပန်း	တစ်ပိသာ	ဘုရင့်နောင်ကုန်စည်ဒိုင်	၁၉၀ မှ ၂၅၅
၂၃	ပဲပုပ်(ရှမ်း)		တစ်အိတ်	မန္တလေးကုန်စည်ဒိုင်	၄၀၀၀ မှ ၄၈၀၀
၂၄	ပဲပုပ်(ဗမာ)		တစ်အိတ်	မန္တလေးကုန်စည်ဒိုင်	၄၉၀၀ မှ ၅၂၀၀
၂၅	အာလူး	ဟဲဟိုး၊ အောင်ပန်း	တစ်ပိသာ	ဘုရင့်နောင်ကုန်စည်ဒိုင်	၂၈၀ မှ ၈၇၅
၂၆	မာလကာသီး		တစ်လုံး	သီရိမင်္ဂလာဈေးကုန်စည်ဒိုင်	၁၆၀ မှ ၃၃၀
၂၇	ကျွဲကောသီး	မော်လမြိုင်	တစ်လုံး	သီရိမင်္ဂလာဈေးကုန်စည်ဒိုင်	၈၀၀ မှ ၂၈၀၀
၂၈	ဖရဲသီး		တစ်လုံး	သီရိမင်္ဂလာဈေးကုန်စည်ဒိုင်	၁၅၀၀ မှ ၃၀၀၀
၂၉	သရက်သီး(ရင်ကွဲ)		တစ်တောင်း	သီရိမင်္ဂလာဈေးကုန်စည်ဒိုင်	၁၁၀၀၀ မှ ၁၈၀၀၀
၃၀	သရက်သီး(စိန်တလုံး)		တစ်ဖာ	သီရိမင်္ဂလာဈေးကုန်စည်ဒိုင်	၁၂၀၀၀ မှ ၁၉၀၀၀
၃၁	နဂါးမောက်သီး		တစ်ခြင်း	သီရိမင်္ဂလာဈေးကုန်စည်ဒိုင်	၁၂၀၀၀ မှ ၁၆၀၀၀
	လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့(AMIT)မှ ပေးပို့သည်။				

နိုင်ငံခြားငွေလဲလှယ်နှုန်းပြောင်းလဲ၍ စားအုန်းဆီ၊ စက်သုံးဆီ၊ ငရုတ်ဈေးနှုန်းများမြင့်

ရန်ကုန် ဇူလိုင် ၁၅

ဗဟိုဘဏ်၏ နိုင်ငံခြားငွေ သတ်မှတ်ရည်ညွှန်းကိန်းကို ပြင်ပဈေးကွက်နှင့် လိုက်လျောညီထွေဖြစ်စေရန် ပြင်ဆင်လိုက်ရာ ဇူလိုင် ၁၁ ရက်က အမေရိကန် တစ်ဒေါ်လာလျှင် ငွေကျပ် ၁၂၀၀ နှုန်းဖြစ်လာသည်။

ဇူလိုင် ၁၀ ရက်က ဗဟိုဘဏ်၏ သတ်မှတ်ရည်ညွှန်းကိန်းမှာ အမေရိကန် တစ်ဒေါ်လာလျှင် ၁၁၂၅ ကျပ်ဖြစ်သော်လည်း ပြင်ပငွေလဲလှယ်နှုန်း အမေရိကန်တစ်ဒေါ်လာလျှင် ၁၂၀၀ မှ ၁၂၁၂ ကျပ်နှုန်းရှိခဲ့သည်ဟု ဆီအသင်း၏ နေ့စဉ်စားအုန်းဆီဈေးနှုန်း သတင်းထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

ဇူလိုင် ၁၀ ရက် ပြည်ပစားအုန်းဆီ FOB တစ်တန်ဈေးနှုန်းမှာ ဒေါ်လာ ၆၄၀၊ ဗဟိုဘဏ်ငွေလဲနှုန်း ၁၁၂၅ ကျပ်ဖြင့် ဆိပ်ကမ်းရောက် အရင်းဈေးနှုန်း ငွေကျပ်၁၃၆၀ ရှိချိန် ရန်ကုန်ဆီဈေးကွက်တွင် အလှယ်တစ်ပိသာ ငွေကျပ် ၁၄၄၀ နှုန်းဖြင့် ရောင်းချသည်။ ဇူလိုင် ၁၄ ရက်က ပြည်ပ FOB တစ်တန် ဒေါ်လာ ၆၅၀ ဗဟိုဘဏ်ငွေလဲနှုန်း ၁၂၀၅ ကျပ်ဖြင့် ဆိပ်ကမ်းရောက် တစ်ပိသာ အရင်းဈေး ၁၄၇၄ ကျပ်ရှိချိန် ရန်ကုန်ဈေးကွက်အလှယ်ရောင်းဈေးမှာ ၁၄၈၅ ကျပ်နှုန်းသို့ မြင့်တက်လာသည်ဟု ဆီဈေးကွက်မှ သိရသည်။

ဇူလိုင် ၆ ရက်မှ ၁၀ ရက်အတွင်း အောက်တိန်း ၉၂ တစ်လီတာ ဆိပ်ကမ်းရောက်ပျမ်းမျှအရင်းဈေး ငွေကျပ် ၆၅၀ နှုန်း၊ ဒီဇယ်တစ်လီတာ ၅၇၂ ကျပ်နှုန်းသို့ ဆက်လက်ကျဆင်းလာသည်ဟု သက်ဆိုင်ရာမှ ထုတ်ပြန်ချက်အရ သိရသည်။

ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းမှာ ဇူလိုင် ၄ ရက်က တစ်စည်လျှင် ၅၆ ဒေါ်လာမှ ဇူလိုင် ၉ ရက်တွင် ၅၁ ဒေါ်လာခန့်သို့ ကျဆင်းလာသည်ဟု ကမ္ဘာ့ရေနံဈေးနှုန်းစာရင်းမှ သိရသည်။

သို့သော် ရန်ကုန်မြို့တွင် စက်သုံးဆီရောင်းဈေးများမှာ ဇူလိုင် ၁၄ ရက်က အောက်တိန်း ၉၂ တစ်လီတာလျှင် ငွေကျပ် ၇၃၀၊ ၇၂၀နှုန်း၊ ဒီဇယ်တစ်လီတာ ငွေကျပ် ၆၉၀ နှုန်းဖြင့် ရောင်းချနေကြောင်း၊ ဆိုင်အချို့တွင် တစ်လီတာ ၁၀ ကျပ် လျှော့ရောင်းနေကြောင်း ယင်းဆိုင်များရှေ့ရှိ ဈေးနှုန်းစာရင်းဖော်ပြထားချက်မှ သိရသည်။ ကမ္ဘာ့ရေနံစိမ်းဈေးနှုန်း ကျဆင်းခြင်း၊ ဆိပ်ကမ်းရောက် ပျမ်းမျှအရင်းဈေးမှာလည်း ကျဆင်းနေချိန် ရန်ကုန်မြို့တွင် အောက်တိန်း ၉၂ တစ်လီတာရောင်းဈေးမှာ ဆိပ်ကမ်းရောက် ပျမ်းမျှအရင်းဈေးထက် ၁၀ ဒသမ ၇ ရာခိုင်နှုန်း၊ ဒီဇယ်တစ်လီတာတွင် ၂၀ ရာခိုင်နှုန်း ဈေးမြင့်နေသည်။ စက်သုံးဆီတစ်ပတ်အတွင်း ပျမ်းမျှအရင်းဈေးနှုန်း စတင်ထုတ်ပြန်သည့် ပထမဆုံး ရက်သတ္တပတ်တွင် အောက်တိန်း ၉၂ တစ်လီတာလျှင် ၂၈ ကျပ်(၄ ဒသမ ၅ ရာခိုင်နှုန်း)၊ ဒီဇယ် တစ်လီတာလျှင် ၃၂ ကျပ်(၄ ဒသမ ၉ ရာခိုင်နှုန်း)သာ ဆိပ်ကမ်းရောက် အရင်းဈေးထက်မြင့်သည်ဟု စက်သုံးဆီ ဝယ်ယူသုံးစွဲနေသည့် ကုန်တင်ယာဉ်ပိုင်ရှင်တစ်ဦးက ဆိုသည်။

နယ်စပ်မှတင်သွင်းလာသော အိန္ဒိယငရုတ်ရှည် ဈေးနှုန်းများမှာ ဇွန်လလယ်အထိ ရန်ကုန်ဈေးကွက်အတွင်း တစ်ပိသာ ငွေကျပ် ၃၄၅၀ သာရှိသော်လည်း ဇူလိုင် ၁၄ ရက်တွင် ငွေကျပ် ၃၈၀၀၊ ၃၉၀၀ နှုန်းသို့ မြင့်တက်လာသည်။ ပြည်ပပို့ မတ်ပဲ FOB တစ်တန်ဈေးနှုန်းမှာ ဇူလိုင် ၁၄ ရက်က ဒေါ်လာ ၁၁၂၀၊ ၁၁၅၀ သာရှိသည်။ ဇွန် ၄ ရက်က မတ်ပဲ FOB တစ်တန် ပြည်ပပို့ဈေးနှုန်း ဒေါ်လာ ၁၂၀၀၊ ၁၂၃၀ ထိမြင့်တက်ခဲ့သည်။ ငွေလဲနှုန်းကွာဟမှုကြောင့် ဇူလိုင် ၁၄ ရက်က ပြည်ပပို့ဈေးနှုန်းကျသော်လည်း ပြည်တွင်းဈေးကွက်တွင် မတ်ပဲ FAQ တစ်တန်ရောင်းဈေးမှာ ငွေကျပ် ၁၃၇၁၀၀၀ နှုန်းထိ ပြန်လည်မြင့်တက်လာသည်ဟု ပဲကုန်သည်တစ်ဦးက ဆိုသည်။

ဇူလိုင် ၁၃၊ ၁၄ ရက်တို့တွင် ရန်ကုန်ဈေးကွက်၌ ကုလားပဲခြမ်း တစ်ပိသာ ငွေကျပ် ၁၆၆၀ နှုန်းသို့ မြင့်တက်လာသည်။ နယ်စပ်အပို့များလာသော ကြက်သွန်နီဈေးနှုန်းမှာလည်း မြင့်တက်လာရာ ဇူလိုင် ၁၄ ရက်က ဆိပ်ဖြူ အမျိုးအစား လက်ကားတစ်ပိသာ ၅၀၀၊ ၆၉၀၊ ၇၆၅၊ ၈၁၅ ကျပ်ထိရှိလာသည်။ ထပ်မံဈေးမြင့်တက်လာရန်ရှိသည်ဟု ရေကပါလမ်းရှိ မော်ကျွန်းပွဲရုံပိုင်ရှင်တစ်ဦးက ဆိုသည်။

ပြည်ပမှ တင်သွင်းမှုရှိသော ပြည်တွင်းသကြားဈေးကွက်တွင် သကြားလက်ကား တစ်ပိသာ ငွေကျပ် ၁၂၂၀ ထိ မြင့်တက်ခဲ့သော်လည်း ဇူလိုင် ၁၄ ရက်က ပြည်ပမှ တင်သွင်းသည့် သကြားတစ်ပိသာငွေကျပ် ၁၀၈၀၊ သကြား အပွင့်ပိုကြီးသော ပြည်တွင်းထွက်သကြား တစ်ပိသာ ငွေကျပ် ၁၁၂၀၊ ၁၁၄၀ နှုန်းရှိသည်။

ယခုနှစ် မေလလယ်တွင် လက်ကားတစ်ပိသာ ဈေးနှုန်း ငွေကျပ် ၂၅၀၀ ထိရှိခဲ့သော ပြည်ပမှတင်သွင်းသည့် ကြူကုတ်ကြက်သွန်ဖြူမှာ ငွေလဲလှယ်နှုန်းအပြောင်းအလဲရှိသော်လည်း ဇူလိုင် ၁၄ ရက်က တစ်ပိသာ ငွေကျပ် ၂၀၀၀ ဝန်းကျင်သာရှိသည်။

ပြည်ပအပို့ရှိသော်လည်း မန်ကျည်းဈေးနှုန်းမှာ ဇူလိုင် ၁၄ ရက်က ပွင့်ကပ်တစ်ပိသာ ငွေကျပ် ၇၅၀၊ အသားတစ်ပိသာ ငွေကျပ် ၁၂၅၀ နှုန်းဖြင့် လအတန်ကြာ ဈေးနှုန်းငြိမ်နေဆဲရှိသည်ဟု ပွဲရုံများမှ သိရသည်။

(မောင်စေအောင်)

ကွန်ပျူတာဖြင့် မြေပုံရေးဆွဲခြင်း စွမ်းရည်မြှင့်သင်တန်းဖွင့်

ရန်ကုန် ဇူလိုင် ၁၅

လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ကွန်ပျူတာဖြင့် မြေပုံရေးဆွဲခြင်း စွမ်းရည်မြှင့်သင်တန်း အမှတ်စဉ် (၄/၂၀၁၅)သင်တန်းဖွင့်ပွဲကို ဇူလိုင် ၁၃ ရက်က ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဗဟိုမြေစာရင်းဖွဲ့ဖြိုးမှု လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်းတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ကိုယ်စားညွှန်ကြားရေးမှူး(ကျောင်းအုပ်ကြီး) ဦးမျိုးဦးက သင်တန်းဖွင့်အမှာစကားပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ မြေတိုင်းစာရေးနှင့် လက်ထောက်ဦးစီးမှူး သင်တန်းသား ၂၇၀ တို့ တက်ရောက်ကြသည်။

သင်တန်းတွင် ကွန်ပျူတာအသုံးပြုခြင်းနှင့် ကွန်ပျူတာဖြင့် မြေပုံရေးဆွဲခြင်းနည်းပညာရပ်များကို စာတွေ့၊ လက်တွေ့ နှစ်လကြာသင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

ထွန်းလှိုင်(မြိုင်)

ကိုယ့်ကျိုးသုံးလို့ ပေးရတာ၊
အဲ့ဒါ " အခ " ပါ
အများအကျိုး သုံးစွဲဖို့၊
" အခွန် "
မှန်မှန်ပေးဆောင်စို့

ဖက်ရှင်မော်ဒယ်ဖြစ်လာတဲ့ စင်ဒီခရောဖိုဒ်ရဲ့ သမီးလေး ကိုင်အာဂါဘာ

ဟောလိဝုဒ်အကျော်အမော် မော်ဒယ်မင်းသမီး စင်ဒီခရောဖို့ဒ်၏သမီး အသက်(၁၃)နှစ်အရွယ် ကိုင်အာဂါဘာသည် "CR"ဖက်ရှင်စာအုပ်အတွက် မော်ဒယ်အဖြစ်ဆောင်ရွက်ပေးခဲ့ပြီး အမေ့ခြေရာနင်းနိုင်သည့်သမီးတစ်ဦးအဖြစ် သူ၏မွေးရာပါအနုပညာအရည်အသွေးကို ပြသခဲ့သည်။

ကိုင်အာသည် အသက် (၄၉)နှစ်အရွယ် စင်ဒီခရောဖို့ဒ်၏ ဒုတိယမြောက်ရင်သွေးဖြစ်ကာ စင်ဒီ၏ ဒုတိယအိမ်ထောင်ဖြစ်သော ရန်ဒီဂါဘာနှင့် ရရှိခဲ့သော သမီးလေးဖြစ်သည်။

သူသည် ပထမဆုံးအနုပညာလှုပ်ရှားမှုအဖြစ် " Vogue Italia"တွင် မော်ဒယ်အဖြစ်ဆောင်ရွက်ခဲ့ပြီးနောက် ပြင်သစ်ဖက်ရှင်မဂ္ဂဇင်းအယ်ဒီတာ ကာရင်းန် ရိုဗီဖီးဒ်က သဘောကျသည့်အတွက် ယခုကဲ့သို့ သူ၏ဖက်ရှင်စာအုပ်တွင် မော်ဒယ်အဖြစ်ဆောင်ရွက်ပေးပါရန် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။ ကိုင်အာသည် မကြာသေးမီက"IMG"မော်ဒယ်အေဂျင်စီနှင့်လည်း စာချုပ်ချုပ်ဆိုခဲ့သည်။

အေးပြည့်

ဖခင်တစ်ဦးဖြစ်လာတော့မယ့် One Direction အဖွဲ့ဝင် လူးဝစ်တွန်လစ်စန်

ဗြိတိန်နာမည်ကျော် ပေါ့ပ်ဂီတအဖွဲ့တစ်ခုဖြစ်သည့် One Directionမှ လူးဝစ်တွန်လစ်စန်သည် သူ၏ချစ်သူ လော့စ်အိန်ဂျလိစ်မှ ဖက်ရှင်ဒီဇိုင်နာ ဘရီရာနာယွန်ဝစ်သ်နှင့် ရင်သွေးလေးရရှိနေပြီဖြစ်ကြောင်း Peopleသတင်းစာတွင် ဖော်ပြခဲ့သည်။

လူးဝစ်သည် သူ၏ချစ်သူဟောင်း အယ်လီနော ကော်ဒါနှင့် မတ်လက အပြီးသတ်လမ်းခွဲပြီးနောက် သူနှင့် သက်တူရွယ်တူ သူငယ်ချင်း (၂၃)နှစ်အရွယ် ဘရီရာနာနှင့် ချစ်ကြိုက်ခဲ့ကြောင်း လူးဝစ်က ပြောသည်။

သို့သော် သူတို့နှစ်ဦးသည် ချစ်သူများအဖြစ်တရားဝင်တွဲသွားခြင်းမျိုးမရှိဘဲ ရင်းနှီးသောမိတ်ဆွေများအဖြစ် သာတွဲသွားခဲ့ရာ အဆိုပါသတင်းကြောင့်သူတို့၏ သူငယ်ချင်းများပါ အံ့သြခဲ့ကြရသည်။

သူတို့နှစ်ဦးနှင့် ရင်းနှီးသော သူငယ်ချင်းတစ်ဦးက "ဘရီရာနာ့မှာ ရင်သွေးလေးရှိနေပြီလို့သိရတော့ လူးစ်က အလွန်ပျော်သွားခဲ့တာ။ ဖခင်တစ်ဦး ဖြစ်လာတော့မယ့်ဘဝကိုလည်း စိတ်လှုပ်ရှားနေတယ်လေ။ ဘရီရာနာကလည်း မိခင်ကောင်းတစ်ဦးဖြစ်လိမ့်မယ်လို့ သူယုံကြည်နေတယ်"ဟု People သို့ ပြောသည်။

သူတို့မောင်နှံနှစ်ဦး၏ မိဘများကလည်း အဆိုပါသတင်းကြောင့်အလွန်ဝမ်းမြောက်ကြကာ လန်ဒန်မြို့တွင် ပထမဆုံး အကြိမ် နှစ်ဖက်မိဘများတွေ့ဆုံခဲ့ကြသည်။ လူးဝစ်၏မိခင် ဂျီပဟားနားကလည်း ယခုရရှိခဲ့သော လူးဝစ်၏ရင်သွေးလေးသည် မြေးဦးဖြစ်သည့်အတွက် အလွန်ဝမ်းမြောက်မိကြောင်းနှင့် အဘွားတစ်ဦးဖြစ်လာရသည့်အတွက် စိတ်လှုပ်ရှားရင်ခုန်မိကြောင်းလည်း ပြောသည်။

အေးပြည့်

အရေးယူခံရဖွယ်မရှိတော့တဲ့ အယ်ရီရန်နာဂရန်ဒီ

အမေရိကန်ပေါ့ပ်အဆိုတော် အယ်ရီရန်နာဂရန်ဒီသည် ပြီးခဲ့တဲ့သီတင်းပတ်က ကယ်လီဖိုးနီယားပြည်နယ်အတွင်းမှာ ရှိတဲ့ ဂူလ်ဖိုင်းနက်စ်ဆိုင်တစ်ဆိုင်မှာ ဒိုးနက်စ်မုန့်တွေကို လျှာနဲ့လျက်၊ ဗန်းထဲတံတွေးထွေးထည့်တာတွေ လုပ်ခဲ့တာမို့ ရဲအရာရှိတွေနဲ့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းတွေရဲ့ စုံစမ်းစစ်ဆေးခြင်းခံခဲ့ရပါတယ်။

ဒါပေမယ့် ကျန်းမာရေးဝန်ထမ်းတွေရဲ့အဆိုအရ ကယ်လီဖိုးနီးယားအစားအသောက်ဥပဒေမှာ အစားအစာတွေကို ဝယ်ယူသူတွေ အလွယ်တကူထိတွေ့နိုင်ခြင်းကနေ ကာကွယ်ထားရမှာ စားသောက်ဆိုင်ပိုင်ရှင်တွေရဲ့ တာဝန်သာဖြစ်တာမို့ မုန့်တွေကို အကာအကွယ်မဲ့ထားခဲ့တဲ့ဆိုင်ရှင်မှာသာ တာဝန်ရှိကြောင်းနဲ့ ဂရန်ဒီမှာ အပြစ်မရှိကြောင်း သူတို့က PEOPLE မဂ္ဂဇင်းသို့ ပြောခဲ့ပါတယ်။

ဂရန်ဒီဟာ ဆိုင်ထဲမှာဆိုးသွမ်းတဲ့အပြုအမူတွေလုပ်ခဲ့ရုံသာမကပဲ အမေရိကန်ကိုမုန်းတယ်လို့လည်း အော်ခဲ့ပါသေးတယ်။ သူရဲ့အပြုအမူကြောင့် ပြန်လည်တောင်းပန်ခဲ့တဲ့ ဌီဒီယိုတစ်ခုကို ရိုက်ကူးပြီး အင်တာနက်စာမျက်နှာတွေကတစ်ဆင့် တောင်းပန်ခဲ့ပါသေးတယ်။ ဂရန်ဒီဟာသူရဲ့ အမှားအတွက် နှစ်ကြိမ်တိုင်တိုင်တောင်းပန်ခဲ့တာပါ။ ခုတော့ပြဿနာအားလုံးပြီးသွားပြီဖြစ်ကာ ကျန်းမာရေးဝန်ထမ်းတွေက ဆိုင်အတွက် နောက်ထပ်လိုအပ်တဲ့ စစ်ဆေးမှုတွေကို ဇူလိုင် ၁၇ရက်မှာ ထပ်မံပြုလုပ်သွားမှာဖြစ်တယ်လို့ ဆိုင်ရှင် ဂျီးမာတင်က ဆက်လက်ပြောကြားခဲ့ပါတယ်။

အေးပြည့်

ယခုနှစ်အတွက် ပီလစ်ပိုင်နိုင်ငံ၏ ဆွဲဆောင်မှုအရှိဆုံးအမျိုးသမီး ဂျနလင်မကာဒို

ဖိလစ်ပိုင်နိုင်ငံ ပါစေးမြို့၌ ဇူလိုင် ၁၁ ရက်(စနေနေ့)ကကျင်းပသော အပ်ဖ်အိတ်အမ်၏ ဆွဲဆောင်မှုအရှိဆုံးအမျိုးသမီးရွေးချယ်ပွဲတွင် ယခုနှစ်အတွက် မင်းသမီးဂျနလင်မကာဒို က ရရှိသွားခဲ့ကြောင်းသိရသည်။

အသက် (၂၈) နှစ်အရွယ် ဂျနလင်မကာဒိုက အဆိုပါပွဲတွင် အဆိုတော် ဘီယွန်စေး၏ Crazy In Love၊ ဂျနီဖာလိုပက်ဇ်၏ Booty တေး သီချင်းများကို သီဆိုခဲ့ပြီး သူ၏အဆို စွမ်းရည်၊ အကစွမ်းရည်နှင့် လှပ ကြော့ရှင်းစွာဝတ်စားဆင်ယင်မှုတို့ကြောင့် ဆုရရှိခဲ့ခြင်းဖြစ်သည်။

ပွဲအပြီးတွင် မကာဒိုက "အပ်ဖ်အိတ်အမ်ရဲ့ ဆွဲဆောင်မှုရှိတဲ့အနုပညာရှင်တွေအတွက် ဆုရွေးချယ်တဲ့ပွဲကို ပထမဆုံးတက်ရောက်ရတာဖြစ်လို့ ကြောက်တဲ့စိတ်တော့ဖြစ်မိတယ်"ဟု သတင်းထောက်များကို ပြောဆိုခဲ့သည်။

ပန်းသော်တာ

ရုပ်မြင်သံကြားအစီအစဉ်များ

၁၆ - ၇ -၂၀၁၅ (ကြာသပတေးနေ့)

မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆:၀၀	အဖွင့်		(အပိုင်း-၁၂)
	ခြေခြေမြစ်မြစ်နှစ်ကာကာ	၈:၃၀	တေးဂီတအစီအစဉ်
	ချစ်တဲ့ ကာလပေါ် တေးအရသာ	၈:၄၀	မြန်မာဗီဒီယိုဇာတ်လမ်း
	ဂီတရိပ်သာ (အပိုင်း-၉၆)		"ရင်ဘတ်ခြင်းအငြိ" (ပထမပိုင်း)
၆:၂၀	ပြည်သူ့နီတိ		(ပြေတီဦး၊ အိန္ဒြာကျော်ဇင်)
	"ရိုသေစွာ ကိုင်ကွယ်ခြင်းဖြင့်"		(ဒါရိုက်တာ-ကျော်ဇောလင်း)
၆:၄၅	ဝတ်စားဆင်ယင်မှုပြပွဲ	၉:၄၅	ASEAN China Cultural Show
၇:၀၀	နိုင်ငံခြားဇာတ်လမ်းတွဲ	၁၀:၀၅	မြန်မာဗီဒီယိုဇာတ်လမ်း
	"တောင်းတဲ့ဆု"		"သိုက်"
	(အပိုင်း-၆၄)		(မြင့်မြတ်၊ မေကဗျာ)
၇:၄၅	နိုင်ငံခြားဇာတ်လမ်းတွဲ		(ဒါရိုက်တာ-ဝင်းထွန်းထွန်း)
	"ဂုဏ်ရည်မတူတဲ့အချစ်"	၁၂:၀၀	အစီအစဉ်ပြီး၏။

တစ်နေ့ (၆)နာရီစာ (၄) ကြိမ်မြသပါမည်။

မြဝတီ

၆:၀၃	တရားတော်	၄:၅၀	မွေးမြူသုတ
၆:၂၀	မေတ္တာပို့	၅:၁၀	သာယာသီကြေးခေတ်ဆန်းတေး
၆:၂၅	ဓမ္မပူဇာတေး	၅:၂၀	မော်ဆရာနဲ့အဟော်ဆရာ
၆:၃၀	ကိုယ်လက်လှုပ်ရှားအားကစား	၅:၃၅	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
၆:၄၅	မျိုးချစ်တပ်မတော်		- အတိတ်ရဲ့ချစ်ခြင်း (အပိုင်း-၅၆)
၆:၅၅	မြန်မာသံစဉ်ချိန်းဝင်	၆:၁၅	ရင်ခုန်လှုပ်ရှားအားကစား
၇:၂၀	အမျိုးသားရေးတေးကဗျာ	၆:၃၅	Hello Miss Universe
၈:၁၀	ရှေးဟောင်းသုတ	၇:၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
၈:၂၅	DVD Hits		- ကျောင်းဒိုဂျွန်း (အပိုင်း-၈)
၈:၃၅	ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ		- ရှင်းဟွာရဲ့ဂိမ်းကမ္ဘာ
၈:၅၅	လျှပ်တစ်ပြက်		- ယနေ့ညအတွက်မြဝတီ၏
၉:၀၈	မျိုးချစ်တပ်မတော်		တေးလက်ဆောင်
၉:၂၅	ချစ်သူစုံတွဲတူယှဉ်ခွဲ		- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
၉:၄၀	ဇာတ်လမ်းတို		- ပြည်သူ့တရားရှင်ပေါင်ချိန်
၉:၄၅	ဗွီဒီယိုကျော်ကြားတေး		(ဒုတိယတွဲ) (အပိုင်း-၉)

MRTV - 4

၅:၀၀	ပဌာန်းပါဠိတော် +ဓဇဂ္ဂသုတ်		(အပိုင်း-၇၂)
၉:၀၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ	၆:၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
	"နေရောင်အောက်မှာ		"လေဟုန်စီးတဲ့ပန်းလိပ်ပြာ"
	ပွင့်သောပန်း"		(အပိုင်း-၇၃)
	(အပိုင်း-၂၄)	၈:၁၅	ရသစည်ကွန်းတမ်းများ
၉:၄၅	အနုပညာမိုးကောင်းကင်	၈:၃၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
၁၀:၁၀	ခေတ်သစ်ပျိုမေ		"နေရောင်အောက်မှာ
၁၁:၀၀	Food & Decor		ပွင့်သောပန်း"
၁၁:၃၀	MRTV-4 Stage		(အပိုင်း-၂၅)
၁:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ	၉:၂၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
	"သွေးနဲ့ရေးတဲ့		"သွေးနဲ့ရေးတဲ့
	သမိုင်းမှတ်တမ်း"		သမိုင်းမှတ်တမ်း"
	(အပိုင်း-၇)		(အပိုင်း-၈)
၂:၂၀	မြန်မာရုပ်သံဇာတ်လမ်းတွဲ	၃:၅၀	နယ်ဉ်ဆန်းထွင်ပန်းအလှဆင်
	"ဟာသကျေးရွာ"		(ချိုချဉ်ပုံစံပန်းအလှဆင်
၃:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ		ဖန်တီးမှု)
	"လေဟုန်စီးတဲ့ပန်းလိပ်ပြာ"		

mitv

- History And Mystery Behind The Caves
- Porcelain and Glass
- An Oasis Trip to Mt.Popa
- Yangon Markets: Nyaung Pin Lay Market
- Myanma Pottery
- Beach Food Delivery
- Mesmerizing Scenes or Image of Japan Part (2)
- Hip-Hop and Design
- A Famous Pagoda in the Sea
- Kay Tu Mar Lar "The Family"
- Pride of Myanmar - Bagan arts and handicrafts
- We'll Leave After 12 Passengers Are On Board ……..
- Chanmyay Yeiktha Meditation Centre- Chaw Dwin Gone
- A Visit To Today's Along-Daw-Katthapha
- National Literary Icon and Guiding Light of Myanmar Literature: Sayar Zaw Gyi (Episode-3)
- The Storytellers
- Style of Mro and Thet
- ANANDA GU PHAYA
- Herbal Medicine By Thurein (Ta Bin Dine Mya Nan) (Vitis)

မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထပွဲစဉ် မန္တလေးတွင် ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၅

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံအဆင့်မြင့် ဂေါက်သီးပညာရှင်များအသင်း (Myanmar PGA) တို့မှ ကြီးမှူးကျင်းပ၍ ကမ္ဘောဇာဏ်လီမိတက်မှ အဓိကကူညီပံ့ပိုး မည်ဖြစ်သော မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက် ပြိုင်ပွဲစတုတ္ထပွဲစဉ်အား ဇူလိုင် ၂၃ ရက်မှ ၂၆ ရက်အထိ မန္တလေးမြို့ရှိ ရေတံခွန်တောင် ဂေါက်ကွင်းတွင် ကျင်းပသွားမည် ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို ပရော်ဖက်ရှင်နယ်အဆင့်၊ အပျော်တမ်း အမျိုးသား (Handicap 0-12) အဆင့်ရှိသူများနှင့် အမျိုးသမီး (Handicap 0-24) ပြိုင်ပွဲများဟူ၍ ပါဝင်ပြီး R&A (Rules Limited St. Andrew) ဂေါက်စည်းမျဉ်းနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ကစားသမားများသည် ပြိုင်ပွဲတွင်အသုံးပြုခွင့် (Conforming) ရရှိထားသော ဂေါက်တုတ်များဖြင့် သာဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်သည်။

ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပရော်ဖက်ရှင်နယ်အဆင့်နှင့် အပျော်တမ်း အမျိုးသမီးဂေါက်သီးအားကစားမောင်မယ်များသည် ဇူလိုင် ၂၁ရက် မွန်းတည့် ၁၂ နာရီ နောက်ဆုံးထား၍ ပြိုင်ပွဲဝင်ကြေးနှင့်အတူ အမည်စာရင်းပေးသွင်းရမည်ဖြစ်သည်။ အပျော်တမ်းအဆင့် အမျိုးသားများအတွက် လူဦးရေကန့်သတ်ထားသောကြောင့် လက်ရည်စစ်ပြိုင်ပွဲအား ဇူလိုင် ၂၀ ရက်တွင်ပြုလုပ်မည်ဖြစ်ရာ ဇူလိုင် ၁၈ရက် မွန်းတည့် ၁၂ နာရီ နောက်ဆုံးထားပြီး ဖုန်း-၀၉-၂၀၃၇၆၇၁၊ ၀၉-၂၆၂၅၅၅၂ ၊ ၀၉-၂၅၄၃၂ ၀၈၁နှင့် ပြိုင်ပွဲကျင်းပမည့် ရေတံခွန်တောင်ဂေါက်ကွင်းတို့တွင် အမည်စာရင်းပေးသွင်း ရမည်ဖြစ်သည်။ (ရန်ကုန်မြို့တွင် ကျင်းပပြီးစီးပြီးဖြစ်သော ပြိုင်ပွဲတွင် အဆင့်(၁)မှ(၂၅)အထိ ဆုရရှိသူများမှာ လက်ရည်စစ်ပွဲအား ယှဉ်ပြိုင်ရန်မလိုပါ။)

ပြိုင်ပွဲဝင်များသွားလာရေးအဆင်ပြေစေရန် ရန်ကုန်မြို့ မှ မန္တလေးမြို့သို့ ဇွန် ၁၉ ရက်တွင် ကားစီစဉ်ထားရှိပေးမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ကြေးအနေဖြင့် Professional ကစားသမားများအတွက်ကျပ် ၃၀၀၀၀၊ အပျော်တမ်းအဆင့်အမျိုးသားနှင့်အမျိုးသမီးများအတွက်ကျပ် ၁၀၀၀၀ ဖြစ်ပြီး ပြိုင်ပွဲဝင်ကြေးပေးသွင်းရန်နောက်ကျသော ကစားသမားများအား ပြိုင်ပွဲအတွဲဇယားတွင် ထည့်သွင်းရေးဆွဲမည် မဟုတ်ကြောင်းသိရသည်။

ဖိုးသော်ဇင်

မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌဖလား ဆုချီးမြှင့်ပွဲကျင်းပ

ဟသ်တ ဇူလိုင် ၁၅

ရောဝတီတိုင်းဒေသကြီး ဟသ်တမြို့နယ်၌ Township Sports Development Programme အရ ပထမအကြိမ်ကျင်းပသော မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌဖလား ဘော်လီဘော၊ ဘတ်စကက်ဘော၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုချီးမြှင့်ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၁၄ရက် နံနက် ၉ နာရီက ဟသ်တမိုးလုံ လေလုံအားကစားရုံ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်အောင်ဝင်း၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အားကစားဝါသနာရှင်များ၊ ပြိုင်ပွဲဝင်ဆုရ အားကစားသမားများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဘော်လီဘော ပြိုင်ပွဲ၌ ပထမ၊ ဒုတိယ၊ တတိယဆုများကို မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ အဖွဲ့ဝင် ဦးမြသောင်းကလည်းကောင်း၊ အမျိုးသား ဘတ်စကက်ဘောပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုများကို မြို့နယ် ပညာရေးဌာနမှအားကစားတာဝန်ခံ ဦးဇော်မင်းကလည်းကောင်း၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုများကို ငါးလုပ်ငန်းဦးစီးဌာနမှ ဒု-ဦးစီးမှူး ဒေါ်နှင်းရီစိုးကလည်းကောင်း၊ ပိုက်ကျော်ခြင်း ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုများကို မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဖုန်းလွင်တို့က လည်းကောင်း အသီးသီးဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြိုင်ပွဲဝင်ဆုရအသင်းများနှင့်ပြိုင်ပွဲဝင်အားကစားသမားများအား မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်းသိရသည်။ **ကျော်ကျော်(ဟသ်တ)**

မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲကျင်းပ

ကလေးဝ ဇူလိုင် ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်တွင် ကိုယ်ပိုင်အရည်အချင်းရှိပြီးထုတ်ဖော်ပြသခွင့်မရရှိကြသော ရွက်ပုန်းသီး အားကစားသမားများ ပေါ်ထွက်လာစေရေးနှင့် အားကစားသမားကောင်းများကို မြေတောင်မြှောက်ပေးနိုင်ရေးတို့အတွက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဇူလိုင် ၁၅ ရက် နံနက် ၉ နာရီက မြို့နယ်ပို့ဆောင်ရေး ညှိနှိုင်းမှုကော်မတီရုံးရှေ့တွင် ကျင်းပရာ အသင်း ၁၄ သင်းပါဝင်ယှဉ်ပြိုင်ခဲ့သည်။

အဆိုပါ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အကောင်းဆုံး နှစ်သင်းကို ပထမ၊ ဒုတိယဆုများပေးအပ်ချီးမြှင့်မည်ဖြစ်ပြီး ပြိုင်ပွဲမှအကောင်းဆုံးကစားသမားများကို ရွေးချယ်၍ ကလေးခရိုင်သို့ သွားရောက်ယှဉ်ပြိုင်မည်ဟု ပိုက်ကျော်ခြင်းကော်မတီဥက္ကဋ္ဌ ဦးမြင်င်းကပြောကြားခဲ့သည်။

သီဟ(iprd)

အာဆင်နယ်၏ ပရီမီယာလီဂ်အဖွင့်ပွဲစဉ် ဆန်းချက်ဇ်လွဲချော်မည်

အာဆင်နယ်တိုက်စစ်မှူး ဆန်းချက်ဇ်သည် အာဆင်နယ်အသင်း၏ ပရီမီယာလီဂ် အဖွင့်ပွဲစဉ်တွင် လွဲချော်မည်ဖြစ်ကြောင်းသိရသည်။

အသက်(၂၆)နှစ်အရွယ်ရှိ တိုက်စစ်မှူး ဆန်းချက်ဇ်သည် ပြီးခဲ့သည့် ဘောလုံးရာသီက အာဆင်နယ်အသင်းအတွက် သွင်းဂိုး ၂၅ ဂိုးသွင်းယူပေးခဲ့ပြီး အာစင်ဝင်းဂါး၏ အာဆင်နယ်အသင်းအား ရာသီကုန်တွင် ပရီမီယာလီဂ် အမှတ်ပေးဇယားတတိယနေရာတွင် ရပ်တည်နိုင်အောင်စွမ်းဆောင်ပေးနိုင်ခဲ့သည်။ ထို့ပြင်အာဆင်နယ်အသင်းသည် အက်ဖ်အေဖလားကိုလည်း ဆွတ်ခူးနိုင်ခဲ့သည်။

ဆန်းချက်ဇ်သည် ချီလီနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် ကိုပါအမေရိကဖလားပြိုင်ပွဲတွင်လည်း ချီလီအသင်းအား ပထမဆုံးအကြိမ် ကိုပါအမေရိကဖလားရယူဆွတ်ခူးနိုင်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့်ကစားသမားများအနက် တစ်ဦးအပါအဝင်လည်းဖြစ်သည်။

သို့သော် အာဆင်နယ်၏ ၂၀၁၅-၂၀၁၆ ဘောလုံးရာသီ ပရီမီယာလီဂ် အဖွင့်ပွဲစဉ်တွင် ဆန်းချက်ဇ်ပါဝင်လာနိုင်မည်မဟုတ်ဘဲ ဩဂုတ် ၃ ရက်အထိ အာဆင်နယ်အသင်း၏ လေ့ကျင့်ရေးကွင်းသို့ ပြန်လာနိုင်မည်မဟုတ်ကြောင်း နည်းပြအာစင်ဝင်းဂါးက ထုတ်ဖော်ပြောကြားလိုက်သည်။

ထို့ကြောင့် တိုက်စစ်မှူး ဆန်းချက်ဇ်သည် ဩဂုတ် ၂ ရက်တွင် ချယ်လ်ဆီးအသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ကွန်မြူနာတီဒိုင်းလုပ္ပဲတွင်လည်း ပါဝင်လာနိုင်မည်မဟုတ်ပေ။ အာဆင်နယ်အသင်းသည် ပရီမီယာလီဂ်အဖွင့်ပွဲစဉ်အဖြစ် ဩဂုတ် ၉ ရက်တွင် ဝက်စ်ဟမ်းအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အဆိုပါပွဲစဉ်အပြင် ခရစ္စတယ်ပဲလေ့အသင်း၊ လီဗာပူးအသင်းစသည့်အသင်းများနှင့် ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များတွင်လည်း တိုက်စစ်မှူးဆန်းချက်ဇ် လွဲချော်ဖွယ်ရှိနေကြောင်း သိရသည်။

နိုင်လင်းကြည်

ဒီမာရီယာအား ပေါင် ၄၃ သန်းပေး၍ ခေါ်ယူရန် ပီအက်စ်ဂျီဆန္ဒရှိနေ

ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းသည် မန်ယူအသင်းမှ အာဂျင်တီးနားတောင်ပံကစားသမား ဒီမာရီယာအား ပြောင်းရွှေ့ကြေးပေါင် ၄၃ သန်းပေး၍ ခေါ်ယူရန်ဆန္ဒရှိနေကြောင်း သိရသည်။

ပီအက်စ်ဂျီအသင်းသည် ရာသီအကြိုပွဲစဉ်များအဖြစ် ဇူလိုင် ၁၉ ရက်တွင် ဘင်ဖီကာအသင်းနှင့်လည်းကောင်း၊ ဇူလိုင် ၂၂ ရက်တွင် ဖီအိုရင်တီးနားအသင်းနှင့်လည်းကောင်း၊ ဇူလိုင် ၂၅ ရက်တွင် ချယ်လ်ဆီးအသင်းနှင့်လည်းကောင်း၊ ဇူလိုင် ၃၀ ရက်တွင် မန်ယူအသင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး အဆိုပါရာသီအကြိုပွဲစဉ်များကစားစဉ်ကာလအတွင်း တောင်ပံကစားသမား ဒီမာရီယာအား ပြင်သစ်မြေအရောက်ခေါ်ယူရန် စီစဉ်နေကြောင်းသိရသည်။

တောင်ပံကစားသမား ဒီမာရီယာသည် ပြီးခဲ့သည့်ဘောလုံးရာသီက ရီးယဲလ်မက်ဒရစ်အသင်းမှ ပြောင်းရွှေ့ကြေးပေါင် ၅၉ ဒသမ ၇ သန်းဖြင့် မန်ယူအသင်းသို့ ပြောင်းရွှေ့လာခဲ့သော်လည်း ပုံမှန်ပွဲထွက်ကစားခွင့်ရရန် ရုန်းကန်ခဲ့ရသူဖြစ်သည်။ သို့ရာတွင် အသက်(၂၇)နှစ်အရွယ်ရှိ တောင်ပံကစားသမား ဒီမာရီယာသည် မန်ယူအသင်းအတွက် ပရီမီယာလီဂ်ပွဲပေါင်း ၂၀ ပါဝင်ကစားပေးခဲ့သည်။

ပီအက်စ်ဂျီအသင်းသည် တောင်ပံကစားသမား ဒီမာရီယာအပြင် စပါးကွင်းလယ်ကစားသမား စတမ်ဘူလီကိုလည်း ခေါ်ယူရန်ပစ်မှတ်ထားလျက်ရှိပြီး ပြင်သစ်ကွင်းလယ်ကစားသမား စတမ်ဘူလီ အနေဖြင့် ဝက်ဖို့ဒ်အသင်းသို့ ပြောင်းရွှေ့ကစားရန် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ပီအက်စ်ဂျီအသင်းအနေဖြင့် တောင်ပံကစားသမားဒီမာရီယာအားခေါ်ယူရန် စိတ်ဝင်စားနေကြောင်း ကိုမူ ဇူလိုင် ၁၂ ရက်တွင် ပီအက်စ်ဂျီအသင်းနည်းပြ လော်ရင့်ဘလန့်က အခိုင်အမာပြောကြားခဲ့ခြင်းဖြစ်သည်။

ငွေကြယ်

ကားလ်ဂျန်ကင်ဆန် ဝက်စ်ဟမ်းသို့ အငှားဖြင့် သွားရောက်ကစား

အာဆင်နယ်အသင်း၏ ညာနောက်ခံ ကစားသမား ကားလ်ဂျန်ကင်ဆန်သည် အာဆင်နယ်အသင်းနှင့် စာချုပ်သစ်တစ်ရပ်ချုပ်ဆိုခဲ့သော်လည်း ဝက်စ်ဟမ်းအသင်းသို့ အငှားစာချုပ်ဖြင့် တစ်ရာသီသွားရောက်ကစားမည်ဖြစ်ကြောင်း သိရသည်။

ညာနောက်ခံ ကစားသမား ဂျန်ကင်ဆန်သည် ၂၀၁၄-၂၀၁၅ ဘောလုံးရာသီကလည်း ဝက်စ်ဟမ်းအသင်းသို့ အငှားဖြင့်သွားရောက်ကစားခဲ့ပြီး ဝက်စ်ဟမ်းအသင်းနှင့်အတူ ပြိုင်ပွဲအရပ်ရပ်၌ ပွဲပေါင်း ၃၆ ပွဲပါဝင်ကစားပေးခဲ့သည်။

ဝက်စ်ဟမ်းအသင်းသည် ဆန်းဒါးလန်းအသင်းနှင့်အပြိုင် ဂျန်ကင်ဆန်အား အမြဲတမ်းစာချုပ်တစ်ရပ်ချုပ်ဆိုခေါ်ယူရန် အာဆင်နယ်အသင်းနှင့် ဆွေးနွေးမှုများပြုလုပ်ခဲ့သော်လည်း လက်ရှိတွင် အငှားစာချုပ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

"ဝက်စ်ဟမ်းအသင်းမှာ ပြီးခဲ့တဲ့နှစ်က အငှားနဲ့ သွားရောက်ကစားခဲ့သလို အခုထပ်ပြီး အငှားနဲ့ သွားကစားရလို့ တကယ်ပျော်ရွှင်မိပါတယ်။ ပြီးခဲ့တဲ့ ရာသီက ဝက်စ်ဟမ်းအသင်းအတွက် ရလဒ်ကောင်းတဲ့နှစ်တစ်နှစ်ဖြစ်ခဲ့တဲ့အပြင် ကျွန်တော့်အတွက်လည်း အများကြီးအကျိုးရှိစေခဲ့ပါတယ်" ဟု ဂျန်ကင်ဆန်က ဝက်စ်ဟမ်းအသင်း၏ တရားဝင်ဝက်ဘ်ဆိုက်မှတစ်ဆင့် ပြောကြားခဲ့သည်။

ငွေကြယ်

အားကစားမြို့တင် စိတ်လန်းရှင် ဆန့်ကျင်မှုယစ်ဆေး

ဆောက်လုပ်ဆဲ လေးထပ်တိုက်ပေါ်မှ ပြုတ်ကျသေဆုံး

မန္တလေး ဇူလိုင် ၁၅

မဟာအောင်မြေမြို့နယ် စကြ်ာနွယ်စဉ်ရပ်ကွက် (၃၇)လမ်းနှင့်(၃၈)လမ်းကြား ဇီဝကလမ်းသွယ်ရှိ ဆောက်လုပ်ဆဲ လေးထပ်တိုက် အဆောက်အအုံပေါ်မှ ဇူလိုင် ၁၂ ရက် ညနေ ၃ နာရီက လူတစ်ဦးပြုတ်ကျသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ထွန်းမင်း(၂၃)နှစ် (လက်သမား) ဒေါနဘွားရပ်ကွက် အောင်မြေသာစံမြို့နယ်နေသူသည် မဟာအောင်မြေမြို့နယ် စကြ်ာနွယ်စဉ်ရပ်ကွက်(၃၇)လမ်းနှင့်(၃၈)လမ်းကြားဇီဝကလမ်းသွယ်ရှိ ဆောက်လုပ်ဆဲ လေးထပ်တိုက်အဆောက်အအုံ လေးလွှာ၌ ကွန်ကရစ်လောင်းရာတွင် ထောက်ထားသည့်သစ်သားတိုင်အား ဖြုတ်ရာမှ အရှိန်လွန်၍ ပြုတ်ကျကာ ယာမျက်ခုံးပေါက်ပြဲ၊ နောက်ကျောပွန်းပဲ့ဒဏ်ရာများဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးခြင်းဖြစ်ကြောင်း သိရသည်။

မောင်ပြည်သူ(မန္တလေး)

အောင်ငဲ (ခ) ဇမ္ဗူသက်အောင်လွင်ထွန်းအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

တောင်ကြီးတွင် စိတ်ကြွရှူးသွပ်ဆေးပြား ၃၉၀ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၁၅

မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးနှင့် မူးယစ်တပ်ဖွဲ့စု(၁၀၃)နေပြည်တော်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၃ ရက်က တောင်ကြီးမြို့ ရေအေးကွင်းရပ်ကွက် မြရတနာလမ်းနေ အောင်ငဲ(ခ)ဇမ္ဗူသက်အောင်လွင်ထွန်း၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရှူးသွပ်ဆေးပြား ၃၉၀ သိမ်းဆည်းရမိသဖြင့် အောင်ငဲ(ခ)ဇမ္ဗူသက်အောင်လွင်ထွန်း (၂၂) နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

(ကြေးမုံ)

အရှိန်မထိန်းနိုင်သည့်ယာဉ် တစ်ဖက်ယာဉ်ကြောရှိ ဆိုင်ကယ်အား တိုက်မိ

ရေနံချောင်း ဇူလိုင် ၁၅

ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် (၃၅၆/၄)အနီးတွင် ဇူလိုင် ၁၃ ရက်က ယာဉ်တိုက်မှုဖြစ်ပွားပြီး ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့ ညနေ၄နာရီခွဲခန့်က ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ်(၃၅၆/၄)အနီးတွင် ရန်ကုန်-မန္တလေး ကားလမ်းအတိုင်း ရေနံချောင်းမြို့နယ် ယင်းမချောင်း သဘာဝဓာတ်ငွေ့ထပ်ဆင့်တွန်းစက်ရုံတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းပြုပြင်ရေးလုပ်ငန်းလုပ်ကိုင်သူ တရုတ်နိုင်ငံသား Mr Zhuang Deyan (z) Mr Zhuang Zhixuc မောင်းနှင်သည့် YGN 6I/--- ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိပြီး ၎င်းလမ်းအတိုင်း မကွေးမြို့မှ ရေနံချောင်းမြို့သို့ ဟိန်းမင်းလတ်(၂၂)နှစ် ရေနံချောင်းမြို့ ဇီးပင်ကန်ရပ်ကွက်နေသူ မောင်းနှင်သည့် ဒါရမ်း 125 ဆိုင်ကယ်တို့ တိုက်မိသဖြင့် ဟိန်းမင်းလတ်တွင် ဒဏ်ရာများရရှိသဖြင့် ယာဉ်မောင်းနှင်သူ Mr Zhuang Deyan အား ရေနံချောင်းမြို့နယ် ညောင်လှနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

မောင်ညီညာ(မြေလတ်)

ပရိုဘောက်ယာဉ်နှင့် ဆိုင်ကယ် မျက်နှာချင်းဆိုင်တိုက်မိ ဆိုင်ကယ်စီးလာသူများ သေဆုံး

နေပြည်တော် ဇူလိုင် ၁၅

ရောဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် အညာတန်းကျေးရွာအနီး ပုသိမ်-ရန်ကုန်ကားလမ်း မိုင်တိုင်အမှတ်(၁၁/၄-၅)ကြားတွင် ဇူလိုင် ၁၃ ရက်က ပရိုဘောက်ယာဉ်နှင့် ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင် တိုက်မိပြီး ဆိုင်ကယ်စီးလာသူများ သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့ မွန်းလွဲ ၂ နာရီ ၁၀ မိနစ်က ပုသိမ်ဘက်မှ ရန်ကုန်ဘက်သို့ ရန်ကုန်တိုင်းဒေသကြီး တောင်ဒဂုံမြို့နယ်နေ ကိုငယ်(ခ) ကျော်မျိုးမင်း(၄၁)နှစ်မောင်းနှင်သော 4F/--- ပရိုဘောက်ယာဉ်နှင့် ပုသိမ်မြို့နယ် ရေသိုးကုန်းကျေးရွာနေ ဟာရှင်(ခ)တင်ဦး(၂၇)နှစ် မောင်းနှင်ပြီး တစ်ရွာတည်းနေသူများဖြစ်သော ဌက်ကြား(၂၅)နှစ်နှင့် ကျော်စိုးပိုင်(၂၅)နှစ်တို့လိုက်ပါလာသည့် ကန်ဘို-110 ဆိုင်ကယ်တို့ ပုသိမ်-ရန်ကုန်ကားလမ်း မိုင်တိုင်အမှတ်(၁၁/၄-၅)ကြားတွင် မျက်နှာချင်းဆိုင်တိုက်မိခဲ့သည်။

ထိုသို့တိုက်မိမှုကြောင့် ဟာရှင်(ခ)တင်ဦး၊ ဌက်ကြားနှင့် ကျော်စိုးပိုင်တို့တွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားသဖြင့် ကိုငယ်(ခ)ကျော်မျိုးမင်းအား ကန်ကြီးထောင့်မြို့မ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ကြေးမုံ)

လင်ခရူဆာကားချောက်အတွင်းတိမ်းမှောက်၍ အမျိုးသားသုံးဦးသေဆုံး

ဂန့်ဂေါ ဇူလိုင် ၁၅

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် ထီးလင်း-ဂန့်ဂေါကားလမ်းတွင် ဇူလိုင် ၁၄ ရက် နံနက်ပိုင်းက ယာဉ်တစ်စီးချောက်အတွင်း ထိုးကျတိမ်းမှောက်ခဲ့သောကြောင့် အမျိုးသား သုံးဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၄ ရက် နံနက် ၇ နာရီက ထီးလင်း-ဂန့်ဂေါကားလမ်း မိုင်တိုင်အမှတ် (၉၂/ ၂)နှင့် (၉၂/၃)အကြား တွင် ဂန့်ဂေါမြို့ဘက်မှ ထီးလင်းမြို့ဘက်သို့ ယာဉ်မောင်း ဝင်းမြင့်အောင် (၃၈)နှစ် ဘိုကုန်းကျေးရွာ မတ္တရာမြို့နယ်နေသူ မောင်းနှင်သော YGN 4A /--- လင်ခရူဆာ မီးခိုးရောင်ယာဉ်ပေါ်တွင် သန်းစိုးလင်း (အသက် စုံစမ်းဆဲ) ကမ္မရွာ ပခုက္ကူမြို့နယ်နေသူနှင့် ဇာနည်တိုး(၂၅)နှစ် မုံရွာမြို့နေသူ လိုက်ပါပြီး တရားမဝင် တမလန်းခွဲသား ခြောက်တုံး (သုည ဒသမ ၅၉၄၄)တန်အား တင်ဆောင်မောင်းနှင်လာစဉ် မိုင်တိုင်(၉၂/ ၂)နှင့် (၉၂/၃)အကြား တောမလမ်းဆုံအနီးတွင် လမ်း၏ ဝဲဘက်ခြမ်းရှိ ရှစ်ပေခန့် နက်သော ချောက်အတွင်းသို့ တိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်ကြောင့် သန်းစိုးလင်းနှင့် ဇာနည်တိုးတို့သည် ဒဏ်ရာများဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ပြီး ယာဉ်မောင်း ဝင်းမြင့်အောင်တွင် ဒဏ်ရာများ ရရှိခဲ့သောကြောင့် ဆေးမင်းတောတိုက်နယ်ဆေးရုံသို့ပို့ဆောင်ဆေးကုသမှုခံယူစဉ် သေဆုံးသွားခဲ့ကြောင်းသိရသည်။ **(ကျော်ဇေယျ)**

အမျိုးသမီးတစ်ဦး ပိုးသတ်ဆေးရည် သောက်၍ သေဆုံး

ရေနံချောင်း ဇူလိုင် ၁၅

မကွေးတိုင်းဒေသကြီး မကွေးခရိုင် ရေနံချောင်းမြို့နယ်တွင် ဇူလိုင် ၁၃ ရက် ညပိုင်းက အမျိုးသမီးတစ်ဦး ပိုးသတ်ဆေးရည်သောက်၍ သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်အရ သေဆုံးသူမှာ ရေနံချောင်းမြို့နယ် ရွာသာအေးကျေးရွာနေ ဒေါ်သိန်းညွန့် (၅၆)နှစ်ဖြစ်ပြီး ဇူလိုင် ၁၂ ရက် ည ၁၁နာရီခန့်တွင် ၎င်း၏ခင်ပွန်းဖြစ်သူ ဦးဘိုစိန်(ခ) သောင်းနိုင်ဦးနှင့် စကားများရန်ဖြစ်ပြီး ဒေါ်သိန်းညွန့်က နေအိမ်ပေါ်တက်ကာ ပိုးသတ်ဆေးရည်အား သောက်ပြီး အော့အန်နေသဖြင့် ပတ်ဝန်းကျင်နေအိမ်များမှ ပိုင်းဝန်းပြုစု၍ သက်သာလာသော်လည်း ဇူလိုင် ၁၃ ရက် ညနေပိုင်းတွင် သေဆုံးခဲ့ကြောင်း သိရသည်။

သန်းနိုင်ဦး(ငဖဲ)

ဝိုင်းမော်တွင် ဘိန်းစိမ်းများ သိမ်းဆည်းရမိ

ဝိုင်းမော် ဇူလိုင် ၁၅

မူးယစ်တပ်ဖွဲ့စု(၂)မြစ်ကြီးနားမှ ရဲအုပ်ခင်မောင်ဆွေမင်း ဦးစီးသောတပ်ဖွဲ့ဝင်များသည် ဇူလိုင် ၁၁ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်ခန့်တွင် ဝိုင်းမော်မြို့နယ် တန်ဘောင်ကျေးရွာအနီးဝိုင်းမော်-ကန်ပိုက်တီကားလမ်းဘေး၌ စောင့်ဆိုင်းနေစဉ် ကန်ပိုက်တီမြို့မှ မြစ်ကြီးနားမြို့သို့ တင်မြင့်မောင်းနှင်သော KENBO 125 ဆိုင်ကယ်ကိုရှာဖွေရာ ဘိန်းစိမ်းအလေးချိန် (၁ ဒသမ ၂၅ ကီလိုဂရမ်)ခန့် သိမ်းဆည်းရမိခဲ့သဖြင့် ဦးတင်မြင့်(၅၃)နှစ် မြို့သစ်ကြီးရပ်ကွက် မြစ်ကြီးနားမြို့နေသူအား ဝိုင်းမော်မြို့ မြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(၄၉၉)

ညီအစ်ကိုဝမ်းကွဲနှစ်ဦး စကားများရာမှ တုတ်ဖြင့်ရိုက်၍ သေဆုံး

ကံမ ဇူလိုင် ၁၅

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ် မုန်းဒါးကျေးရွာအုပ်စု ရေပုတ်တဲတိုက်နေသူ ဇင်မျိုးဝေ (၂၁)နှစ်နှင့် ညီအစ်ကိုဝမ်းကွဲ တော်စပ်သူ ကျော်ဇင်ဦး (၂၁)နှစ်တို့မှာ အရက်အတူသောက်စားမူးယစ်ပြီး ယခင်က ရည်းစားလုခဲ့သည့်ကိစ္စနှင့်ပတ်သက်၍ မကျေနပ်ဖြစ်ကာ သဖန်းညိုတဲတိုက်အနီးတွင် စကားများရန်ဖြစ်ခဲ့ကြသည်။

ရန်ပွဲတွင် ကျော်ဇင်ဦးက ဇင်မျိုးဝေအား တစ်တောင့်ထွာ ခန့်ရှိ သစ်ကိုင်းတုတ်ဖြင့် ရိုက်သဖြင့် ဇင်မျိုးဝေတွင် ဒဏ်ရာများရရှိသေဆုံးသွားရာ ကျော်ဇင်ဦးအား ကံမမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(မြန်/ဆက်)

ကော့သောင်းတွင် စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိ

ကော့သောင်း ဇူလိုင် ၁၅

ကော့သောင်းမြို့နယ် ဂျလန်းကျွန်းရွာနေ ရဲထွန်းဆိုသူသည် ဇူလိုင် ၉ ရက်က ကော့သောင်းမြို့သို့လာရောက်ပြီး မူးယစ်ဆေးဝါးဖြန့်ဖြူးရောင်းချနေကြောင်း သတင်းအရ နယ်ထိန်းခေါင်းဆောင်နှင့် တပ်ဖွဲ့ဝင်များ လိုက်လံစုံစမ်းဖမ်းဆီးခဲ့ရာ ယင်းနေ့ ညနေပိုင်းတွင် ရွှေဟင်္သာရပ်ကွက် ရေခဲစက်လမ်းကျောက်တံတားရေဆိပ်တွင် ရဲထွန်းနှင့်အတူ စိတ်ကြွဆေးပြား ၁၆၇၇ ပြား သိမ်းဆည်းရမိသဖြင့် ကော့သောင်းရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကျော်စိုး(ကော့သောင်း)

ကြေးမုံ

ပြည်ထောင်စု ကျန်းမာရေးဝန်ကြီးဌာန ကြေညာချက်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းမှ ကမ္ဘာ့ကျန်းမာရေးကိုခြိမ်းခြောက်နေသော ကိုယ်ခံအားကင်းမဲ့ရောဂါ (HIV) ကူးစက်ခြင်းကို ကာကွယ်ရန်ရည်ရွယ်ချက်ဖြင့် ကုန်းရိုးတန်းရေကြောင်းသုံးကားများ ဆိုက်ကပ်ရာ ဆိပ်ကမ်းများ၊ ကုန်းပေါ်ရေကြောင်းသုံးကားများ ရပ်နားရာ ဘူတာများ ရှိသော ကုန်းရိုးတန်းရေကြောင်းသုံးကားလိုင်းများ ပြုလုပ်ကြသော ကုမ္ပဏီများ ကုန်းရိုးတန်းရေကြောင်းသုံးကား

ဘွိုင်လာဥပဒေပြဋ္ဌာန်း

ယမန်နေ့မှအဆက်

အခန်း(၆)

ဘွိုင်လာထုတ်လုပ်သူနှင့် တင်သွင်းသူများ၏တာဝန်နှင့် ဆောင်ရွက်နိုင်ခွင့်များ

၂၅။ ဘွိုင်လာ ထုတ်လုပ်သူသည်-

(က) ဝန်ကြီးဌာနသို့ လျှောက်ထား၍ ခွင့်ပြုချက်ရရှိမှသာ ထုတ်လုပ်မှုကို ဆောင်ရွက်ရမည်။

(ခ) ထုတ်လုပ်ခွင့်ရရှိပါက မြန်မာနိုင်ငံစံချိန်စံညွှန်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများနှင့် ညီညွတ်သော ဘွိုင်လာများသာ ထုတ်လုပ်ရမည်။

(ဂ) ဘွိုင်လာထုတ်လုပ်ခြင်းနှင့်သက်ဆိုင်သည့် နည်းပညာနှင့် သွင်းအားစုများကို တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်ရာ အစိုးရဌာနနှင့် အဖိုးရအဖွဲ့အစည်းများထံ လျှောက်ထားခွင့်ရှိသည်။

၂၆။ ဘွိုင်လာတင်သွင်းသူသည် ပြည်ပမှ ဘွိုင်လာများကိုတင်သွင်းရာတွင် မြန်မာနိုင်ငံစံချိန်စံညွှန်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများနှင့် ညီညွတ်သော ဘွိုင်လာများကိုသာ တင်သွင်းရမည်။

အခန်း(၇)

ဘွိုင်လာပြုပြင်သူ၏တာဝန်နှင့် ဆောင်ရွက်နိုင်ခွင့်များ

၂၇။ (က) ဘွိုင်လာပြုပြင်သူလက်မှတ်ရရှိလိုသူသည် သက်ဆိုင်ရာစစ်ဆေးရေးမှူးထံ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ခ) ဘွိုင်လာပြုပြင်သူသည် ဘွိုင်လာပြုပြင်သူလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

၂၈။ ဘွိုင်လာပြုပြင်သူသည်-

(က) စစ်ဆေးရေးမှူးက ပြုပြင်ရန်ညွှန်ကြားစာ ထုတ်ပေးထားသည့် ဘွိုင်လာကို ပိုင်ရှင်၏ သဘောတူညီချက်ဖြင့် ပြုပြင်ခွင့်ရှိသည်။

(ခ) စစ်ဆေးရေးမှူးက ပြုပြင်ရန်ညွှန်ကြားစာ ထုတ်ပေးထားခြင်းမရှိသော ဘွိုင်လာကို မိမိ၏ဆန္ဒအလျောက်ဖြစ်စေ၊ ပိုင်ရှင်၏ အပ်နှံချက်အရဖြစ်စေ ပြုပြင်ခြင်းမပြုရ။

အခန်း(၈)

ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူ၏တာဝန်နှင့်ဆောင်ရွက်နိုင်ခွင့်များ

၂၉။ (က) ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူလက်မှတ်ရရှိလိုသူသည် သက်ဆိုင်ရာစစ်ဆေးရေးမှူးထံ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်။

(ခ) ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူသည် ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူ လက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

၃၀။ ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူသည်-

(က) အသုံးပြုခွင့်လက်မှတ် သို့မဟုတ် ယာယီအသုံးပြုခွင့်လက်မှတ် ထုတ်ပေးထားသည့် ဘွိုင်လာကို ပိုင်ရှင်၏သဘောတူညီချက်ဖြင့် ကိုင်တွယ်ထိန်းသိမ်းခွင့်ရှိသည်။

(ခ) အသုံးပြုခွင့်လက်မှတ် သို့မဟုတ် ယာယီအသုံးပြုခွင့်လက်မှတ် ထုတ်ပေးထားခြင်းမရှိသော ဘွိုင်လာကို မိမိဆန္ဒအလျောက်ဖြစ်စေ၊ ပိုင်ရှင်မှတာဝန်ပေးအပ်ချက်အရဖြစ်စေ ကိုင်တွယ်ထိန်းသိမ်းခြင်းမပြုရ။

၃၁။ ဘွိုင်လာကိုင်တွယ် ထိန်းသိမ်းသူသည် ဘွိုင်လာကို ခွင့်ပြုဖိအားထက်ကျော်လွန်၍ မသုံးရ။

အခန်း(၉)

စစ်ဆေးရေးမှူး၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၃၂။ စစ်ဆေးရေးမှူးသည် ပုဒ်မ ၁၂၊ ပုဒ်မခွဲ (က) အရ မှတ်ပုံတင်ပေးရန် ပိုင်ရှင်ထံမှ လျှောက်လွှာကို လက်ခံရရှိသည့်အခါ-

(က) လျှောက်လွှာကို လက်ခံရရှိသည့် နေ့ရက်မှစ၍ ၁၅ ရက်အတွင်း ဘွိုင်လာကို စစ်ဆေးရမည်။ စစ်ဆေးမည့်ရက်ကို အနည်းဆုံး ၅ ရက် ကြိုတင်၍ ပိုင်ရှင်ထံ အကြောင်းကြားရမည်။

(ခ) မြန်မာနိုင်ငံစံချိန်စံညွှန်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီ ဘွိုင်လာကိုစစ်ဆေးပြီးနောက် မှတ်ပုံတင်ရန် ခွင့်ပြုသင့်သည်ဟုယူဆပါက သင့်လျော်သော ခွင့်ပြုဖိအားဖြင့် ယာယီအသုံးပြုခွင့်လက်မှတ်ကို ထုတ်ပေးနိုင်သည်။ ထိုသို့ထုတ်ပေးသည့်အခါ စစ်ဆေးတွေ့ရှိချက်ကို မိမိ၏သဘောထားမှတ်ချက်နှင့်အတူ စစ်ဆေးရေးမှူးချုပ်ထံ အစီရင်ခံရမည်။

(ဂ) ဘွိုင်လာကို စစ်ဆေးပြီးနောက် မှတ်ပုံတင်ပေးရန် သင့်သည်ဟု ယူဆလျှင်ဖြစ်စေ၊ မှတ်ပုံတင်ပေးရန်မသင့်ဟု ယူဆလျှင်ဖြစ်စေ ပိုင်ရှင်ထံစာဖြင့် အမြန်ဆုံးအကြောင်းကြားရမည့်အပြင် စစ်ဆေးရေးမှူးချုပ်အား အစီရင်ခံရမည်။

၃၃။ စစ်ဆေးရေးမှူးသည် စစ်ဆေးရေးမှူးချုပ်၏ ညွှန်ကြားချက်နှင့်အညီ ထပ်မံ၍စစ်ဆေးခြင်း ပြုလုပ်ပြီးနောက် အသုံးပြုခွင့်လက်မှတ်ကိုထုတ်ပေးရန် သင့် မသင့်နှင့်စပ်လျဉ်း၍ ယာယီအသုံးပြုခွင့် လက်မှတ်သက်တမ်းမကုန်မီ စစ်ဆေးရေးမှူးချုပ်ထံ တင်ပြရမည်။ အသုံးပြုခွင့်လက်မှတ် ထုတ်ပေးသင့်သည်ဟုယူဆပါက ကိုယ်တိုင်လက်မှတ်ရေးထိုးထားသည့် အသုံးပြုခွင့်လက်မှတ်ကို ပူးတွဲတင်ပြရမည်။

၃၄။ စစ်ဆေးရေးမှူးသည် ပုဒ်မ ၁၃၊ ပုဒ်မခွဲ (က) အရ အသုံးပြုခွင့်လက်မှတ် သက်တမ်းတိုးမြှင့်ပေးရန် ပိုင်ရှင်ထံမှ လျှောက်လွှာကိုလက်ခံရရှိသည့်အခါ-

(က) လျှောက်လွှာကို လက်ခံရရှိသည့်နေ့ရက်မှစ၍ ၁၅ ရက်အတွင်း ဘွိုင်လာကို စစ်ဆေးရမည်။ စစ်ဆေးမည့်ရက်ကို အနည်းဆုံး ၅ ရက် ကြိုတင်၍ ပိုင်ရှင်ထံအကြောင်းကြားရမည်။

(ခ) အသုံးပြုခွင့်လက်မှတ်ကို ထုတ်ပေးသင့်သည်ဟု ယူဆပါက စစ်ဆေးတွေ့ရှိချက်ကို မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ စစ်ဆေးရေးမှူးချုပ်ထံ အစီရင်ခံရမည်။ ကိုယ်တိုင် လက်မှတ်ရေးထိုးထားသည့် အသုံးပြုခွင့်လက်မှတ်ကို ပူးတွဲတင်ပြရမည်။

(ဂ) ပုဒ်မခွဲ (ခ)အရ ဆောင်ရွက်ထားဆဲတွင် သင့်လျော်သောခွင့်ပြုဖိအားဖြင့် ယာယီအသုံးပြုခွင့် လက်မှတ်ကို ထုတ်ပေးနိုင်သည်။

၃၅။ စစ်ဆေးရေးမှူးသည် ပုဒ်မ ၁၃၊ ပုဒ်မခွဲ (က) အရ လျှောက်လွှာကို လက်ခံရရှိပြီးနောက် ဘွိုင်လာကိုစစ်ဆေးသည့်အခါ အောက်ပါအချက်တစ်ရပ်ရပ်တွေ့ရှိပါက မိမိ၏တွေ့ရှိချက်ကို ပိုင်ရှင်ထံစာဖြင့် အမြန်ဆုံးအကြောင်းကြားရမည့်အပြင် စစ်ဆေးရေးမှူးချုပ်ထံ အစီရင်ခံရမည်-

(က) အသုံးပြုခွင့်လက်မှတ် သက်တမ်းကို လျှော့ချရန် လိုအပ်ခြင်း၊

(ခ) ခွင့်ပြုဖိအား တိုးမြှင့်ရန် သို့မဟုတ် လျှော့ချရန် လိုအပ်ခြင်း၊

(ဂ) ဘွိုင်လာ၊ ရေနွေးငွေ့ပိုက် သို့မဟုတ် ရေသွင်းပိုက်တစ်ခုခုကိုဖြစ်စေ၊ ယင်းဘွိုင်လာ၊ ရေနွေးငွေ့ပိုက် သို့မဟုတ် ရေသွင်းပိုက်တစ်ခုခုတွင် တပ်ဆင်ထားသည့် ဖိအားခံ အစိတ်အပိုင်းတစ်ခုခုကိုဖြစ်စေ၊ ပြုပြင်ရန်၊ ပြောင်းလဲရန်၊ ဖြည့်စွက်ရန် သို့မဟုတ် အသစ်လဲရန် လိုအပ်ခြင်း၊

(ဃ) ဘွိုင်လာ၏အခြေအနေသည် ပြုပြင်သုံးစွဲ၍ မရနိုင်လောက်အောင် ယိုယွင်းနေသဖြင့် ဆက်လက်အသုံးပြုရန် မသင့်လျော်ကြောင်း တွေ့ရှိခြင်း။

၃၆။ စစ်ဆေးရေးမှူးသည် ပုဒ်မ ၁၄ အရ လျှောက်လွှာကို လက်ခံရရှိသည့်အခါ မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ လျှောက်လွှာကို စစ်ဆေးရေးမှူးချုပ်ထံ တင်ပြရမည်။ ယင်းနောက် စစ်ဆေးရေးမှူးချုပ်က ညွှန်ကြားသည့်အတိုင်း စစ်ဆေး၍ စစ်ဆေးတွေ့ရှိချက်ကို မိမိ၏သဘောထားမှတ်ချက်နှင့်အတူ စစ်ဆေးရေးမှူးချုပ်ထံ ပြန်လည်တင်ပြရမည်။

၃၇။ စစ်ဆေးရေးမှူးသည် ပုဒ်မ ၃၄ အရဖြစ်စေ၊ ပုဒ်မ ၃၅ အရဖြစ်စေ၊ ပုဒ်မ ၃၅၊ ပုဒ်မခွဲ (ကခ)နှင့် (ခ) အရဖြစ်စေ စစ်ဆေးရေးမှူးချုပ်ထံ အစီရင်ခံထားစဉ်အတွင်း သင့်လျော်သောခွင့်ပြုဖိအားဖြင့် ယာယီအသုံးပြုခွင့် လက်မှတ်ကို ထုတ်ပေးနိုင်သည်။ ပုဒ်မ ၃၅၊ ပုဒ်မခွဲ (ဂ) နှင့် (ဃ) ပါ အချက်တစ်ရပ်ရပ်နှင့် သက်ဆိုင်ပါက ယာယီအသုံးပြုခွင့်လက်မှတ်ကို ထုတ်ပေးခြင်းမပြုရ။

၃၈။ စစ်ဆေးရေးမှူးသည် သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ -

(က) မိမိတာဝန်ခံရသည့် နယ်မြေအတွင်းရှိ ဘွိုင်လာကို စစ်ဆေးနိုင်သည်။

(ခ) စစ်ဆေးရေးမှူးချုပ်၏ တာဝန်ပေးချက်အရ မည်သည့်နယ်မြေအတွင်းရှိ ဘွိုင်လာကိုမဆို စစ်ဆေးနိုင်သည်။

၃၉။ စစ်ဆေးရေးမှူးသည် မိမိတာဝန်ခံရသည့် နယ်မြေအတွင်း၌ -

(က) ဘွိုင်လာပြုပြင်သူလက်မှတ် သို့မဟုတ် ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူလက်မှတ်ထုတ်ပေးရန် လျှောက်လွှာကိုလက်ခံရရှိပါက စိစစ်ပြီး မိမိ၏သဘောထား မှတ်ချက်နှင့်အတူ စစ်ဆေးရေးမှူးချုပ်ထံ တင်ပြရမည်။

(ခ) ဘွိုင်လာပြုပြင်သူလက်မှတ်မရှိဘဲ ပြုပြင်မှုများဆောင်ရွက်နေကြောင်း သို့မဟုတ် ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူလက်မှတ်မရှိဘဲ ဘွိုင်လာကို ကိုင်တွယ်ထိန်းသိမ်းနေကြောင်း စစ်ဆေးတွေ့ရှိပါက စစ်ဆေးရေးမှူးချုပ်ထံ အစီရင်ခံရမည်။

(ဂ) ပြုပြင်ရန်ညွှန်ကြားစာ ထုတ်ပေးထားခြင်းမရှိသော ဘွိုင်လာကို ဘွိုင်လာပြုပြင်သူ တစ်ဦးဦးက ပြုပြင်မှုများဆောင်ရွက်နေကြောင်း စစ်ဆေးတွေ့ရှိပါက စစ်ဆေးရေးမှူးချုပ်ထံ အစီရင်ခံရမည်။

၄၀။ စစ်ဆေးရေးမှူးသည် ပုဒ်မ ၃၈ ပါ တာဝန်ကို ထမ်းဆောင်ရာတွင် ဘွိုင်လာတည်ရှိသော မည်သည့်အဆောက်အအုံအတွင်းသို့မဆို ဝင်ရောက်၍ စစ်ဆေးနိုင်ခွင့်ရှိသည်။

အခန်း(၁၀)

စစ်ဆေးရေးမှူးချုပ်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၄၁။ စစ်ဆေးရေးမှူးချုပ်သည် ပုဒ်မ ၃၂၊ ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့အရ ဘွိုင်လာကို မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ စစ်ဆေးရေးမှူးက တင်ပြသော စစ်ဆေးတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကိုစိစစ်ပြီး -

(က) ခွင့်ပြုဖိအားကို သတ်မှတ်၍ ဘွိုင်လာကို မှတ်ပုံတင်ပေးနိုင်သည်။

(ခ) ဘွိုင်လာကို မှတ်ပုံတင်ပေးရန် ငြင်းဆိုနိုင်သည်။

(ဂ) ပုဒ်မခွဲ(က) သို့မဟုတ် (ခ) အရ ချမှတ်သော ဆုံးဖြတ်ချက်ကို စစ်ဆေးရေးမှူးထံမှ တင်ပြချက်ရရှိသည့်နေ့မှ ၁၅ ရက်အတွင်း ပိုင်ရှင်ထံ အကြောင်းကြားရမည်။

၄၂။ စစ်ဆေးရေးမှူးချုပ်သည် ပုဒ်မ ၃၃ အရ ဖြစ်စေ၊ ပုဒ်မ ၃၄၊ ပုဒ်မခွဲ (ခ) အရဖြစ်စေ စစ်ဆေးရေးမှူးထံမှ တင်ပြချက်ကို ရရှိသည့်အခါ-

(က) အသုံးပြုခွင့်လက်မှတ်ကို ထုတ်ပေးသင့်သည်ဟုယူဆပါက စစ်ဆေးရေးမှူးက တင်ပြသည့် အသုံးပြုခွင့်လက်မှတ်တွင် ထပ်ဆင့်လက်မှတ်ရေးထိုးပြီး ပိုင်ရှင်ထံပေးပို့ရမည်။

(ခ) အသုံးပြုခွင့်လက်မှတ်ကို ထုတ်ပေးရန်မသင့်ဟုယူဆပါက ဘွိုင်လာတွင် လိုအပ်သော ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန်ညွှန်ကြားပြီး ညွှန်ကြားချက်အတိုင်း ဆောင်ရွက်ပြီးစီးမှုနှင့် ဘွိုင်လာ၏အခြေအနေကို ပြန်လည်တင်ပြရန် စစ်ဆေးရေးမှူးကို ညွှန်ကြားနိုင်သည်။

၄၃။ စစ်ဆေးရေးမှူးချုပ်သည် ပုဒ်မ ၁၅၊ ၁၆ နှင့် ၁၇ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုပိုင်ရှင်က လိုက်နာခြင်းမရှိကြောင်း စစ်ဆေးရေးမှူးထံမှ တင်ပြချက်ကိုရရှိသည့်အခါ ဘွိုင်လာအသုံးပြုခြင်းကို ယာယီရပ်ဆိုင်းနိုင်သည်။

၄၄။ စစ်ဆေးရေးမှူးချုပ်သည် -

(က) ပုဒ်မ ၃၅၊ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့အရ စစ်ဆေးရေးမှူးထံမှ တင်ပြချက်ကိုရရှိသည့်အခါ စစ်ဆေးရေးမှူးကို လိုအပ်သလို ညွှန်ကြားရမည့်အပြင် ယင်းညွှန်ကြားချက်ကို ပိုင်ရှင်ထံ ၁၅ ရက်အတွင်း စာဖြင့် အကြောင်းကြားရမည်။

(ခ) ပုဒ်မ ၃၅၊ ပုဒ်မခွဲ (ဃ) အရ စစ်ဆေးရေးမှူးထံမှ တင်ပြချက်ကိုရရှိသည့်အခါ သင့်လျော်သော စစ်ဆေးရေးမှူးသုံးဦး ပါဝင်သည့် အဖွဲ့ဖြင့် လိုအပ်သလိုစစ်ဆေးစေပြီး တွေ့ရှိချက်ကို မိမိထံအစီရင်ခံစေရမည်။ အစီရင်ခံစာရရှိသည့်အခါ သက်ဆိုင်ရာစစ်ဆေးရေးမှူးကို လိုအပ်သလို ညွှန်ကြားရမည့်အပြင် ယင်းညွှန်ကြားချက်ကို ပိုင်ရှင်ထံ ၁၅ ရက်အတွင်း စာဖြင့် အကြောင်းကြားရမည်။

၄၅။ စစ်ဆေးရေးမှူးချုပ်သည် အသုံးပြုခွင့်လက်မှတ် သို့မဟုတ် ယာယီအသုံးပြုခွင့်လက်မှတ်ကို မသမာသောနည်းလမ်းဖြင့်ရရှိထားကြောင်း စစ်ဆေးတွေ့ရှိလျှင် ယင်းလက်မှတ်ကို ရုပ်သိမ်းရမည်။

၄၆။ စစ်ဆေးရေးမှူးချုပ်သည် မည်သည့်နယ်မြေအတွင်းရှိ ဘွိုင်လာကိုမဆို စစ်ဆေးရန် စစ်ဆေးရေးမှူး တစ်ဦးဦးအား တာဝန်ပေးအပ်နိုင်သည်။

၄၇။ စစ်ဆေးရေးမှူးချုပ်သည် ပုဒ်မ ၂၃ အရ ပိုင်ရှင်ကလျှောက်ထားသည့်အခါ စိစစ်ပြီးအဆုံးအဖြတ်ပေးရမည်။ ထိုဆုံးဖြတ်ချက်ကို ပိုင်ရှင်ထံ ၁၅ ရက်အတွင်း စာဖြင့်အကြောင်းကြားရမည်။

၄၈။ စစ်ဆေးရေးမှူးချုပ်သည် ပုဒ်မ ၂၅ နှင့် ၂၆ တို့အရ ဘွိုင်လာထုတ်လုပ်ခြင်းနှင့် ပြည်ပမှတင်သွင်းခြင်းကို မြန်မာနိုင်ငံစံချိန်စံညွှန်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းများနှင့် ညီညွတ်မှု ရှိ၊ မရှိ စစ်ဆေးပြီး ညီညွတ်မှုမရှိပါက ထုတ်လုပ်ခွင့်ကို ငြင်းပယ်ရန်နှင့် တင်သွင်းလာသည့် ဘွိုင်လာ၏ မှတ်ပုံတင်ခွင့်ကို ငြင်းပယ်ရမည်။

၄၉။ စစ်ဆေးရေးမှူးချုပ်သည် ဝန်ကြီးဌာန၏ တာဝန်ပေးချက်အရ ဘွိုင်လာထုတ်လုပ်ခြင်း၊ ဘွိုင်လာနှင့် ဆက်စပ်သည့် ဖိအားခံအစိတ်အပိုင်းများ ထုတ်လုပ်ခြင်းတို့ကို မြန်မာနိုင်ငံစံချိန်စံညွှန်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီ စိစစ်၍ထုတ်လုပ်ခွင့်ပြုခြင်း သို့မဟုတ် ထုတ်လုပ်ခွင့်ပြုရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

၅၀။ စစ်ဆေးရေးမှူးချုပ်သည် ပုဒ်မ ၃၉၊ ပုဒ်မခွဲ (က) အရ စစ်ဆေးရေးမှူးထံမှ တင်ပြချက်ကို ရရှိသည့်အခါ ဘွိုင်လာပြုပြင်သူလက်မှတ်ကိုဖြစ်စေ၊ ဘွိုင်လာကိုင်တွယ် ထိန်းသိမ်းသူလက်မှတ်ကိုဖြစ်စေ ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

၅၁။ စစ်ဆေးရေးမှူးချုပ်သည် ပုဒ်မ ၃၉၊ ပုဒ်မခွဲ (ဂ) အရ စစ်ဆေးရေးမှူးထံမှ တင်ပြချက်ကို ရရှိသည့်အခါ ဘွိုင်လာပြုပြင်သူလက်မှတ်ကို ပြန်လည်ရုပ်သိမ်းရမည်။

၅၂။ စစ်ဆေးရေးမှူးချုပ်သည် ပုဒ်မ ၂၂၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၂၈၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မ ၂၉၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မ ၃၀၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မ ၃၁ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ခြင်းမရှိသော ဘွိုင်လာပြုပြင်သူနှင့် ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူတို့၏ လက်မှတ်ကို ရုပ်သိမ်းနိုင်သည်။

အခန်း(၁၁)

အသုံးပြုခွင့်လက်မှတ်နှင့် ယာယီအသုံးပြုခွင့်လက်မှတ် ပျက်ပြယ်ခြင်း

၅၃။ အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ အသုံးပြုခွင့်လက်မှတ်သည်လည်းကောင်း၊ ယာယီအသုံးပြုခွင့်လက်မှတ်သည်လည်းကောင်း ပျက်ပြယ်သည်-

(က) လက်မှတ်သက်တမ်းကုန်ဆုံးခြင်း၊

(ခ) မတော်တဆထိခိုက်မှုဖြစ်ပွားခြင်း၊

(ဂ) ဘွိုင်လာ၊ ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်တစ်ခုခုကိုဖြစ်စေ၊ ယင်းဘွိုင်လာ၊ ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်တစ်ခုခုတွင် တပ်ဆင်ထားသည့် ဖိအားခံအစိတ်အပိုင်းတစ်ခုခုကိုဖြစ်စေ ဘေးအန္တရာယ်ဖြစ်စေနိုင်သောယိုယွင်းမှုကြောင့် ပြုပြင်ရန်လိုအပ်သဖြင့် ဘွိုင်လာကို အသုံးမပြုရန် စစ်ဆေးရေးမှူးချုပ် သို့မဟုတ် စစ်ဆေးရေးမှူးက ပိုင်ရှင်ထံ အကြောင်းကြားခြင်း၊

(ဃ) မီးရှိန်ရမျက်နှာပြင် ဧရိယာ ၁၈.၆ စတုရန်းမီတာ သို့မဟုတ် ၂၀၀ စတုရန်းပေအောက် လျော့နည်းသော အလွယ်တကူ ရွှေ့ပြောင်းနိုင်သည့် ဘီးတပ်ထားသော ဘွိုင်လာမှတစ်ပါး အခြား ဘွိုင်လာကို တစ်နေရာမှတစ်နေရာသို့ ရွှေ့ပြောင်းခြင်း၊

(င) ဘွိုင်လာ၊ ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်တစ်ခုခုကိုဖြစ်စေ၊ ယင်းဘွိုင်လာ၊ ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်တစ်ခုခုတွင်တပ်ဆင်ထားသည့် ဖိအားခံအစိတ်အပိုင်း တစ်ခုခုကိုဖြစ်စေ ပြုပြင်ခြင်း၊ ပြောင်းလဲခြင်း၊ ဖြည့်စွက်ခြင်း သို့မဟုတ် အသစ်လဲခြင်း၊

စာမျက်နှာ ၁၆ သို့

စာမျက်နှာ ၁၅ မှ

(စ) ဘွိုင်လာကို လုံလောက်သော စစ်ဆေးမှုလုပ်ငန်းစဉ်များမပြုလုပ်ဘဲ အသုံးပြုခွင့်လက်မှတ်ကိုဖြစ်စေ၊ ယာယီအသုံးပြုခွင့်လက်မှတ်ကိုဖြစ်စေ ထုတ်ပေးထားကြောင်း စစ်ဆေးတွေ့ရှိရခြင်း။

အခန်း(၁၂)
အယူခံခြင်း

၅၄။ ဝန်ကြီးဌာနသည် အယူခံမှုများကြားနာနိုင်ရေးအတွက် စက်မှုအတတ်ပညာရှင် အနည်းဆုံး နှစ်ဦးပါဝင်သည့် သင့်လျော်သော အဖွဲ့ဝင်သုံးဦးဖြင့် အယူခံအဖွဲ့ကို ဖွဲ့စည်းရမည်။

၅၅။ အောက်ပါကိစ္စတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ စစ်ဆေးရေးမှူးချုပ်၏ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း အယူခံအဖွဲ့သို့ အယူခံနိုင်သည် -

(က) ဘွိုင်လာကို မှတ်ပုံတင်ပေးရန်ငြင်းဆိုခြင်း၊
(ခ) အသုံးပြုခွင့်လက်မှတ်ထုတ်ပေးရန် ငြင်းဆိုခြင်း၊
(ဂ) အသုံးပြုခွင့်လက်မှတ် သက်တမ်းကို လျှော့ကထားသည့် ကာလ အပိုင်းအခြားအောက် လျှော့နည်း၍ သတ်မှတ်ခြင်း၊
(ဃ) ပိုင်ရှင်လျှောက်ထားသော ခွင့်ပြုဖိအားကို သတ်မှတ်ပေးရန် ငြင်းဆိုခြင်း၊
(င) အသုံးပြုခွင့်လက်မှတ် သို့မဟုတ် ယာယီအသုံးပြုခွင့်လက်မှတ်ကို ရုပ်သိမ်းခြင်း၊
(စ) အသုံးပြုခွင့်လက်မှတ်တွင်ပါရှိသည့် ခွင့်ပြုဖိအား သို့မဟုတ် သက်တမ်းကိုလျှော့ချခြင်း၊
(ဆ) ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ခ) အရ လျှောက်ထားချက်ကို ဆောင်ရွက်ပေးရန် ငြင်းဆိုခြင်း၊
(ဇ) ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်တစ်ခုခုကိုဖြစ်စေ၊ ယင်းရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်တစ်ခုခုတွင် တပ်ဆင်ထားသော ဖိအားခံအစိတ်အပိုင်းကိုဖြစ်စေ၊ ဘွိုင်လာတွင်တပ်ဆင်ထားသော ဖိအားခံအစိတ်အပိုင်းကိုဖြစ်စေ ပြုပြင်စေခြင်း၊ ပြောင်းလဲစေခြင်း၊ ဖြည့်စွက်စေခြင်း၊ အသစ်လဲစေခြင်း၊
(စျ) ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက် တစ်ခုခုကိုဖြစ်စေ၊ ယင်းရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်တစ်ခုခုတွင်တပ်ဆင်ထားသော ဖိအားခံအစိတ်အပိုင်းကိုဖြစ်စေ၊ ဘွိုင်လာတွင် တပ်ဆင်ထားသော ဖိအားခံအစိတ်အပိုင်းကိုဖြစ်စေ ပြုပြင်ခွင့်၊ ပြောင်းလဲခွင့်၊ ဖြည့်စွက်ခွင့်၊ အသစ်လဲခွင့်ပြုရန် လျှောက်ထားချက်ကို ငြင်းပယ်ခြင်း၊
(ည) ဘွိုင်လာထုတ်လုပ်ခွင့်ကို ငြင်းပယ်ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း၊
(ဋ) ဘွိုင်လာ သုံးစွဲခွင့်ကို ငြင်းပယ်ခြင်း၊
(ဌ) ဘွိုင်လာပြုပြင်သူလက်မှတ်ကို ထုတ်ပေးရန် ငြင်းပယ်ခြင်း၊
(ဍ) ဘွိုင်လာပြုပြင်သူလက်မှတ်ကို ရုပ်သိမ်းခြင်း၊
(ဎ) ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူလက်မှတ်ကို ထုတ်ပေးရန် ငြင်းပယ်ခြင်း၊
(ဏ) ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူလက်မှတ်ကို ရုပ်သိမ်းခြင်း။

၅၆။ အယူခံအဖွဲ့သည် စစ်ဆေးရေးမှူးချုပ်၏ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၅၇။ အယူခံအဖွဲ့၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

၅၈။ အယူခံအဖွဲ့၏ဆုံးဖြတ်ချက်ကို သက်ဆိုင်သူများထံ ၁၅ ရက်အတွင်း စာဖြင့်အကြောင်းကြားရမည်။

အခန်း(၁၃)
တားမြစ်ချက်

၅၉။ မည်သူမျှ ပုဒ်မ ၂၁ အရ ထွင်းထားသည့်မှတ်ပုံတင်အမှတ်ကို မရိုးမဖြောင့်သောသဘောဖြင့် ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း၊ ဖျက်ခြင်း၊ ပုံသဏ္ဌာန်ပျက်စီးအောင်ပြုလုပ်ခြင်း သို့မဟုတ် မမြင်နိုင်စေရန် ပြုလုပ်ခြင်းမပြုရ။

၆၀။ မည်သူမျှ ဘွိုင်လာပြုပြင်သူလက်မှတ်မရှိဘဲ ဘွိုင်လာကို မပြုပြင်ရ။

၆၁။ မည်သူမျှ ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူလက်မှတ်မရှိဘဲ ဘွိုင်လာကို ကိုင်တွယ်ထိန်းသိမ်းခြင်း မပြုရ။

၆၂။ မည်သူမျှ ခွင့်ပြုဖိအားထက် ကျော်လွန်စေရန် အန္တရာယ်ကင်းဖိအားထိန်းအဆို့ရှင်ကို မိမိဆန္ဒအလျောက်ဖြစ်စေ၊ ပိုင်ရှင်မှ တာဝန်ပေးအပ်ချက်အရဖြစ်စေ ပြုပြင်ပြောင်းလဲခြင်း မပြုလုပ်ရ။

၆၃။ မည်သူမျှ ပုဒ်မ ၂၅၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့ပါ ပြဋ္ဌာန်းချက်ကို ဆန့်ကျင်၍ ဘွိုင်လာထုတ်လုပ်ခြင်း မပြုရ။

အခန်း(၁၄)
ပြစ်မှုနှင့် ပြစ်ဒဏ်

၆၄။ ပိုင်ရှင်သည် ပုဒ်မ ၁၉၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၂၀ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ် အနည်းဆုံးကျပ်ငါးသိန်းမှ အများဆုံးကျပ်တစ်ဆယ်သိန်းအထိ ချမှတ်ရမည်။

၆၅။ ပိုင်ရှင်သည် ပုဒ်မ ၁၈ ၊ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၂၁ နှင့် ပုဒ်မ ၂၄၊ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ် အနည်းဆုံးကျပ်ငါးသိန်းမှ အများဆုံးကျပ်တစ်ဆယ်သိန်းအထိ ချမှတ်ရမည်။

၆၆။ ပိုင်ရှင်သည် ပုဒ်မ ၂၄၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်ကို လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်နှစ်သိန်းအထိ ချမှတ်ရမည်။

၆၇။ မည်သူမဆို ပုဒ်မ ၅၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်ဖြစ်စေ၊ ဖောက်ဖျက်ကျူးလွန်ရန် အားထုတ်ကြောင်း သို့မဟုတ် ကျူးလွန်ရာတွင် အားပေးကူညီကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်အနည်းဆုံး တစ်နှစ်မှ အများဆုံး နှစ်နှစ်အထိချမှတ်ရမည့်အပြင် ငွေဒဏ်အနည်းဆုံး ကျပ်သိန်းငါးဆယ်မှ အများဆုံးကျပ်သိန်းတစ်ရာအထိ ချမှတ်နိုင်သည်။

၆၈။ မည်သူမဆို ပုဒ်မ ၆၀ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်နှစ်သိန်းအထိ ချမှတ်ရမည်။

၆၉။ ဘွိုင်လာပြုပြင်သူသည် ပုဒ်မ ၂၈၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်ကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိ ချမှတ်ရမည်။

၇၀။ မည်သူမဆို ပုဒ်မ ၆၁ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်အနည်းဆုံးကျပ်ငါးသိန်းမှ အများဆုံးကျပ်တစ်ဆယ်သိန်းအထိ ကျခံစေရမည်။

၇၂။ မည်သူမဆို ပုဒ်မ ၆၃ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်အနည်းဆုံးနှစ်နှစ်မှ အများဆုံးသုံးနှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်အနည်းဆုံး ကျပ်သိန်းငါးဆယ်မှ အများဆုံးကျပ်သိန်းတစ်ရာအထိ ချမှတ်နိုင်သည်။

၇၃။ ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူသည် ပုဒ်မ ၃၀၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မ ၃၁ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်အနည်းဆုံး ကျပ်သိန်းမှ အများဆုံးကျပ်နှစ်သိန်းအထိ ချမှတ်ရမည်။

အခန်း(၁၅)
ကင်းလွတ်ခွင့်

၇၄။ ဝန်ကြီးဌာနသည် သတ်မှတ်ချက်များနှင့်ညီညွတ်သော အောက်ပါတို့ကို ဤဥပဒေအရ ဆောင်ရွက်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည် -

(က) အဆောက်အအုံတွင် အပူငွေ့ပေးရန်၊ ရေနွေးပေးရန်အသုံးပြုသော ဘွိုင်လာ၊
(ခ) အမိန့်ကြော်ငြာစာထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုသောဘွိုင်လာ၊ ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်။

၇၅။ အောက်ပါတို့သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်မသက်ဆိုင်စေရ -

(က) မည်သည့်သင်္ဘောတွင်မဆို တပ်ဆင်အသုံးပြုသည့်ဘွိုင်လာ၊ ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်၊
(ခ) နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့်သက်ဆိုင်သောစက်ရုံ၊ အလုပ်ရုံ၊ ဌာနများရှိ ဘွိုင်လာ၊ ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်၊
(ဂ) မီးရထားဘွိုင်လာ၊ ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်။

အခန်း(၁၆)
အထွေထွေ

၇၆။ ဘွိုင်လာဥပဒေ (၁၉၈၄ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၃) အရ ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၇၇။ ဤဥပဒေအတည်မဖြစ်မီက ထုတ်ပေးခဲ့သောလက်မှတ်များနှင့် ထောက်ခံချက်များသည် သက်တမ်းကုန်ဆုံးသည့်အခါ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

၇၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။
(ခ) ဝန်ကြီးဌာနနှင့် ဦးစီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၇၉။ ဘွိုင်လာဥပဒေ(၁၉၈၄ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၃) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဗုတ္တန်းတောကျေးရွာ ဘုန်းတော်ကြီးကျောင်းများသို့ ဆိုင်ခန်းများလျှုဒါန်း

ရွှေဘို ဇူလိုင် ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် ဗုတ္တန်းတောကျေးရွာ သာသနာ့ဝေပုလ္လကျောင်း၌ ဇူလိုင် ၁၀ ရက် မွန်းလွဲ ၁ နာရီက ရွှေဘို-မူးကမ်းကြီး-မုံရွာ လမ်းဘေးတွင် ဆောက်လုပ်ထားသော ဆိုင်ခန်းရှစ်ခန်းကို ကျေးရွာအတွင်းရှိ ဘုန်းတော်ကြီးကျောင်းလေးကျောင်းသို့ တစ်ကျောင်းလျှင် နှစ်ခန်းနှုန်းပေးအပ်လျှုဒါန်းပွဲအခမ်းအနား ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းနေ့က ရွာဦးကျောင်းဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး လျှုဒါန်းမှုအစုစုကို အလျှုရှင်များဖြစ်ကြသော ရွှေဘိုမြို့ အမှတ်(၈)ရပ်ကွက် ရတနာလမ်းနေ ဦးဖိုးငြိမ်း-ဒေါ်လှဝယ် (ဥဒေါင်းမင်း)ဆီစက် မိသားစုတို့က ရေစက်ချလျှုဒါန်းခဲ့ပြီး ဆိုင်ခန်းနှင့်ပတ်သက်သော ပိုင်ဆိုင်မှုအထောက်အထားများကို ဆရာတော်သံဃာတော်တို့ထံ ဆက်ကပ်လျှုဒါန်းခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် အလျှုရှင် ဦးဖိုးငြိမ်းက ဘုန်းတော်ကြီးကျောင်းများ၏ လိုအပ်သမျှကို အသုံးပြုရန်အတွက် လျှုဒါန်းခဲ့ခြင်းဖြစ်ကြောင်းနှင့် ကျေးရွာအတွင်းရှိ တာဝန်ရှိသူများကလည်း အဆိုပါ အဆောက်အအုံများကို ရေရှည်တည်တံ့အောင် ပိုင်းဝန်းကူညီဆောင်ရွက်ပေးစေလိုကြောင်းပြောကြားခဲ့ပြီး ကျေးရွာအုပ်ချုပ်ရေးမှူးက လျှုဒါန်းမှုအတွက် ကျေးဇူးတင်ဝမ်းမြောက်ကြောင်း ပြောကြားခဲ့သည်။

စိုးသီဟ (IPRD)

ကျေးလက်နေလူငယ်များ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းဖွင့်

ပန်းတနော် ဇူလိုင် ၁၅

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများကို ဖွင့်လှစ်ပို့ချလျက်ရှိရာ ဧရာဝတီ တိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ် ဘဝိုင်းကျေးရွာအုပ်စု တလိုင်းစု ကျေးရွာ၌ ဇူလိုင် ၁၃ ရက် နံနက် ၉ နာရီက မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အခြေခံလက်သမား၊ သံချည်သံကွေး အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်း ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ဖွင့်ပွဲတွင် မအူပင်ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလင်းထွန်းက ကျေးလက်ဒေသရှိ လူငယ်လူရွယ်များအနေဖြင့် ယခုပို့ချသည့် အခြေခံလက်သမား၊ သံချည်သံကွေးပညာရပ်များကို တတ်မြောက်ခဲ့ပါက အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာမည်ဖြစ်ပြီး ဝင်ငွေများရရှိလာမည်ဖြစ်၍ ဆင်းရဲမှုလျှော့ချရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ သင်တန်းသို့ ဘဝိုင်းကျေးရွာအုပ်စု အတွင်းရှိ ကျေးရွာများမှ သင်တန်းသား ၅၀ တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ ၁၀ ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ခင်မောင်စော်မြင့်

လျှပ်စစ်အန္တရာယ် ကင်းရှင်းရေး ဆောင်ရွက်

သုံးဆယ် ဇူလိုင် ၁၅

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) သာယာဝတီခရိုင် သုံးဆယ်မြို့ ဘိုကြီးကုန်း(အနောက်) ကျေးရွာတွင် ဇူလိုင် ၁၀ ရက်က လျှပ်စစ်အင်ဂျင်နီယာ ဦးအေးမင်းသန်း ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက လျှပ်စစ်အန္တရာယ်ကင်းရှင်း ရေးအသိပညာပေးဆိုင်းဘုတ်စိုက်ထူပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ အသိပညာပေးဟောပြောခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

(ကြေးမုံ)

ဖွံ့ဖြိုးစေဖို့ကမ္ဘာ့ထုတ်လုပ်မှုလမ်းကြောင်း(Global Supply Chain)သို့ပိုမိုဝင်ရောက်ရေး

ဒေါက်တာမောင်အောင်

ယနေ့ပွင့်လင်းလာသည့် မြန်မာနိုင်ငံအတွက် အမြန်ဆုံးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးနိုင်သည့် ကမ္ဘာ့ထုတ်လုပ်မှုလမ်းကြောင်းစနစ်နှင့် ပိုမိုပေါင်းစည်းနိုင်ရေးအတွက် အသိပညာဗဟုသုတများ ပြည်သူများအကြား ပြန့်ပွားစေရန်ရည်ရွယ်ပြီး ဒေါက်တာမောင်အောင်ရေးသားသော ဆောင်းပါးများကို ဖော်ပြလိုက်ပါသည်။

ပြည်သူလူထုအတွက် တန်ဖိုးရှိသည့်အချိန်များ မကုန်ဆုံးရေး၊ ထုတ်လုပ်မှု စွမ်းအားရှိလုပ်ငန်းများ ပိုမိုလုပ်ဆောင်နိုင်ရေးနှင့် Logistic များ လျှော့ချနိုင်ရေးအတွက် ဖွံ့ဖြိုးရေးဆောင်းပါးများကို အပတ်စဉ် ကြာသပတေးနေ့တိုင်း ဖော်ပြလျက်ရှိပါသည်။ (စာတည်း)

ယခင်အပတ်မှအဆက်

မြန်မာနိုင်ငံအနေဖြင့်လည်း ဆွဲဆောင်မှုရှိသည့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI)ဥပဒေ၊ အထူးစီးပွားရေးဇုန်ဥပဒေတို့အပြင် ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်ကောင်းတည်ဆောက်ရေး၊ တိုင်းပြည်အဆင့် စီးပွားရေးအခြေအနေ ကောင်းမွန်တည်ငြိမ်စေရေး၊ လိုအပ်သည့် Infrastructure များဖြစ်သည့် လျှပ်စစ်၊ လမ်းများ၊ တံတားများ၊ ဆိပ်ကမ်းများ၊ လေဆိပ်များ စသည်တို့ အထူးကြိုးစားဆောင်ရွက်နေသည့် ကာလဖြစ်သည်။ FDI လုပ်ငန်းများဖြင့် အရင်းအနှီး ပမာဏကြီးကြီးမားမား ယူဆောင်လာမည်ဖြစ်သလို တီထွင်ဆန်းသစ်မှုများပါဝင်သည့် အဆင့်မြင့်နည်းပညာ၊ ခေတ်မီ စီမံအုပ်ချုပ်မှုနည်းလမ်းများဖြင့် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်းတို့ကို ဇောက်ချထုတ်လုပ်ပြီး ပြည်တွင်း စျေးကွက်နှင့် နိုင်ငံတကာစျေးကွက်သို့ တင်ပို့ရောင်းချလေ့ရှိရာ အကယ်၍ တရားမဝင်တင်သွင်းမှုများ များပြားနေ

> **စွန့်ပစ်တော့မည့် ကုန်စည်များ နိုင်ငံတကာစျေးကွက်များတွင် ရောင်းချရန် မဖြစ်နိုင်သောကြောင့် နယ်စပ်များမှ တစ်ဆင့် . . .**

လျှင် FDI လုပ်ငန်းများအနေဖြင့် လုပ်ကိုင်ရန် များစွာခက်ခဲမည်ဖြစ်သည်။

အဆိုပါနိုင်ငံများ၌ပါဝင်လာသည့် FDI မှာ ထုတ်လုပ်မှုလုပ်ငန်းများ၊ စက်မှုလုပ်ငန်းများလုပ်ဆောင်ရန်မဟုတ်ဘဲ ပြည်တွင်းသွင်းအားစုကို ထုတ်ယူသည့် သွင်းအားစုအခြေပြု FDI (Resource Oriented FDI)များသာ ဖြစ်နေဦးမည် ဖြစ်သည်။ ဆိုလိုသည်မှာ ဖွံ့ဖြိုးမှုရှုထောင့်မှကြည့်လျှင် ထုတ်လုပ်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကို အခြေပြုပြီး စျေးကွက်ဖော်ဆောင်မှုကို ရည်ရွယ်သည့် FDI (Market Oriented FDI)များ ဝင်ရောက်လာမှသာ ဆင့်ပွားမြှောက်ဖော်ကိန်း (Multiplier Effect)အရ ပြည်တွင်းထုတ်ကုန်တန်ဖိုး သိသိသာသာတိုးတက်လာခြင်း၊ အလုပ်အကိုင်သစ်များ ဖွင့်လှစ်ပေးခြင်း၊ နည်းပညာအုပ်ချုပ်မှုနည်းလမ်းကောင်းများ ပိုမိုရရှိစေခြင်းနှင့် လွှဲပြောင်းခြင်း၊ ပြည်တွင်းဖက်စပ်လုပ်သည့် လုပ်ငန်းများ ရေရှည်တိုးတက်မှုဖော်ဆောင်နိုင်ခြင်း စသည့်ကောင်းကျိုးများကြောင်း တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို များစွာအကြိုးပြုမည်ဖြစ်သည်။ ထို့အပြင် နိုင်ငံခြားမှ တန်ဖိုးမြင့်ထုတ်ကုန်ပစ္စည်းများ တရားမဝင် ဝင်ရောက်မှုများလျှင် ထိုနိုင်ငံအတွင်း ဉာဏဆိုင်ရာ မူပိုင်ခွင့်အကာအကွယ်ပေးမှု (Intellectual Property Right Prevention) အားနည်းမည်ဖြစ်သည်။ FDI လုပ်ငန်းများအနေဖြင့် ရင်းနှီးမြှုပ်နှံရန် သင့်မသင့်ဆုံးဖြတ်ရာတွင် ဉာဏဆိုင်ရာပစ္စည်းမူပိုင်ခွင့်အကာအကွယ်ပေးမှုသည်လည်း အရေးပါသည့် ညွှန်းကိန်းတစ်ခုဖြစ်၍ IP အကာအကွယ်ပေးမှု အားနည်းလေ FDI များဝင်ရောက်ရင်းနှီးမြှုပ်နှံမှုလျော့နည်းလေပင်ဖြစ်သည်။

SMEs များ ရပ်တည်နိုင်ရေးခက်ခဲလာမှုရှုထောင့်

ယနေ့ မြန်မာ့စီးပွားရေးကို အဓိကမောင်းနှင်နေသူများမှာ အသေးစားနှင့် အလတ်စားလုပ်ငန်းများ(SMEs)များ ဖြစ်ပြီး စုစုပေါင်းလုပ်ငန်းများ၏ ၉၀ ရာခိုင်နှုန်းကျော်ရှိကြောင်းတွေ့ရသည်။ တရားမဝင်ကုန်သွယ်မှု အထူးသဖြင့် တရားမဝင်တင်သွင်းမှုများကြောင့် ကုန်ပစ္စည်းများ စျေးပေါပေါဖြင့် ဝင်ရောက်လာလေ အဆိုပါလုပ်ငန်းကိုလုပ်ကိုင်သည့် ပြည်တွင်းလုပ်ငန်းရှင် (SMEs)များ ထိခိုက်လေဖြစ်သည်။ တရားမဝင်ဝင်ရောက်လာသောကြောင့်လည်း အရည်အသွေးမမီသည့် ကုန်စည်များ၊ သက်တမ်းကုန်ခါနီးကုန်စည်များကိုအရည်အသွေးစစ်ခြင်း၊ ကျသင့်သည့်အခွန် ဆောင်မှုမရှိခြင်းတို့ကြောင့် ပြည်တွင်းထုတ်လုပ်သည့် ကုန်စည်များထက် စျေးလျှော့ရောင်းချနေခြင်းကြောင့်လည်း ပြည်တွင်း SMEs လုပ်ငန်းရှင်များ စျေးကွက်တွင် ယှဉ်ပြိုင်ရောင်းချနိုင်ခြင်းမရှိမှုမှတစ်ဆင့် တဖြည်းဖြည်းစျေးကွက် ပျောက်ဆုံးလာမည်ဖြစ်သည်။

အချိန်ကြာလေ ပြည်တွင်း (SMEs)များ ထိခိုက်လေဖြစ်သည်။ ဆိုခဲ့သည့်အတိုင်း ကမ္ဘာ့အကြီးဆုံးနိုင်ငံကြီး နှစ်နိုင်ငံအကြား တည်ရှိခြင်းသည် ကောင်းသည့်အချက်များရှိသလို မကောင်းသည့်အချက်များလည်း ဒွန်တွဲနေသည်။ အထူးသဖြင့် အဆိုပါနိုင်ငံများ၌ နိုင်ငံတကာစံချိန်စံညွှန်းနှင့် မပြည့်မီသော ကုန်စည်များ၊ စတင်စမ်းသပ်ထုတ်လုပ်သော ကုန်စည်များအပြင် ၎င်းနိုင်ငံများ၌ စွန့်ပစ်တော့မည့် ကုန်စည်များတို့သည် နိုင်ငံတကာစျေးကွက်များတွင် ရောင်းချရန်မဖြစ်နိုင်သောကြောင့် အဆိုပါပစ္စည်းများကို နယ်စပ်များမှ တစ်ဆင့် ရသည့်စျေးဖြင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာနေသောကြောင့် စွန့်ပစ်ပစ္စည်းများ စုပုံရာနေရာ (Dulping Ground)ဖြစ်နေမှု၊ တစ်နည်းအားဖြင့် အမှိုက်ပုံဖြစ်လာမှုကို အထူးသတိထား ဖြေရှင်းရတော့မည်ဖြစ်သည်။

ဆက်လက်ဖော်ပြပါမည်။

ShinShin®

ရှင်းရှင်းကြာဆံချဉ်စပ်စားပြီး အပတ်စဉ် ဗုန်းဌေးဖြည့်ကတ် ရရှိမည့်ကံစမ်းမဲအစီအစဉ်

(၁၅-၆-၂၀၁၅) မှ (၁၂-၇-၂၀၁၅)ထိ ဝါဝင်ကံစမ်းသူများထံမှ စတုဏ္ဍအပ တို ဌေးဖြည့်ကတ်ကံထူးသည့်ဗုန်းနံပါတ်များ

ကံစမ်းမဲကာလ (၁၅-၆-၂၀၁၅) မှ (၁၄-၉-၂၀၁၅) ထိ

10,000 တန် ဗုန်းဌေးဖြည့်ကတ် ကံထူးရှင်များ

959793726061	959798006890	959792785961	959256359783	959792841561
959972804003	959780840036	959420056975	959798942597	959799762140
959422547161	959975219975	959259467252	959791300946	959973260787
959257083657	959702867 08	959798632671	959975623359	959259035387

5,000 တန် ဗုန်းဌေးဖြည့်ကတ် ကံထူးရှင်များ

959263485343	959797127993	959451236598	959262126347	959799696955
959798433781	959799738449	959795934638	959257442785	959976038395
9262513688	959977313930	959799389017	9794833139	959263485343
95933827233	95933250386	959799859110	959971359287	959797126159
959798836277	959257606847	959972327548	959254216643	959250000803
959791404186	959798327425	95973052329	95973174730	959972326953

3,000 တန် ဗုန်းဌေးဖြည့်ကတ် ကံထူးရှင်များ

959791698978	959780492440	95931911813	59794583476	959262562884
95796910240	959250723720	959973930990	959797408519	959972274354
959261594527	95931935249	959799927578	959252714548	959974925917
959265321809	959425278917	959250185877	959451239859	959791775641
959792481204	959799529812	959400439179	959259864472	959973560953
959972384676	959796675823	959255894070	959788689743	959979250558
9595172859	959795926298	959796035696	959790649627	959422496344
959259707118	959971659226	959790656040	959795230567	959251100775
959794173760	959793916213	959972856536	9799445417	959250631565
959255805799	959254582970	959795647432	959250317913	959970842790
959254156911	959798227860	959789213650	959797188860	959257948842
959977302375	959796863170	959794619026	959259792266	959975990106
959794947872	959798757574	959780493235	959795350106	95943158751
959261149139	959259864472	959797487367	959401527718	959258690110

1,000 တန် ဗုန်းဌေးဖြည့်ကတ် ကံထူးရှင်များ

959795863619	959975352115	959972437021	959970495019	959972992859	959977356877	959795677636	959796960944	959250404800	959799785639
959450007110	959798389561	959256140176	959970529122	959780692441	959790150236	959799045653	959794859326	959799749964	959797331911
959972225065	95933326158	959978984836	959791964241	959972538619	959795083752	959781841482	959252773243	959260867713	959260867713
959250556863	959420139795	959420270269	959797686892	959254798993	959973329683	959972709430	959971251412	959789533342	959252686310
959972293437	959793577598	959788134263	959793294054	959799861964	959799516140	959970676938	959799452834	959257179489	959792201238
9530541942	959254271552	959788077929	959428209515	959975506683	959253692328	959402581934	95932820648	959799723102	959799338824
959970339316	959402678336	9595188928	959251100775	959972148410	959976836037	959259675007	959250525087	959973626508	959973325337
959780174892	959420295858	959252386892	959795907269	959421050985	959257333567	959790551046	959797213995	959975485373	959976083717
959428207011	959798858707	959976289915	9253971642	959976860811	959792833188	959797776215	95943095435	959254156911	959450062632
959788326302	959794510540	959250852305	959795604391	959258242823	959799886207	959795818918	959420223989	959261260647	959789484575

အာနန်းဆက်ဝတ္ထုရှည်

ကမ္ဘာကုန်ကျယ်သရွေ့ဝယ်

တက္ကသိုလ်ဘုန်းနိုင်

ရသစာပေသည် စာဖတ်ပရိသတ်များအား ညှို့ယူဖမ်းစားနိုင်၏။ ထိုစာပေကို ရသမြောက်အောင် ရေးဖွဲ့နိုင်ရန်မှာ စာရေးသူ၏ စာဖတ်ပရိသတ်အပေါ် ထားရှိသော စေတနာမှာ အရေးပါ၏။ ဆရာတက္ကသိုလ်ဘုန်းနိုင် မှာ စာဖတ်သူများအပေါ် အကျိုးအမြတ်မပါ။ ဆန္ဒစွဲမရှိ၊ ရိုးသားစွာဖြင့်ဘဝနှင့် ခံစားမှုတစ်ထပ်တည်းကျအောင် ရေးသားနိုင်သော စေတနာရှိ၏။ ထို့ကြောင့် ဆရာ၏ ရသစာပေများမှာ စာဖတ်ပရိသတ်များကြား ဝယ် ယနေ့ထက်တိုင် တောက်ပနေဆဲဖြစ်၏။ ဆရာ၏ စာပေတွင် လူတို့၏ စရိုက်၊ လူတို့၏ ဘဝအမှန်တို့ကို သူတို့ဖြတ်သန်းရာခေတ်ကာလ အခြေအနေများနှင့် ထင်ဟပ်ဖော်ပြရာတွင် အရောင်အသွေးမရှိဘဲ ပကတိ အခြေအနေပေါ် လွင်အောင်ရေးဖွဲ့ထား၏။ ထို့ကြောင့်ခံစားမှုများနှင့်အတူ ဘဝအတွေးအခေါ်များလည်းရ၏။ အသိအမြင်များလည်း တိုး၏။ ခေတ်သမိုင်းကိုလည်း ထင်ဟပ်ရှုမြင်နိုင်၏။ ဤသည်ကား စာရေးသူ၏ စေတနာ အရင်းခံဖြစ်၏။ ယခု 'ကမ္ဘာကုန်ကျယ်သရွေ့ဝယ်' တွင်လည်း စာဖတ်ပရိသတ်များ ဤသို့ ရှုမြင်ခံစားနိုင် မည်ဟုယုံကြည်ပါသည်။ (စာတည်း)

(၁)

ဖြည်းဖြည်းညင်ညင်၊ ထွန်နေးဝင်သည်
လယ်ရှင်ယောကျ်ား၊ တစ်လူသားတည့်
ခေါင်းခြေ လှုပ်ရှား၊ တိမ်းကပါးဖြင့်
ရုန်းအားမပို့၊ သူ့မြင်းအိုနှင့်
လူကလည်းငိုက်၊ မြင်းလည်းငိုက်နှင့်
စရိုက်ဘာသာ၊ ချမ်းသာစွာ၏။ ။

(၂)

အလျှံမပါ၊ ရေးရေးသာတည့်၊ နေစာညွှန်မြက်
အပုံထက်မှ တိုးတက်အူအူ၊ လယ်ခိုးလူလျက်
အဝေးဆီဝယ်၊ တောၚ် မယ်လည်း၊ သက်လှယ်သခင်
မောင်နှင့်ယှဉ်၍ တိုးညင်ချစ်ခွန်း၊ပျံ့ပျံ့မွန်းရှင့်။ ။

(၃)

ပလ္လင်နန်းမြိုင်၊ ရာထီးဆိုင်တို့၊ မခိုင်ပျက်ယွင်း
နိစ္စကင်း၏။
မော်ကွန်းဝဲ့လှိုင်း၊ စစ်သမိုင်းလည်း၊ မှန်မှိုင်းညနှယ်
ပျောက်၍ ကွယ်လိမ့်။
မြင်းအိုသခင်၊ လယ်ကြီးရှင်နှင့်၊ လယ်ပြင်မီးခိုး
လယ်မျိုးလုံမ၊ လုလင်လှ၏။ သာစွာဂုဏ်ပေါင်း
လူဇာတ်ကြောင်းသည်
မဟောင်းကမ္ဘာကုန်ကျယ် ဆက်လိမ့်တည်း။ ။

တက္ကသိုလ်ဘုန်းနိုင်
၂၅-၆-၆၆

အခန်း(၁)

ခရီးသည်



မန္တလေးမြို့တော်၏ ချမ်းမြသာစည်လေဆိပ် လေယာဉ်ပြေးလမ်းမြောက်ပိုင်းအစွန်၌ ယူဘီအေအဖွဲ့ပိုင်ဒါကိုးတားလေယာဉ်ကြီးသည် တောင်ဘက်သို့ ဦးတည်လျက် အားယူပုံသန်းရန် အဆင်သင့်ရှိနေသည်။

ဖြူစင်သော အသားအရေ၊ ချိုပြုံးနုနယ်သော မျက်နှာ၊ ကြောရှင်းသော ကိုယ်ဟန်နှင့် ချောမောလှပသော လေယာဉ်မယ်ကလေးက ကြွေရည်သုတ်လင်ပန်းလေးတွင် ထည့်ထားသော သကြားလုံးများကို ခရီးသည်များအား လိုက်လံဝေဌပေးနေ၏။

အချိန်ကား ပိုလ်ချုပ်ကြီးနေဝင်း၏ အိမ်စောင့်အစိုးရက ရွေးကောက်ပွဲတွင် အနိုင်ယူတက်လာသော ဦးနု၏ ပြည်ထောင်စုပါတီ အစိုးရလက်သို့ အာဏာလွှဲပြောင်းပေးပြီးစ ဖြစ်သည်။ အိမ်စောင့်အစိုးရ၏ တရားဥပဒေဈေးမြေးရေး၊ တိုင်းပြည် ငြိမ်ဝပ်အေးချမ်းရေး လုပ်ငန်းစဉ်တို့၏ အောင်မြင်မှုအရှိန်သည် ဆက်လက်တည်ဆဲဖြစ်သောကြောင့် ရေလမ်း၊ ကုန်းလမ်းတို့ အန္တရာယ်ကင်းဘေးရှင်းလျက် ဖွံ့ဖြိုးစည်ပင်နေသည်။ ရန်ကုန်နှင့် မန္တလေးတို့ ကြားခ်ီ နေ့ရထား၊ ညရထားတို့ အဆက်မပြတ် ပြေးဆွဲနေသည်။ ထို့ကြောင့်လည်း ရှေးယခင် အခါများက အထူးလူကျပ်လေ့ရှိသော လေယာဉ်အတွင်း၌ ယခုမူ ခရီးသည်အနည်းငယ်သာရှိနေ၏။

လေယာဉ်၏ လက်ယာဘက် ထိုင်ခုံများအနက် ပြတင်းနှင့်ကပ်လျက် ရှိသော ထိုင်ခုံတစ်ခုတွင် အသက် သုံးဆယ်ကျော်ခန့်ရှိ လူရွယ်တစ်ဦးသည် ထိုင်လျက်ရှိနေ၏။ သူ့ဘေးမှ ထိုင်ခုံကားလွတ်နေ၏။

လူရွယ်၏ အရပ်အမောင်းမှာ ရှည်သွယ်၍ အသားမှာ အတန်အသင့်လတ်သည်။ စတစ်ကော်လာအကျီ၌အဖြူ မီးခိုးရောင်ဖျော့ဖျော့ သက္ကလတ်အပါးစား တိုက်ပုံအင်္ကျီ၊ ရေညိုစိမ်းနောက်ခံတွင် အပြာရောင်ကွက်ကျဲဖော်ထားသော ဗန်ကောက်လုံချည်တို့ကို အဆင်ပြေပြေ သပ်သပ်ရပ်ရပ် ဝတ်ထားသည်။ နှာတံပေါ်ပြီး မျက်ခုံးများက ထူထဲနက်မှောင်၍ ကြည်လင်သော မျက်လုံးများမှာမူ တည်ငြိမ်အေးချမ်းသည်။ မေးရိုးထောင့်ပေါ်ထင်သော မျက်နှာထားသည် ဣန္ဒြေကြီးမှုဘက် လုသော်လည်း ပါးသောနှုတ်ခမ်းများက ဖော်ရွေမှု ရှိတတ်ကြောင်းကိုလည်း ပြနေ၏။

လေယာဉ်မယ်ကလေးသည် လူရွယ်၏ အနီးသို့ ကပ်သွားပြီး သကြားလုံးလင်ပန်းကို ရှေ့ထိုးပေးသော အခါ လူရွယ်က ချိုသာယဉ်ကျေးစွာနှင့် မလိုချင်ပါကြောင်း ပြန်ကြား၏။ လေယာဉ်မယ်သည် ရှေ့ဆက်ထွက် သွားမည်ပြုပြီးမှ ခေါင်းကလေးပြန်ငဲ့ကာ လူရွယ်အားစူးစိုက်ကြည့်သည်။ လှပသေးသွယ်သော မျက်ခုံးကလေးများက ခေတ္တတွန့်သွားပြီး နောက် မျက်တောင်ကလေးများက ပုတ်ခတ် ပုတ်ခတ် လှုပ်ရှားလာ၏။ ခဏ၌မူ လေယာဉ်မယ်ကလေးသည် တစ်စုံတစ်ခုကို ကျေနပ်ဟန်ဖြင့် ပြုံးရိပ်ဝေနေ့ှင့် ထွက်ခွာသွား၏။ လေယာဉ်၏ ပန်ကာများ စမ်းသံသည် ဆူညံစွာ ပေါ်ထွက်လာသည်။ မကြာမီပင် လေယာဉ်သည် အရှိန်နှင့် ပြေးကာ ၄က်သွင်ပျံကြွလျက် တောင်စူးစူးသို့ ထွက်ခွာလာခဲ့လေ၏။ လူရွယ်သည် ပြတင်းမှနေ၍အောက်မြေပြင်ဆီသို့ ငုံ့မျှော်ငေးကြည့်ရင်း ပါလာခဲ့၏။ တစ်ဆယ့်နှစ်ရာသီ ရေရှင်စီးသည့် ဆည်ချောင်းမြောင်းတို့၏ ၄ာနချမ်းမြသာ စည်စိမ်းရိပ်လည်သော မန်းမြေစရိုက်သည် ကွေ့ဝိုက်ပတ်ကာ ရွှေ့လျောနောက်ချန် ကျန်လေရစ်သည်။

နောက်ကြောင်းပြန်ချည် ရှေ့စီးချည်နှင့် စက်ဝန်းပြတ်အထပ်ထပ်ကို ဆက်စပ်ထားသည့် ပုံသဏ္ဌာန်နှင့် အကွေ့အကောက် လွန်အပ်သော ဒုဋ္ဌာဝတီမြစ်သည် လည်းကောင်း၊ နွေဦးရိပ်ဝယ် မျှင်မျှင်သွယ်သွယ် နီလာရေရောင် အခြယ်ခြယ်ထက် သောင်စွယ်ကျွန်းလှ ပေါ်ထွန်းစသည့် မြစ်မ ဧရာဝတီ အနောက်ကမ်းဝယ် မြောင်ဆွယ်ဖြောင့်တန်းဝပ်စင်းလျောင်းတည်လေသော ဂူပုထိုးစေတီ အလီလီတို့ကြောင့် ရှုမြင်တိုင်းကြည်နူးဖွယ်ရာ စစ်ကိုင်းတောင်တော်သည် လည်းကောင်း၊ မြူငွေ့ငွေ့တို့ တိမ်နှင့် တွေ့စဉ်ဖြစ်၍ ဝေ့ဝေ့မှုန်မှုန် ကမ္ဘာလာပါး သိုင်းရစ်ခြုံသော ရှမ်းရိုးမမင်း တောင်နန်းဘုံ သည်ပင် လည်းကောင်း အဝေးဝယ် တဖြည်းဖြည်းနှင့် တရေးရေးပျောက်ကွယ်နေရစ်လေပြီတကား။

ရှုမြင်ခင်းကို ငေးကောင်းခိုက် လူရွယ်၏နားတွင် သိမ်မွေ့ညင်သာသောခြေသံကိုကြားရသဖြင့် လှည့်ကြည့်လိုက်သောအခါ အပါးတွင်လာရပ်နေပြန်သော လေယာဉ်မယ်ကလေးကို တွေ့ရ၏။ လေယာဉ်မယ်၏ လက်တစ်ဖက်တွင် သတင်းစာတစ်စောင် ကိုင်ထားသည်ကို မြင်သောကြောင့် သူက အသာအယာငြင်းသည်။

"ကျေးဇူးတင်ပါတယ်ကွယ်၊ သတင်းစာမဖတ်တော့ပါဘူး"

လေယာဉ်မယ်ကလေးသည် နေရာမှမခွာသွား။ တောင့်တောင့်ကလေးရပ်ရင်း မျက်တောင်ကော့များကို တဖျတ်ဖျတ် ပုတ်ခတ်လျက် သူ့အားကြည့်နေပုံမှာ ဆရာတစ်ဦးရှေ့၌ တစ်စုံတစ်ရာကိုခွင့်တောင်းလို၍ ရပ်နေသော ကျောင်းသူလေးတစ်ဦးနှင့် တူနေ၏။

လေယာဉ်မယ်လေးက ပြုံးလိုက်ပြီး ကိုယ်ကိုယို့၍ သူ့ဘေးရှိနေရာအလွတ်၌ ဝင်ထိုင်လိုက်သည်။ သူ အံ့အားသင့်နေစဉ် ကလေးမကအော်တိုဂရပ်(ဖ်) စာအုပ် တစ်အုပ်ကို လှမ်းပေးရင်း ယဉ်ကျေးလေးစားစွာ တောင်းပန်၏။

"ဆရာ့ကို နှောင့်ယှက်သလိုဖြစ်နေရင် ခွင့်လွှတ်ပါ ဆရာ၊ ဒါပေမယ့် ဒီအထဲမှာ ကျွန်မအတွက် တစ်ခုခုရေးပေးစေလိုပါတယ်"

သူက မျက်မှောင်မသိမသာတွန့်၍ လေယာဉ်မယ်လေးအား တစ်ချက်စူးစိုက်ကြည့်သည်။ ဤအကြည့်သည် စူးရှ၍ထက်မြက်လေရကား လေယာဉ်မယ်ကလေးသည် မိမိတောင်းဆိုမိသည်မှာ မှားသွားလေသလောဟု နောင်တရ၍အနည်းငယ်မျက်နှာပျက်သွား၏။ သို့ရာတွင် ခဏမှာပင် သူကပြန်ပြုံးလာသည်။ ပြုံးရာတွင် မျက်လုံးများကအရင်စပြီးမှ နှုတ်ခမ်းများဆီ ကူးစက်လာကြောင်း လေယာဉ်မယ်ကလေးက ဂရုပြုမိ၏။

သူက အော်တိုဂရပ်(ဖ်)စာအုပ်ကိုယူလိုက်ပြီး ဟိုလှန်သည်လှန်ကြည့်သည်။ တွေ့မြင်နေကျ သာမန်အော်တိုဂရပ်(ဖ်)မျိုးမဟုတ်၊ ထင်ရှားကျော်ကြားသော သတင်းစာဆရာများ၊ စာရေးဆရာများနှင့် အနုပညာရှင်များ၏ လက်မှတ်များကို တွေ့ရသည်။

သူက တစ်စုံတစ်ခုကို အော်တိုဂရပ်(ဖ်)ပေါ်၌ ရေးလေသောအခါ လေယာဉ်မယ်လေးသည် သွယ်ပျောင်းရှည်လျားသော သူ၏လက်ချောင်းကြီးများကို ချီးမွမ်းအံ့သြလျက် ကြည့်နေသည်။ သူ၏လက်ချောင်းများသာ သွယ်ပျောင်းရှည်လျားသည်မဟုတ်။ ညီညာစွာ လှီးဖြတ်ထားသော သူ၏လက်သည်းခွံများကလည်း ရှည်သွယ် ၍ လှပသည်။ သူ့လက်ဖဝါးများကလည်း နူးညံ့ဟန်ပေါ် ၍ ပန်းနုရောင်ရဲနေသည်။

သူက "ကျေနပ်ပြီလား"ဟုမေးသော မျက်နှာအသွင်နှင့် အော်တိုဂရပ်(ဖ်)ကို လေယာဉ်မယ်လေးအား ပြန်ပေးသည်။

လေယာဉ်မယ်လေးက အော်တိုဂရပ်(ဖ်)ကို လှန်ကာ ဖတ်ရှုသည်။ လက်ရေးက ကဗျာလက်ရေးဟုခေါ်ရ မည့် ပိုင်းစက်ညီညာလှပ သပ်ရပ်သောလက်ရေးဖြစ်သည်။ ရေးသားချက်မှာလည်း ရိုးရိုးလေးနှင့် ဣန္ဒြေပြည့်ပြည့်ပင်ဖြစ်၏။

ထာဝစဉ် ကျန်းမာရှင်လန်း၍ မြင်သူတိုင်းအတွက် စိတ်ချမ်းသာမှုကို ပေးစွမ်းနိုင်ပါစေသတည်း။

သက်နိုင်

ဤမျှသာဖြစ်၏။

လေယာဉ်မယ်ကလေးသည် နှစ်ခြိုက်စွာ ပြုံးပြီး "ကျေးဇူးတင်ပါတယ် ဆရာ၊ ပြီးတော့ ဆရာပေးတဲ့ဆုနဲ့ ပြည့်ရပါလို့၏လို့ ကျွန်မဆန္ဒပြုပါတယ်"ဟု ဆို၏။

ကလေးမလေး၏ ကျေးဇူးတင်စကားကို သူကအပြုံးနှင့်သာ တုံ့ပြန်သည်။ စကားကတော့ ဆက်မဆို။ သို့ရာတွင် ကလေးမကမူ ပြောစရာတွေကျန်သေးဟန်တူ၏။

"မကွေးကိုတင်ပဲနော် ဆရာ"

"ဟုတ်ပါတယ်၊ မကွေးတင်ပါပဲ"

"ဝတ္ထုဇာတ်လမ်းအတွက် သွားတာလား"

"မဟုတ်ပါဘူးကွယ်၊စာမေးပွဲကိစ္စနဲ့ပါ"

လေယာဉ်မယ်လေးသည်သူ့ဘာသာသူ့ဘာကို သဘောကျမိသည်မသိ၊ အသံလေးထွက်အောင်ရယ်ပြီး ဆိုပြန်၏။

"ဒါပေမယ့် ကျွန်မကြားဖူးတာကစာရေးဆရာမတွေအတွက် ခရီးထွက်ရင်ဇာတ်လမ်းတစ်ပုဒ်ပုဒ် ရတတ်တယ်လို့ ဆိုတာပဲ"

"ဒါလည်း မှန်ပါတယ်၊ ရတဲ့အခါ ရတတ်ပါတယ်"

"အခုတစ်ခေါက်လည်း ဆရာ ဇာတ်လမ်းကောင်းတစ်ပုဒ် ရပါစေ၊ ဒါပေမယ့် ဆရာ"

ကလေးမက စကားတစ်ပိုင်းတစ်စနှင့်ရပ်ထားသဖြင့် ကိုသက်ခိုင်က မော့ကြည့်ပြီး မေးသည်။

"ဒါပေမယ့် ဘာဖြစ်သလဲ"

လေယာဉ်မယ်လေးသည် ခေတ္တတုံ့တုံ့ဆိုင်းဆိုင်းလေးဖြစ်သွားပြီးနောက် ချိုသာတောင်းပန်သောအသံနှင့် ပြော၏။

"ဒါပေမယ့် ဒီတစ်ခါ ဆရာရတဲ့ဇာတ်လမ်းဟာ ခါတိုင်းလို အသည်းနှင့်နှင့်နဲ့ လွမ်းစရာမဟုတ်ဘဲ အဆုံးမှာ အားလုံးပေါင်းရပြီး ပျော်စရာကောင်းတဲ့ ဇာတ်လမ်းတစ်ပုဒ်ပဲဖြစ်စေချင်ပါတယ်"

လေယာဉ်မယ်ကလေးသည် ဤစကားနှင့် ဆုံးပြီး ကျေးဇူးတင်ကြောင်းထပ်မံပြောဆို၍ နေရာမှ ခွာသွားသောအခါ ကိုသက်ခိုင်မှာ မသိမသာ ငိုင်ကျန်ရစ်သည်။ အပြင်ပန်းမျက်နှာဂျန္ဒြေမှာမပျက်သော်လည်း သူ့စိတ်မှာ ခပ်သိမ်သိမ့်လှုပ်ရှားလာပြီးရင်၌ဌွေ့ငွေ့မြည့်မြည့်ဝေဒနာတစ်ရပ်ပေါ်လာ၏။ ပြတင်းမှ လှမ်းငုံ့မျှော်ကြည့်နေမိစဉ် အောက်မြေပြင်ဝယ် စိမ်းလန်းသောတောင်တန်းမြက်ခင်းတို့ ကွယ်ပျောက်လျက်မွဲခြောက်ညိုမှောင်သော အရိုင်းပထဝီအနေအထားတို့ကို မြင်ရသည်။ ထောက်၍အပုပ်ငုံးနုန်အတွင်းသို့ ချဉ်းနင်းဝင်ရောက်မိပြီဖြစ်ကြောင်း ကိုသက်ခိုင်က သိမိသည်။ ဤရှုခင်းတို့က သူ့စိတ်ကို ပိုမိုလှုပ်ရှားစေသည်။

အမြင့်မှ စီးမြင်ရသည်ဖြစ်ရကား ကြိုးမျှင်သဖွယ် ဖြူဖြူဖွေးဖွေးသေးသေးသွယ်သွယ်ရှိသည့် ဖုန်သဲထူသော လှည်း လမ်းကြောင်းများ ဟိုတစ်စုဒီတစ်စု ကျိုးကျိုးကျဲကျဲနှင့် ဆင်ငိုမြက်ခြောက်ပင်ဖုတ်ပမာ ထင်ရသော ထန်းတောအုပ် ကလေးများ၊ တစ်ခါတစ်ရံ ရှားရှားပါးပါး တွေ့ရသည့် လက်ယက်အိုင်မျှနှယ် ထင်ယွင်းဖွယ် ရေခန်းစကန်များ၊ ဤအရပ် ဤဒေသ၏ ဤသဘာဝလက္ခဏာများက သူ့ရင်ကို ခုန်စေသည်။ ငေးကြည့်နေဆဲ ခက်မာသော တောင်ကတုံးတို့သည် မြင်ကွင်း၌ ပေါ်လာပြန်၏။ ဤတောင်ကတုံးတို့ဆီမှ အဖျားခံလျက် ရေမဲ့နေပြီဖြစ်သော သဲချောင်းဖြူဖြူတို့သည် ညိုမွဲသောမြေပြင်အား အစိတ်စိတ်အမြွှာမြွှာ ခွဲခြမ်းယှက်ဖြာ လျက်ကွေ့ကာဝိုက်ကာ ပြေးနေကြသည်။

ချောင်းကိုးဆယ့်ကိုးတို့ ရေဦးသောက်၍ ကျောက်နွားသိုးကိုးကောင်ရှိရာဟုကျော်စောသောပုပ္ပားတောင်မင်းလည်း အဝေးဝယ် မြူငွေ့ရီရီနှင့် လှမ်းမြင်ရသည်။ ကိုသက်ခိုင်သည် သက်ပြင်းတစ်ချက် ရှိုက်လိုက်ပြီး လက်ဆွဲသားရေ အိတ်အလတ်စားတစ်ခုကို ဖွင့်လိုက်သည်။ အိတ်အတွင်း၌ မန္တလေးတက္ကသိုလ်၏ ချိပ်တံဆိပ် ရိုက်နှိပ်ပိတ်ထားသော စာမေးပွဲ မေးခွန်းလွှာအထုပ်များ ရှိနေ၏။ ဤမေးခွန်းလွှာအထုပ်များကြားမှ သားရေဖုံး ဒိုင်ယာရီမှတ်တမ်းစာအုပ်တစ်အုပ်ကို ထုတ်ယူလိုက်သည်။

ဒိုင်ယာရီမှတ်တမ်းစာအုပ်မှာ အတန်ပင် အိုမင်းဟောင်းနွမ်းသောအသွင်ကို ဆောင်နေသည်။ ဤဒိုင်ယာရီစာအုပ်သည် နေ့စဉ်မှတ်တမ်းစာအုပ် မဟုတ်လေမှန်း ကိုသက်ခိုင်သာ အသိဆုံးဖြစ်သည်။ သူသည်နေ့စဉ်မှတ်တမ်းကို ဝတ္ထုရားတစ်ခုအဖြစ် ရေးလေ့ရှိသူမဟုတ်။ နေ့စဉ်ကြုံတွေ့ရသမျှ တိုင်းသည်လည်း အရေးတယူမှတ်တမ်းတင်ထားဖွယ် မဟုတ်ကြ။ သူမှတ်တမ်းတင်ထားသည်တို့မှာ သူ့ပုဂ္ဂလိကခံစားချက်များသာ ဖြစ်လေသည်။ သူတစ်ဦးတည်းအတွက် သက်သက်သာဖြစ်သောပုဂ္ဂလိကခံစားချက်မှတ်တမ်းတို့သာ ဖြစ်သည်။

ကိုသက်ခိုင်က မှတ်တမ်းစာအုပ်ကိုဖွင့်သည်။ ဖတ်နေကျ စာမျက်နှာကိုအလွယ်နှင့်လှန်မိ၏။ အကြိမ်ကြိမ် ဖတ်နေကျ ဖြစ်သောကြောင့်စာပုဒ်များကို အလွတ်ပင် ရနေပေပြီ။မမန္တယ်. . မမန္တယ်နဲ့မောင် ကြုံခဲ့ရသမျှ ဘဝအစဉ်ကိုပုံပမာ တင်ပြမယ် ကြုံမိလေတိုင်း မမန္တယ်နဲ့မောင် ကောင်းကောင်းသိကြတဲ့ ရေနံချောင်း-ချောက်လမ်းကို သတိရမိတယ်၊ ဗမာပြည်မှာ အကောင်းဆုံးလို့ ပထမဆုရထားတဲ့လမ်းပီပီ ဖြောင့်လိုက်ပါတဲ့ လမ်းရယ်နော်၊ မျက်စိတစ်ဆုံးမှာဝေးလွန်းလို့ လမ်းအစဟာ မိုးကုပ်စက်ဝိုင်းထဲ ရှုံ့ချွန်မြမြ ပျောက်သာသွားရော အကာအဆီး အကွေ့အကောက်ရယ်လို့ မတွေ့ရလေဘူး၊ ဒါပေမယ့် . . ငွေးချိုလည်း ရောက်ရောချောက်ဘက်သွားသွား၊ ကျောက်ပန်းတောင်းဘက်သွားသွားလမ်းဟာခလုတ်တံသင်းအဆင်းအတတ် အနံ့မ်ှအမြင့် အကောက်အလှည့်တွေနဲ့ မပြေမပြစ်ခက်ခဲလွန်းလှပေတယ်နော်။

ဒီလိုပဲလေ. . မောင်နဲ့မမန္တယ်တို့ငယ်စဉ်တောင်ကျေးကလေးဘဝအရွယ်နဲ့ လူပျို. . အပျို လောကမံ ဆောင်းရိပ်ဦးစဉ်တုန်းကတော့ ဘဝဆိုတာဟာတစ်မျဉ်းခင်းတဲ့ လမ်းပမာ သမုဒယနယ်ဘုံ. . ကမ္ဘာကုန်ကျယ်သရွေ့ဝယ် ပျော်ခလေ့မှန်မှန် မျှော်လင့်ချက်ပြည့်ဝမှု အတန်တန်နဲ့ မဖောက်မပြန် ဧကန်ရှိလိမ့်မယ်လို့ ယုံစားထင်မှားမိခဲ့ကြဖူးပါတယ်၊ ဒါပေမယ့် ဘဝခရီးစဉ်ဟာအလင်းရောင်အား လှိုင်းလမ်းကြောင်းပမာ မဟုတ်ဘဲ နွေဦးလေရူးရှေ့ကရော်ရွက်ဝါ လွင့်ပါးရပုံမျိုးသာပါကလား မမန္တယ်ရယ်၊ မောင်နဲ့မမန္တယ်ဟာလည်း နာမဲ့တဲ့ရော်ရွက်ဝါတွေမဟုတ်ဘဲသိတတ်. . ခံစားတတ်. . ရယ်တတ်. . ငိုတတ်ကြတဲ့ လူသားတွေဖြစ်နေလို့ ခက်လှချေပါကလား၊ သိတတ်. . ခံစားတတ်တဲ့ လူသားပီပီ ရယ်ဖွယ်တစ်ခန်းရပ်ပြီမို့ ငိုတတ်ကြသမျှ ငိုကြစတမ်းလို့ ဆိုပြန်တော့လည်း လူဘဝရဲ့ အနက်အဓိပ္ပာယ်ဟာ ဘယ်လိုများရှိထင်တော့မှာလဲ မမန္တယ်ရယ်. . .

ကိုသက်ခိုင်သည် မျက်လုံးများကို ဖြည်းညင်းစွာနှင့် စာအုပ်မှ ခွာလိုက်ပြီး ပြတင်းမှနေ၍ အောက်မြေပြင်ရှုခင်းကို ငေးကြည့်မိပြန်၏။

ရှုခင်း၌ ကျယ်ပြန့်သော လွင်တီးခေါင်းကို မြင်ရသည်။ ဆိတ်သုဉ်းသော ဤကန္တာရတစ်ပိုင်း လွင်တီးခေါင်းကို ပုန်မ်ဝါညိုသည့်ချဲ့စေးပျစ်တို့နှင့် စောင်ချမ်းချွန်ချွန်တို့ကသာ တတ်အားသမျှ ကွက်တိကွက်ကျား တန်ဆာဆင်ထားကြသည်။ မြူငွေ့ပြာပြာလည်း လွှမ်းအုပ်ပျံ့ကာ ရှိနေ၏။ဆိတ်သုဉ်းသောနွေ၏ဤကန္တာရဝယ်တေးဆိုမည့် ဉည၊ငှက်ပင် ရှိပါလေစ။သို့ရာတွင်ကိုသက်ခိုင်က လေယာဉ်မယ်ကလေး၏ ဆန္ဒစကားကို ပင်ပင်ပန်းပန်း သတိရနေမိ၏။

"ဒီတစ်ခါ ဆရာရတဲ့ဇာတ်လမ်းဟာအဆုံးမှာ အားလုံးပေါင်းရပြီး ပျော်စရာကောင်းတဲ့ ဇာတ်လမ်းတစ်ပုဒ်ပဲ ဖြစ်စေချင်ပါတယ်"

ဆက်လက်ဖော်ပြပါမည်။

(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)

ပြည်တွင်းရေးရာ

ရေးမြို့နယ်ရှိ ဇီးဖြူသောင်ကျေးရွာ ကျောင်းဆောင်သစ် ဘာသာရပ်များ စတင်သင်ကြားနေပြီဖြစ်

ရေး ဇူလိုင် ၁၅

မွန်ပြည်နယ် ရေးမြို့နယ် ဇီးဖြူသောင်ကျေးရွာရှိ အခြေခံပညာဦးစီးဌာန အမှတ်(၁) အခြေခံပညာမူလတန်းကျောင်းဆောင်သစ်အား အစင်မွန်စိန် တောရဆရာတော် ဦးဝါသဝံအားအမှူးထားကာ သက်ဆိုင်ရာတာဝန်ရှိသူများ၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် စေတနာအလှူရှင်များ စုပေါင်းလှူဒါန်းငွေ ကျပ်သိန်းပေါင်း ၁၃၀၀ ကျပ်အကုန်အကျခံကာ ၂၀၁၃ ခုနှစ် မတ် ၁၇ ရက်မှစတင်ကာ ၂၀၁၅ ခုနှစ် ဇူလိုင် ၁၃ ရက်တွင် ပြီးစီးခဲ့သည့် ကျောင်းဆောင်သစ်တွင် ကျောင်းသား ကျောင်းသူများအား ဘာသာရပ်များ စတင်သင်ကြားနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျောင်းဆောင်သစ်မှာ ကျောင်းအုပ်ကြီးအပါအဝင် ပညာရေးဝန်ထမ်း ရှစ်ဦးက ကျောင်းသား၊ ကျောင်းသူ ၅၆၀ တို့အား သင်ကြားပေးသွားမည်ဖြစ်ပြီး ယင်းကျောင်းဆောင်သစ်မှာ RC နှစ်ထပ် ကွန်ကရစ်အဆောက်အအုံဖြစ်ပြီး လေဒဏ်ငလျင်ဒဏ်ခံနိုင်ရည်ရှိအောင်လည်း တည်ဆောက်ပေးထားကြောင်း သိရသည်။

ယင်းကျောင်းဆောင်သစ်တွင် သင်ကြားရေးခန်း ၁၁ ခန်း၊ သန့်စင်ခန်းခုနှစ်ခန်း၊ ရေမီးစုပါဝင်၍ ကျောင်းဘာသာရပ်များကိုသင်ကြားရာတွင်လည်း မွန်စိန်တောရဆရာတော်မှ ဗလာစာအုပ်များ၊ ပညာရေးဝန်ကြီးဌာနမှ ကျောင်းဝတ်စုံများ၊ ဗလာစာအုပ်များကို ပေးအပ်လှူဒါန်းခဲ့သည်။ **ထွန့်ထွန့်(ရေး)**

မြိတ်ခရိုင် ပုလောမြို့နယ် ဇရပ်ဆိပ်ကျေးရွာအုပ်စုတွင် မိုးစပါးပျိုးထောင်ပွဲ ကျင်းပ

မြိတ် ဇူလိုင် ၁၅

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပုလောမြို့နယ် ဇရပ်ဆိပ်ကျေးရွာအုပ်စု ကွင်းအမှတ် (၂၈-က)၊ ဦးပိုင်အမှတ် (၅/၂)၊ တောင်သူ ဦးဟံဝင်း၏ လယ်မြေတွင် ဇူလိုင် ၁၄ ရက်က GW1 စပ်မျိုးစပါး ပျိုးထောင်ပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပျိုးထောင်ပွဲသို့ ပုလောမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှဦးစီးမှူး ဦးအေးဝင်းနှင့် ဝန်ထမ်းများ၊ ဇရပ်ဆိပ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးတင်ထွေးနှင့် ဒေသခံတောင်သူ ၄၅ ဦးတက်ရောက်ခဲ့ကြသည်။

ပျိုးထောင်ပွဲအခမ်းအနားတွင် ပုလောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးအေးဝင်းက ဒေသခံတောင်သူများအား စပါးအထွက်နှုန်းပိုမိုထွက်ရှိရေးကိုရည်ရွယ်၍ သိပ္ပံနည်းကျ GAP စနစ်ကို စနစ်တကျ စိုက်ပျိုးခြင်းဖြင့် စပါးအထွက်နှုန်းတိုးပြီး ကျေးလက်နေပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးကိုလည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း စည်းရုံးပညာပေးပြောကြား၍ လက်တွေ့စိုက်ပျိုးသရုပ်ပြသခဲ့ကြောင်း သိရသည်။ **မြင့်ဦး(မြိတ်)**

မကွေးတွင် တောင်သူအကျိုးစီးပွားမြှင့်တင်ရေးဆိုင်ရာ ဆွေးနွေးပွဲများ ကျင်းပ

မကွေး ဇူလိုင် ၁၅

မကွေးတိုင်းဒေသကြီးအတွင်း တောင်သူအကျိုးစီးပွားမြှင့်တင်ရေးဆိုင်ရာ အသိပညာပေးဟောပြောဆွေးနွေးပွဲများ ဒေသအနှံ့ဆောင်ရွက်လျက်ရှိပြီး စပ်မျိုးပုလဲသွယ်ကဲ့သို့ အထွက်နှုန်းကောင်းစပါးမျိုးများ ပြောင်းလဲစိုက်ပျိုးရေး၊ နှမ်းအရည်အသွေးကောင်းမွန်၍ စျေးကွက်ကောင်းရရှိရေး၊ အဖျက်ပိုးမွှားအန္တရာယ် ကာကွယ်ရေးအတွက် သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များအား တောင်သူများထံမျှဝေပေးနေခြင်းဖြစ်ကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယင်းအပြင် ၎င်းတို့တွေ့ကြုံဖြစ်ပျက်နေသမျှအပေါ် ဒေသခံများနှင့် အပြန်အလှန်ဆွေးနွေးမှုများမှတစ်ဆင့် တောင်သူလယ်သမားအကျိုးစီးပွားတို့ကို ဖော်ဆောင်မြှင့်တင်နိုင်မည်ဟု မျှော်လင့်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

"ဆွေးနွေးပွဲတွေမှာ တောင်သူတွေအများကြီး စိတ်ဝင်တစားနဲ့ လာတက်ကြပါတယ်။ အဲဒီမှာ တောင်သူတွေ မိုးစပါးအထွက်နှုန်းကောင်းရေးတို့၊ အထွက်နှုန်းကောင်းတဲ့ စပ်မျိုးပုလဲသွယ်စပါးစိုက်ပျိုးရေးနဲ့ နည်းစနစ်ပိုင်းဆိုင်ရာတွေ၊ GAP ၁၄ ချက် လိုက်နာကျင့်သုံးဖို့ကိစ္စတွေ၊ ထွက်လာတဲ့စပါးတွေရဲ့ စျေးကွက်ကောင်းရရှိဖို့ကိစ္စတွေ၊ ပြီးတော့ နှမ်းမှာလည်း ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေး၊ နှမ်းအရည်အသွေးကောင်းရေးနဲ့ အရည်အသွေးကောင်းတဲ့ နှမ်းရမှ စျေးကွက်မှာ၊ ဆေးကြွင်းအာနိသင်နည်းတဲ့ နှမ်းမျိုးနဲ့ နှမ်းစေ့တွေဟာ စျေးနှုန်းကောင်းကောင်းရမယ်ဆိုတဲ့ အကြောင်းတွေကို ဆွေးနွေးပေးပါတယ်။

နောက်ပြီး ပိုးသတ်ဆေးစနစ်တကျသုံးစွဲရေး နည်းစနစ်တွေ၊ ဓာတ်မြေသြဇာတွေကို အချိန်မှန်မှန်၊ အချိုးကျကျသုံးတတ်စွဲတတ်တဲ့နည်းလမ်းနဲ့ နည်းစနစ်တွေ၊ တောင်သူလယ်သမားအကျိုးစီးပွားကာကွယ်ရေး ဥပဒေ၊ နည်းဥပဒေတွေမှာပါတဲ့အကြောင်းအရာ၊ အချက်အလက်တွေကို တောင်သူတွေနဲ့ အကျယ်တဝင့်ဆွေးနွေးပြီးတော့ သူတို့က သိချင်တဲ့မေးခွန်းတွေမေးတယ်။ ဦးစီးဌာနဘက်ကပြန်ဖြေပေးတယ်။ ဒီလိုပညာပေးဆွေးနွေးပွဲတွေမှာ ရင်းနှီးကျွမ်းဝင်တဲ့ ဒုးတိုက်ဆွေးနွေးပွဲတွေအဖြစ် ဆောင်ရွက်နိုင်ခဲ့ပါတယ်" ဟု ဇူလိုင် ၁၁ ရက် မွန်းလွဲ ၁ နာရီက အောင်လံမြို့ စက်ရုံရပ်ကွက် ရွှေပေါက်ပင်ဘုန်းကြီးကျောင်းဓမ္မာရုံတွင်ကျင်းပခဲ့သော ဆွေးနွေးပွဲအပြီးတွင် မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးဌာနမှူး ဦးခင်မောင်ဝင်းက ပြောကြားခဲ့သည်။

အဆိုပါဟောပြောဆွေးနွေးပွဲတွင် တိုင်းသီးနှံကာကွယ်ရေးဌာနခွဲတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မော်မော်ဝင်း၊ တိုင်းမြေအသုံးချရေးဌာနခွဲတာဝန်ခံ ဦးစီးအရာရှိ ဒေါ်ခင်မာသန်း၊ တိုင်းမျိုးစေ့ဌာနခွဲတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မီမီချို၊ အောင်လံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဝင်းဖေနှင့် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူးတို့မှ အသိပညာများ မျှဝေဆွေးနွေးခဲ့ကြသည်။

ယင်းဆွေးနွေးပွဲတွင် အင်းကုန်း၊ ချောင်၊ ရုံးဆိပ်၊ အင်းပေါက် ကျေးရွာများမှ ဒေသခံ၅၀၀ ကျော် တက်ရောက်ခဲ့ကြောင်း၊ တိုင်းဒေသကြီးအတွင်း ခရိုင်၊ မြို့နယ်၊ ကျေးရွာများအလိုက် ဟောပြောဆွေးနွေး ပွဲများ စဉ်ဆက်မပြတ်ဆောင်ရွက်ခြင်းဖြင့် ဌာနနှင့် တောင်သူများ အသားတကျ ရင်းနှီးကျွမ်းဝင်ကာ စိုးရိမ်မှုနှင့် အစွဲအလမ်းများ စွန့်ပစ်နိုင်ပြီး နည်းပညာများအပေါ် ယုံကြည်မှုအားကောင်းလာမည်ဖြစ်ကြောင်း၊ ယုံကြည်လိုက်နာမှု ကျယ်ပြန့်လာသည်နှင့်အမျှ တောင်သူများ၏ ပုဂ္ဂလိကအကျိုးစီးပွားများ မြင့်တက်ကာ ဒေသများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။ **စေယျတု(မကွေး)**

ကျေးရွာအုပ်စုချင်းဆက် မြေသားလမ်းဖောက်လုပ်

ကနီ ဇူလိုင် ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် ဝယာကျေးရွာအုပ်စုနှင့် မိုးကောင်းကျေးရွာအုပ်စုကို ဆက်သွယ်သည့် အရှည် ၂ မိုင်၊ အကျယ် ပေ ၃၀ ရှိ ကျေးရွာအုပ်စုချင်းဆက် မြေသားလမ်းအဖြစ် ဖောက်လုပ်လျက်ရှိကြောင်း သိရသည်။

ယင်း၀ယာကျေးရွာအုပ်စုအတွင်းမှ ကျောင်းသား ကျောင်းသူများမှာ မိုးကောင်းအ. ထ. ကနှင့် ကနီမြို့ အ. ထ. ကကျောင်းများသို့ နေ့စဉ်ကျောင်းတက်သွားရ၍ မိုးရာသီတွင် သွားလာရေးခက်ခဲရသဖြင့် ဝယာကျေးရွာ ရွှေမုဒ္ဒောကျောင်းတိုက်ဆရာတော် ဦးဝိမလနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးဥာဏ်ထွန်းတို့မှဦးဆောင်ကာ ကျေးရွာအုပ်စုအတွင်းမှ ပြည်သူလူထုနှင့် အဝေးရောက်အလှူရှင်များက ငွေကြေးလှူဒါန်းမှုနှင့် မြို့နယ်မှ တာဝန်ရှိသူများက စက်ယန္တရားရရှိရေး ကူညီဆောင်ရွက်ပေးကြောင်း သိရသည်။

"ကျွန်တော်တို့ ဒီကျေးရွာအုပ်စုချင်းဆက်လမ်းကို မြေသားဂျင်းလမ်းအဖြစ်ဆောင်ရွက်မှာဖြစ်ပါတယ်။ လမ်းဖောက်လုပ်ပြီးစီးပါက ကျွန်တော်တို့ကျေးရွာအုပ်စုနဲ့ ကျော်ရွာကျေးရွာအုပ်စုအတွင်းမှ ကျောင်းသား ကျောင်းသူတွေပါ သွားလာရေးအဆင်ပြေမယ့်အပြင် ဒေသထွက်သီးနှံတွေကိုလည်း မိုးကောင်းမှ တစ်ဆင့် မုံရွာသို့ မော်တော်ကားတွေနဲ့ သယ်ယူပို့ဆောင်နိုင်မှာမို့ ကုန်စည်စီးဆင်းမှုလည်း အဆင်ပြေချောမွေ့လာမှာဖြစ်ပါတယ်"ဟု ကျေးရွာအုပ်စုချင်းဆက်လမ်းဖောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဥာဏ်ထွန်းက ပြောသည်။ **သန်းဌေးအောင်(ကနီ)**

ကျေးရွာမြေများ မြေဌားဂရန်ထုတ်ပေးနိုင်ရေး တွေ့ဆုံဆွေးနွေး

မြင်းခြံ ဇူလိုင် ၁၅

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ရှိ မြင်းခြံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျေးရွာမြေများ မြေဌားဂရန်ထုတ်ပေးနိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးခြင်းကို ဇူလိုင် ၁၃ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်က နိုင်ငံတော်အစိုးရမှ စီမံခန့်ခွဲပိုင်ဆိုင်ခွင့်ရှိသော မြေများကို လူနေထိုင်ရန်အဆောက်အအုံဆောက်လုပ်ရန်နှင့် စက်မှုလက်မှုလုပ်ငန်းများ အသုံးပြုရန်အတွက် မြေဌားဂရန်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးရွာအတွင်းရှိ နိုင်ငံတော်အစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေကို မြေဌားဂရန်လျှောက်ထားခြင်း ထုတ်ပေးခြင်းအနည်းငယ်သာရှိကြောင်းကို ပြောကြားခဲ့သည်။

ယင်းအပြင် ကျေးရွာအတွင်း ပိုင်ဆိုင်မှုအထောက်အထားကင်းမဲ့စွာ နေထိုင်ကြခြင်း၊ အခြားခိုင်မာသည့် တရားဝင်အထောက်အထား မြေဌားဂရန်ရရှိခြင်းအားဖြင့် ကျေးရွာနေပြည်သူလူထု စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှုကိုရရှိကာ နိုင်ငံတော်အနေဖြင့်လည်း ရသင့်ရထိုက်သောအခွန်ငွေများ ရရှိလာမည်ဖြစ်ကြောင်း၊ ကျေးရွာနေပြည်သူများ ပိုင်ဆိုင်နေထိုင်ကြသည့် အိမ်၊ ခြံ၊ မြေကွက်များကို မြေဌားဂရန် (မြေဌားစာချုပ်) ထုတ်ပေးသည့် စီမံချက်ဖြစ်ကြောင်း ဦးမြတ်သင်းအောင်က ဆက်လက်ပြောကြားခဲ့သည်။

တက်ရောက်လာကြသည့် မြင်းခြံ၊ တောင်သာ၊ နွားထိုးကြီး၊ ငါးနီးဇွန်မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သိရှိလိုသည်များကို ပြန်လည်ဆွေးနွေးခဲ့ကြသည်။

ကျေးရွာမြေများ မြေဌားဂရန်ထုတ်ပေးနိုင်ရေးအတွက် မြင်းခြံမြို့နယ်တွင် နတ်ထားကျေးရွာ၊ တောင်သာမြို့နယ်တွင် တမံကြီးကျေးရွာ၊ နွားထိုးကြီးမြို့နယ်တွင် ကံရွာကျေးရွာ၊ ငါးနီးဇွန်မြို့နယ်တွင် သောင်ပြင်ကျေးရွာတို့ကို ရွေးချယ်သတ်မှတ်ခဲ့ကြသည်။

အဆိုပါကျေးရွာမြေများ မြေဌားဂရန်ထုတ်ပေးနိုင်ရေးဆွေးနွေးပွဲသို့ မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်၊ မြင်းခြံ၊ တောင်သာ၊ နွားထိုးကြီး၊ ငါးနီးဇွန်မြို့နယ်များမှ အုပ်ချုပ်ရေးမှူးများ၊ ခရိုင်နှင့် မြို့နယ်ရှိ ကျေးရွာမြေများ မြေဌားဂရန်ထုတ်ပေးရေးကော်မတီဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **စော်မင်းနိုင်(မြင်းခြံ)**

ကျွန်းလှမြို့နယ်တွင် ပြည်ထောင်စုဘတ်ဂျက်ရန်ပုံငွေဖြင့် ဆိုလာစနစ်မီးလင်းရေး ဆောင်ရွက်ပေး

ကျွန်းလှ ဇူလိုင် ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် ၂၄ နာရီ လျှပ်စစ်မီးမရရှိသည့်ကျေးရွာများအား ပြည်ထောင်စုဘတ်ဂျက်ရန်ပုံငွေ ငွေရင်းငွေလုံးဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆိုလာစနစ်ဖြင့် မီးလင်းရေးလုပ်ငန်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကျွန်းလှမြို့နယ်တွင် ကျေးရွာပေါင်း ၁၁၃ ရွာရှိပြီး ယခင်နှစ်က ကျေးရွာပေါင်း ၁၂ ရွာကို ဆိုလာစနစ်ဖြင့် မီးလင်းရေးဆောင်ရွက်ပေးနိုင်ခဲ့သည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ခပေါင်းရုံ၊ ညောင်ပင်၊ ကုန်းစည်း (တ) ကျေးရွာသုံးရွာအား ဆိုလာ ၂၁၃ စုံဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကျွန်တော်တို့ကျေးရွာမှာ အရပ်မီးစက်ကပေးတဲ့မီးကိုသာ အခကြေးငွေပေးပြီး ထွန်းကြရပါတယ်။ တစ်အိမ်ကို မီးတစ်ပွင့်သာထွန်းရပြီး ညနေ ၆ နာရီက နေ ည ၁၀ နာရီအထိပဲ ထွန်းရပါတယ်။ အခုလို ကျေးရွာမှာ ဆိုလာစနစ်နဲ့ မီးရရှိအောင်ဆောင်ရွက်ပေးတော့ ကျောင်းသား၊ ကျောင်းသူများလည်း စာကျက်ရတာ အဆင်ပြေပါတယ်"ဟုကျေးရွာသားတစ်ဦးက ပြောသည်။ **မျိုးဝင်းညီ(ကျွန်းလှ)**

မဲရုံများ လုံခြုံရေးအတွက် အထူးရဲများ ခေါ်ယူ၊ လာရောက်လျှောက်ထားသူများပြား

မြင်းခြံ ဇူလိုင် ၁၅

မြင်းခြံမြို့ရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးတွင် ရွေးကောက်ပွဲကာလအတွင်း မဲရုံများ၌ လုံခြုံရေးဆောင်ရွက်ရန် အထူးရဲများခေါ်ယူလျက်ရှိရာ လာရောက်လျှောက်ထားသူ များပြားလျက်ရှိကြောင်းသိရသည်။

လာရောက် လျှောက်ထားကြသူများသည် အခြေခံပညာအနည်းဆုံး အဋ္ဌမတန်းအောင်မြင်ပြီးသူ နိုင်ငံသားတိုင်း လျှောက်ထားနိုင်ကြောင်း သိရသည်။

မြင်းခြံမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးသို့ ဇူလိုင် ၁၃ ရက်အထိ ရွေးကောက်ပွဲကာလအတွင်း လုံခြုံရေးဆောင်ရွက်ရန် အထူးရဲအဖြစ် လာရောက်လျှောက်ထားသူ ၁၄ ဦးအား ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထူး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်စိုး၊ မီးသတ်ဦးစီးမှူး၊ မြို့နယ်ဖွံ့ဖြိုးမှု အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ကြီးကြပ်စစ်ဆေးခဲ့ကြသည်။

လာမည့်ရွေးကောက်ပွဲ ကာလအတွင်း လုံခြုံရေးဆောင်ရွက်နိုင်ရန် အထူးရဲ လျှောက်ထားသူများသည် နီးစပ်ရာရဲစခန်းများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးများသို့ ဆက်သွယ်၍ လျှောက်ထားနိုင်ကြောင်းလည်း တာဝန်ရှိသူများ၏ ပြောပြချက်အရ သိရသည်။

စော်မင်းနိုင်(မြင်းခြံ)

ကျောက်ပန်းတောင်းမြို့နယ် ဆင်တိုင်းကန်ကျေးရွာ၌ ဘဝတက္ကသိုလ် စာကြည့်တိုက်ဖွင့်လှစ်

ကျောက်ပန်းတောင်း ဇူလိုင် ၁၅

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ဆင်တိုင်းကန်ကျေးရွာ၌ ဇူလိုင် ၁၃ ရက် နံနက် ၉ နာရီက ဘဝတက္ကသိုလ် စာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲကို အဆိုပါစာကြည့်တိုက်ရှေ့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းနောက် ဖန်မီးအိမ်စာကြည့်တိုက်များ နာယကဆရာတော်ဘဒ္ဒန္တသူရိယက စာပေနှင့်ပတ်သက်၍ သြဝါဒကထာမြွက်ကြားပြီး၊ ညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်က အတတ်ပညာနှင့် အသိပညာတို့၏ ကွဲပြားခြားနားမှုနှင့်ပတ်သက်၍ အတတ်ပညာကို ကျောင်းစာသင်ခန်းများတွင် ရရှိနိုင်ပြီး၊ အသိပညာကို မိမိတို့စာကြည့်တိုက်များတွင် စာပေဖတ်ရှုလေ့လာခြင်းဖြင့် ဆည်းပူးရှာဖွေကြရမှာဖြစ်ကြောင်းနှင့် စာကြည့်တိုက်ရေရှည်ရှင်သန်ခိုင်မာရေးကိုလည်း အလေးထားဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ဆက်လက်၍ ဘဝတက္ကသိုလ် စာကြည့်တိုက်အတွက် PDLS စက်တစ်လုံးကို ညွှန်ကြားရေးမှူးချုပ်ဦးရဲတင့်က ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဒုတိယဥက္ကဋ္ဌ ဦးရဲထွန်းကလည်းကောင်း၊ ပြန်ဆက်ရုံးချုပ်နှင့် တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှ လှူဒါန်းသောသုတ၊ ရသစာအုပ်များနှင့် စာကြည့်တိုက်ပရိဘောဂနှင့် ရန်ပုံငွေအတွက် လှူဒါန်းသော အလှူငွေများကို တာဝန်ရှိသူများက ပေးအပ်လှူဒါန်းကြရာ စာကြည့်တိုက်ကော်မတီဝင်များက လက်ခံရယူကြသည်။

ယင်းနေ့ကဖွင့်လှစ်သော စာကြည့်တိုက် အဆောက်အအုံမှာ အလျား ၂၂ ပေ ၉ လက်မ၊ အနံ ၂၁ ပေ ၄ လက်မနှင့် အမြင့် ၁၁ ပေ ၄ လက်မရှိ သွပ်မိုးအုတ်ကာ တမံသလင်းခင်း၊ တစ်ထပ်အဆောက်အအုံဖြစ်ပြီး မြန်မာနိုင်ငံ စာကြည့်တိုက်ဖောင်ဒေးရှင်းက ပံ့ပိုးငွေ ကျပ် ၁၀ သိန်းနှင့် ပြည်သူလူထုထည့်ဝင်ငွေ ကျပ် သိန်း ၆၀ စုစုပေါင်းငွေကျပ် သိန်း ၇၀ ဖြင့် ကျေးရွာပိုင်မြေပေါ်တွင် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ စာကြည့်တိုက်ဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ ဒေသခံပြည်သူများ၏ အားကိုးရယူကာ ကျေးလက်ဒေသများတွင်စာကြည့်တိုက်များ တည်ထောင်ဖွင့်လှစ်ပေးလျက်ရှိသည်။

ကိုနေ(ကျောက်ပန်းတောင်း)

ကျွန်းစုမြို့နယ် မောင်းလှော်ကျေးရွာတွင် စိုက်ပျိုးရေးနှင့်မွေးမြူရေးသင်တန်းဖွင့်လှစ်

မြိတ် ဇူလိုင် ၁၅

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် မောင်းလှော်ကျေးရွာအုပ်စု မောင်းလှော်ကျေးရွာ ဘုန်းတော်ကြီးကျောင်းမှာရုံ၌ ဇူလိုင် ၁၄ ရက် နံနက် ၉နာရီက ဒေသခံပြည်သူများအား စိုက်ပျိုးရေးနှင့် မွေးမြူရေးသင်တန်းဖွင့်ပွဲကျင်းပခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ကျွန်းစုမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးချစ်ကိုကိုဦးက အဖွင့်အမှာစကားပြောကြားပြီး ကျွန်းစုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူး ဦးသန်းထွန်းဦးက ကျေးလက်ဒေသများရှိ ဒေသခံပြည်သူများအတွက် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် ဒေသခံပြည်သူများအတွက် အကျိုးသက်ရောက်မှုများအား ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါက်တာအောင်ဝင်းမြင့်က မွေးမြူရေးနှင့် ကာကွယ်ကုသရေးလုပ်ငန်းများအကြောင်းအားလည်းကောင်း၊ မြိတ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးသန္တာစိုးက စိုက်ပျိုးရေးလုပ်ငန်းများတွင် သိပ္ပံနည်းကျ(၁၄)ချက်ဖြင့် စိုက်ပျိုးနည်း၊ မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးနည်း၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲနည်း၊ ပိုးသတ်ဆေးစနစ်တကျသုံးစွဲနည်း၊ သဘာဝမြေဩဇာများ ပြုလုပ်သုံးစွဲနည်းများကို ပညာပေးဆွေးနွေးပို့ချခဲ့သည်။

အဆိုပါစိုက်ပျိုးရေးနှင့်မွေးမြူရေးသင်တန်းသို့ ကျွန်းစုမြို့နယ် မောင်းလှော်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ဒေသခံအမျိုးသား ၁၅ ဦး၊ အမျိုးသမီး ၄၀ ဦး စုစုပေါင်းသင်တန်းသား၊သင်တန်းသူ ၅၅ ဦးတို့အား ဇူလိုင် ၁၄ ရက်မှ ၁၇ ရက်အထိ လေးရက်ကြာ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးမှူး၍ ဒေသခံပြည်သူများအား ကျေးရွာများအရောက် သက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

မြင့်ဦး (မြိတ်)

၂၀၁၅ခုနှစ်ရွေးကောက်ပွဲဆိုင်ရာအသိပညာပေးဆင့်ပွားသင်တန်း ဝက်လက်မြို့တွင် ဖွင့်လှစ်

ဝက်လက် ဇူလိုင် ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးဆင့်ပွား သင်တန်းကို ဇူလိုင် ၁၂ ရက် နံနက် ၈ နာရီက ကျင်းပခဲ့သည်။

ထို့နောက် ရွှေဘိုခရိုင်ရွေးကောက်ပွဲအရာရှိ ဦးအောင်မင်းဦးက ရပ်ကွက်ကျေးရွာအုပ်စု လုပ်ငန်းလမ်းညွှန်နှင့် မဲရုံအဖွဲ့ လုပ်ငန်းလမ်းညွှန်များကို ဆွေးနွေးပို့ချပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးသန်းထိုက်အောင်က ရွေးကောက်ပွဲကျင်းပခြင်း၊ ဆန္ဒမဲပေးခြင်းနှင့် ကြိုတင် ဆန္ဒမဲပေးခြင်းဆိုင်ရာများကို ဆွေးနွေးပို့ချခဲ့သည်။

ဆက်လက်၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဝင်များဖြစ်ကြသော ဦးအောင်မြင့်ဦးက မဟာဗျူဟာစီမံကိန်းနှင့် ယခင်နှစ်ရွေးကောက်ပွဲများ၏ အားသာချက်၊ အားနည်းချက်များကိုလည်းကောင်း၊ ဦးဇော်ဇော်ထွန်းက ဆန္ဒမဲရေတွက်ခြင်းနှင့် အနိုင်အရှုံးအတည်ပြုကြေညာခြင်း၊ ကော်မရှင်၏ လုပ်ပိုင်ခွင့်များ၊ ရွေးကောက်ပွဲကုန်ကျစရိတ်များကိုလည်းကောင်း ပို့ချခဲ့သည်။

ရွှေဘိုခရိုင် ရွေးကောက်ပွဲအရာရှိ ဦးအောင်မင်းဦးက လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။

ပွဲဆိုင်ရာ ပြစ်မှုများနှင့် ပြစ်ဒဏ်များ တရားမဲ့ ပြုကျင့်မှုများ၊ ရွေးကောက်ပွဲ ကန့်ကွက်လွှာ တင်သွင်းခြင်းနှင့် အဆုံးအဖြတ်ပေးခြင်း အထွေထွေ ကိစ္စရပ်များကိုလည်းကောင်း၊ ဒေါက်တာအေးလွင်က ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်သော အမိန့်ညွှန်ကြားချက်များနှင့် ကျင့်ဝတ် စည်းကမ်းများဆိုင်ရာများကိုလည်းကောင်း အသီးသီးဆွေးနွေးပို့ချခဲ့သည်။

ရွှေဘိုခရိုင် ရွေးကောက်ပွဲအရာရှိ ဦးအောင်မင်းဦးက လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာကြသူများ က မရှင်းလင်းသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြသည်။

အဆိုပါ သင်တန်းသို့ ရွှေဘိုခရိုင် ရွေးကောက်ပွဲအရာရှိနှင့် ဝက်လက်မြို့နယ်အတွင်းမှ နိုင်ငံရေးပါတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများမြို့နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရဝ်ကွက်၊ ကျေးရွာ အုပ်စု ၇၂ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ တက်ရောက်ခဲ့ကြပြီး သင်တန်းကို ညနေ ၄ နာရီအထိဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

နန်းမြင့်(ဝက်လက်)

ရေးဦးပြုစုခြင်းအခြေခံသင်တန်းဖွင့်လှစ်

ရေး ဇူလိုင် ၁၅

မွန်ပြည်နယ် ရေးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ကြက်ခြေနီအသင်းတို့ ပူးပေါင်းဖွင့်လှစ်သော ရေးဦးပြုစုခြင်းအခြေခံသင်တန်းကို ဇူလိုင် ၁၃ ရက်က ရေးမြို့နယ် အမျိုးသမီးအိမ်တွင်းမှ သင်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဝင်းမာသိန်းက သင်တန်းသူများအား မိမိနှင့်မိသားစုပတ်ဝန်းကျင်အတွက်ပါ အသုံးဝင်သည့် အခြေခံပြုစုနည်းပညာရပ်များကို ကြိုးစားသင်ယူကြရန် ပြောကြားခဲ့သည်။အဆိုပါသင်တန်းကာလမှာ တစ်ပတ်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းသူ ၄၇ ဦးကို သင်ကြားပေးသွားမည်ဖြစ်သည်။ **(မြို့နယ် ပြန်/ဆက်)**

ဝါဝင်ခါနီးကာလတွင် တပ်ကြီးရွာမှ ဆီမီးခွက်များလှိုင်လှိုင်ထုတ်လုပ်

မန္တလေး ဇူလိုင် ၁၅

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် တပ်ကြီးကျေးရွာ၌ တစ်ရွာလုံးမြေထည်ပစ္စည်းများ ပြုလုပ်ပြီး လက်ရှိကာလတွင် ဆီမီးခွက်၊ ပဌာန်းအိုး၊ စုဘူးဆိုဒ်စုံနှင့် သောက်ရေအိုးများကို အဓိကပြုလုပ်နေကြောင်း သိရသည်။

တပ်ကြီးရွာမှာ တစ်နှစ်ပတ်လုံး မြေထည်ပစ္စည်းမျိုးစုံကိုပြုလုပ်ပြီး မြန်မာနိုင်ငံဒေသအနှံ ဖြန့်ချိလျက်ရှိသည်။ အထူးသဖြင့် မြန်မာ့ရိုးရာ အိုးပုတ်မျိုးစုံ၊ မြေစုဘူး၊ သောက်ရေအိုး၊ ညောင်ရေအိုးနှင့် အတူ အခြားမြေထည်ပစ္စည်းမျိုးစုံကို ပြုလုပ်ကြသည်။

အိုးလုပ်သည့်မြေအတွက် ရှေးယခင်မှပင် ယခုအချိန်အထိ တပ်ကြီးရွာပိုင်မြေမှ တစ်ရွာလုံးရယူလေ့ရှိပြီး လုပ်အားစိုက်ကာ ကိုယ်တိုင်သယ်ယူလေ့ရှိသည်။

ခေတ်မီသောကာလတွင် ထော်လာဂျီများဖြင့် အဌားမြေတူးမှုများဖြင့်ပင် သယ်ယူကာ အိမ်တွင်စုပုံထားလေ့ရှိကာ ထော်လာဂျီတစ်စီးလျှင် ငွေကျပ် ၆၅၀၀ ပေးရပြီး မြေထည်ပစ္စည်းအမျိုးမျိုးကို ရာသီအလိုက် ပြုလုပ်သည်။ ညောင်ရေအိုး၊ ပဌာန်းအိုး၊ သင်္ကြန်အိုး၊ ဆီမီးခွက်၊ အိုးပုတ်ချိုးရုပ်စုဘူးများကို ရာသီအလိုက် ပြုလုပ်ကြသည်။

ရွာပိုင်မြေမှ မြေများ အိမ်တွင်သယ်ကာ ပုံထားပြီးသည်နှင့် လိုသလောက်ကြိတ်ကာ ထုချေပြီး ရေစိမ်ကြရသည်။ ရေစိမ်ပြီးသည်နှင့် ဆန်ခါနှင့် စစ်၍ အကန့်လေးများပြုလုပ်ကာ ဖြန့်ခင်းလှန်းပေးထားရသည်။ ရွှံ့ဖြစ်သွားကာ တစ်ညသိပ်ခန့်ကြာပြီးသည်နှင့် အိုးလုပ်ရန် ဒေသအခေါ်စက်ပြင်နားတွင် စုပုံကာမခြောက်စေရန် အဝတ်များဖြင့် ဖုံးအုပ်ထားပြီး လိုသလောက်ယူကာ မြေထည်ပစ္စည်းများကို ပြုလုပ်ကြသည်။

ရာသီအလိုက် မြေထည်ပစ္စည်းမျိုးစုံ ထုတ်လုပ်ရောင်းချရာတွင် ဝါဝင်ခါနီးကာလနှင့် ဝါတွင်းကာလတွင် ရိုးရာဆီမီးခွက်များကို တွင်ကျယ်စွာ ထုတ်လုပ်လေ့ရှိပြီး ဆီမီးခွက်များကို ယခင်က ဆီမီးထွန်းရာတွင်အသုံးပြုခြင်း၊ ဝါတွင်းဆွမ်းစဉ်တွင် ဟင်းခွက်များအဖြစ် အသုံးပြုကာ လောင်းလျှုခြင်းများ ပြုလုပ်လေ့ရှိသည်။

လက်ရှိကာလတွင် ဆီမီးခွက်အဖြစ်အသုံးပြုခြင်း မပြုတော့ဘဲ ဝါတွင်းဆွမ်းစဉ်များတွင် ဟင်းခွက်များပြုလုပ်ခြင်း၊ ဆွမ်းလောင်းပွဲများတွင် ဆွမ်းဟင်းထည့်ကာ လောင်းလျှုခြင်းများ ပြုလုပ်သည်။ ဝါတွင်းကာလရောက်တိုင်း ဆီမီးခွက်များမှာ နှစ်စဉ်အရောင်းသွက်လျက်ရှိကြောင်း ဆီမီးခွက် ထုတ်လုပ်ရောင်းချသူတစ်ဦးက ပြောပြသည်။

တိမ်တမန်

ပျက်စီးယိုယွင်းနေသည့်လမ်းအား ကွန်ကရစ်ခင်းကျင်း

ရန်ကုန် ဇူလိုင် ၁၅

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၁၉)ရပ်ကွက်အတွင်းရှိ အ. မ. က(၃၇) ကျောင်းရှေ့မှ အောင်တံခွန်လမ်းမကြီးသည် နှစ်ကာလရှည်ကြာမှုအရ ပျက်စီးယိုယွင်းနေမှုများဖြစ်ပေါ်နေမှုကြောင့် ကွန်ကရစ်လမ်းအဖြစ် ဇူလိုင် ၁၄ ရက် နံနက် ၉ နာရီက လမ်းစတင်ခင်းကျင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါလမ်းမှာ ကျောင်းသား၊ ကျောင်းသူများနှင့် လုပ်သားပြည်သူများ သွားလာရေးအခက်အခဲများကြုံတွေ့နေရခြင်းကြောင့် အဆင်ပြေချောမွေ့စေရန်အတွက် ခင်းခြင်းဖြစ်ကြောင်း၊ ယင်းလမ်းဆောင်ရွက်နေသည့် တာဝန်ရှိသူတစ်ဦးက ပြောသည်။

ၛင်းလမ်းမကြီး ပျက်စီးမှုကြောင့် မိုးများသည့်ကာလတွင် ရေပဝပ်ရေအိုင်များဖြစ်ပေါ်၍ မိဘပြည်သူကျောင်းသား၊ ကျောင်းသူလေးများ သွားလာရေးအခက်အခဲများကြုံတွေ့နေရခြင်းကြောင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ၏ လမ်းညွှန်မှုကိုခံယူ၍ အနောက်ပိုင်းခရိုင်ခွဲ အင်ဂျင်နီယာဌာန လမ်းနှင့်တံတား ခရိုင်မှူး ဦးကံညွှန့်၊ လှိုင်သာယာမြို့နယ် လမ်းနှင့်တံတား တာဝန်ခံ ဦးခင်မောင်အေးနှင့် အင်ဂျင်နီယာများ၊ အမှတ်(၁၉)ရပ်ကွက် အုပ်ချုပ်ရေးမှူး၊ ဒေသဖွံ့ဖြိုးရေး အထောက်အကူပြုအဖွဲ့၊ ရပ်မိရပ်ဖများ စုပေါင်း၍ ဆောင်ရွက်ခဲ့သည်။

ယင်းအောင်တံခွန်လမ်းမကြီးအား အရှည်ပေ ၁၆၃၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိ ကွန်ကရစ်လမ်းမကြီးအဖြစ် ခင်းကျင်းနေကြောင်း သိရသည်။ **မင်းထက်ဝိုင်(လှိုင်သာယာ)**

စာကြည့်တိုက်များ ဖောင်ဒေးရှင်းမှ စာကြည့်တိုက်များ ဆောက်ရန် ကျေးရွာနှစ်ရွာအား ငွေကျပ် ၁၀ သိန်းစီ ထောက်ပံ့ပေးအပ်

ကနီ၊ ဇူလိုင် ၁၅

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းမှ ကနီမြို့နယ်အတွင်းရှိ စာကြည့်တိုက်အဆောက်အအုံဆောက်လုပ်ရန်ခက်ခဲနေသာ ဒဟတ္တောကျေးရွာနှင့် မင်းကုန်းကျေးရွာ နှစ်ရွာအား စာကြည့်တိုက်ဆောက်လုပ်ရန် တစ်ရွာလျှင် ငွေကျပ် ၁၀ သိန်းစီ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ကျေးရွာများတွင် ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတရှာမှီးရာ၌ စိတ်အေးသက်သာစွာ စာပေများဖတ်ရှုနိုင်အောင် စာကြည့်တိုက်ဆောက်လုပ်ရန် ကနီမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ဇူလိုင် ၇ ရက်က သက်ဆိုင်ရာကျေးရွာစာကြည့်တိုက်ကော်မတီများ ထံသို့ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းကြည်က ထောက်ပံ့ငွေများ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထောက်ပံ့ငွေပေးအပ်ပွဲတွင် မြို့နယ်စာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးခင်မောင်ဝေကယခုထောက်ပံ့ပေးအပ်သောငွေဖြင့် စာကြည့်တိုက်အဆောက်အအုံ ဆောက်လုပ်ပြီး ကျေးရွာစာကြည့်တိုက်များ စံ(၅)ချက်ညီ စာကြည့်တိုက်များ ဖြစ်ပေါ်လာစေရန်အတွက် ထောက်ပံ့ပေးအပ်ခြင်းဖြစ်ရာ သက်ဆိုင်ရာစာကြည့်တိုက်ကော်မတီများမှ စာကြည့်တိုက်အဆောက်အအုံအား သတ်မှတ်ချက်နှင့် အညီ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ရေးတို့ကို ဆွေးနွေးပြောကြားခဲ့သည်။

ကျေးရွာစာကြည့်တိုက်ကော်မတီများကလည်း သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေး အလေးထားအကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်များကို ပြန်လည်တင်ပြဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သန်းဌေးအောင်(ကနီ)**

ကျွန်းလှတွင် တိုက်နယ်ဆေးရုံတည်ဆောက်နေ

ကျွန်းလှ ဇူလိုင် ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် အိမ်ခြေကျေးရွာအုပ်စု ရွာကုန်းကြီးကျေးရွာ၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပြည်ထောင်စုဘတ်ဂျက်ခွင့်ပြုရန်ပုံငွေဖြင့် တိုက်နယ်ဆေးရုံတည်ဆောက်လျက်ရှိကြောင်း သိရသည်။

ယင်းတိုက်နယ်ဆေးရုံကို ခွင့်ပြုငွေကျပ်သန်း ၆၀၀ ဖြင့် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလမှစတင်၍ ဆောင်ရွက်ခဲ့ရာ အမျိုးသမီးလူနာဆောင်၊ အမျိုးသားလူနာဆောင်၊ ခွဲစိတ်ခန်း၊ ဆရာဝန်ခန်း၊ သူနာပြုခန်း၊ ဆေးပေးခန်း၊ ဆေးသိုလှောင်ခန်း၊ သားဖွားခန်း၊ သန့်စင်ခန်း၊ အစည်းအဝေးခန်းများပါဝင်၍ အဆောက်အအုံအကျယ်အဝန်းမှာ အလျား ၁၂၆ ပေ၊ အနံ ၈၉ ပေ၊ RC တစ်ထပ်အဆောက်အအုံအား မြန်မာ့ခေတ်ကုမ္ပဏီက တာဝန်ယူတည်ဆောက်ကြောင်းသိရသည်။

မျိုးဝင်းညို(ကျွန်းလှ)

ငါန်းဇွန်ရှိ ကျေးရွာသမဝါယမအသင်းသားများအား လက်ဝယ်အရောက် ချေးငွေများထုတ်ပေး

ငါန်းဇွန် ဇူလိုင် ၁၅

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ်၌ (Exim Bank of China) ချေးငွေတိုးမြှင့်ထုတ်ချေးပေးလျက်ရှိရာ ဇူလိုင် ၁၂ ရက်က မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ရည်၊ မြို့နယ်သမဝါယမအသင်းစုအမှူဆောင်များနှင့် ချေးငွေထုတ်ပေးရေးအဖွဲ့ဝင်များ ပေါင်းစု၍ သံကုန်းကျေးရွာတွင် အောင်သပြေ လယ်ယာနှင့်အထွေထွေစီးပွားရေးလုပ်ငန်း၊ ထွန်းသာကျေးရွာတွင် အောင်ဇေယျ လယ်ယာနှင့်အထွေထွေစီးပွားရေးလုပ်ငန်းနှင့် မကျီးကုန်းကျေးရွာတွင် စိုက်ပျိုးရေးနှင့်အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းများ၏ အသင်းသားများအား လက်ဝယ်အရောက် စာရင်းဇယားပုံစံရှစ်မျိုးဖြင့် စနစ်တကျ ချေးငွေထုတ်ပေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ချေးငွေထုတ်ပေးရာကျေးရွာများသို့ချေးငွေထုတ်ပေးနေစဉ် ဇူလိုင် ၁၂ ရက် ညနေ ၃ နာရီက တိုင်းဒေသကြီး စီမံကိန်းနှင့်စီးပွားရေးရာဝန်ကြီး ဦးအောင်ဇံ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြတ်သူ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများရောက်ရှိပြီး ကျေးရွာအသင်းသားများနှင့် တွေ့ဆုံကာ (Exim Bank of China) ချေးငွေတိုးမြှင့်ထုတ်ချေးပေးရခြင်းအကြောင်းရှင်းလင်းပြောကြားကာ ကျေးရွာ၏လိုအပ်ချက်များကို အပြန်အလှန်မေးမြန်းဖြေကြားချက်များဖြင့် ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။

သက်နောင်ဦး(ငါန်းဇွန်)

မြင်းကန်အုပ်စု ဆည်ကုန်းကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးဖွင့်ပွဲအခမ်းအနားကျင်းပ

မိတ္ထီလာ ဇူလိုင် ၁၅

မိတ္ထီလာမြို့နယ် မြင်းကန်အုပ်စု ဆည်ကုန်းကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၄ ရက် နံနက် ၉ နာရီက မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့ အတွင်းရေးမှူး ဦးတင်လှ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင် ဦးသန်းဝင်းနှင့် ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးစိန်လင်းတို့က ဖွင့်လှစ်ပေးခဲ့သည်။

အခမ်းအနားတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့မိမြို့ဖ ဦးစိုးသန်း၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုဖွဲ့ဝင် ဦးကျော်အေးတို့က ကျေးရွာမီးလင်းနိုင်ရေးနှင့်ပတ်သတ်၍ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ကျေးရွာမီးလင်းရေးအထိမ်းအမှတ်အလံများအား ကျေးရွာမီးလင်းရေးကော်မတီဝင်များက မြို့နယ်လျှပ်စစ်ဌာနနှင့် တာဝန်ရှိသူများကို ပေးအပ်ခဲ့ပြီး အဆိုပါကျေးရွာမီးလင်းနိုင်ရေးအတွက် ကျေးရွာမီးလင်းရေးကော်မတီများဖွဲ့စည်း၍ ကျေးရွာရှိ အိမ်ခြေ ၂၀၀ ကျော်မှ စုပေါင်းပြီး သိန်းပေါင်း ၅၀၀ ကျော် အကုန်အကျခံကာ ၁၁ ကေဗွီ ၃၁၅ ဗို့အား ထရန်စဖော်မာတစ်လုံးကို ကျေးရွာမီးလင်းနိုင်ရေးအတွက် ကိုယ့်အားကိုယ်ကိုး စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

ဖလမ်း၌ ပျိုရွယ်သူကျန်းမာရေးဆိုင်ရာ အသိပညာပေး ဟောပြော

ဖလမ်း ဇူလိုင် ၁၅

ပျိုရွယ်သူကျန်းမာရေးဆိုင်ရာအသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၃ ရက် နံနက် ၁၀ နာရီက ဖလမ်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ရှလွယ်ခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ချင်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဥမ္မာဆွေက ပျိုရွယ်သူကျန်းမာရေးဆိုင်ရာများကိုလည်းကောင်း၊ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါ်အွမ်အွေးက HIV၊ AIDS အကြောင်းကိုလည်းကောင်း၊ ဖလမ်းမြို့နယ် သူနာပြုအဆင့်(၁) ဒေါ်သုမ်ကြန်းက မူးယစ်ဆေးဝါးအကြောင်းကိုလည်းကောင်း၊ မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနတာဝန်ခံ ဒေါ်လာလိန်းပိုးက အာဟာရဖြစ်စေသော အစားအစာများအကြောင်းကိုလည်းကောင်း၊ မြို့နယ်ယာဉ်ထိန်းတပ်ဖွဲ့စုမှူး ရဲအုပ်ခင်မောင်ထူးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်းကိုလည်းကောင်း အသီးသီးဟောပြောဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ဖလမ်းမြို့ ဗလိုင်ရပ်ကွက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် ချင်းချယ်ရီမူကြို့ကျောင်းရှိ ကလေးငယ်များအား ကျောင်းသုံးဗလာစာအုပ်၊ စာရေးကိရိယာနှင့် စားသောက်ဖွယ်ရာများကို ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက လျူဒါနိုးပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

မဲဆန္ဒရှင်စာရင်းများအား ကွန်ပျူတာတွင်ထည့်သွင်းခြင်းဆိုင်ရာ သင်တန်းဖွင့်

မင်းဘူး ဇူလိုင် ၁၅

မကွေးတိုင်းဒေသကြီး ရွှေကောက်ပွဲကော်မရှင်အဖွဲ့ခွဲ မဲဆန္ဒရှင်စာရင်းအချက်အလက်များကို ကွန်ပျူတာတွင် ထည့်သွင်းခြင်းဆိုင်ရာ နည်းပညာပေးသင်တန်း အမှတ်စဉ် (၂/၂၀၁၅) ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၃ ရက် နံနက် ၉ နာရီခွဲက မင်းဘူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ရွှေကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဦးကြည်စိန်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးရွှေကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရွှေကောက်ပွဲအရာရှိ ဦးစိုးထွန်ဦးက မဲဆန္ဒရှင်စာရင်းအချက်အလက်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးတင်ပြခဲ့သည်။

ယင်းနောက် IFES အဖွဲ့ကိုယ်စားလှယ်မှ နည်းပညာများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြပြီး မဲဆန္ဒရှင်စာရင်းအချက်အလက်များကို ကွန်ပျူတာတွင် ထည့်သွင်းခြင်းဆိုင်ရာ နည်းပညာပေးသင်တန်းကို စတင်ပို့ချပေးခဲ့သည်။

အဆိုပါသင်တန်းသို့ မကွေးခရိုင်၊ သရက်ခရိုင်နှင့် မင်းဘူးခရိုင်များ အတွင်းရှိ မြို့နယ်များမှ ရွှေကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ ဒုဦးစီးမှူးများနှင့် စာရေးများတက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ဇူလိုင် ၁၃ရက်မှ ၁၄ ရက်အထိပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ **တင်ထွန်းဦး(မင်းဘူး)**

ဝါဆိုသက်နိုး ဆက်ကပ်လျှုဒါန်းပွဲ ဖိတ်ကြားလွှာ

ရွှေဥမင်ဆရာတော်ကြီး တည်ထောင်တော်မူခဲ့၍ တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ (ယော)ဆရာတော်ကြီးမှ ဦးစီးပဓာန နာယကအဖြစ် စီမံအုပ်ချုပ်တော်မူသော ရွှေဥမင်ဓမ္မသုခတောရရိပ်သာနှင့် ပရိယတ္တိစာသင်တိုက်၌ သီတင်းသုံးတော်မူသော ကျောင်းတိုက်သံယာ(၈၀)ပါးနှင့် ပင့်သံယာ(၂၅)ပါးတို့အား (၁၅)ကြိမ်မြောက် ဝါဆိုသက်နိုး ဆက်ကပ်လျှုဒါန်းပွဲနှင့် စာအောင်သံယာပူဇော်ပွဲ ကျင်းပမည်ဖြစ်ပါ၍ အောက်ပါအစီအစဉ် အတိုင်း ကျောင်းတိုက်၏ ပစ္စည်း(၄)ပါးဒါယကာ၊ ဒါယိကာမများ၊ ကုသိုလ်ရှင်များ ကြွရောက်၍ အနုမောဒနာတရား စုပေါင်းနာယူ၊ ကုသိုလ်အမျှရယူကြပါရန် လေးမြတ်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျောင်းအကျိုးတော်ဆောင်အဖွဲ့
ဖုန်း-၀၁-၆၃၀၇၀၊ ၀၁-၆၃၀၂၉၄

နေ့ရက် - ၁၃၇၇ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၀ ရက်၊ ၂၆-၇-၂၀၁၅ရက် (တနင်္ဂနွေနေ့)

အချိန် - နံနက် ၉နာရီတွင် ဝါဆိုသက်နိုးဆက်ကပ်လျှုဒါန်းခြင်းနှင့် တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက (ယော)ဆရာတော်မှ အနုမောဒနာတရား ဟောကြားတော်မူပါမည်။ နံနက် ၁၀း၃၀နာရီတွင် သံယာတော်အရှင်သူမြတ်တို့အား နေ့ဆွမ်းဆက်ကပ်လျှုဒါန်းခြင်းနှင့် ဧည့်ခံရိသတ်အား ဧည့်ခံကျွေးမွေးပါမည်။

နေရာ - ရွှေဥမင်ဓမ္မသုခတောရရိပ်သာနှင့် ပရိယတ္တိစာသင်တိုက်၊ ကုန်းတလပေါင်း စံပြကျေးရွာ၊ ပတ္တမြားမြို့သစ်၊ မက်လာဒုံမြို့နယ်၊ ရန်ကုန်မြို့။

Belove Beauty Saloon
ဆံပင်ညှပ်၊ ဘာသာစုံကွမ်းကျင် - မ (၁) ဦး
ခေါင်းလျှော်၊ ပေါင်းတင် ကွမ်းကျင် - မ (၁) ဦး
အလိုရှိသည်။
ဆက်သွယ်ရန် - သာကေတမြို့နယ်၊ ရန်ကုန်၊
ဖုန်း - ၀၉ ၂၆၀ ၉၀၂၅၁

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်လင်းပြည့်ကျော်(၁၂/ပဘတ(နိုင်)၀၃၁၀၃၂)၏ PP No.MA 559232 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၀၈၁၀၁၀၃

◈ **ကရင်ပြည်နယ်-ဘားအံ-ကျုံထော်ရေတံခွန်**
July 18,25,30,31, Aug 1 (35000/Ks)
◈ **မော်လမြိုင်-ကျိုက္ခမီ-ဇင်းကျိုက်ရေတံခွန်**
July 18,25,30,31, Aug 1 (35000/Ks)
➤ **အဆင့်မြင့် Scania ကား၊ အဆင့်မြင့်စားသောက်ဆိုင်များဖြင့်သာ စီစဉ်ပေးပါသည်။**
Ph: 01-706716, 09-259257822~3, 09-250790919, 09-420179988

အမြန်ငှားရန်
မြေနီကုန်း City Mart အနီး၊ 2RC ၊ မှန်ခန်း၊ (5100 Sqft)
MS (REAL ESTATE AGENCY)
09-254398600, 09-263202240

အမြန်ဝယ်/ငှားလိုပါသည်
(ရွှေတောင်ကြား၊ မရမ်းကုန်း၊ ပြည်လမ်း၊ ကမာရွတ်၊ သာကေတ၊ သန်လျင်၊ လသာ) မြို့နယ်များရှိ (0.4 ~2)ဧကမြေကွက်များကို ငှားလိုပါက ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ပါရန်။ **MS (REAL ESTATE AGENCY)**
Ph: 09-254398600, 09-263202240

ပေါက်ခေါင်းမြို့နယ်အသင်း(ရန်ကုန်)၏ (၁၂)ကြိမ်မြောက် ဝါဆိုသက်နိုး ဆက်ကပ်လျှုဒါန်းပွဲ

ပေါက်ခေါင်းမြို့နယ်အသင်း(ရန်ကုန်)၏ (၁၂)ကြိမ်မြောက် ဝါဆိုသက်နိုး ဆက်ကပ်လျှုဒါန်းခြင်းကို ၂၆-၇-၂၀၁၅ ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် သာသနာဟိတကာရီဓမ္မာရုံ၊ ဖဆပလရပ်ကွက်၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ (ဆရာကြီးဦးထွဋ်အိမ်ရှေ့)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အသင်းသူ/အသင်းသားများနှင့် ရန်ကုန်မြို့ရောက် ပေါက်ခေါင်းသူ/သားများ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

သံယာတော်(၅)ပါးအား သက်နိုးနှင့် ဝတ္ထုဒွေများလည်း ဆက်ကပ်လျှုဒါန်းနိုင်ပါသည်။

ဆရာကြီး ဦးထွဋ် Ph-01-387534
ဆရာကြီး ဦးဗြိမ်းမောင် Ph-09-8619576
ဒေါ်ခင်လေးမြင့် Ph-09-5077803တို့ထံ ဆက်သွယ်လျှုဒါန်းနိုင်ပါသည်။



၁။ ပင်ရင်း၊ အမှတ်(၈)၊ ပန်းဝတ်ရည်လမ်း၊ ကန်ခေါင်းရပ်၊ မြိတ်မြို့
ဖုန်း-၀၉-၈၇၆၀၂၄၀၊ ၀၉-၄၂၂၁၉၃၃၆
၂။ သိကြားရေစင်ဆေးတိုက်၊ အမှတ်(၂၄)၊ မယ်ဇလီပင်လမ်း၊ ကြည့်မြင်တိုင်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၅၁၁၁၀၄၉
၃။ မှန်ချိုဆေးတိုက်၊ အမှတ်(၂၆၁)၊ ရွှေဘုံသာလမ်း၊ ရန်ကုန်မြို့
ဖုန်း-၀၁-၃၈၄၆၅၁၊ ၀၁-၃၇၅၁၀၃
၄။ ကဲသာဆေးတိုက်၊ အမှတ်(၃၁)၊ သတိပဋ္ဌာန်လမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၁၄၉၈၈၁
၅။ ဝင်းတိုင်းရင်းဆေးခန်း၊ အမှတ်(၂၀၁)၊ စံပြ(၄)လမ်း၊ စံပြရပ်ကွက်၊ သယ်နီးကျွန်း၊ ဖုန်း-၀၉-၇၉၅၅၅၅၅၂
၆။ ကျော်ကျော်-ဆေးဆိုင်၊ အမှတ်(၁၀၆)A၊ ဗဟိုလမ်း၊ ဗဟိုလမ်းနှင့်ဗားကရာလမ်းထောင့်၊ စမ်းချောင်းမြို့နယ်။ ဖုန်း-၀၉-၇၉၀၁၄၆၁၁၂၊ ၀၉-၄၃၀၀၃၂၅
၇။ ဦးသန့်စင် အမှတ်(၁၉၊ ၂၀၊ ၂၁) ကြိုးတံတားဈေး၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၂၅၀၀၉၆၆၁
၈။ ဒေါ်သန်းသန်းမြင့်၊ ကျောက်မီးသွေးရုံလမ်း၊ ရွှေလမ်းထိပ်၊ မော်လမြိုင်မြို့
ဖုန်း-၀၉-၅၀၀၀၈၇၀
၉။ ဒေါ်သန်းသန်းနိုင်၊ သမားကျော်-ဆေးတိုက်၊ တာဝတီသာဘုရားလမ်း၊ မြန်အောင်မြို့
ဖုန်း-၀၉-၄၂၅၀၂၄၀၂
၁၀။ လှလှလင်းအမှတ်တရလက်ဆောင်ပစ္စည်းဆိုင်၊ တိုင်းရုံးလမ်းဆုံနှင့် ဥတ္တတံတားကြီးလမ်းဆုံကြား၊ ရေးလမ်း၊ ထားဝယ်မြို့၊ ဖုန်း-၀၉-၅၃၂၀၅၅၅၁၁
၁၁။ ဒေါ်ခွဲ့ခွဲ့ရီ တိုင်းရင်းဆေးတက္ကသိုလ်၊ ဆရာများအဆောင်၊ မန္တလေးမြို့
ဖုန်း-၀၉-၉၇၁၀၇၈၉၀၇၊ ၀၉-၉၁၀၁၆၀၇၃
၁၂။ ဒေါ်ခွဲ့ခွဲ့ယည်၊ သိန်သူရဆေးတိုက်၊ အမှတ်(၁၁၈)၊ လမ်း(၈၀) (၁၃၊၁၄)လမ်း၊ မန္တလေးမြို့
ဖုန်း-၀၉-၃၃၀၃၁၉၆၉
၁၃။ ဒေါ်ခင်မာရီ အမှတ်(၈၀၂)၊ ပုလိုင်းရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့
ဖုန်း-၀၉-၂၀၁၇၄၀၆
၁၄။ ဒေါ်ယဉ်ယဉ်အေး၊ အကွက်(၈)၊ ဒေါနဘွားရပ်ကွက်၊ ၁၇×၁၈လမ်းကြား၊ ၆၂×၆၃လမ်းကြား၊ မန္တလေးမြို့။ ဖုန်း-၀၉- ၇၃၅၄၅၅
၁၅။ ဦးကျော်ဦး၊ ဒေါ်မြစိန် မရ-၂၃၃၊ မင်းရပ်၊ ကျောက်ဆည်မြို့၊ ဖုန်း-၀၉-၄၀၃၇၁၅၁၀
၁၆။ ဦးအောင်စိုးလှင်၊ တိုင်းရင်းဆေးရုံအုပ်၊ အမှတ်(၁၆၄၉)၊ ရွှေတချောင်းလမ်း၊ အမှတ်(၁) ရိုစခန်းအနီး၊ ပြည်မြို့၊ ဖုန်း-၀၅၃- ၆၃၂၆၊ ၀၉-၅၃၁၁၀၃၈
၁၇။ ဦးရင်ကီး၊ ရိပ်သာလမ်းမကြီး၊ လှည်းကူးမြို့၊ ဖုန်း-၀၁-၆၂၉၃၆၂
၁၈။ ဦးသိန်းငွေးအောင်၊ မြတ်သရဖူတိုင်းရင်းဆေးခန်း၊ အမှတ်(၃၇၇)၊ လမ်းမကြီး၊ လမ်းမတော်ရပ်ကွက်၊ စစ်တွေမြို့။ ဖုန်း-၀၉-၄၂၇၁၀၀၉၉
၁၉။ ဒေါ်သန်းသန်းနိုင်၊ သမားကျော်-ဆေးတိုက်၊ တာဝတီသာဘုရားလမ်း၊ မြန်အောင်မြို့
ဖုန်း-၀၉-၄၂၅၀၂၄၀၂

စတုတ္ထအကြိမ်မြောက် ဝါဆိုသက်နိုးကပ် အထူးခရီးစဉ်
ကယားပြည်နယ် လျှိုင်ငတ် တောင်တွဲဒေတီ
၃၀-၇-၂၀၁၅ မှ ၂-၈-၂၀၁၅ အထိ
သုဘဝိန်ဓာဝေ 01-253079/09 30184137/09 5155654

မက်လာပါ ASIA KING 09-43114301,09-420221257
ကားထိုးနေ့စဉ်လေးဦး July 17,18,19,24,30
- ကျုံထော်ရေတံခွန်၊ ကျောက်ကလပ်၊ ရသေ့ပျဉ်ရှု၊ ကော့ကသောင်ဂူ၊ ကော့ဌန်းဂူ (ဒေဒျင်းပြန်) Package- 30000/
- ပုဏ်(ဌယ်တော်လေးဆူ)၊ ပြည်မင်းပြည်၊ ပဒုက္ကူ၊ ဇနပြည်တော် Hotel Package- 65000/
- တောင်ကြီး၊ ဘင်းလေး၊ ပင်းတယ၊ ထန့်ဆမ်း၊ ကက္ကူ Hotel-120000/ Guest-65000/
- ကျောက်ဝိပ်ပင်ကြီ၊ ပဟာပြတ်ပုဒီ၊ ဇနပြည်တော်ပုဒ္ဓဂယာ(ဒေဒျင်းပြန်)Package-35000/

ကရင်ပြည်နယ်အစိုးရအဖွဲ့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကရင်ပြည်နယ်အစိုးရအဖွဲ့၏အစီအစဉ်ဖြင့် ဘားအံမြို့နှင့် မြဝတီမြို့များတွင် ပြည်သူ့အိမ်ရာ(အင့်ဘချ)အဆောက်အအုံများ ဆောက်လုပ်ခြင်းအား ဆောင်ရွက်ရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၅-၇-၂၀၁၅ ရက်
၃။ တင်ဒါဖွင့်မည့်ရက် - ၁-၈-၂၀၁၅ ရက်
၄။ တင်ဒါပုံစံများကို ကရင်ပြည်နယ်၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတွင် ၁၅-၇-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်း ကြေညာအပ်ပါသည်။

တင်ဒါစီစစ်ကြီးကြပ်ရေးအဖွဲ့
စုံစမ်းရန်-(၀၅၈-၂၃၃၁၆၊ ၀၅၈-၂၃၄၂၈)

ဒေါ်ယုယုမြင့်
ACCA | CIMA | DIP IFR | LCCI
Auto Count | Job Training | Corporate Training
LCCI Level I,II August တန်းခွဲအသစ်များ ကျောင်းအပ်လက်ခံပြီ။
- အမှတ်(၄၅)၊ ပထမထပ်၊ ၁၂-လမ်း(အလယ်)၊ လမ်းမတော်မြို့နယ်၊
- အမှတ်(၁၁၇)၊ ၅-ထပ်၊ ရင့်အိုးတန်းလမ်း(အထက်)၊ (၁၈လမ်းနှင့် ၁၉လမ်းကြား)၊ လသာမြို့နယ်၊
09 795940344, 09 73030977, 09 5014563

စာအုပ်စာပေ လူ့မိတ်ဆွေ

သင်ကြားရေးသင်ထောက်ကူ လေ့ကျင့်ခန်းနှင့်အခြေများ
Student's Review
ENGLISH Work Book (Grade 2 to Grade 11)
ဦးတင်ထွန်း (B.A- English)
MATHEMATICS Work Book (Grade 2 to Grade 11)
ဦးမြင့်သန်း(တွဲဖက်ပါမောက္ခ-ဒြီမ်း) ဦးအောင်မျိုး (M.Sc-Maths.)
အဌမတန်း Grade 9 English (၁၇)စုံ
၂၀၁၅ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် စစ်မေးခဲ့သော မေးခွန်းဟောင်းများကို အမှတ်ပေးစည်းမျဉ်းနှင့်အညီ ပြုစုထားပါသည်။ UTA (ရန်ကုန်တက္ကသိုလ်)
ပြည်လုံးကျွတ်ဖြန့်ချိရေး - ကေရီစ်စာပေ၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၇၃၀၅၁၁၁၄၄၊ ၀၉ ၅၁ ၂၉၆၇၀၊ ၀၉ ၅၅၀၁၁၁၄
အမြို့မြို့အနယ်နယ်ရှိ ဆိုင်တိုင်းတွင်ဝယ်ယူရရှိနိုင်ပါသည်။

Fortune International Limited

(1)	Brand Manager [B.V.S(or)MBA(or) Business Management Diploma]	ကျား/မ(၆)ဦး
(2)	Plant Manager [B.Pharm (or) B.V.S]	ကျား/မ(၅)ဦး
(3)	Medical Representative [MBBS (or)BNSc]	ကျား/မ(၅)ဦး
(4)	Assistant Marketing Manager [MBA (or)Marketing Diploma (or)Any Graduate, Chinese 4 Skills]	ကျား/မ(၅)ဦး
(5)	Senior Auditor (internationally accepted relevant certification)	ကျား/မ(၅)ဦး
(6)	Auditor (internationally accepted relevant certification)	ကျား/မ(၅)ဦး

တိုက်(၁၂)၊ MICT Park၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ (MES နှင့် ကပ်လျက်)
ဖုန်း-2305250~7, E-mail(hr-fil@fortunemm.com)

အထက်ပါရာထူးများအတွက် လျှောက်ထားလိုသူများသည် လိုအပ်သည့် ကိုယ်ရေးရာဇဝင်၊ ဓာတ်ပုံ(၁)ပုံ၊ ပညာရေးထောက်ခံစာမိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ အလုပ်သမားရပ်ကွက်/ရဲစခန်းထောက်ခံစာမိတ္တူတို့နှင့်အတူ နှစ်ပတ်အတွင်း နောက်ဆုံးထား၍ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

ရန်ကုန်
အမှတ် F. 2~8 ပထမထပ် ၊ အောင်ဆန်းကွင်းမြောက်ဘက်တန်း (ဒ.ဆ.ပ.လ ရှေ့) ၊ မက်လာတောင်ညွှန့်မြို့နယ်။
ဖုန်း - 09 730 84 840 , 09 730 84 841

မန္တလေး
အမှတ် (471) ၊ 82 လမ်း (34 လမ်း နှင့် 35 လမ်းကြား)
မန္တလေး ။
ဖုန်း - 09 3311 6626 , 09 3322 6636

နေပြည်တော်
အမှတ် (1237) ဇော်ဂီလမ်း ၊ မက်လာဒီပ ရပ်ကွက် ၊ ပုဗ္ဗသီရိ ၊
နေပြည်တော်။
ဖုန်း - 09 730 84 844 , 09 795900 146

မော်လမြိုင်
အမှတ် (33) မြို့ရှောင် လမ်းမကြီး ၊ မြေနီကုန်းရပ်ကွက်၊
မြေနီကုန်း အဝေးပြေး ကားဝင်းအနီး ၊ မော်လမြိုင်မြို့ ။
ဖုန်း - 09 79 58 999 80 , 09 79 58 999 81
** ဖိတ်ခေါ်ပါရှိ

ဂုဏ်ယူဝမ်းမြောက်ခြင်း

ပုသိမ်တက္ကသိုလ်သည် ဂျပန်နိုင်ငံတက္ကသိုလ်များဖြစ်သော -

University of Tsukuba နှင့် (၃၀-၁၁-၂၀၁၄)
Kumamoto University နှင့် (၁၆-၂-၂၀၁၅)
Tottori University နှင့် (၁၉-၂-၂၀၁၅)
University of Miyazaki နှင့် (၁၉-၅-၂၀၁၅)
Hokkaido University နှင့် (၂၉-၆-၂၀၁၅) ရက်နေ့များတွင်

ပညာရေးသုတေသန ပူးပေါင်းဆောင်ရွက်ရေး၊ ပညာသင်စေလွှတ်ရေး ကိစ္စရပ်များအတွက် နားလည်မူစာချွန်လွှာ MoU ရေးထိုးနိုင်ခဲ့သည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါသည်။

NGWE THAZIN
Printing & Media Services

မန္တလေးအသင်း(ရန်ကုန်)
ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲဖိတ်ကြားလွှာ

မန္တလေးအသင်း(ရန်ကုန်)၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ၁၉-၇-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အမှတ် (၆၂၈/၆၃၂)၊ ပထမထပ်၊ (Royal Riverview Condo)၊ ကုန်သည်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ အသင်းတိုက်ခန်းမဆောင်၌ နိုင်ငံတော်သံဃမဟာနာယကဆရာတော်များအား ပင့်ဆောင်ဆက်ကပ်လှူဒါန်းမည်ဖြစ်ပါ၍ အသင်းသူ၊ အသင်းသားများ ကြွရောက်ကုသိုလ်ယူကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

လှူဒါန်းလိုသော အသင်းသူ၊ အသင်းသားများ၊ အလှူရှင်များ အတွင်းရေးမှူး ဖုန်း-၀၉-၅၁၉၂၉၈၀၊ တွဲဖက်အတွင်းရေးမှူး(၁) ဖုန်း-၀၉-၇၃၃ ၃၁၃၀၈နှင့် အသင်းရုံး ဖုန်း-၃၈၈၆၀၃၊ ၃၇၅၅၉၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

အမှူဆောင်အဖွဲ့

---

300 ဖြေကွက်များ
ရောင်းလို ၊ ဝယ်လို - ပါက
အမြန်ဆက်သွယ်ပါ။
မဇ္ဈိမ 374648 , 09 421025403
249380 , 09 43152297

ဒဂုံမြို့သစ်
(တောင်ပိုင်း)၊(ဆိပ်ကမ်း)
မြေကွက်များဝယ်လိုသည်
ဖုန်း -0943075129

ပင်နှင်စူလာအင်တာပရိုက်စစ်လီမိတက်
ဝန်ထမ်းအလိုရှိသည်
(တောင်ဒဂုံ-စက်မှုဇုန်(၁)တွင် တာဝန်ထမ်းဆောင်ရမည်။)

1Engineer (Mechanical & Electrical) **Male (5)Posts**

- B.E, AGTI (or) B-Tech ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။
- Slitting Line & Pipe Line Machine အား ကိုင်တွယ်အသုံးပြုရမည်။
- အသက် (၄၀)နှစ်အောက် ဖြစ်ရမည်။

လျှောက်ထားသူများသည် CVပုံစံ၊ အလုပ်သမားမှတ်ပုံတင်နှင့် နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း သက်ဆိုင်ရာရဲစခန်းထောက်ခံစာ၊ ပညာအရည်အချင်းအတွက်လိုအပ်သော အထောက်အထားမိတ္တူ၊ လိုင်စင်ဓာတ်ပုံ(၂)ပုံနှင့်အတူ မိုးခြိန်အတွင်း လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

တော်ဝင်ပလာဇာ
၃-လွှာ၊ စက်ခွံလမ်းနှင့်ဗိုလ်မင်းရောင်လမ်းထောင့်၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၂၀၁၁၆၄၊ ၂၀၂၈၀၁

မြန်မာနိုင်ငံရေကြောင်းအင်ဂျင်နီယာအသင်း
ဝါဆိုသင်္ကန်းကပ် အလှူတော်မင်္ဂလာဖိတ်ကြားခြင်း

မြန်မာနိုင်ငံရေကြောင်းအင်ဂျင်နီယာအသင်း နှင့် ရေကြောင်းအင်ဂျင်နီယာများ အထွေထွေဝန်ဆောင်မှု သမဝါယမအသင်းလီမိတက်တို့မှ ဦးစီးရှိဝါဆိုသင်္ကန်းကပ်လှူဒါန်းပွဲ အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည် ဖြစ်ပါ၍ ရေကြောင်းအင်ဂျင်နီယာ နှင့် ရေကြောင်းလျှပ်စစ်အင်ဂျင်နီယာ မိသားစုဝင်များ အားလုံးပါဝင်လှူဒါန်းနိုင်ပါကြောင်းနှင့် ကြွရောက်ပါရန်လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

- ကျင်းပမည့်နေ့ - ၂.၈.၂၀၁၅ ရက် (တနင်္ဂနွေနေ့)
- ကျင်းပမည့်အချိန် - နံနက် (၁၀း၀၀)နာရီ
- ကျင်းပမည့်နေရာ - မြန်မာနိုင်ငံရေကြောင်းအင်ဂျင်နီယာအသင်း၊ အမှတ် (၂၆/၂၇)၊ လယ်ယာ(၃)လမ်း၊ ၁၀မြောက်ရပ်ကွက်၊ သာကေတမြို့နယ်။
  ၀၉ - ၇၃၂၃၈၀၁၅၊ ၀၉ - ၄၉၇၉၂၁၅၇၇

အလုပ်အမှူဆောင်အဖွဲ့
မြန်မာနိုင်ငံရေကြောင်းအင်ဂျင်နီယာအသင်း
(သီးခြားဖိတ်စာမပို့ပါ)

ဦးဆောင်ကျော် (Tu Tu - Su Su)
ENGLISH Speaking & Phonetics /Grammar
ကျန်းမာရေးဝန်ကြီးဌာန(အောက်)ရှိ လစ်လပ်ရာထူး
MBBS/BDS ဘွဲ့-498 နေရာအတွက် Interviewစတေ့ာ့မည်
၁၀၆၊စဉ်အိုးတန်းလမ်းလသာ။ ဖုန်း-250727,09-5163884

ခရူသင်းသမင်ဖြူ
ကြော်ငြာနှင့်ပြုလုပ်အမှတ် ဘာဆောက(စာနယ်ဇင်း) ၀၇/ဘဘ၄
ညွှင်း၊ ပွေး၊ ဝဲ၊ ယားနာ၊ နှင်းခူ၊
လီယိုမက်အရေပြားရောဂါကု တိုင်းရင်းဆေးတိုက်မှ
နယ်မှ ဝေဒနာ ရှင်များ စာတိုက်မှ တဆင့်မှာ ယူနိုင်ပါသည်။
သွေးမသန့်ခြင်းကြောင့်ဖြစ်သော အရေပြားရောဂါများကို ကုသပေးသည်။
အမှတ် (၂၂၅)၊ (၃)ထပ်၊ ၃၂လမ်း၊(အထက်) ရန်ကုန်မြို့။
ဖုန်း ၀၁-၂၅၂၅၉၈၊ ၀၁-၂၄၃၀၅၁

Topsyne® HERBAL CREAM

ပန်းပွင့်ပုံဘူးအသစ်တစ်မျိုးတည်းအတွက်သာ

အရည်အသွေးမြင့် ဘူးဒီဇိုင်းအသစ်



သုံးစွဲသူများ အတွက် အထူး ကစားမဲ
(15.5.2015 - 15.3.2016)

1,000,000 ကျပ် (1) ဆု
400,000 ကျပ် (2) ဆု
300,000 ကျပ် (2) ဆု
100,000 ကျပ် (5) ဆု
50,000 ကျပ် (10) ဆု
20,000 ကျပ် (20) ဆု

မျက်နှာအသားအရေ၏ အစိုဓာတ်ကို ကြာရှည်ထိန်းပေးထားနိုင်စွမ်း ရှိသောကြောင့် ရေရှည်သုံးစွဲပေးပါက အရေးအကြောင်းဖြစ်ခြင်း ၊ ရွေးပေါက်ကျယ်ခြင်းကို ကာကွယ်ပေးနိုင်၍ ရှိရင်းစွဲအရွယ်ထက် နုပျိုစေနိုင်ပါသည်။ နေရောင်ခြည်ဒဏ်ကို နှစ်ဆ ကာကွယ်ပေးနိုင်၍ တင်းတိတ်၊ မဲ့ခြောက်ဖြစ်ခြင်းမှ ကာကွယ်ပေးနိုင်ပါသည်။ လိမ်းထားစဉ် မိတက်ပဲလိမ်းထားမှန်း မသိသာဘဲ သဘာဝအလှအတိုင်း ဝင်းပနေစေပြီး အဆီပြန်ခြင်း ကင်းစေပါသည်။

သတိမှတ်ကာလအတွင်း ကစားမဲစာရွက်များကို ပြည်ခံစွာဖြည့်စွက်ပြီး ကျွေးဘူးစွန့်အတူ ကစားမဲစာရွက်တွင်ပါသောလိပ်စာအတိုင်း ပြန်ပို့ပေးရန်

Apple Production Co., Ltd. - (01) 581391, 581844, 581886 (09) 86 18081 , 49 316408

ပင်လယ်ကိုးသွယ်ကုမ္ပဏီလီမိတက်

ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်ရှိ ပင်လယ်ကိုးသွယ် တန်(၅၀၀)ဆန်စက်တွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အလိုရှိသည်။

Engineer
- B.E (Mechanical) ဘွဲ့ရ ကျား(၁)ဦး
- AGTI (Mechanical) ဘွဲ့ရ ကျား(၂)ဦး
- AGTI (Electrical) ဘွဲ့ရ ကျား(၁)ဦး

စက်မှုပိုင်းဆိုင်ရာ စိတ်ဝင်စားပြီး ကျွမ်းကျင်စွာလုပ်နိုင်သူ ဦးစားပေးမည်။ အသက်(၃၅)နှစ်အောက် ဖြစ်ရမည်။

စိုက်ပျိုးရေးဝန်ထမ်း
- B.Ag (Agriculture) ဘွဲ့ရ ကျား/မ(၂)ဦး
- စိုက်ပျိုးရေးကိုစိတ်ဝင်စားပြီး ဆန်စက်တွင် တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရပါမည်။
- အသက်(၂၅)နှစ်အောက်ဖြစ်ရမည်။

ရုံးဝန်ထမ်း
- တက္ကသိုလ်ဘွဲ့ရ ကျား/မ(၂)ဦး
- အခြေခံကွန်ပျူတာအသုံးပြုနိုင်သူဖြစ်ရမည်။
- လူအများနှင့်ပြေပြစ်စွာ ပြောဆိုနိုင်သူဖြစ်ရမည်။
- ဆန်စက်လုပ်ငန်း စိတ်ပါဝင်စားသူဖြစ်ရမည်။

ကွန်ပျူတာကျွမ်းကျင်
- တက္ကသိုလ်ဘွဲ့ရ ကျား/မ(၁)ဦး
- ကွန်ပျူတာကို ကျွမ်းကျင်စွာ အသုံးပြုနိုင်သူဖြစ်ရမည်။
- စာစီစာရိုက်(မြန်မာ၊ အင်္ဂလိပ်)

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်း (CV Form)၊ Passport ဓာတ်ပုံ(၁)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ပညာအရည်အချင်းအောင်လက်မှတ်မိတ္တူများ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံစာတို့နှင့်အတူ လူကိုယ်တိုင် Central Tower၊ အမှတ်(၇၉၊ ၈၁)၊ အခန်း(၂၀၆)၊ (၂)လွှာ၊ (၃၉)လမ်းနှင့် အနော်ရထာလမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ ပင်လယ်ကိုးသွယ်ကုမ္ပဏီရုံးခန်းသို့ ကြော်ငြာပါသည့်ရက်မှ (၁၀)ရက်အတွင်း နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

ဖုန်း-၀၁-၃၉၈၀၆၂၊ ၀၁-၃၉၈၄၄၀၃

နယ်ဖြစ် ဒုရဲအုပ်လောင်းသင်တန်း (၉/၈၄) သင်တန်းဆင်းသူငယ်ချင်းများ (၃၁)နှစ်မြောက် တွေ့ဆုံပွဲ

နှစ်စဉ် တွေ့နေကြအတိုင်း (၃၁)နှစ်မြောက် တွေ့ဆုံပွဲ-မိတ်ဆုံစားပွဲကို ဂုဏ်ပြုပွဲလေးနှင့်အတူ ပျော်ပျော်ပါးပါး အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါတယ်။

နေ့ရက် -၂၅-၇-၂၀၁၅ရက်၊ ၁၁း၀၀နာရီ
နေရာ -နေပြည်တော်

မှတ်ချက်။ ။ ရန်ကုန်မှ နေပြည်တော်သို့ နေ့ချင်းပြန်သွားရောက်ပါမည်။ လိုက်ပါမည့်သူများ ၂၀-၇-၂၀၁၅ရက်နောက်ဆုံးထား၍ စာရင်းပေးပါရန်။ ၂၅-၇-၂၀၁၅ရက် နံနက် ၅း၀၀နာရီတွင် ရန်ကုန်မြို့၊ သုဝဏ္ဏအားကစားကွင်းအနီးရှိ Goal Hotelမှ ထွက်ခွာပါမည်။ (သက်ကြီးပူဇော်ပွဲကို သီးခြားပြုလုပ်ပါမည်။)

ဆက်သွယ်စုံစမ်းစာရင်းပေးရန်

ဦးမောင်မောင်သက် - ၀၉၇၃၀၀၅၀၃၇
ဦးလှသန်း - ၀၉၂၅၃၁၀၃၃၀၉
ဦးမြင့်စိုး - ၀၉၅၀၀၉၂၄၆၇
ဒေါ်ကြူကြူသက် - ၀၉၄၃၁၁၅၀၆

ဗိုလ်လောင်းသင်တန်း သူရ (၈၇) သူငယ်ချင်းများသို့

(၂၂)နှစ်ပြည့် မိတ်ဆုံစားပွဲအား ၁-၈-၂၀၁၅ ရက် ကုန်းမြင့်သာစားသောက်ဆိုင်တွင် ၁၀း၀၀ နာရီမှ ၁၄း၀၀ နာရီထိ ပြုလုပ်ကျင်းပမည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးသူငယ်ချင်းများ တက်ရောက်ကြပါရန် လေးစားစွာ အကြောင်းကြားပါသည်။

ဖုန်း-၀၉ ၅၁၅၂၄၈၅၊ ၀၉၅၁၈၅၄၇၂၂ ၊ ၀၉ ၄၂၀၁၃၉၃၉၁

မိတ်ဆုံစားပွဲဖြစ်မြောက်ရေးကော်မတီ
ငွေစာရင်းအမှတ်-၀၆၆၁၂၂၀၀၈၀၃၀၉

* လူတစ်ယောက် အသက်ရှင်ရပ်တည်ရေးနှင့်
* မြန်မာနိုင်ငံဆေးလောကအကြောင်း သိလိုပါသလား?
* မောင်မိုးယံ (အမျိုးသားစာပေဆု)၏
* အသည်းအသက်ကိုနှင်း၍ ယုံကြည်ချက်ဖြင့် ဘဝရှင်သန်ခြင်း
* ဖတ်ကြည့်ပါ။

- "မောင်မိုးယံ"စာပေ၊ ဖုန်း-၀၉ ၅၀၀၈၆၆၃၃နှင့် "နဂါးစာပေ" မန္တလေးမှ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်သည်။ မှာယူနိုင်သည်။

အရောင်းဝန်ထမ်း မ (၅) ဦးအလိုရှိသည်

(၁) မှတ်ပုံတင်၊ သန်းခေါင်စာရင်း၊ ဘွဲ့လက်မှတ်၊ အလုပ်သမားမှတ်ပုံတင် မိတ္တူများ နှင့် ဆက်သွယ်ရန်ဇနီးနံပါတ်၊
(၂) ဓါတ်ပုံ (၁) ပုံပါ CV FORM ကိုယ်တိုင်ဖြည့်မှုရင်း။
(၃) ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းဧထောက်ခံစာမိတ္တူများ (၁) လအတွင်းဖြစ်ရမည်၊
(၄) အလုပ်ဝိုန် နံနက် 8:30 မှ 6:00 ထိ၊ တနင်္ဂနွေနေ့ပိတ်သည်၊
(၅) လစာ ၁၂၀၀၀ကျော်၊ ရန်ကုန်တိုင်းဒေသကြီးတွင်လုပ်ရမည်၊
(၆) အမှတ်စဉ် ၁၊ ၂၊ ၃ တွင်ပါဝင်သော စာရွက်စာတန်းအားလုံးစုံလျှင် FORM တင်နိုင်ပါပြီ၊
(၇) စာရွက်စာတန်းမစုံလင်သူများ၊ ကျွန်းမာရေးမတောင်းသူများ နှင့် နယ်မွေးအထောင်နေသူများ လျှောက်ထားရန်မလိုပါ။
(၈) CV FORM အောင်မအောင် ဇုန်းဆက်အကြောင်းကြားပါမည်၊ CV FORM အောင်ကြောင်း ဇုန်းဆက်အကြောင်းကြားခံရသူများ 25.7.2015 နံနက် 9:00 နာရီတွင်အမှတ်စဉ် (၁) နှင့် (၃)မှရင်းများနှင့် လူကိုယ်တိုင် INTERVIEW ဖြေရပါမည်၊

- INTERVIEW ဖြေရန်နှင့် FORM တင်ရန်

မြန်မာဇော်ထူး ရေသန့်ပုလင်းဖြန့်ချိရေး

အမှတ်(၃၅၃)၊ ဖြေညီထပ်၊ ရွှေင်းကွန်ဒို၊ သိမ်ဖြူလမ်းမကြီး၊ မဂ်လာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ သိမ်ဖြူမှတ်တိုင်အနီး။ ဖုန်း - ၀၁ ၃၇၇၉၂၃။

အိတ်ဖွင့်တင်ဒါပိတ်ရက် တိုးမြင့်သတ်မှတ်ခြင်းကို အသိပေးကြေညာခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနမှ ဒုတိယအကြိမ် တင်ဒါခေါ်ယူခဲ့သော(၂၀၁၅-၂၀၁၆)ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်း(၃၅)ခုမှ ကရင်ပြည်နယ်၊ ဘားအံ ပြည်သူ့ဆေးရုံကြီး(၂)ထပ်လူနာဆောင်(၂)ဆောင် ဆောက်လုပ်ခြင်းလုပ်ငန်းအား (၄)ထပ်လူနာဆောင်ဆောက်လုပ်ခြင်းလုပ်ငန်းသို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဝေဘာဂီကူးစက်ရောဂါကုဆေးရုံကြီး ဆေးစတိုးခဲ့ဆောက်လုပ်ခြင်းနှင့် (၂)ထပ်တိုးခဲ့လူနာဆောင်ဆောက်လုပ်ခြင်းလုပ်ငန်းအား (၂)ထပ်ရောဂါပိုးသံသယရှိလူနာဆောင်နှင့် (၃)ထပ်ရောဂါပိုးတွေ့လူနာဆောင်အဖြစ် ဒီဇိုင်းပုံစံပြောင်းလဲ ဆောင်ရွက်ရမည်ဖြစ်ပါသဖြင့် အဆိုပါလုပ်ငန်း(၂)ခု၏ တင်ဒါပိတ်ရက်အား ယခင်ကြေညာထားသော ၁၅-၇-၂၀၁၅ရက်မှ ၂၉-၇-၂၀၁၅ရက်သို့ တိုးမြင့်သတ်မှတ်လိုက်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ မှီငြမ်းပြုပုံစံနှင့် အသေးစိတ်အချက်အလက်များကို ကုသရေးဦးစီးဌာန၊ အင်ဂျင်နီယာဌာနခွဲ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းရယူနိုင်ပါသည်။

ကုသရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ရေပေးရေးလုပ်ငန်းသုံး ပစ္စည်းများအား တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် စျေးနှုန်းအဆိုပြုလွှာများတင်သွင်းနိုင်ပါသည်-

စဉ်	အမျိုးအမည်	အရေအတွက်
Lot(4)		
1.	Logging Instrument	1. No
Lot(5)		
1.	BoreHole Camera(RCam 1000XS)	1. No
Lot(6)		
1.	Air Compressor(310 CFM)	2 Nos

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်း အဆိုပြုလွှာ(Technical Proposal)နှင့် စျေးနှုန်းအဆိုပြုလွှာ (Financial Proposal) များကို ၁၄-၈-၂၀၁၅ရက် ၁၂:၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပြီး တင်ဒါဖွင့်ပွဲအား ၁၄-၈-၂၀၁၅ရက် မွန်းလွဲ ၁း၀၀နာရီတိတ်တွင် ဆောင်ရွက်မည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရုံးအမှတ်(၁၄)၊ နေပြည်တော်၊ တယ်လီဖုန်းအမှတ်-၀၆-၄၀၉၄၀၇၊ ၄၀၉၂၁၅တွင် သတ်မှတ်ရုံးချိန်အတွင်း ဆက်သွယ်ရယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ရောင်း/ငှားမည်

အသင့်လည်ပတ်နိုင်သော လှိုင်းတွန့်ဘူးခွဲပြုလုပ်သောစက် (Single Facer) တစ်စုံနှင့် ဘူးချိုးစက်(die cutting) များရောင်းရန်ရှိသည်။ မြေနှင့်ဂိုဒေါင်ပါ တစ်ခါတည်ငှားရမ်းနိုင်ပါသည်။ Ph: 09-30003757

ရောင်းမည်

1RC 25'×50'
2BN 30'×45'
(၉)မိုင်၊ Ocean အနီး။
Ph: 09-73186146,
09-970279086

အမည်မှန်နှင့် ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ ရွှေရာပြည့် ကိုယ်ပိုင်အထက်တန်းကျောင်း ဒသမတန်း(A_7)မှ မောင်ယီးလီးမီး၏ အမည်မှန်မှာ မောင်ယီလီမီဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးဝါဖာရော် ဖြစ်ပါသည်။

(၉၊၁၀)ဘာသာစုံ(၄)လပြတ်ပိုင်းသင်+ စား+နေ အပြီးအစီး(၈)သိန်း ဦးဥာဏ်ထွန်း B.A (English) နှင့် ဒေါ်ခင်နှင်းယု B.A (English) ဦးစီးသည်
2A/587, မုဒိတာ(၂)အင်းစိန်
ဖုန်း- ၀၉-၃၂၁၇၉၃၃၃၊
၀၉-၄၅၀၀၄၀၃၂၈

၂၂-၆-၂၀၁၅ ရက်စွဲပါ ဦးကျော်မြင့်(ဥက္ကဋ္ဌ) Father Land Construction ၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေများဖြစ်သော ဒေါ်ခင်အေးမူ(စဉ်-၅၃၉၇) နှင့် ဒေါ်ကြူကြူခိုင် (စဉ်-၉၁၁၂) တို့၏ အများသိစေရန် ကြေညာချက်အပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ အမှတ်(၂၆) နေထိုင်သူများဖြစ်ကြသော ဒေါ်အေးအေးမြင့် [၁၂/လသန(နိုင်)၀၁၂၀၁]နှင့် ဦးချမ်းမြေနိုင်ညွှန် [၁၂/ဒဂန(နိုင်)၀၃၀၂၀၃]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာလိုက်သည်မှာ- ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗညားဒလလမ်း၊ အမှတ်(၃၈၀)ဟူသော် တွင်သော မြေပေါ်ရှိ (၂)ခန်းတွဲ (၈)ထပ်တိုက်၏ မြေညီ (B)တိုက်ခန်းအား ဦးကျော်မြင့် (ဥက္ကဋ္ဌ) Father Land Construction ထံမှ အမှန်တကယ် ဝယ်ယူထားသည့် ပိုင်ရှင်အစစ်အမှန်မှာ အထက်ပါ ဒေါ်အေးအေးမြင့်နှင့် ဦးချမ်းမြေနိုင်ညွှန့်တို့သာဖြစ်ပါကြောင်း အများသိစေရန် ရှင်းလင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
Kyaw Htun Khaing(စဉ်-၂၉၇၉)
LL.B, Dip in Maritime Law, PGCCIPL (USIC)
Legal Consultant & Lawyer
N0. 1018, Bo Htun Lynn Rd, 46 Block, N/Dagon Myothit Tsp, Yangon, Myanmar.

PWS "ပြည့်ဝစေ" မှ ရောင်း/ငှားမည်။

၁။ကာမာရွတ်၊ပြည်ရိပ်မွန်	(900sqft)	6F	650သိန်း
၂။စမ်းချောင်း၊ဓမ္မာရုံလမ်း	(25×66)	5F	1000သိန်း
၃။စမ်းချောင်း၊ရန်ကင်းလမ်း	(25×50)	3F	1100သိန်း
၄။စမ်းချောင်း၊ကျွန်းတောလမ်း	(15×60)	2F+3F	1150သိန်း
၅။စမ်းချောင်း၊သရက်တောလမ်း	(12.5×50)	GF	1200သိန်း
၆။စမ်းချောင်း၊ဗားဂရာလမ်း	(20×60)	GF	8သိန်း
၇။မရမ်းကုန်း၊ဘုရင့်နောင်ဈေး	(20×60)	GF	15သိန်း
၈။ရန်ကင်း၊ရန်ပြင်မြင်းအိမ်ရာ	(900sqft)	4F	16သိန်း
၉။လှိုင်း၊ဘူတာရုံလမ်း	(25×50)	GF	17သိန်း
၁၀။ဗိုလ်တထောင်း၊(၄၇)လမ်း	(25×60)	GF	20သိန်း
၁၁။လသာ၊(၂၁)လမ်း	(25×100)	1F	20သိန်း
၁၂။စမ်းချောင်း၊ဒဂုံစင်တာအနီး	(25×50)	GF	35သိန်း
၁၃။မြေနီကုန်း၊ပြည်လမ်းမ	(1250sqft)	Lift	15သိန်း
၁၄။ဗဟန်းဟုလဲ Condo	(1750sqft)	Lift	17သိန်း
၁၅။ကတတ၊Bussiness Tower	(1370sqft)	Lift	26သိန်း
၁၆။သယ်နီးကျွန်း၊ဇလန	(43×100)	ဝိုထောင်	15သိန်း
၁၇။စမ်းချောင်း၊ပဒုမ္မာလမ်း	(15×40)	3RC	15သိန်း
၁၈။၀/ဟ၊ရွှေတောင်ကြားလမ်း	(40×40)	2RC	30သိန်း
၁၉။မရမ်းကုန်း၊ရွှေနှင်းဆီလမ်း	(60×90)	2RC	30သိန်း
၂၀။အင်းစိန်၊ဂျပန်လမ်းသွယ်	(12.5×90)	2RC	950သိန်း

ပြည့်ဝစေ - 09 36296809 , 503783 , 504298

ရောင်းရန်ရှိသည်။

ကောင်းမြတ်ကုမ္ပဏီလီမိတက်မှ အသုံးမလိုတော့သည့် အောက်ပါယန္တရား များကို မျက်မြင်အခြေအနေအတိုင်း ရောင်းရန်ရှိပါသည်။

၁။ Sumitomo SH350 HD5 Excavator	-	(၁) စီး
၂။ Tadano Rough Terrain Crane 20 Tons	-	(၁) စီး
၃။ Shantui Dozer SD16	-	(၁) စီး
၄။ Kawasaki KLD80Z IV – 2 Loader	-	(၁) စီး
၅။ Liugong CLG856 Loader	-	(၁) စီး
၆။ TCM – 850 Loader	-	(၁) စီး
၇။ Dump Truck (၁၀ ဘီး)	-	(၂) စီး
၈။ တမောင်းထိုး ကရိန်း (၁၀ ဘီး)	-	(၁) စီး

ဆက်သွယ်ရန် = အမှတ် (၁၃၁)၊ ပန်းတဉ်းဝန်ဦးရွှေဘင်လမ်း၊ ဒဂုံအရှေ့စက်မှုဇုန်၊ ဒဂုံအရှေ့မြို့နယ် ၊ ရန်ကုန်မြို့ ။
ဖုန်း - ၀၉ - ၂၅၄၁၀၆၈၆

ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော် ဦးမောင်နီ(ရထားထိန်း၊ မြန်မာ့မီးရထား) မှတ်ပုံတင်အမှတ် (MINT ၀၁ ၂၅၂၄) ၏ဇနီး ဒေါ်ခင်ခင်သိန်း[၁၂/မဝတ(နိုင်)၀၈၁၆၃၇]သည် ၁၀-၁၀-၂၀၁၃ရက်တွင် စိတ်အနှောင့်အယှက်ဖြစ်အောင်ပြုလုပ်ပြီး နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ တရားဝင် ဇနီးမယားအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးမောင်နီ

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်

ကားမျိုးစုံငှားနိုင်ပါသည်။

ခရီးစဉ်မျိုးစုံအတွက် ကားမျိုးစုံနှင့် လချုပ်များလည်းငှားနိုင်ပါသည်။ ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်ပါ။
MT & K Tours Ph-656573
09-31065335, 09-975599880

ကိုသန့်ဇင် CAR RENTAL

ကားမျိုးစုံကို ခရီးစဉ် လချုပ် အချိန်ပိုင်းငှားသည်။ ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်ပါ။
ဖုန်း-၀၉-၄၃၁၁၇၆၈၀၊ ၀၉-၅၀၅၉၈၂၃

Winner Super Diamond Co.,Ltd ၏ ဆေးဝါးနှင့်ဆေးရုံသုံးပစ္စည်းများ ကုမ္ပဏီခွဲတွင် တာဝန်ပေးအပ်ရန်အတွက် အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူများကို အလိုရှိပါသည်-

(1) District Dealers
- Winner Super Diamond Co.,Ltd ၏ ဆေးဝါးနှင့်ဆေးရုံသုံးပစ္စည်းများလုပ်ငန်းအတွက် နယ်မှဖြန့်ချိရေး ကိုယ်စားလှယ်ပြုလုပ်လိုပါက လျှောက်ထားနိုင်ပါသည်။

(၂) Medical Rep: ကျား/မ(၁၀)ဦး
- B.Sc ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
- အသက်(၃၀)နှစ်ထက်မကြီးသူဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၂)နှစ်ရှိရမည်။

(၃) Sales Rep:(Medicines and Medical Devices) ကျား/မ(၁၀)ဦး
- တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
- အသက်(၁၈)နှစ်မှ (၃၀)နှစ်ကြားဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။

လျှောက်ထားလိုသူများသည် အမှတ်(၅၆)၊ မြေညီထပ်၊ ၄၄လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့သို့ ရုံးချိန်အတွင်း ၃၀-၇-၂၀၁၅ရက် နောက်ဆုံးထား၍ CV Formနှင့်အတူ ပညာအရည်အချင်းထောက်ခံစာမိတ္တူ၊ အိမ်ထောင်စုဇယားမိတ္တူ၊ အလုပ်သမားကတ်မိတ္တူ၊ ရဲစခန်းနှင့်ရပ်ကွက်(၂)ပတ်အတွင်း ထောက်ခံစာမူရင်းများနှင့် လိုင်စင်ပုံ(၃)ပုံနှင့်အတူ လာရောက်လျှောက်ထားနိုင်ပါသည်။

Office Phone ၀၉-၂၅၀၂၈၈၈၁၁

သစ္စာ(မေတ္တာ) တိုင်းရင်းဆေးကုခန်း

ခ

လိပ်ခေါင်းဝေဒနာရှင်များအတွက် သတင်းကောင်း

သစ္စာ(မေတ္တာ) ဆေးကုခန်းမှ နှစ်ရှည်လများခံစားနေရတဲ့လိပ်ခေါင်းရောဂါကို ဆရာကြီးဦးတင်ရွှေကိုယ်တိုင်ကုသပေးနေပါပြီ။ ဆေးထည့်ရာတွင် -

✦ ပူခြင်း၊စပ်ခြင်း၊ဆေးဖြင့်စားဆေးတင်ခြင်း၊လိုးဖြတ်ခြင်း၊အနာဖြစ်ခြင်းလုံးဝမရှိ။
✦ ခရီးသွားမပျက်၊ အလုပ်အကိုင်မပျက် နေရာ၊ ဒေသမရွေး ဆေးလိမ်း၊ ဆေးသောက်ရုံဖြင့် သင့်လိပ်ခေါင်းရောဂါပိန်ချပ်ပြီး(ကြွေကျခြင်း၊ပဲ့ထွက်ခြင်း) လုံးဝမရှိ၊မူလအင်္ဂါအတိုင်း ပြန်ဖြစ်စေရမည်။ ကဆေး (စားသုံးခင်း) ခရေ/ဝရေ

(ဝရင်ကိုနှာ၊ နှာခေါင်းထိပ်ခတ်နှာ၊ ရင်သားအကွိတ်၊ အဖုအကွိတ်၊ ဆီးရောဂါ၊ အနာပေါက်၊ အမျိုးသမီး မီးယပ်ကွက်ရောဂါ၊ သားအိမ်ရောဂါ၊ အစာအိမ်ရောဂါ)

အမှတ်(၃၄)၊ ရန်ပြေ (၁၈)လမ်းထိပ်၊ (၃) ရပ်ကွက်၊ သာကေတမြို့နယ်။
၀၉-၈၆၂၂၇၀၁၀၉-၂၅၃၀၈၃၃၇၀၁၀၉-၇၃၃၅ ၂၀၉၁၀၁-၉၁၉၀၃၀ဝ

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

အမှတ် ၁/၅၂ ဗိုလ်ချုပ်ကျေးရွာ၊ သန်လျင်မြို့နေ အဖ ဦးထွန်းထွန်းဝင်း[၁၂/သလန(နိုင်)၀၆၉၉၁၈] အမိ ဒေါ်ခင်လဲ့လဲ့ဝင်း[၁၂/သလန(နိုင်)၀၅၇ ၂၉၉]တို့၏သမီးဖြစ်သူ မခိုင်သဇင်ဦး[၁၂/သလန(နိုင်)၁၀၄၄၃၃]သည် မိဘများအား အကြမ်းကြမ်းစိတ်ဆင်းရဲအောင်ပြုလုပ်ပါသဖြင့် ၎င်းအား သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဦးထွန်းထွန်းဝင်း၊ ဒေါ်ခင်လဲ့လဲ့ဝင်း

ကြော်ငြာ

ဝမ်းမြောက်ဂုဏ်ယူခြင်း

British Council မှ ကြီးမှူးကျင်းပခဲ့သည့် *Cambridge ESOL YLE (Starters, Movers, Flyers) - 23.5.2015* စာမေးပွဲများ၌

ထူးချွန်စွာအောင်မြင်ခဲ့ကြသော-

Starters	Shields	Movers	Shields
(1) Bhone Thain Ga	15 (100%)	(1) Thiri Myint Myat Zaw	15 (100%)
(2) Moe Theingi	15 (100%)	(2) Shun Lei Yee Mon	15 (100%)
(3) Tun Thant Ko Ko	15 (100%)	(3) Ye Lin Aung	15 (100%)
(4) Eaint July Ko	14 (93%)	(4) Oak Soe Khant	14 (93%)
(5) Myat Moe Naung	14 (93%)	(5) Myat Theingi Khit	13 (87%)
(6) Paing Hein Kyaw	14 (93%)		
(7) Aung Naing Win	14 (93%)	**Flyers**	**Sheilds**
(8) Ei Kay Zin	14 (93%)	(1) Chue Khin Khin	15 (100%)
(9) La Min Eain	14 (93%)	(2) May La Min	13 (87%)
(10) Chit Thet Thet Phyo	14 (93%)		
(11) Su Shar Latt	13 (87%)		

တို့အား NGES အင်္ဂလိပ်စာ မိသားစု မှ ဝမ်းမြောက်ဝမ်းသာ ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

အမှတ်(၉၄)၊(၅)လမ်း(လမ်းတို)၊ *Junction Mawtin* အနီး၊ လမ်းမတော်မြို့နယ်။

09-5079896,09-5005219,09-799676100

အာဂနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

သုံးရောသီ ဝမ္မဒါန
ဝါဆိုသင်္ကန်းကပ်အလှူ ၃၀-၇-၂၀၁၅
တောင်ကြီး-အင်းလေး-ပင်းတယ-၅၀၀၀၀
ပုဂံ၊ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပဒုက္ကူ
သင်္ကန်းပေး၊ ထပင်းကျွေး - ၄၀၀၀၀
တောင်ပြူးပွဲတော် ကြိုတင်လက်မှတ်ရောင်းမြီး
☎ 420144148,421153797,73184847

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
စရိုးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊ ၇)ခယောက်စီးနှင့် Saloon,Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လေဖျံပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

ဟိန်းနိုင်
01-293159
01-9000293
09-5160048
ခရီးစဉ်အမျိုးမျိုးနှင့်
လသာပျံ/နန်ကျွန်းကားမျိုးကောင်းကြီးများ
ယာဉ်ပိုင်ရှင်များထည့်ဆက်သွယ်ပါ။
www.heincarrental.com

ကား မျိုးစုံ
(Alphard/Crown/Markii/အန်စတပ်/Hiace ၉/သုခယောက်စီး၊ ၂၄/၂၆/သုခ/၄၅/၄၉ ယောက်စီး) များကို ခရီးစဉ်အမျိုးမျိုးအတွက် ယာဉ်ပိုင်ရှင်များကိုယ်တိုင်ရိုးသားသာဇေနှုန်း ငြင်းအားလိုက်ပါသည်။
Ph : 09795549249, 095418126

GOLDEN STAR *Travels & Tours*
- ☆ ပုဂံ(စွယ်တော်လေးဆူ)-ပုပ္ပါး July - 30
- ☆ မန္တလေး-မြင်ဦးလွင်-စစ်ကိုင်း July - 30
- ☆ တောင်ကြီး-အင်းလေး-ပင်းတယ July - 30
- ☆ ကျိုက်ထီးရိုး-ချောင်းသာ - ငွေဆောင်

Ph: 209200, 544383, 430480, 703448, 705968

FORWARD YGN
RENT A CAR
09-5089800 , 09-33345545
09-259259180 , 09-259259182

ကျိုက်ထီးရိုး(ဇနေချင်းပြန်)	Jul: 31(ပါဆိုလပြည့်.ဇန)	30,000
(နံနက်စာ၊ဇနေ့လယ်စာ၊ညစာ၊ဧတောင်တက်/ထင်းကားစ)		
မော်လမြိုင်-ကျိုက္ကမီ-စက်စဲ	Jul: 30 , 31 , Aug: 1	35,000
(နံနက်စာ၊ဇနေ့လယ်စာ၊ညစာ)		
မြည်-ထိုးတို-အကောက်တောင်	Jul: 30 , 31 , Aug: 1	30,000
(နံနက်စာ၊ဇနေ့လယ်စာ၊ညစာ၊စက်လှေစ)		
ဘားအံ-ရွှေကပင်	Jul: 30 , 31 , Aug: 1	35,000
(နံနက်စာ၊ဇနေ့လယ်စာ၊ညစာ)		

Service Guide ; Restaurnat ; Air-Con: Express Car

အမည်ပြောင်းခြင်း
သန်လျင်မြို့၊ အထက(၂)၊ ပဋ္ဌမတန်း(A)မှ ဦးကျော်သူဝင်း၏သမီး မအိသရဖြိကျော်အား မအိမ်ရတီဖူးဟု အမည်ပြောင်းလဲခေါ်ပါရန်။
မအိမ်ရတီဖူး

တစ်ဦးတည်းဖြစ်ပါကြောင်း
ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်နေ မဇင်မိုးမြင့်ဒေး [၁၂/မဂဒ(နိုင်)၁၇၇၉၂၅]၏ ဖခင်ဦးစောဒေးဗစ်(ခ) ဦးစောဒေးဗစ်ထူးမိုင် [၇/သကန(နိုင်)၀၀၂၀၁၀]မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
ဦးစောဒေးဗစ်(ခ) ဦးစောဒေးဗစ်ထူးမိုင်

မဒေါက်ဒေသအသင်း(ရန်ကုန်)
ဒုတိယအကြိမ် ဝါဆိုသင်္ကန်းစုပေါင်းဆက်ကပ်လှူဒါန်းပွဲ၊ စာအောင်သံယာဂုဏ်ပြုပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် အသင်းစုံညီ အစည်းအဝေးဖိတ်ကြားခြင်း

မဒေါက်ဒေသအသင်း(ရန်ကုန်)၏ ဒုတိယအကြိမ်ဝါဆိုသင်္ကန်းစုပေါင်းဆက်ကပ်လှူဒါန်းပွဲ၊ စာအောင်သံယာဂုဏ်ပြုပူဇော်ပွဲ၊ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်သူများ၊ ထူးချွန်စွာအောင်မြင်သူများ (အသင်းဝင်တို့၏သားသမီးများ)အား ဆုချီးမြှင့်ပွဲနှင့် အသင်းစုံညီအစည်းအဝေးကို ၂၃-၈-၂၀၁၅ရက်(တနင်္ဂနေ့) နံနက် ၉ နာရီတွင် ရွှေတိုဂုစေတီတော် မြောက်ဘက်မုခ်အနီး သွေးဆေးကန်ပတ်လမ်း၊ မူလကမ္ဘာအေးကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ပါသဖြင့် အသင်းဝင်များနှင့် မဒေါက်ဒေသသား/သူများ ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ တက္ကသိုလ်ဝင်တန်းအောင်မြင်သူများ/ ထူးချွန်စွာအောင်မြင်သူများ အမည်စာရင်းကို ဦးသန်းလွင် (၀၉-၅၁၀၈၇၉၉)၊ ဦးမင်းမင်းချို(ထ၅၁ဝ၃ဝ၇)၊ ဦးသူရဦး(ဝ၉၄၂၀ဝ၃၅၅)၊ ဦးအောင်မိုးဟိန်း(ဝ၉၄ဝ၃ဝ၈၅)တို့ထံ ၃ဝ-၇-၂၀၁၅ရက် နောက်ဆုံးထားပေးပို့ကြပါရန်နှင့် အသင်းမဝင်ရသေးသူများလည်း စာရင်းပေးသွင်းနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်။
အမှူဆောင်အဖွဲ့၊ မဒေါက်ဒေသအသင်း(ရန်ကုန်)

ဒေးဒရဲမြို့နယ်အသင်း (ရန်ကုန်)
ဝါဆိုသင်္ကန်းကပ်လှူပွဲ ဖိတ်ကြားလွှာ

(၁၄)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို (၂၆-၇-၂၀၁၅) နံနက်(၈)နာရီတွင် ဗဟန်းမြို့နယ်၊ အာဇာနည်လမ်း၊ အမှတ်(၅၇)၊ ဒေးဒရဲမြို့နယ်အသင်းဓမ္မာရုံကြီးတွင်လည်းကောင်း၊ (၂-၈-၂၀၁၅) နေ့တွင် ဒေးဒရဲမြို့ မြို့လယ်သံတန်ဆောင်းကြီးတွင်လည်းကောင်း ပြုလုပ်မည်ဖြစ်ပါ၍ မြို့နယ်သူ၊ မြို့နယ်သား၊ အသင်းသူ၊ အသင်းသားများ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်လိုပါက - အလုပ်အမှူဆောင်အဖွဲ့

ဦးမျိုးလွင် - ၀၉ ၅၀၄၂၂၇၃ ၊ ဒေါ်ခင်ရီ - ၀၉ ၅၀၁၆၃၃၆
ဦးစိုးသိန်း - ၀၉ ၅၁၃၆၇၉၈ ၊ ဒေါ်ခင်စောလှ - ၀၉ ၅၁၂၇၄၆

LUCKY ELEVEN (ရောင်း/ငှား)

၁။ ကန်ရိပ်သာလမ်း	(52'×65') 2RC ၊ ၈ရန်	14500 သိန်း
၂။ သုဝဏ္ဏ၊VIP	(60'×80') 2RC ၊ ၈ရန်	7100 သိန်း
၃။ 7မိုင်၊ကုန်းမြင့်ရိပ်သာ	(41'×55') မြေ၊ ၈ရန်	5500 သိန်း
၄။ ရန်ကင်း၊ဘောက်ထော်	(35'×70') 2RC, 3BR(အငှား)	10 သိန်း
၅။ ရွှေဂုံတိုင်၊ကမ္ဘာအေးလမ်းသွယ်	(60'×80') 2RC, 5MBR(အငှား)	45 သိန်း
၆။ 5မိုင်၊ပြည်လမ်းသွယ်	(60'×60') 2RC, 2MBR,2BR(အငှား)	USD3700
၇။ ဗဟန်း၊ရွှေတောင်ကုန်းရိပ်သာ	(85'×120')2RC, 3MBR,2BR(အငှား)	USD8500

Ph:09-73187280, 09-5192055, 09-420044466

ယာဉ်မောင်းအလိုရှိသည် - ကျား (၂) ဦး
(အသက် ၂၅ မှ ၄၀) အခြေခံလစာ ၂၀၀၀၀၀ + ခံစားခွင့်
တာမွေမြို့နယ်နှင့်နီးသူပိုဦးစားပေးမည်။
ဖုန်း-01,548158 / 09,796868281

တိုက်ရောင်းမည်
၂၆ ဘီ လမ်း၊ ၈၁-၈၂လမ်းကြား၊ မန္တလေးမြို့၊ စျေးချိုအနီး၊ ရေမီးအစုံ ပေ(၃၀×၇၀)၊ ၈ လွှာ၊ လူနေထိုင်ခွင့်ကျပြီး၊ ၈ရန်အမည်ပေါက် ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။
Phone-09-250274990, 095020938, 092001112

EAGLE GUEST HOUSE

ရန်ကုန်လေဆိပ်၊ ဧအောင်မင်္ဂလာအဝေးပြေးဂိတ်သို့ သွားရလွယ်ကူသော EAGLE တည်းနိုရိပ်သာ
၁၉၂၊ အာသာဝတီလမ်း(ဘုန်းကြီးလမ်း)၊ မြောက်ဥက္ကလာ၊ မယ်လမုဘုရားမီးပွိုင့်အနီး

ဖုန်း ၀၁ ၆၅၆၀၈၈
၀၉ ၇၃၀၄၃၆၇၃
၀၉ ၃၂၂၂၁၄၄၇

၁၀၀၀၀ ကျပ် ၁၅၀၀၀ ကျပ်

ရွှေစံအိမ်အဆင့်မြင့်တည်းခိုခန်း

ပန်းဆိုးတန်းသင်္ဘောဆိပ်မှ ၅မိနစ်သင်္ဘောစီး၊ ဒလဘက်ရောက်လျှင် ၅မိနစ်ဆိုက်ကားစီး
ကျယ်ဝန်းသည်၊ သန့်ရှင်းသည်၊ အစနစ်တိုင်းအဲကွန်း ရှိသည်။ မီးပျက်လျှင်မီးစက်မောင်းသည်။
(၁၃၉၉) ဇိုလ်ချုပ်(၁)လမ်း၊ ဗညားဒလရပ်ကွက်၊ ဒလမြို့နယ်။

၀၁ ၂၆၉၁၅၅
၀၉ ၂၅၀၆၆၇၀၂၈
၀၉ ၄၉၂၆၂၇၁၉
၀၉ ၂၅၂၀၈၂၅၃

၈၀၀၀ ကျပ် ၁၂၀၀၀ ကျပ်

ရဟန်းတို့၏ ဘဝကို အခြေခံ၍
ရသပုံစံ ရေးဖွဲ့ထားသော ဝတ္ထုတိုများ...
တက္ကသိုလ်သုဝီရ
ရဟန်းပျိုရဲ့ ရင်ဘတ်တစ်ခြမ်းနှင့်
ရသဝတ္ထုတိုများ
ထွက်ပြီ

ဖြန့်ချိရေး-မျိုးဆက်သစ်စာပေ - ၀၉ ၄၂၀ ၂၂၂ ၉၆၂၊ ၀၉ ၄၂၀ ၀၈၃ ၆၈၈

Academic Telesis
We Build Your Dream
International College Seminar

အမေရိကန်၊ ကနေဒါ၊ ဩစတြေးလျှားနိုင်ငံများရှိ ထိပ်တန်းတက္ကသိုလ်များတွင် အချိန်တိုအတွင်း ဘွဲ့ရရှိနိုင်မည့် အွန်လိုင်းသင်တန်းများ၊ ပညာသင်ဆု အွန်လိုင်းသင်တန်းများ၊ ပညာသင်ကြားရေးဆိုင်ရာ ကိုယ်တိုင်ကျင်လုပ်ရသည့် ပရောဂျက်များ ပြီးမြောက်ကြောင်း ဘွဲ့လက်မှတ်ရရှိကြောင်း ကျေးဇူးတင်ရေးပေးပို့ခြင်းများ ရရှိကြောင်း ကျေးဇူးတင်ရေးပေးပို့ခြင်းများ ရရှိကြောင်း

in Science, Engineering, IT, Business, Finance, Marketing & More

USA/ Canada Study/ Work
ရှိတက္ကသိုလ်တို့တွင် တက္ကသိုလ်ဝင်ခွင့်၊ ပညာသင်ဆုရရှိခွင့်၊ ပညာသင်ကြားရင်း အချိန်ပိုင်းအလုပ်လုပ်နိုင်ခွင့် သင်ကြားလိုသည့် ဘာသာရပ်အလိုက် တက္ကသိုလ်ရွေးချယ်နိုင်ခြင်း၊ (၁၀)တန်းအောင်မြင် ပြီးနောက် (၄)နှစ်အတွင်း တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်မည့် အွန်လိုင်းအရေးတို့အတွက်

ရန်ကုန်မြို့၊ (၃၉)လမ်း၊ အမှတ်(၁၄၃)၊ ပ-ထပ်(ယာ)နေ (ဦးတန်ခိုန်တီ-ဒေါ်စောဟွန်အိမ်)တို့၏သား၊ (ဦးစီထွန်ပိန်-ဒေါ်ရွှေယွန်)တို့၏သားသမက်၊ ဦးအောင်ပိတ်အင်-ဒေါ်လေးကြူတို့၏ မောင်၊ ဒေါ်မြင့်မြင့်သန်း၏ ချစ်လှစ္စာသောခင်ပွန်း၊ မောင်မျိုးဝင်း-မပပထွန်းသိန်း၊ မောင်ထိန်ဝင်း-မစုစုလှိုင်၊ မောင်အောင်ဝင်း-မနန်းဆိုင်နွမ်(King Star) ဒေါက်တာအောင်ထူး-မခင်မျိုးခိုင်တို့၏ဖခင်၊ မောင်ထက်မြတ်ကျော်၏အဘိုးသည် ၁၃-၇-၂၀၁၅ရက် နံနက် ၁၀း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၇-၂၀၁၅(သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုဿာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူ အားရည်စူး၍ ၁၉-၇-၂၀၁၅(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးဦးမောင်ကြီး(စစ်တွေ) (၈၅)နှစ်
ရန်ဝိုင်သဟာယအသင်း(နာယက)
University Old Blue

အမှတ် (၉၅)၊ ရွှေဘုံသာလမ်းနေ ဦးအောင်ထွန်း(ဖြူ(ခ)ဦးမြိုင်ဒေါင်း-ဒေါ်နင်းသာဖြူ) တို့၏သားကြီး (ဦးသိန်းအောင်)-ဒေါ်ကြာသိန်းတို့၏အစ်ကိုကြီး၊ ဦးသိန်းဇော(ခ) ကိုမောင်မောင်၊ ဒေါ်တင်မျိုးသက်၊ ဦးအောင်မိုးဆွေ-ဒေါ်နွယ်နွယ်အောင်၊ ဦးဝင်း ဇော်-ဒေါ်သွယ်သွယ် အောင်၊ ဦးရဲဇံမောင်-ဒေါ်နင်းနှင်းခိုင်၊ ဦးအောင်အောင်-ဒေါ်ခင်မြတ်မြတ်တို့၏ ဘကြီး၊ မြေးရှစ်ယောက်တို့၏ အဘိုးရင်သည် ၁၄-၇-၂၀၁၅ (အင်္ဂါနေ့) မွန်းလွဲ ၁ း၄၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၇-၂၀၁၅(ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုဿာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ ညနေ ၄နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်သန်းဟန် (၈၄)နှစ်

ရန်ကုန်မြို့၊ သယ်နီးကျွန်းမြို့နယ်၊ သုခမွေလမ်း၊ စ/သုပဂ်လာရပ်ကွက်၊ အမှတ်(၁၂)နေ (ဦးကျော်ညွှန့်-ဒေါ်ဒေါ်လှိုင်)တို့၏ သမီး၊ မျက်စိအထူးကုဆရာဝန်ကြီး (ဒေါက်တာမြဟန်)၏ ဇနီး၊ (ဒေါက်တာတင်ဦး-ဒေါ်အေးကြူ)၊ (ဦးကျော်လှိုင်)-ဒေါ်သန်းခင်၊ (ဒေါ်ရင်မြိုင်)တို့၏ ညီမ၊ ဦးကျော်တင်၊ ဦးကျော်သောင်း၊ ဒေါ်ချိုချိုကျော်တို့၏ အစ်မ၊ ကပ္ပတိန် ဦးဇော်ဝင်း(မြန်မာ့ကြွယ်ငါးပွင့်)-ဒေါ်ခိုင်မာဟန်၊ ဦးရန်နိုင်ဝိုးလွင် (Total E & P Myanmar)-ဒေါ်ဝိုးသီဟန် (UNDP)တို့၏ မိခင်၊ မောင်ဥက္ကာဇော်၊ မရွှေရည်ဇော်ဝင်း၊ မောင်ခန့်ဘုန်းမြတ်တို့၏ အဘွားသည် ၁၄-၇-၂၀၁၅ (အင်္ဂါနေ့) ညနေ ၃း၁၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၇-၂၀၁၅ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုဿာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။)
ကျန်ရစ်သူမိသားစု

ဒေါ်မြမြစန်း(ဟသ်တာ) (၇၅)နှစ်

ဟသ်တမြို့နေ (ဦးစိန်ညွှန့်-ဒေါ်ဖားသင်)(ငွေငါးအထည်တိုက်၊ လမ္ဘတော်၊ ဟသ်တာ)တို့၏သမီး၊ (ဦးသောင်းဟန်စိန်)-ဒေါ်သန်းလှ (ဦးမြင့်ကြည်-ဒေါ်အုံးမြင့်)၊ (ဦးမြင့်ကြွယ်)၊ ဗိုလ်မှူးကျော်သူ(ငြိမ်း)-ဒေါ်စိန်မြင့်တို့၏ညီမ၊ ဦးမြင့်လွင်၏အစ်မ၊ ဦးကျော်ဆန်း-ဒေါ်ခင်အေးမူတို့၏အဒေါ်၊ အမှတ်(၁၈)၊ သုနန္တာ(တိုးချဲ့)လမ်း၊ (ညာ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်နေ ဦးတောက်ထွန်းဦး-ဒေါ်သိတာစိန်၊ ဦးဝင်းအောင်-ဒေါ်ဥမ္မာစိန်တို့၏အဒေါ်၊ မောင်ပြည့်ဖြိုးဟန်၊ မောင်သော်ဟန်ဦးတို့၏အဘွား ဒေါ်မြမြစန်းသည် ၁၄-၇-၂၀၁၅(အင်္ဂါနေ့)ည ၁၀း၅၀ နာရီတွင် ရန်ကုန်မြို့၊ (၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ တိုက် အမှတ်(၂၂၂)၊ အခန်း(၁၄) နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၇-၂၀၁၅ (ကြာသပတေးနေ့) ညနေ ၆နာရီတွင် ရေဝေးသုဿာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၄နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ကိုထွန်းဦး(စစ်တွေမြို့)
အသက်(၅၂)နှစ်

စစ်တွေမြို့၊ ကျေးပင်ကြီးရပ်ကွက်၊ ရေတွင်းလမ်း၊ အမှတ်(၃၅)နေ ဦးကျော်ဝင်း-(ဒေါ်ကြည်ကြည်)တို့၏သားကြီး၊ ဒေါ်မခင်ဌေး၊ မရီရီ၊ မသန်းသန်းဌေး၊ ကိုမင်းမင်း-မကျင်ဌေးတို့၏အစ်ကိုကြီး၊ Jackson ၏ဘကြီးသည် ၁၄-၇-၂၀၁၅ (အင်္ဂါနေ့) နံနက် ၂း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၇-၂၀၁၅ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ခုတင်(၅၀၀)ဆေးရုံ (မင်းရဲကျော်စွာလမ်း)မှ ရေဝေးသုဿာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [အမှတ်(၂၉)၊ ခုနစ်လွှာ၊ (၁၀၉)လမ်း နေအိမ်မှကားများ နံနက် ၁၀း၄၅နာရီနှင့် ခုတင် (၅၀၀) ဆေးရုံမှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု

ဒေါ်ဆုသစ်လှိုင် (၃၁)နှစ်
ကျောက်ဖြူမြို့နယ်၊
စန်နယ်အသင်း

(ဦးဖိုးငြိမ်း)-ဒေါ်ကျန်ခိုင်၊ (ဦးစနေအောင်)-ဒေါ်မေသာဓုတိုစေ်မြေ၊ သယ်နီးကျွန်းမြို့နယ်၊ ၈/မြောက်ရပ်ကွက်၊ ပြည်သာယာလမ်းသွယ်(၂)အမှတ်-S/339၊ ငွေတိုက်ဗိုးခြံနေ ဦးခင်မောင်မြင့်-ဒေါ်မထွေးတို့၏သမီးကြီး၊ ဒေါ်မြင့်စန်းကြည်၊ ဦးသန်းနိုင်၊ မစုစုနိုင်တို့၏တူမ၊ (ဦးဝေဦး)-ဒေါ်တင်ရွှေဒေါ်မြင့်၊ ဦးစိန်ဝင်း-ဒေါ်ဖြူဖြူဝင်းတို့၏တူမ၊ မဆုသစ်ဝေ(အလ-ပြ)၊ ဦးအာလေကာတို့၏အစ်မ သည် ၁၄-၇-၂၀၁၅(အင်္ဂါနေ့) ည ၉း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၇-၂၀၁၅ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုဿာန်သို့ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်ခင်ခင်မြင့်(ခ)ဒေါ်ဘေဘီ
အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ၊ (ဦးမြသိန်း-ဒေါ်ခင်သန်း)တို့၏သမီး၊ (ဦးအေးမောင်-ဒေါ်လှခင်)တို့၏ သမီးချွေးမ၊ (ဦးတင်ရွှေ)၏အစ်မ၊ (ဦးတင်အောင်) အမှတ်(၂)၊ သတ္တုတွင်းအုပ်ချုပ်ရေး အရာရှိ(ဒု-ငြိမ်း)၏ဇနီး၊ ဦးလမ္ဘန်-ဒေါ်မာမာလှိုင်၊ ဦးသိမ်ဟ၊ ဒေါ်မြင့်မြင့်ချို-ဦးဦးမြိုင်၊ ဒေါ်ယဉ်ယဉ်မြင့်-ဦးတင်ဝင်း၊ ဦးလှမြင့်အောင်(ဇော်ထက်ပိုင်ဆောက်လုပ်ရေးကုမ္ဏီ)-ဒေါ်သူဇာဦး၊ ဦးအေးမော်အောင်-ဒေါ်စန်းစန်းရီ၊ ဒေါ်မြင့်မြင့်မူ-ဦးစိုးမင်းနိုင်တို့၏မွေးသမီခင်၊ မြေး ၁၂ယောက်၊ မြစ်ရှစ်ယောက်တို့၏ ဘွားဘွားကြီး ဒေါ်ခင်ခင်မြင့်(ခ)ဒေါ်ဘေဘီသည် ၁၄-၇-၂၀၁၅(အင်္ဂါနေ့) ည ၁း၄၅နာရီတွင် ရန်ကုန်မြို့၊ (၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ တိုက် အမှတ်(၂၂၂)၊ အခန်း(၁၄) နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၇-၂၀၁၅ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုဿာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၄နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်မြမြ(ခ)ဒေါ်မြမြရွှေ
အသက်(၆၈)နှစ်
မြန်မာ့အကြီးစားစက်မှုလုပ်ငန်း
(လျှပ်စစ်)

တိုက် (21)(C-2)မဟာမြိုင်အိမ်ရာ၊ မ/ဒဂုံ(၄၁)၊ တိုးချဲ့ရပ်ကွက်နေ (ဦးလှရွှေ) (ကပစ-၈)၏ ဇနီး၊ ဦးကျော်စွာ (PTTEP) -ဒေါ်ချောစု၊ ဦးကျော်သူရ-ဒေါ်မာလာရွှေ၊ ဒေါ်သန္တာလှရွှေတို့၏ မွေးသမီခင်၊ လွင်မိုးအောင်၊ ဇွဲလင်းထိုက်တို့၏ အဘွားသည် ၁၄-၇-၂၀၁၅ (အင်္ဂါနေ့) ညနေ ၆း၃၀ နာရီတွင် ပင်လုံအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၇-၂၀၁၅ (ကြာသပတေးနေ့) မွန်းတည့် ၁ နာရီတွင် ရေဝေးသုဿာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၇-၂၀၁၅ (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးသိန်းမြင့်(ခ)ဦးမောင်မောင်
အသက်(၆၃)နှစ်
(ညောင်ပင်လေးစေး)

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၃၆)(၄၂)လမ်းနေ ဦးချန်းဝှမ်း)-ဒေါ်ကျင်ဝိုင်တို့၏သားကြီး၊ ဒေါ်လှလှရီ၏ ချစ်လှစ္စာသောခင်ပွန်း၊ ဦးပေါ်ကိစ(သံစေး)-ဒေါ်ခိုင်၊ ဦးတိုး-ဒေါ်လှလှကြည်၊ (ဦးဂျိမ်း) (Jame)-ဒေါ်ပြုံးပြုံးတို့၏ ချစ်လှစ္စာသော အစ်ကိုကြီး ဦးသိန်းမြင့်(ခ) ဦးမောင်မောင်သည် ၁၄-၇-၂၀၁၅ရက် နံနက် ၁း၁၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၇-၂၀၁၅ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုဿာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်စန်းစန်း
အသက်(၆၀)

ရန်ကုန်မြို့၊ကမာရွတ်မြို့နယ်၊ (၁)လမ်း၊ တိုက် (3B)နေ ဦးချစ် (ဦးခွန်လက်ဘက်ရည်)-ဒေါ်အုံး (စေတနာ့ရှင်ကဖီးတို့၏သမီး၊ (ဦးခင်မောင်တိုး)၊ ဦးကိုကိုလတ်၏ဇနီး၊ မောင်သက်ဆွေထွန်း (တက်စွမ်းကုမ္ဂဏီ) - Mrs. Nguyen Nhat Lan Anh တို့၏ မွေးသမီခင်သည် ၁၄-၇-၂၀၁၅ (အင်္ဂါနေ့) ညနေ ၆း၅၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၇-၂၀၁၅ (ကြာသပတေးနေ့) နံနက်၁၀နာရီတွင် ရေဝေးသုဿာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ နံနက် စနာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၇-၂၀၁၅ (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်

MNL အမှတ်ပေးပြိုင်ပွဲ ဒုတိယအကျော့ ဇူလိုင် ၁၇ ရက် စတင်ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၅

၂၀၁၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပထမအကျော့ပွဲစဉ်များမှာ ဇူလိုင် ၅ ရက်ကပြီးဆုံးခဲ့ပြီး ဒုတိယအကျော့ပွဲစဉ်များကို ဇူလိုင် ၁၇ ရက်တွင် စတင်ကျင်းပသွားမည်ဖြစ်သည်။ ယခုတစ်ပတ်ပွဲစဉ်များတွင် အကြိတ်အနယ်ရှိသော ပွဲကောင်းများစွာ ပါဝင်လာနိုင်သည်။

ပွဲစဉ်(၁၂)အဖြစ် ဇူလိုင် ၁၇ ရက်တွင် သုဝဏ္ဏကွင်းခ်ဲ့ ဟံသာဝတီအသင်းနှင့် ရန်ကုန်အသင်း(**ယာပုံ**)၊ ဇူလိုင် ၁၈ ရက်တွင် တောင်ကြီးကွင်းခ်ဲ့ ကမ္ဘောဇအသင်းနှင့် ဇေယျာရွှေမြေအသင်း၊ ကျောက်တိုင်ကွင်းခ်ဲ့ ဧရာဝတီအသင်းနှင့် ဒွဲကပင်အသင်း၊ ဗဟူးကွင်းခ်ဲ့ ရတနာပုံအသင်းနှင့် နေပြည်တော်အသင်း၊ အောင်ဆန်းကွင်းခ်ဲ့ မကွေးအသင်းနှင့် ရခိုင်

စာမျက်နှာ ၆ ကော်လံ ၁ သို့●

တောင်ပြို(လက်ဝဲ)စခန်းတွင် ယာယီခိုလှုံခွင့်ပေးထားသော စိစစ်ပြီးဖြစ်သည့် လေ့စီးသွားလာသူ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၁၆၅ ဦးအား ဇူလိုင် ၂၂ ရက်တွင် ပြန်လည်လွှဲပြောင်းရန် ညှိနှိုင်းလျက်ရှိ

နေပြည်တော် ဇူလိုင် ၁၅

တပ်မတော်(ရေ)မှ မေ ၂၁ ရက်နှင့် ၂၉ ရက်တို့တွင် မြန်မာရေပိုင်နက်အတွင်း ကယ်ဆယ်ခဲ့သည့် လေ့စီးသွားလာသူများကို မူရင်းနေရပ်သို့ ပြန်လည်ပို့ဆောင်ရေးအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ဇွန်လအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသား စုစုပေါင်း ၁၈၇ ဦးကို ပြန်လည်ပို့ဆောင်ခဲ့ပြီး ဖြစ်သည်။

တောင်ပြို(လက်ဝဲ)စခန်းတွင် ကျန်ရှိနေသည့် လေ့စီးသွားလာသူ ၅၄၄ ဦးအနက် ဘင်္ဂလားဒေ့ရှ်ဘက်မှ စိစစ်ပြီး၊ ပြန်လည်လက်ခံရန် အတည်ပြုပြီးဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား စုစုပေါင်း ၁၆၅ ဦးကို ဇူလိုင် ၂၂ ရက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ပြန်လည်လွှဲပြောင်းရန် နှစ်ဖက်ညှိနှိုင်းလျက်ရှိသည်။

မြန်မာနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် အိမ်နီးချင်းကောင်းနိုင်ငံများ ဖြစ်သည်နှင့်အညီ လွှဲပြောင်းရန်ကျန်ရှိနေသော လေ့စီးသွားလာသူများအပေါ် စိစစ်သည့်လုပ်ငန်းစဉ်အရ မူရင်းနေရပ်သို့ အမြန်ပြန်နိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

တောင်ပြို(လက်ဝဲ)တွင် ယာယီခိုလှုံခွင့်ပေးထားသူများကို လူသားချင်းစာနာထောက်ထားမှုအကူအညီများ ထောက်ပံ့ပေးအပ်လျက်ရှိကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

ယနေ့မာတိကာ

အိန္ဒိယနိုင်ငံတောင်ပိုင်းတွင် လူများစုပြုံကိုးဝေ့မှုကြောင့် ၂၉ ဦးသေဆုံး
စာမျက်နှာ - ၄

ပဟိုဘဏ်၏ ရည်ညွှန်းငွေလဲလှယ်နှုန်းကို ပဟိုဘဏ်တွင် နေ့စဉ်ပြုလုပ်သည့် နိုင်ငံခြားငွေလေလံများမှ တစ်ဆင့် ပွင့်လင်းမြင်သာစွာ သတ်မှတ်လျက်ရှိ
စာမျက်နှာ - ၅

ပြတိုက်များသည် နိုင်ငံတစ်နိုင်ငံ၏ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်ကို ဆက်စပ်ပေးရာ နေရာတစ်ခုဖြစ်
စာမျက်နှာ - ၈

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အော်တိုတယ်လီဖုန်းလိုင်း တပ်ဆင်ခန့်နှုန်းထား ကျပ် ၆ သိန်းခွဲမှ ထက်ဝက်လျှော့ချ

ရန်ကုန် ဇူလိုင် ၁၅

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT)က အော်တိုတယ်လီဖုန်းလိုင်း (PSTN) တပ်ဆင်ခန့်နှုန်းထားကို ဇူလိုင် ၁၅ ရက်မှစတင်ကာ ယခင် ကျပ် ၆ သိန်းခွဲမှ ထက်ဝက်ဈေးဖြစ်သော ကျပ် ၃၂၅၀၀၀ သို့ လျှော့ချလိုက်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အော်တိုလိုင်းဖုန်းများကို အိမ်သုံးအဖြစ် သုံးစွဲနေကြရုံသာမက စီးပွားရေးလုပ်ငန်းများအတွက်ပါ ပိုမိုကျယ်ပြန့်သက်သာစွာ သုံးစွဲနိုင်ရန်အလို့ငှာ ယင်းသို့ တပ်ဆင်ခန့်နှုန်းထားထက်ဝက်ကို လျှော့ချပေးလိုက်ခြင်းဖြစ်ပြီး လာမည့် နောက်နှစ်အနည်းငယ်အတွင်းတွင်လည်း လိုင်းဖုန်းများ၏ လက်ရှိစွမ်းဆောင်ရည်ကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT)က နှစ်ဆတိုးမြှင့်သွားမည်ဟု သိရသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့○

ပဟန်းမြို့နယ်၌ ကိုယ်ပိုင်ယာဉ်တစ်စီးကို လေးခွကုန်းသီးဖြင့် ပစ်ခတ်ရာတွင် ပါဝင်ခဲ့သူများအား ဖမ်းဆီးရမိ ပြစ်မှုကျူးလွန်သူများအား တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိ

သတင်း စာမျက်နှာ - ၉

သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဥပဒေကြမ်း

(ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။)

သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဥပဒေကြမ်း
(၂၀၁၅ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၊)
၁၃၇၇ ခုနှစ်၊ လ ရက်
(၂၀၁၅ ခုနှစ်၊ ဇွန်လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)
အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **သိပ္ပံ**ဆိုသည်မှာ သဘာဝတရား၏ ဖြစ်ပျက်ပြောင်းလဲမှုတို့နှင့် ထိုဖြစ်ပျက်ပြောင်းလဲမှုတို့၏ အကြောင်းအကျိုးအမှန်တို့ကို နည်းစနစ်ကျနစွာ လေ့လာအသုံးချနိုင်သော ပညာရပ်ကိုဆိုသည်။

(ခ) **နည်းပညာ**ဆိုသည်မှာ နည်းစဉ်၊ကျွမ်းကျင်မှု၊ အသိပညာနှင့် အတတ်ပညာတို့ ပေါင်းစပ်ထားခြင်းဖြစ်ပြီး သဘာဝသယံဇာတ အရင်းအမြစ်များနှင့် လူစွမ်းအားအရင်းအမြစ်များမှ ကုန်ထုတ်လုပ်မှုအကျိုးဖြစ်ထွန်းစေသည့် လုပ်ငန်းစဉ် ကျွမ်းကျင်မှုကိုဆိုသည်။

(ဂ) **ဆန်းသစ်တီထွင်မှု**ဆိုသည်မှာ မူလစိတ်ကူးစိတ်သန်း၊ ထုတ်ကုန်၊ နည်းပညာတစ်ခုခုကို အခြေခံလျက် ထူးခြားဆန်းသစ်သော တီထွင်ကြံဆမှုတို့ဖြင့် ပိုမိုကောင်းမွန်သော၊ ကွဲပြားခြားနားသော၊ အဖိုးတန်သော စိတ်ကူးစိတ်သန်းများ၊ ထုတ်ကုန်များ၊ နည်းပညာများကို ဖော်ထုတ်ခြင်း၊ အသုံးချခြင်းကို ဆိုသည်။

(ဃ) **သိပ္ပံ၊နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ လေ့ကျင့်သင်ကြားရေးလုပ်ငန်းများ** ဆိုသည်မှာ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကို အခြေခံသည့် အဖွဲ့အစည်း၊ လုပ်ငန်း၊ ဌာန၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ ကျောင်းများမှ ဆောင်ရွက်လျက်ရှိသည့် အသိပညာ၊ အတတ်ပညာများ လေ့ကျင့်သင်ကြားခြင်း လုပ်ငန်းများကို ဆိုသည်။

(င) **သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ**ဆိုသည်မှာ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကိုအခြေခံသည့် အသိပညာနှင့် အတတ်ပညာများပါဝင်သော အသိဉာဏ်ပစ္စည်းပိုင်ဆိုင်မှုကို တစ်နည်းနည်း အသုံးချဆောင်ရွက်ခြင်း လုပ်ငန်းများ၊ မူပိုင်ခွင့် ကာကွယ်စောင့်ရှောက်ခြင်း လုပ်ငန်းများနှင့် အကြံပေးခြင်းလုပ်ငန်းများကို ဆိုသည်။

(စ) **သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ထုတ်လုပ်မှုလုပ်ငန်းများ**ဆိုသည်မှာ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကို အခြေခံသည့် ထုတ်လုပ်မှုနည်းပညာတစ်ခုအတွင်း ကုန်ကြမ်း သို့မဟုတ် မူလပစ္စည်းတစ်ခုခုမှ အခြားပစ္စည်းအသစ်တစ်ခုခုသို့ ပြောင်းလဲထုတ်လုပ်ပေးသည့် လုပ်ငန်းများကို ဆိုသည်။

(ဆ) **သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများ**ဆိုသည်မှာ သိပ္ပံနည်းကျစွာ စူးစမ်းလေ့လာမှုများကို လက်တွေ့ပြုလုပ်ဆောင်ရွက်ခြင်းဖြင့် တွေ့ရှိချက်များအပေါ် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည့်နည်းပညာများ ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ပေးသည့် လုပ်ငန်းများကို ဆိုသည်။

(ဇ) **သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုလုပ်ငန်းများ**ဆိုသည်မှာ သိပ္ပံနယ်ပယ်တွင် လက်တွေ့အသုံးပြုလျက်ရှိသည့် အသိပညာ၊ အတတ်ပညာနှင့် ကျွမ်းကျင်မှုများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သည့် သုတေသနနှင့်ဖွံ့ဖြိုးမှု လုပ်ငန်းများ၊ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ လေ့ကျင့်သင်ကြားရေး လုပ်ငန်းများ၊ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများနှင့် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ထုတ်လုပ်မှုလုပ်ငန်းများကို ဆိုသည်။

(ဈ) **အမျိုးသားအဆင့်သုတေသနလုပ်ငန်းများ**ဆိုသည်မှာ နိုင်ငံတော်လိုအပ်ချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့မှ တာဝန်ပေးဆောင်ရွက်စေသော သုတေသနလုပ်ငန်းများကိုဆိုသည်။

(ည) **နည်းပညာလွှဲပြောင်းရေး**ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုမှ နည်းပညာတစ်စိတ်တစ်ပိုင်းကိုသော်လည်းကောင်း၊ နည်းပညာအားလုံးကိုသော်လည်းကောင်း ပိုင်ဆိုင်အသုံးပြုရေးအတွက် ဤဥပဒေနှင့်အညီ လွှဲပြောင်းခြင်း ကိုဆိုသည်။

(ဋ) **ကောင်စီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် အမျိုးသားသိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကောင်စီကို ဆိုသည်။

(ဌ) **သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာကော်မတီများ** ဆိုသည်မှာ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု နယ်ပယ်တစ်ခုချင်းအလိုက် ကောင်စီ၏အောက်တွင် ဖွဲ့စည်းထားရှိသော သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်အဖွဲ့များကိုဆိုသည်။

(ဍ) **ကောင်စီအဖွဲ့ရုံး**ဆိုသည်မှာ ကောင်စီနှင့်သက်ဆိုင်သည့် ရုံးလုပ်ငန်းတာဝန်များကို စီစဉ်ဆောင်ရွက်ပေးရသည့် အဖွဲ့ရုံးကို ဆိုသည်။

(ဎ) **သက်ဆိုင်ရာဝန်ကြီးဌာနများ**ဆိုသည်မှာ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့်ဝန်ကြီးဌာနများကို ဆိုသည်။

(ဏ) **တာဝန်ခံဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနကို ဆိုသည်။

(တ) **ဦးစီးဌာန**ဆိုသည်မှာ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနကို ဆိုသည်။

(ထ) **အစိုးရအဖွဲ့**ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ကိုဆိုသည်။

အခန်း (၂)
ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) အမျိုးသားလူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေမည့် ကုန်ထုတ်လုပ်ငန်း တိုးတက်ရေးအတွက် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်၊

(ခ) စွမ်းအင်၊ ဓာတ်သတ္တုနှင့် အခြားသယံဇာတအရင်းအမြစ်များအား စနစ်တကျ ထုတ်ယူသုံးစွဲနိုင်ရေး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအတွက် ခေတ်မီသိပ္ပံနှင့်နည်းပညာကို အခြေခံသည့်သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်နိုင်ရန်၊

(ဂ) ပြည်တွင်းကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားပြီး နိုင်ငံတကာဈေးကွက်တွင် ရင်ပေါင်တန်းယှဉ်ပြိုင်နိုင်ရေးအတွက် သုတေသနရလဒ်များမှ နည်းပညာပြန့်ပွားရေးနှင့် နည်းပညာလွှဲပြောင်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်၊

(ဃ) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုလုပ်ငန်းများအတွက် ကျွမ်းကျင်ပညာရှင်များ စဉ်ဆက်မပြတ်ရရှိရန် လေ့ကျင့်ပညာပေးခြင်းကို ဆောင်ရွက်နိုင်ရန်၊

(င) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုလုပ်ငန်းများ၊ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုလုပ်ငန်းနယ်ပယ်ဆိုင်ရာ လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ အောင်မြင်တိုးတက်ရေးအတွက် ပြည်တွင်း၊ ပြည်ပရှိ သုတေသနဌာနများ၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများ၊ စက်မှုကုန်ထုတ်လုပ်ငန်းများနှင့် အခြားအဖွဲ့အစည်းများအကြား အချင်းချင်းဆက်သွယ်ပူးပေါင်း ဆောင်ရွက်နိုင်ရန်၊

(စ) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုနယ်ပယ်မှ ထူးချွန်သော ပညာရှင်များနှင့် ဆန်းသစ်တီထွင်သူများအား ဂုဏ်ပြုချီးမြှင့်နိုင်ရန်၊ ယင်းတို့၏မူပိုင်ခွင့်များကို အလေးထားရန်၊ အကာအကွယ်ပေးရန်နှင့် ထိုက်သင့်သော အကျိုးခံစားခွင့်များ ရရှိစေရန်၊

(ဆ) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ရန်ပုံငွေဖြင့် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုလုပ်ငန်းနယ်ပယ်ဆိုင်ရာ လူစွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ဆန်းသစ်တီထွင်ဖန်တီးမှုများနှင့် စျေးကွက် စီးပွားရေးကို အားပေးသော သုတေသန လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်။

အခန်း (၃)
အမျိုးသားသိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ကောင်စီ ဖွဲ့စည်းခြင်း

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) အမျိုးသားသိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကောင်စီကို အဖွဲ့ဝင် ၆၀ ဦးထက် မပိုသော ပုဂ္ဂိုလ်များဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(၁) ပြည်ထောင်စုအစိုးရအဖွဲ့က ဥက္ကဋ္ဌ
တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်တစ်ဦး

(၂) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့် ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ သို့မဟုတ် ဒုတိယဝန်ကြီးများ — အဖွဲ့ဝင်များ

(၃) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့်အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ အကြီးအမှူးများ — အဖွဲ့ဝင်များ

(၄) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုလုပ်ငန်းနယ်ပယ်အလိုက် ထင်ပေါ်ကျော်ကြားသည့် နိုင်ငံ့အကျိုးပြုပညာရှင်များ — အဖွဲ့ဝင်များ

(၅) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီး — အတွင်းရေးမှူး

(၆) ဦးစီးဌာန၏ အကြီးအမှူး — တွဲဖက်အတွင်းရေးမှူး

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသောကောင်စီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ကောင်စီ၏သက်တမ်းသည် တစ်ကြိမ်လျှင် လေးနှစ် ဖြစ်သည်။

၆။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီအဖွဲ့ဝင်များသည် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့် ချီးမြှင့်ငွေနှင့်စရိတ်များကို ခံစားခွင့်ရှိသည်။

အခန်း (၄)
ကောင်စီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၇။ ကောင်စီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေပါ ရည်ရွယ်ချက်များကို ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မူဝါဒများ ချမှတ်ခြင်း၊

(ခ) အစိုးရအဖွဲ့နှင့်အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများနှင့် စက်မှုကုန်ထုတ်လုပ်ငန်းများက ဆောင်ရွက်လျက်ရှိသည့် သုတေသန အခြေပြု သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို လမ်းညွှန်ခြင်း၊ အားပေးခြင်း၊ အထောက်အကူပြုခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဂ) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော ပညာရှင်များမွေးထုတ်ရန်နှင့် ယင်းတို့၏ အရည်အချင်းတိုးတက်မြင့်မားလာစေရန် စီမံဆောင်ရွက်ခြင်း၊

(ဃ) ပြည်တွင်း၊ ပြည်ပရှိ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ သုတေသနဌာနများ၊ တက္ကသိုလ်များ၊ အခြားအဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်း ဆောင်ရွက်နိုင်ရန် အစီအစဉ်များချမှတ်ခြင်း၊

(င) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုလုပ်ငန်းများအတွက် အရည်အသွေး၊ အဆင့်အတန်း ထိန်းသိမ်းမြှင့်တင်ရန် လိုအပ်သော စံချိန်စံညွှန်းများ၊ နည်းပညာဆိုင်ရာ ကျင့်ထုံးများ ပြုစုရေးနှင့်စပ်လျဉ်း၍ အကြံပြုခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ အသင်းအဖွဲ့များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်လုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်နိုင်ရေးအတွက် ဦးဆောင်မှုပေးခြင်း၊ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

(ဆ) သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုဆိုင်ရာ ပြည်တွင်း၊ ပြည်ပ ဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ သင်တန်းများ၊ စာတမ်းဖတ်ပွဲများ၊ နှီးနှောဖလှယ်ပွဲများ နှစ်စဉ်ကျင်းပရေးနှင့် တက်ရောက်ရေးတို့အတွက် အားပေးခြင်း၊

(ဇ) အမျိုးသားအဆင့် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဥယျာဉ်၊ ပြတိုက်နှင့် စာကြည့်တိုက်များ တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် စီမံဆောင်ရွက်ခြင်း၊

(စျ) ပြည်တွင်း၊ ပြည်ပ နည်းပညာလွှဲပြောင်းခြင်းနှင့် စပ်လျဉ်း၍ အစိုးရအဖွဲ့သို့ အခါအားလျော်စွာ အကြံပြုတင်ပြခြင်း၊

(ည) သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုနယ်ပယ်မှ ထူးချွန်သော ပညာရှင်များ၊ ဆန်းသစ်တီထွင်သူများကို သတ်မှတ်ချက်နှင့်အညီ ဆုငွေချီးမြှင့်ခြင်း၊ နိုင်ငံတော်က ဂုဏ်ထူးဆောင်ဘွဲ့နှင့် တံဆိပ်များ ချီးမြှင့်အပ်နှင်းနိုင်ရန် ထောက်ခံတင်ပြခြင်း၊

(ဋ) ကောင်စီအဖွဲ့ရုံးကို လိုအပ်သလိုဖွဲ့စည်းခြင်းနှင့် အဆိုပါရုံးအဖွဲ့အား ကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်း၊

(ဌ) ကောင်စီ၏အောက်တွင် သင့်လျော်မည့် သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှု နယ်ပယ်တစ်ခုချင်းအလိုက် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာကော်မတီများ ဖွဲ့စည်းခြင်းနှင့် ယင်းကော်မတီများကို သက်ဆိုင်ရာကောင်စီဝင်တစ်ဦးဦးက ဦးဆောင်ပြီး သင့်လျော်မည့်ပညာရှင်များဖြင့် ဖွဲ့စည်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဍ) ကောင်စီသည် သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှု သုတေသန စီမံကိန်းဆိုင်ရာ နှစ်စဉ်လိုအပ်မည့် အသုံးစရိတ်များကို အစိုးရဘတ်ဂျက်မှ တောင်းခံနိုင်ရန် တာဝန်ခံဝန်ကြီးဌာနသို့ အကြံပေးခြင်း၊

(ဎ) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ရန်ပုံငွေတစ်ရပ်ထူထောင်၍ သုံးစွဲခြင်း၊ စာရင်းရှင်းလင်းခြင်းနှင့် ထိန်းသိမ်းခြင်းတို့ကို တာဝန်ယူ ဆောင်ရွက်မည့်အဖွဲ့ ဖွဲ့စည်းခြင်း၊

(ဏ) ကောင်စီ၏လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို အစိုးရအဖွဲ့သို့ နှစ်စဉ်တင်ပြခြင်း။

အခန်း (၅)
သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ
ကော်မတီများဖွဲ့စည်းခြင်းနှင့် ယင်းတို့၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၈။ ကောင်စီသည် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ကော်မတီများကို သက်ဆိုင်ရာ ဘာသာရပ်နယ်ပယ်အလိုက် သုတေသနဌာနများ၊ တက္ကသိုလ်များ၊ စက်မှုကုန်ထုတ်လုပ်ငန်းများနှင့် အခြားအဖွဲ့အစည်းများမှ ကျွမ်းကျင်ပညာရှင်များဖြင့် ဖွဲ့စည်းရမည်။

၉။ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာကော်မတီများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ကော်မတီအလိုက် ခေတ်မီသိပ္ပံနှင့် နည်းပညာရပ်များကို အသုံးချဆောင်ရွက်နေမှုများ၊ အခက်အခဲများ၊ ဖွံ့ဖြိုးတိုးတက်လာနေမှု အခြေအနေများကို စိစစ်လေ့လာခြင်း၊ မှတ်တမ်းများပြုစုခြင်း၊ နှစ်စဉ်တိုးတက်ဖွံ့ဖြိုးမှု အစီရင်ခံစာကို ကောင်စီသို့ တင်ပြခြင်း၊

(ခ) ပုဂ္ဂလိကစက်မှုလုပ်ငန်းများအတွက် လိုအပ်သောသုတေသနလုပ်ငန်းများကို ပူးပေါင်းကူညီဆောင်ရွက်ပေးခြင်း၊ နည်းပညာအခက်အခဲများကို ဖြေရှင်းပေးခြင်းနှင့် နည်းပညာအကူအညီများပေးခြင်း၊

(ဂ) နိုင်ငံတကာ နည်းပညာဖွံ့ဖြိုးတိုးတက်မှုတွင် လိုက်ပါဆောင်ရွက်နိုင်စေရေးအတွက် လိုအပ်သော နည်းပညာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အစီအမံများ၊ စီမံချက်များရေးဆွဲခြင်းနှင့် ယင်းအစီအမံနှင့်စီမံချက်များကို ကောင်စီသို့ တင်ပြခြင်း၊

(ဃ) ကောင်စီမှပေးအပ်သော နည်းပညာနယ်ပယ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး၊ သုတေသနနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ ဆက်သွယ်ပူးပေါင်းဆောင်ရွက်ရေးနှင့် လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း၊

စာမျက်နှာ ၂ သို့

မြေသိမ်းအက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း

(ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။)

မြေသိမ်းအက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း
(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)
၁၃၇၇ ခုနှစ်၊ လ ရက်
(၂၀၁၅ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ မြေသိမ်းအက်ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(င)ကို အောက်ပါအတိုင်း အစားထိုးရမည် -

(e) the expression "Company" means a public company constituted under the Myanmar Companies Act and includes a society registered by any other law, which is not a private company.

၂။ မြေသိမ်းအက်ဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ (၂)တွင်ပါရှိသော "at least forty-eight hours' notice" ဆိုသည့်စကားရပ်ကို "at least seventy-two hours' notice" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃။ မြေသိမ်းအက်ဥပဒေပုဒ်မ ၂၇၊ ပုဒ်မခွဲ(၁)တွင်ပါရှိသော "the market value of the land" ဆိုသည့် စကားရပ်ကို "the market value of the land or three years average value of a similar land which exists surrounding it; whichever is more" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ မြေသိမ်းအက်ဥပဒေပုဒ်မ ၄၆ တွင်ပါရှိသော "for any term not exceeding one month, or to fine not exceeding fifty rupees, or to both" ဆိုသည့်စကားရပ်ကို "for any term not exceeding three months, or to fine not exceeding three hundred thousand kyats or to both" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

စာမျက်နှာ ၁ မှ

(င) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ နယ်ပယ်အလိုက် သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများ၊ လူ့စွမ်းအားအရင်းအမြစ်များနှင့် တီထွင်ဖန်တီးမှုများ တိုးတက်မြင့်မားရေးတို့အတွက် ရန်ပုံငွေထောက်ပံ့ရာတွင် စိစစ်ရွေးချယ်ခြင်း၊ သုတေသနလုပ်ငန်းများ လက်တွေ့ထိရောက်မှုရှိ၊ မရှိ စိစစ်ခြင်း၊ ထိန်းသိမ်းကွပ်ကဲခြင်းနှင့် အားပေးခြင်း၊

(စ) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ နယ်ပယ်အလိုက် ထူးချွန်သော ပညာရှင်များ၊ တီထွင်သူများအား ရွေးချယ်သတ်မှတ်ရာတွင် ကောင်စီအား ကူညီဆောင်ရွက်ခြင်း။

အခန်း (၆)
သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနဖွဲ့စည်းခြင်း

၁၀။ ၁၉၉၄ ခုနှစ်၊ သိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးရေးဥပဒေအရ ဖွဲ့စည်းထားသော မြန်မာ့သိပ္ပံနှင့် နည်းပညာသုတေသနဦးစီးဌာနကို သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနအဖြစ် ပြောင်းလဲဖွဲ့စည်းသည်။

၁၁။ ဦးစီးဌာနသည် မြန်မာ့သိပ္ပံနှင့်နည်းပညာသုတေသနဦးစီးဌာနပိုင် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို လည်းကောင်း၊ ရပိုင်ခွင့်နှင့် ပေးရန်တာဝန်များကိုလည်းကောင်း ဆက်ခံရမည်။

အခန်း (၇)
သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၏ လုပ်ငန်းတာဝန်များ

၁၂။ ဦးစီးဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) စီးပွားရေးနှင့် ကုန်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အမျိုးသားအဆင့် အရည်အသွေး အခြေခံအဆောက်အအုံများ ကြီးခိုင်အားကောင်းစေရန် ဆောင်ရွက်ခြင်း၊

(ခ) နိုင်ငံတကာအသိအမှတ်ပြု ဓာတ်ခွဲခန်းများဖြင့် အဆင့်မီဓာတ်ခွဲစမ်းသပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊

(ဂ) ပြန်ပြည့်မြဲစွမ်းအင်နှင့် အီလက်ထရွန်နစ်နည်းပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဃ) ဓာတုနည်းပညာနှင့် နာနိုနည်းပညာအသုံးချ တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများထုတ်လုပ်နိုင်မည့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(င) လူမှုစီးပွားဖွံ့ဖြိုးမှုဆိုင်ရာ အထောက်အကူပြု သတင်းအချက်အလက်များ၊ အကြံဉာဏ်များ ဖော်ထုတ်မျှဝေပေးနိုင်သည့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(စ) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ အခြေခံသုတေသနလုပ်ငန်းများ၊ လက်တွေ့အသုံးချ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဆ) ပြည်တွင်းစက်မှုလုပ်ငန်းများတွင် တွေ့ကြုံရသောကုန်ထုတ်လုပ်မှုနည်းပညာအခက်အခဲနှင့် ပြဿနာများကို ကူညီဖြေရှင်းပေးရေးကို ဦးတည်သည့် ဆန်းသစ်တီထွင်မှုဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဇ) ဓာတ်ခွဲခန်းအဆင့်တွင်အောင်မြင်ပြီးစီးသော သုတေသနလုပ်ငန်းများကို ကုန်ထုတ်လုပ်မှုအဆင့်ရောက်ရှိစေရန် လိုအပ်သည့် ဖွံ့ဖြိုးမှုအဆင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဈ) စီးပွားဖြစ်ထွန်းမှုအလားအလာရှိသော သယံဇာတပစ္စည်းများ အသုံးချနိုင်မှုကို လေ့လာဖော်ထုတ်ခြင်း၊

(ည) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ပြည်တွင်းပြည်ပ ဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများ နှစ်စဉ်ကျင်းပခြင်း၊ တက်ရောက်ခြင်း၊ ပညာရှင်ဖလှယ်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဋ) နည်းပညာလွှဲပြောင်းခြင်းဆိုင်ရာကိစ္စရပ်များကို ကောင်စီမှချမှတ်ထားသည့် မူဝါဒနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဌ) အစိမ်းရောင်နည်းပညာဖွံ့ဖြိုးမှုဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဍ) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး၊ အစားအသောက်နှင့် ဆေးဝါးဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဎ) သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုဆိုင်ရာ ဥယျာဉ်နှင့် ပြတိုက်များ တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်ခြင်း၊

(ဏ) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ အကြံပေးမှုနှင့် ဝန်ဆောင်မှု လုပ်ငန်းများ၊ သတင်းအချက်အလက်များ ပြုစုထိန်းသိမ်းခြင်းနှင့် ပြန်ကြားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(တ) ကောင်စီ သို့မဟုတ် တာဝန်ခံဝန်ကြီးဌာနက ပေးအပ်သော သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ထ) ကောင်စီ၏ ရုံးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊

(ဒ) ကောင်စီနှင့် ကော်မတီ၏ ရုံးလုပ်ငန်းဆိုင်ရာ ကုန်ကျစရိတ်များနှင့် နိုင်ငံဝန်ထမ်းမဟုတ်သော ကောင်စီနှင့်ကော်မတီဝင်များ၏ ခရီးမြှင့်ငွေနှင့် စရိတ်များကို ဦးစီးဌာနမှ ကျခံပေးခြင်း၊

(ဓ) ဦးစီးဌာန၏ အထွေထွေစီမံခန့်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း။

အခန်း (၈)
ဘဏ္ဍာရေး

၁၃။ ကောင်စီသည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေက ခွင့်ပြုထားသော သုတေသနလုပ်ငန်းဆိုင်ရာ အသုံးစရိတ်များကို တာဝန်ခံဝန်ကြီးဌာနမှတစ်ဆင့် ရယူရမည်။

၁၄။ ကောင်စီသည် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ဆန်းသစ်တီထွင်ဖန်တီးမှုများနှင့် စေးကွက်စီးပွားရေးကို အထောက်အကူပြုသော သုတေသနလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေးအတွက် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ရန်ပုံငွေ တစ်ရပ် ထူထောင်ရမည်။

၁၅။ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ရန်ပုံငွေကို အောက်ဖော်ပြပါ ရင်းမြစ်များဖြင့် ထူထောင်ရမည်-

(က) ပြည်တွင်း၊ ပြည်ပ ပုဂ္ဂလိကလုပ်ငန်းရှင်များမှ ထောက်ပံ့ ကူညီငွေများ၊

(ခ) နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ထောက်ပံ့ကူညီငွေများ၊

(ဂ) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းမှ ရရှိသည့်ငွေကြေးများ။

၁၆။ ကောင်စီက ဖွဲ့စည်းတာဝန်ပေးအပ်သည့် အဖွဲ့သည် ရန်ပုံငွေလက်ခံရယူခြင်း၊ သုံးစွဲခြင်းနှင့် စပ်လျဉ်း၍ တည်ဆဲဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရမည်။

၁၇။ ကောင်စီသည် နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာသုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ဝန်ကြီးဌာနများ၏ ဦးစီးဌာနများ၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများ၊ ပုဂ္ဂလိကစက်မှု ကုန်ထုတ်လုပ်ငန်းများနှင့် အခြားသုတေသနအဖွဲ့အစည်းများအတွက် တစ်ဖက်ပါအမျိုးအစားအလိုက် ရန်ပုံငွေ ထောက်ပံ့ရေးကို ဆောင်ရွက်နိုင်သည်-

(က) အမျိုးသားအဆင့် သုတေသနလုပ်ငန်းများအတွက် ရန်ပုံငွေ ထောက်ပံ့ခြင်း၊

(ခ) တီထွင်ဖန်တီးမှုသုတေသနရန်ပုံငွေထောက်ပံ့ခြင်း၊

(ဂ) သုတေသနလုပ်ငန်းများ ဆောင်ရွက်နေသည့် မျိုးဆက်သစ်လူငယ်များအတွက် ရန်ပုံငွေထောက်ပံ့ခြင်း၊

(ဃ) ယှဉ်ပြိုင်မှုအခြေခံသောသုတေသနရန်ပုံငွေထောက်ပံ့ခြင်း၊

(င) ပြည်တွင်း၊ ပြည်ပသုတေသနပညာတော်သင်ဆုထောက်ပံ့ခြင်း၊

(စ) နိုင်ငံတကာအဆင့်နှင့် အမျိုးသားအဆင့် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ညီလာခံများ၊ သင်တန်းများ တက်ရောက်ခြင်း၊ ကျင်းပခြင်းများ ပြုလုပ်နိုင်ရန် ထောက်ပံ့ခြင်း။

၁၈။ ကောင်စီသည် သိပ္ပံနှင့် နည်းပညာနယ်ပယ်မှ ထူးချွန်သောပညာရှင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ဆန်းသစ်တီထွင်ဖန်တီးသူများအား ထိုက်သင့်သည့် ဆုကြေးငွေ သတ်မှတ်ပြီး ဆုချီးမြှင့်နိုင်သည်။

အခန်း(၉)
နည်းပညာလွှဲပြောင်းရေး

၁၉။ သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းဌာနများ၊ စက်မှုကုန်ထုတ်လုပ်ငန်းများ၊ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများ၏ အောင်မြင်သောသုတေသနရလဒ်များ၊ နည်းပညာဆိုင်ရာအသိပညာများနှင့် တီထွင်မှု မူပိုင်ခွင့်နည်းပညာများကို လွှဲပြောင်းနိုင်သည်။

၂၀။ ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုမှ အခြားပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုသို့ ပုဒ်မ ၁၉ အရ နည်းပညာများကို လွှဲပြောင်းရာတွင် နှစ်ဦးနှစ်ဖက် သဘောတူညီ စာချုပ်ချုပ်ဆိုရမည်။

၂၁။ ပုဒ်မ ၂၀ အရ နည်းပညာကို လွှဲပြောင်းရာတွင် အောက်ပါနည်းလမ်းများနှင့်အညီ လွှဲပြောင်းနိုင်သည်-

(က) မည်သူ့ကိုမဆို အခမဲ့ အသုံးပြုခွင့်ပေးခြင်း၊

(ခ) ပြည်တွင်း၌ဖြစ်စေ၊ ပြည်ပသို့ဖြစ်စေ ရောင်းချခြင်း၊

(ဂ) အခကြေးငွေ ရယူပြီး နှစ်အကန့်အသတ်ဖြင့် အသုံးပြုခွင့်ပေးခြင်း၊

(ဃ) အသုံးပြု၍ ရရှိလာသော အကျိုးအမြတ်ပေါ်မူတည်၍ ရာခိုင်နှုန်းဖြင့် အသုံးပြုခွင့်ပေးခြင်း။

၂၂။ ပြည်ပသို့လည်းကောင်း၊ ပြည်တွင်း၌လည်းကောင်း နည်းပညာလွှဲပြောင်းခြင်းနှင့် သက်ဆိုင်သော စည်းကမ်းချက်များသည် ကောင်စီကချမှတ်ထားသော စည်းကမ်းချက်များ၊ တည်ဆဲဥပဒေတို့နှင့်အညီ ဖြစ်စေရမည်။

၂၃။ ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုက နည်းပညာလွှဲပြောင်းရာတွင် သက်ဆိုင်ရာ တီထွင်သူ သို့မဟုတ် လွှဲပြောင်းပေးသည့် နည်းပညာကို ဆန်းသစ်တီထွင်ဖော်ထုတ်ခဲ့သည့် အဓိက ပါဝင်သူများ၏ သဘောတူခွင့်ပြုချက်ရယူရမည်။

၂၄။ နည်းပညာလွှဲပြောင်းရေးဆိုင်ရာ နှစ်ဦးနှစ်ဖက် သဘောတူစာချုပ်ကို သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ ဦးစီးဌာနတွင် ဖွင့်လှစ်ထားသော နည်းပညာလွှဲပြောင်းရေးဌာန၌ မှတ်ပုံတင်ရမည်။

၂၅။ နှစ်ဦးနှစ်ဖက် သဘောတူစာချုပ်ချုပ်ဆိုရာတွင် ကောင်စီကချမှတ်ထားသော စည်းကမ်းချက်များနှင့် တည်ဆဲဥပဒေတို့ကို လိုက်နာဆောင်ရွက်ရမည်။

အခန်း (၁၀)
ပြစ်မှုနှင့် ပြစ်ဒဏ်များ

၂၆။ နှစ်ဦးနှစ်ဖက်သဘောတူညီချက် စာချုပ်ချုပ်ဆို လွှဲပြောင်းထားသော နည်းပညာကို နည်းပညာပိုင်ဆိုင်သူ၊ လွှဲပြောင်းရယူသူများ၏ သဘောတူညီချက်မရှိဘဲ မည်သူမဆို အသုံးပြုခြင်း၊ ရောင်းချခြင်းတို့ကို ပြုလုပ်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းနှစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၇။ မည်သူမဆို နည်းပညာလွှဲပြောင်းရေးဆိုင်ရာ နှစ်ဦးနှစ်ဖက် သဘောတူညီချက်စာချုပ်ကို မမှန်မကန်ချုပ်ဆိုခြင်း သို့မဟုတ် ချုပ်ဆိုစေခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းသုံးရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၈။ နည်းပညာလွှဲပြောင်းရေးဆိုင်ရာ နှစ်ဦးနှစ်ဖက် သဘောတူညီချက်စာချုပ်ပါ စည်းကမ်းများကို ဖောက်ဖျက်ကျူးလွန်သူအား နစ်နာသူက သက်ဆိုင်ရာ ဥပဒေအရ အရေးယူနိုင်သည်။

အခန်း (၁၁)
ပူးပေါင်းဆောင်ရွက်ခြင်း

၂၉။ ကောင်စီသည် ပြည်တွင်း၊ ပြည်ပရှိသုတေသနဌာနများ၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများ၊ စက်မှုကုန်ထုတ်လုပ်ငန်းများနှင့် အခြားအဖွဲ့အစည်းများ အချင်းချင်း နည်းပညာဆိုင်ရာ ဆက်သွယ်ပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းအစီအမံများ ချမှတ်ရမည်။

၃၀။ ကောင်စီသည် ပြည်ပရောက် မြန်မာနိုင်ငံသားသိပ္ပံပညာရှင်များနှင့် နိုင်ငံတကာ သိပ္ပံပညာရှင်များကို မြန်မာနိုင်ငံ၏ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုလုပ်ငန်းများတွင် ပါဝင်လာစေရန် လိုအပ်သော အစီအမံများချမှတ်ခြင်းနှင့် စည်းရုံးဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ရမည်။

အခန်း (၁၂)
အထွေထွေ

၃၁။ ၁၉၉၄ ခုနှစ်၊ သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးရေး ဥပဒေအရ ထုတ်ပြန်ခဲ့သော အမိန့်များ၊ ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၃၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) တာဝန်ခံဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ကောင်စီနှင့် ဦးစီးဌာနသည် လိုအပ်သောအမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၃၃။ ၁၉၉၄ ခုနှစ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ပြဋ္ဌာန်းခဲ့သာ သိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးရေးဥပဒေ (၅/၉၄) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

"ဗုဒ္ဓဂယာဘုရားပူးသွားကြမည်ဆိုလျှင် မေသူမောင် နှင့် သွားကြပါစို့"

- ၂၀၁၅–၂၀၁၆ခုနှစ် ရန်ကုန်–ဗုဒ္ဓဂယာ–ရန်ကုန် (တိုက်ရိုက်) ခရီးစဉ်–
- လူနည်းများမဆိုလေးအေးစက်ပါယာဉ်ငယ်များဖြင့်ပို့ဆောင်ပေးပြီး၊နယူးဒေလီဟိုတယ်တွင်(၂)ညအိပ်စက်အနားယူပါမည်။
- မေသူမောင်အဖွဲ့နှင့် သွားရွှင့် ကြဲ့ ကြရဖြီးကျေနပ်အားရပီတိဖြစ်ကာထပ်မံလိုက်ပါရန်အဆိုပြုသူများနှင့် ဘုရားဖူးမွမ်မိတ်ဆွေများတို့၏ဝမ်းသာအားရ ပီတိဖြစ်ခဲ့ကြကြောင်း သတင်းကောင်းများအတွက် အထူးကျေးဇူးတင်ပါသည်။
- (၁၄)ညအိပ်(၁၅)ရက်ထွက်ခွာမည့်ရက်များ–
  15 Sep, 25 Oct, 25 Nov,6 Dec, 23 Dec, 17 Jan, 3 Feb, 21 Feb, 27 Mar, 10 Apr
- (၇) ညအိပ် (၈)ရက် ထွက်ခွာမည့်ရက်များ–28 Oct, 25 Nov, 23 Dec, 11 Apr
- လိုက်ပါလိုသည့်ခရီးစဉ်နှင့် နေ့.ကိုရွေးချယ်ပြီး (၂)လ ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။
- ဆက်သွယ်ရန်ရုံးချုပ် –အမှတ်(8/H)၊ဆင်မလိုက်အဆင့်မြင့်ဈေးကွန်ဒို၊ကမာရွတ်မြို့နယ်၊ရန်ကုန်မြို့။
  09-5012470, 09-43112427,09-73241687,01-2305928 ။ မန္တလေးဖုန်း 02-76024,09-444030270

ဒေါ်သူဇာဝင်း (စာရင်းကိုင်သင်တန်း)

B.A (Econ), D.A, DMA (LCCI,UK), C.A.T(UK), ACCA (part II), D.Comp Acc

LCCI 1, 2, 3
MYOB & AutoCount

Nov/2015 Series တန်းခွဲသစ်များ ကျောင်းအပ်လက်ခံပြီ

ခုံနံပါတ် ကြိုယူနိုင်ပြီ	အမှတ်(၃၀)၊ ပုလဲလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်။ (မြလမ်းမှတ်တိုင်းဦးချစ်မောင်အိမ်ရာရှေ့)

Ph: 09-5029621, 09-5402724, 09-250371045

သျှမ်း ရိုးမယ်ပွဲ အလင်္ကာ

ရှေ့သမင်စာပေ

ဖခင် အမည်မှန် — ပြည်မြို့၊ အထက(၅) (X.F)မှ မောင်ညိုလွင်၏ ဖခင်အမည်မှန်မှာ ဦးသန့်ဇင်[၇/ပမန(နိုင်)၁၆၇၃၃၀]ဖြစ်ပါသည်။
ဦးသန့်ဇင်[၇/ပမန(နိုင်)၁၆၇၃၃၀]

ဆရာမိုး Follow Me Ph.D (USA) IELTS

လိုနေသူကို ဖေးမကူဖို့ ဖြူစင်စေတနာ ပြည့်ဝစွာဖြင့် — တန်းခွဲသစ် လက်ခံပြီ။

အင်္ဂလိပ်စာကို ကျွမ်းကျင်ပိုင်နိုင်စွာ ရေးတတ် ပြောတတ်ချင်သူတိုင်း တက်ထားရမည့်

Universal Institute of ESL (USA) မှ **Certificate** ချီးမြှင့်သည့်

ENGLISH 4 SKILLS Level (1,2) ၊ ၄ ၊ ၅ နှင့်

ENGLISH 4 SKILLS Level (1)တစ်ပတ် (၅)ချိန်တက်(၂)**လ**အထူး လက်ခံသင်ကြားပြီ။

Essay, Letter ရေးနည်း၊ အင်္ဂလိပ် ဝတ္ထု၊ဆောင်းပါး ဖတ်နည်း၊ ဘာသာပြန်နည်းနှင့် ပြောနည်းတို့ကို နိုင်ငံတကာ သင်ရိုးများနှင့် သင်ကြားပေးနေပြီ။ တတ်ချင်သူတိုင်း တက်ရ တက်သူတိုင်း တတ်ကုန်ကြပြီ။ တန်းခွဲသစ် **July 18** စမည်။

4 SKILLS Level(1,2,3)တက်ပြီးသူများကို **Dip ESL (USA)** ချီးမြှင့်မည်။

Dip ESL(USA) LEVEL 1,2,3 အတွက် **DISTANCE LEARNING** အဝေးသင်တန်းခွဲ စတင် လက်ခံပြီ။

သွက်လက်မှန်ကန်စွာ ပြောတတ်စေဖို့ SPEAKING သီးသန့် **၊ ၄ ၊ ၅** **အတတ် လက်ခံပြီ။**

နောက်ဆုံးပေါ် နိုင်ငံတကာ သင်ရိုးနှင့်အတူ တစ်ဦးချင်းကို စနစ်တကျ ပြောဆိုလေ့ကျင့်ပေးရ၍ အမြန်ဆုံး တက်မြောက်စေသည်။

ကိုယ်တိုင် အဆင့်မြင့်မြင့် ရေးနိုင်စေဖို့ ADVANCED WRITING ၊ ၄ ၊ ၅ **အထူး လက်ခံပြီ။**

4 Skills Band 7 နှင့်အထက် ရအောင် သင်ပေးမည့် **IELTS ၊ ၄ ၊ ၅** **အထူး လက်ခံပြီ။**

ဆရာမ ဒေါက်တာ မြင့်သန္တာ Ph.D တွဲပက် သင်ကြားသည်။

အမှတ် ၁၈၊ ၅–လွှာ၊
အင်းစိန် စာအုပ်တိုက် (အပေါ်ထပ်) ၊ ဦးထွန်းလင်းခြံလမ်း ၊ လှည်းတန်း ။ 0943125393
ဝိုင်းသီးသန့် ❖ ၄၃၆ (ပ) ထပ် ၊ ကုန်သည်လမ်း (၄၄–လမ်းထိပ်) ။ 01 398118, 295798

ဖခင် အမည်မှန် — ပြည်မြို့၊ အထက(၅)၊ (X-F)မှ မောင်ကျော်ကျော်အောင်၏ ဖခင် အမည်မှန်မှာ ဦးလွင်[၇/ပမန(နိုင်)၀၂၂၇၉၀] ဖြစ်ပါကြောင်း။
ဦးလွင်[၇/ပမန(နိုင်)၀၂၂၇၉၀]

ဖခင် အမည်မှန် — မြောက်ဥက္ကလာပ၊ ရွှေပေါက်ကံမြို့နယ်၊ အထက(၆)၊ အဌမတန်း(B)မှ မထက်ထက်ဝေ၏၏ ဖခင်အမည်မှန်မှာ ဦးစိုးလွင်[၁၂/ဥကမ(နိုင်)၁၇၇၉၅၁၀] ဖြစ်ပါသည်။
ဦးစိုးလွင်

YPGG ဂေါက်သီးရိုက်ပြိုင်ပွဲ

(YPGG) ဂေါက်သီးရိုက်အသင်း၏ (၆၁)ကြိမ်မြောက် ဂေါက်သီးရိုက်ပြိုင်ပွဲကို ၂၀၁၅ခုနှစ်၊ ဇူလိုင်လ ၁၉ရက်(တနင်္ဂနေ့၊ အာဇာနည်နေ့) နံနက် ၉ နာရီတွင် သန်လျင်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ပါ၍ အသင်းသားတိုင်း ပါဝင်ကြရန်နှင့် အသေးစိတ်သိလိုပါက ဦးချစ်ဝဏ်-၅၁၀၅၄၃၅၅၊ ဦးတင်ရွှေ ၀၉-၅၁၀၆၈၁၃၈၊ ဦးကျော်ဝင်း ၀၉-၅၁၅၄၄၀၈၊ ဦးထွန်းထွန်းဦး ၀၉-၅၁၀၆၆၁၆ ထံတွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

စိန်ငါးလုံး
အမှတ်ဆိပ် — ဆီး ၊ ကျောက်ကပ်အားဆေး

ဆီးကျိတ် ရောင်ခြင်း ၊ ဆီးသွားရ၍ အားမရခြင်း
ဆီးနည်း ၊ ဆီးကျန်ခြင်း ၊ ကျော ၊ ရင် ၊ ခါးအောင့်ခြင်း ၊
ခြေ လက် မျက်နာ ဖေါရောင်ခြင်းတို့ဖြစ်လျှင်
စိန်ငါးလုံး ဆီး ကျောက်ကပ်အားဆေးကိုသောက်ပါ
ဖုန်းနံပါတ် - ၀၉ ၇၃၁၅၃၃၇

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့ ၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၃/သမိုင်း)၊ မြေကွက်အမှတ်(၁၂/ထ^၁)၊ ဧရိယာ(၀.၀၉၆)ကေအကျယ်အဝန်းရှိ မြေပိုင်မြေ(လ/နှ ၃၉)မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ မောရဝတီလမ်း အမှတ်(၁၃၅ A-1)ဟုခေါ်တွင်သော မြေကွက်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့အားတရားဝင်အမည်ပေါက်ရှိလက်ဝယ်ထားရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူဟုဆိုသူ ဒေါ်ခိုင်မျိုးအောင် (၁၃/လရန(နိုင်)၀၁၂၉၄၁)ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်နိုင်လုံသော အထောက်အထား၊ စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းကျွန်ုပ်တို့ထံသို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတိမှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါကအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
တရားလွှတ်တော်ရှေ့နေများ
ဦးသန်းညွှန့်(စဉ်–၃၅၅၀) I.L.B,C.P.T,C.J.T
ဦးအောင်နိုင်ဦး (စဉ်–၄၂၅) I.L.B
ဦးမျိုးညွှန့်(စဉ်–၅၁၄၂) I.L.B,D.B.L
ဒေါ်ဆွေဇော်သော် (စဉ်–၉၃၀၁) LL.B,LL.M,M.Res,Ph.D(Thesis)
အထက်တန်းရှေ့နေများ
ဒေါ်လှိုင်ယဉ်မွန် (စဉ်–၄၀၆၄၈) LL.B
ဒေါ်အေးသူဇာ (စဉ်–၃၀၂၆၄) I.L.B,D.B.L,D.I.L
ဒေါ်ထွေးစုလှိုင် (စဉ်–၃၄၅၁၃) LL.B,D.B.L,D.I.L

"ခိုင်းခွန်နောင်" ကုမ္ပဏီ(အိမ်၊ ခြံ၊ မြေ)နှင့်ဥပဒေအကြံပေးလုပ်ငန်း

ရုံးချုပ် – အမှတ်(၁)၊ ပင်ရွှေညောင်လမ်း၊ (II.BC ကျောင်းအနီး)၊ တာမွေမြို့နယ်၊ ရန်ကုန်။
ဖုန်း– ၀၁ – ၅၅၁၁၉၇၊ ၅၄၁၅၀၁၁ ၊ ၀၉ ၅၁၁ဂ၉၅၁၊

ဒဂုံမြို့သစ်

အရှေ့ပိုင်းနှင့်ဆိပ်ကမ်းရှိ မြေကွက်များ၀ယ်လိုသည် ၀၉၄၃၀၉၁၅၂၂ (ပွဲစားမလို)

ငှားရမ်းမည်

လှည်းကူးမြို့နယ်၊
ပေ ၄၀ x ၆၀၊ ပေ ၂၀ x ၆၀
မြေကွက်များရောင်းရန်ရှိသည်
09 796796248
09 972025617

ရောင်းမည်/ဝှားမည်

ပန်းဘဲတန်းမြို့နယ်၊ (၂၉)လမ်း (ထက်)၊ ဒုထပ်၊ ပေ(၁၇×၄၅)၊ အိပ်ခန်း(၁)ခန်း၊ အာစီ၊ ကိုယ်ပိုင်+ရေမီး
ဖုန်း-၀၉-၇၃၂၀၇၆၅၇၊၀၉-၃၁၀၆၉၀၁၅

ခြေကုန်

Hair & Beauty

ဆံပင်ဖြောင့် အထူး - ၁၀၀၀၀/-
ဖြောင့်ဗယောင်း - ၈၀၀၀/-
ကာလာဆေးဆိုး - ၅၀၀၀/-
ဖျက်နာ အဆီပ်ထုတ်-ဝေါင်းတင်ခြင်းများကို နေ့စဉ်တကျ ပြုလုပ်ပေးသည်။

ဆံပင်နှင့်မိတ်ကပ် ၄,လပ်ညာဒါန် လက်ခံပြီ

နယ်မှ လာသူများ အလုပ်သင် လစာနှင့် နေ-စား စီစဉ်ပေးမည်။

Ph: 01373968,09260488203

၂၁၆၊ပ - ထပ်၊ဆိပ်ကမ်းသာလမ်း(အလယ်)၊ကျောက်တံတားမြို့နယ်။

မိုနဲ့ဒါဖက်ရှင်

- ကြော်ငြာ၊ လက်ဆောင်၊ ပရိုမိုးရှင်းနှင့် အမှတ်တရ တူညီဝတ်စုံများအတွက်
- အရောင်စုံ၊ ဒီဇိုင်းစုံ ကြိုက်ရာယူ
- ချည်သား T.Shirt - 1100 ကျပ် (မှစ၍)
  Shirt - 2900 ကျပ်
  Sport Shirt - 2950 ကျပ်
  ဦးထုပ် - 950 ကျပ် (မှစ၍)
- အထည်(၁၀၀)အထက်ယူလျှင် လိပ်စာအရောက် ပို့ပေး၊ ပြပေးသည်။
- **အမှတ်-၇၉၊ မြေညီထပ်၊ ၁၂၄ လမ်း၊ မင်္ဂလာဈေးမှတ်တိုင်အနီး၊ မင်္ဂလာတောင်ညွှန့်မြို့နယ်။**
- **Ph:01-292129, 01-9000260, 09-250388594**
- **E-mail:kyonedoe@gmail.com**

J-WIN COMPANY LIMITED
(ဝန်ထမ်းအမြန်အလိုရှိသည်)

ကိုရီးယားစကားပြန် (ကျား/မ)

(နေရာဒေသမရွေး သွားရောက်နိုင်ပြီး ဘာသာစကားကို ကျွမ်းကျင်စွာ ပြောဆိုနိုင်သူဖြစ်ရမည်။)

အောက်ဖော်ပြပါလိပ်စာတွင် CV Form နှင့်တကွ လိုအပ်သော စာရွက်စာတမ်းထောက်ခံစာများနှင့်အတူ ကြော်ငြာပါသည့်နေ့မှ တစ်ပတ်အတွင်း အမြန်ဆုံး လာရောက်လျှောက်ထားနိုင်ပါသည်။

တိုက်(၁၄)၊ အခန်း(၃၀၂)၊ ရတနာလမ်းသစ်အိမ်ရာ၊ ဇေယျဝတီ(၇)လမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့၊
Ph:09-972572857, 09-259116403, 09-259270132

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-29 D ၊ မြေကွက်အမှတ်-၄၀၈၆/၁၆၊ မြေကွက်တည်နေရာအမှတ်-၁၁၁၊ သံလွင်လမ်း၊ စမ်းချောင်းမြို့နယ်၊ ဂရန်ရှိမြေပိုင်မြေ အမည်ပေါက် ဦးမောင်မောင်လတ်[၁၂/ကမရ(နိုင်)၀၃၃၇၃၈၈]၊ ဦးလှမြင့်(ခ)အိုမာဝတေးလ[၁၂/ကမရ(နိုင်)၀၁၀၀၁၉]တို့မှ စာချုပ်လက်ခံမှန်ဖြင့် အဆောက်အအုံဆောက်လုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်နိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ်-၅၃၂/(ခ)၊ မြေကွက်တည်နေရာ-၃၅၂(ခ)၊ သုခီတာလမ်း၊ (၇)ရပ်ကွက်၊ ရွှေပြည်သာ (ဦးလှဝင်း) အမည်ပေါက်ပါမစ်မြေအား အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့သူ ဦးကျော်စိုး[၁၂/တကန(နိုင်)၀၉၉၇၄၉]၊ ဒေါ်အေးအေးမြင့်[၁၂/တကန(နိုင်)၀၄၅၇၃၅]မှ ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံချက်၊ တရားရုံးကျွမ်းကျိုန်လွှာ၊ ကိုယ်တိုင်ကတိခံခံချက်တို့ တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ်(၇ရန်) လျှောက်ထားလာရာ တရားဝင်နိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အင်္ဂပူမြို့နယ်အသင်း(ရန်ကုန်)
(၄၂)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားခြင်း

အင်္ဂပူမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အင်္ဂပူမြို့နယ်သူ/သားများ၊ အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂၅-၇-၂၀၁၅ရက် (စနေနေ့)
အချိန် - မွန်းလွဲ ၃ နာရီ
နေရာ - **"သုဂတောမ္မာရုံ"** စွယ်တော်မြတ်စေတီ (ရန်ကုန်)၊ မရမ်းကုန်းမြို့နယ်။
ဆက်သွယ်ရန် - အသက်(၇၅) နှင့်အထက် အသင်းဝင် ဘိုးဘွားများ၊ နိုင်ငံတော်အဆင့် ဆုချီးမြှင့်ခြင်းခံရသည့် ပုဂ္ဂိုလ်များ၊ မဟာဘွဲ့၊ ပါရဂူဘွဲ့ရရှိသူများနှင့် ၂၀၁၃-၂၀၁၄ နှင့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တို့မှ တက္ကသိုလ်ဝင်တန်းထူးချွန်ဂုဏ်ထူးရ အသင်းဝင်များ၏ သားသမီးများသည် အမှတ်စာရင်းမိတ္တူပူးတွဲလျက် ၁၉-၇-၂၀၁၅ ရက် နောက်ဆုံးထား၍ နီးစပ်ရာ အမှူဆောင်များနှင့် အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်စာရင်းပေးပို့ကြပါရန် နှိုးဆော်အပ်ပါသည်။

ဦးမြင့်အောင်(ဥက္ကဋ္ဌ) ဖုန်း -၀၉ ၅၁၅၉၁၄၄၊ ၀၁-၉၆၆၆၃၅၂
ဦးသောင်းတင် (အတွင်းရေးမှူး) ဖုန်း-၀၉ ၇၃၀၁၁၂၈၀၊ ၀၉ ၇၉၉၄၈၃၀၆၆
သုဂတောမ္မာရုံ ဖုန်း-၀၁ ၆၅၆၂၀၇ တို့ကို ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။

အမှူဆောင်အဖွဲ့

မုဒုံမြို့နယ်အသင်း(ရန်ကုန်)
(၁၇)ကြိမ်မြောက်ဝါဆိုသက်နံ်း ဆက်ကပ်လှူဒါန်းပွဲဖိတ်ကြားခြင်း

မုဒုံမြို့နယ်အသင်း(ရန်ကုန်)အမှူဆောင်အဖွဲ့က ကြီးမှူး၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၁၇)ကြိမ်မြောက် ဝါဆိုသက်နံ်းဆက်ကပ်လှူဒါန်းပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ မုဒုံမြို့နယ်သူ၊ မြို့နယ်သားများ အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ ကြွရောက်ကုသိုလ်ယူ လှူဒါန်းနိုင်ကြောင်း ဖိတ်ကြားအပ်ပါသည်။(အသင်းဝင်များထံဖိတ်စာသီးခြားမပို့ပါ)။

နေ့ရက် - ၁၃၇၇ခုနှစ်၊ ဒုတိယဝါဆိုလဆန်း၁၀ ရက်၊ ၂၆-၇-၂၀၁၅ရက် (တနင်္ဂနွေနေ့)
အချိန် - နံနက်၉ နာရီ
နေရာ - ဝိဇေါတာရုံ စာသင်တိုက်၊ မြစ်ပါယ်လမ်း(ပါရမီ)၊ အမှတ်(၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

ဝါဆိုသက်နံ်း၊ အလျှုငွေ၊ အလျှုပစ္စည်းများ ကြိုတင်လှူဒါန်းလိုပါက အောက်ဖော်ပြပါ ပုဂ္ဂိုလ်များထံ ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ပါသည်။

ဦးအေးကျော်(ဥက္ကဋ္ဌ) ဖုန်း-၀၁-၂၅၈၅၃၀၂ ၀၉-၈၆၀၀၇၂၄
ဦးငွေစိုး(ဒုတိယဥက္ကဋ္ဌ) ဖုန်း-၅၆၉၃၀၃
ဦးတင်ကြိုင်(အတွင်းရေးမှူး) ဖုန်း-၅၇၈၄၇၄၊ ၀၉-၄၂၀၀၆၃၇၄၇
ဒေါ်ထွေးကြည်(ဘဏ္ဍာရေးမှူး) ဖုန်း-၀၉-၂၅၄၃၀၉၈၃
ဒေါ်ခင်လှသန်း(အမှူဆောင်) ဖုန်း-၆၅၃၀၀၆၊ ၀၉-၈၆၂၂၄၈
ဦးအောင်ကြည်(အမှူဆောင်) ဖုန်း-၀၉-၂၅၀၂၈၈၇၆၀၊ ၀၉-၃၀၁၇၇၁၉၂

စည်းပရိသတ်များအား နေ့လယ်စာဖြင့် စည်းခံကျွေးမွေးပါမည်။

အလုပ်အမှူဆောင်အဖွဲ့
မုဒုံမြို့နယ်အသင်း(ရန်ကုန်)

နိုင်ငံတကာမှ တက္ကသိုလ်များနှင့်ချိတ်ဆက်ပေးမည့်
SR Worldwide Education Exhibition 2015

မြန်မာနိုင်ငံမှ တက္ကသိုလ်ဝင်တန်းအောင်မြင်ထားသူများ၊ International School၊ IGCSE နှင့် GCE O နှင့် GCE A ဖြေဆိုအောင်မြင်ထားသူများ၊ အဆင့်မြင့်ပညာရေးလေ့လာနေသူများ၊ တွဲ့ရှိထားပြီးသူများနှင့် မိဘများ လာရောက်လေ့လာပါရန် လေးစားစွာဖိတ်ခေါ်အပ်ပါသည်။

မှန်ကန်သော ပညာရေးလမ်းကြောင်း ရွေးချယ်နိုင်ရန်အပြင် မိမိဝါသနာနှင့် ကိုက်ညီသော လုပ်ငန်းခွင်ရွေးချယ်မှုများ ပြုလုပ်နိုင်ရန် အတွက် Career Info Talk အစီအစဉ်များလည်း ပါဝင်ပါသည်။

ကျောင်းလျှောက်လွှာကြေးကင်းလွတ်ခွင့်၊ ပညာသင်ထောက်ပံ့ကြေးနှင့် နေထိုင်စရိတ် ထောက်ပံ့ကြေးများ လျှောက်ထားနိုင်ပါသည်။

THE WORLD IS IN YOUR HANDS.

YANGON EVENT
Date : 18-7-2015 (Saturday)
Time : 9 am to 1 pm
Venue : Park Royal Hotel, Yangon

MANDALAY EVENT
Date : 19-7-2015 (Sunday)
Time : 2 pm to 6 pm
Venue : Hotel Mandalay

Level (4), MMC City Campus, 47/48, Bahosi Building, Lanmadaw Township 11131, Yangon, Myanmar.
www.facebook.com/sr.worldwide.education
Contact Us : 09 542 8848, 09 543 8848

SR SMART RESOURCES WORLDWIDE EDUCATION

- စီးပွားရေး နည်းပညာ၊ အင်ဂျင်နီယာ၊ ဆေးပညာ၊ ဗီဒီယာ၊ ပညာရေး၊ ဟိုတယ်နှင့် စျေးသွားလာရေး ဂီတနှင့် အကပညာ၊ ဂေါ်ရှင်နှင့် ဒီဇိုင်း၊ ဝိုင်္ဂလာနှင့် သိပ္ပံ အစရှိသည့် ဘာသာရပ်များကို တစ်နေ့ရာတည်းတွင် လေ့လာနိုင်မည့်အခွင့်အရေးများ
- နိုင်ငံတကာတက္ကသိုလ်များသို့ တစ်ဖိတ်တစ်ပိုင်းပညာသင်ဆုလျှောက်ထားနိုင်မည့်အခွင့်အရေးများ
- ၁၀၀% Scholarship လျှောက်ထားနိုင်ပြီး ၉၅%အလုပ်ရရှိနိုင်မည့် ကျွမ်းနိုင်ဝဲရှိ တက္ကသိုလ်အကြောင်း
- အမေရိကန်နိုင်ငံရှိ အဆင့်မြင့်အစိုးရတက္ကသိုလ်များသို့ တက်ရောက်နိုင်မည့်ပညာရေးလမ်းကြောင်းများ
- UK အဆင့် Top 10 စာရင်းဝင် တက္ကသိုလ်ကြီးများတွင် ပညာသင်ကြားနိုင်ရန် အခွင့်အလမ်းများ
- ဩစတေးလျှနိုင်ငံ၏ G8 စာရင်းဝင် အဆင့်မြင့်တက္ကသိုလ်ကြီးများဆီ လျှောက်ထားနိုင်မည့် လမ်းကြောင်းများ
- အရှိန်တိုးအတွင်း ကုန်ကျစရိတ်သက်သာစွာဖြင့် လေ့လာသင်ယူနိုင်မည့် စင်ကာပူနိုင်ငံရှိ အရည်အသွေးမီ ပညာရပ်များအကြောင်း
- စင်ကာပူနိုင်ငံတွင်ဖွင့်လှစ်ထားသော နိုင်ငံတကာအသိအမှတ်ပြုတက္ကသိုလ်များမှပေးအပ်မည့် အင်ဂျင်နီယာ ဘာသာရပ်များအကြောင်း
- ABE / HND / LCCI Level III / IADCS အောင်မြင်ထားသူများ တက္ကသိုလ် ဒုတိယနှစ်ဆုံး နှစ်(Top-Up) သို့ တက်ရောက်နိုင်မည့် အစီအစဉ်များ
- B-Tech / BE တွဲ့ရရှိပြီးသူများအတွက် M.Sc in Programme & Project Management / M.Sc in Project Management
- B.C.Sc / B-Tech (IT) / BE (IT) ရရှိထားသူများ တစ်နှစ်အတွင်း နိုင်ငံတကာအသိအမှတ်ပြု Master of Information Technology တွဲ့ ရယူနိုင်မည့်လမ်းကြောင်းများ
- ဆေးပညာ၊ ဆေးဘက်ဆိုင်ရာ အစရှိသည့် တွဲ့ရရှိထားသူများအတွက် M.Sc in Health Sciences (Management) မြန်မာနိုင်ငံမှ တွဲ့ရရှိပြီးထားသူများအတွက်နိုင်ငံတကာအသိအမှတ်ပြု MBA Program များ

ရာသီမရွေး ရာသီမခွဲ ရာသီမရှောင်
(ရှယ်သီချင်းများ)

ရသ ရဲလေး ကျောက်ဂျက် ကျော်ထွင့်ဆွေ လင်းရာ သားကြီး ထိန်ဝင်း
ဆိုတေး Waiလျှံ ဇေရဲ ဟိုဏ်းသစ် လူခေတ် တေဇ(MC) Diamond
စန္ဒီမြင့်လွင် Blueberry နီနီခင်ဇော် Bobby Soxer ပန်းနီ သန္တာဗိုလ်

ချိုကြည်သာ
01-536728
09-421092503

Sponsored by: MILKY WAY Outdoor Advertising, MYAN TOUR Travel gives wings

AUDIO CD ထွက်ပြီ

Holiday အခြေခံယာဉ်မောင်းစက်ပြင်သင်တန်းကျောင်း
၂၀၁၅-သြဂုတ် (၃) ရက်နေ့ ဖွင့်မည်

❖ အခြေခံယာဉ်မောင်းစက်ပြင်တစ်လမုံ့မှနိ်သင်တန်း
❖ စက်ပြင်အထူးသီးသန့် (၂)လသင်တန်း

(နယ်လေး ကျောင်းသား/သူများအတွက် နေရေး ထိုင်ရေး စီစဉ်ပေးမည်။)
အမှတ် ၄၉ (ခ)၊ သာစည်လမ်း၊ ၁၀ ရပ်ကွက်၊
ထန်းခြောက်ပင်မှတ်တိုင်အနီး၊ ရွှေပြည်သာမြို့နယ်။
၀၉-၈၆၇၂၁၁၄၊ ၀၉-၄၂၂၂၀၆၁၅၅၇၊ ၀၉-၄၄၄၀၂၆၂၃၃

အမည်ပြောင်း - အဖ ဦးစောစံခင်၏သမီးဖြစ်သူ ဒဂုံဆိပ်ကမ်းမြို့နယ်၊ အထက(၁) အဌမတန်း(D)မှ မဂန္ဓဝင်အား မခေတ်ဆက်ဆက်သာ ဟုပြောင်းလဲခေါ်ဆိုပါရန်။
မခေတ်ဆက်ဆက်သာ

ကားရောင်းမည်/လဲမည်

Isuzu (၁½)တန်ကားကို ကြိုက်နှစ်သက်ရာ (၁)တန်ကားနှင့် လဲမည်။ (သို့) ရောင်းမည်။ (၁၁၅)သိန်း ပိုင်ရှင်ကိုယ်တိုင်
ဖုန်း-၀၉-၄၂၀၃၁၃၇၆၇၊ ၀၉-၇၉၉၃၉၀၅၁၀၆

M3 @ Sunwinner Hotel

-ALL rooms with bath-tub (except standard and standard plus room)
-Hot and cold water
-Internet(Wi-Max) Service
-IDD Phone Service
-(24)Hours Cable T.V
-(24)Hours Air-Con
-(24)Hours Elevator
-(24)Hours Electricity
-(24)Hours Room Service
-M3 Restaurant
-Laundry and Valet Service
-Complimentary American Buffet Breakfast
-Reasonable Price
-Limousine Service
-Ticketing Service(Air,Bus,Boat)
-Free Bicycle Rental Service
-Hair Dryer
-On Call Doctor
-First Aid

6-6-2015 Now Open

We are in the heart of the city with the right choice for your accommodation

M3 (1) အမှတ်(၁၀၀) ၂၆လမ်း၊ ၀၂လမ်းနှင့် ၀၃လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။ဖုန်း-၀၂-၆၇၁၇၁၊ ၀၂-၆၇၁၇၂၂
Fax:02-65526,E-mail:mhotel.mdy@gmail.com
Website:www.m3hotelmandalay.com

M3 (2) အမှတ်(၁၈၀) ၂၀လမ်း၊ ၈၀လမ်းနှင့် ၈၁လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း-၀၂-၆၇၃၁၁၀၂-၆၇၃၄၂
E-mail:m3sunwinnerhotel@gmail.com
Website:www.m3hotelmandalay.com

ကုန်ပစ္စည်း သယ်ယူပို့ဆောင် ၊ သိုလှောင်ရေးကဏ္ဍတွင် ပါဝင်နေကြသူတိုင်း တက်ရောက်သင့်သည့် . . .

Executive Seminar in Logistics Management

PASAS (S'pore) မှ Certificate ပေးအင်္ဂါချီးမြှင့်ပါမည်။

Speaker : Dr. Habib Kassim
DBA., MBA., BBA., CISCM., MSIM
Director of Purchasing & Supply Association S'pore (PASAS)

သင်တန်းခန့်ရာ ⟹ Seminar Hall, YCTC Business Institute
ရက်/အချိန် August 1 (Sat) : 9:00 am to 5:00 pm
August 2 (Sun) : 9:00 am to 5:00 pm

More Information : **YCTC** Business Institute
အမှတ် (၂၄)၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်၊ (Park Royal) အနီး။
Ph:(01) 393076, (09)420118100, (09) 250640429

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ၉/၃/၁၀(၄၅၇/က)၊ (၄၅၈/ခ)နေ(အဖ) ဦးမြင့်အေး[၁၂/လမန(နိုင်)၀၃၄၂၂၄] (အမိ)ဒေါ်အုန်းသန်း၏ သမီးဖြစ်သူ မဆုဝေထွန်း[၁၂/ရုပသ(နိုင်)၀၅၅၀၀၆]သည် မိဘများ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ အကြမ်းကြမ်းမိတ်ဆင်းရဲအောင်ပြုလုပ်ပြီး မိမိ၏ သဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မစ္စ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်မယူကြောင်း ကြော်ငြာအပ်ပါသည်။စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဖခင်-ဦးမြင့်အေး[၁၂/လမန(နိုင်)၀၃၄၂၂၄]

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

